www.burmeseclassic.com

# ရယ်း

## ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်

BURMESE CLASSIC .com



www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

| | |
|---|---|
| ထုတ်ဝေသူ | · ဦးဝင်းသူရလွင် (အိပ်မက်အသစ်စာပေ) |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ် | · ဦးစန်းမွန်အောင် (ဝါတို့စာပေပုံနှိပ်တိုက်) |
| မျက်နှာဖုံးဒီဇိုင်း | · YèWintKyaw@Yèlay |
| ပုံနှိပ်ခြင်း | · ပထမအကြိမ် (၂၀၁၅ ခုနှစ်၊ ဇန်နဝါရီလ) |
| အုပ်ရေ | · ၁၀၀၀ |
| တန်ဖိုး | · ၁၇၀၀ ကျပ် |

## ရဲလေး ၏ ဆက်လက်ထွက်ရှိမည့်စာအုပ်များ

- ဟောလိုးဝင်းည ဆယ့်နှစ်နာရီ
- အချစ်မှာ ပေါ်မြူလာအတိအကျမရှိ
- တိမ်တွေနေတဲ့ကျွန်း

www.burmeseclassic.com

www.burmeseclassic.com

Eainmakathit presents

(၁၂) အုပ်မြောက် အထူးထုတ်

# ဓညး

# ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာဇာတ်လိုက်

(လုံးချင်းဝတ္ထုသစ်)

Eainmakathit
38, 3rd Fl., 153rd Lane,
Tamwe Tsp., Ygn.
Ph : 551403, 09 730 53 703

www.burmeseclassic.com

www.burmeseclassic.com

....ထိုမိုးရွာတဲ့လမ်းမှာ ထိုမိုးကာရွာတဲ့ထိုကို....

www.burmeseclassic.com

www.burmeseclassic.com

## (A)

ရွာကလေး တစ်ရွာ…

မှည့်ဝင်းနေတဲ့ ကောက်နှံတွေအပြည့်နဲ့ ရွှေအိုရောင်လယ်ကွင်းတွေ၊ ဟိုးအဝေးမှိုင်းပျပျက ထုံးအဖြူမပြယ့်တပြယ်စေတီတော်တွေ၊ ခနိမ့်မိုးထရံကာ ခြေတံရှည်အိမ်ကလေးတွေ၊ ထန်းပင်၊ ထန်းလက် ညီညီညာညာနဲ့ ချစ်စရာကောင်းတဲ့ ရွာကလေးတစ်ရွာပါ…။

မြို့ကြီးပြကြီးရဲ့ အဝေးမှာ ကမ္ဘာ့ငယ်တစ်ခုလို တသီးတသန့် ဆန်လျက်လည်း ရှိချေ၏။

အဲဒီရွာမှာ နေကြတဲ့ ရွာသူ၊ ရွာသားတွေဟာလည်း ရွှေအိုရောင်လယ်ကွင်းပြင်တွေလို ရွှေအိုရောင် မျှော်လင့်ချက်တွေ ကိုယ်စီရှိကြပြီး လေတချက်တေ့ယမ်း တိုက်လိုက်တိုင်း ရွှေအိုရောင် မျှော်လင့်ချက်တွေမှ ရွှေမှုန်ငွေမှုန်လေးများ လွင့်ဝဲထွက်ကုန်ကြသည်။

ဘယ်သူ့ကိုမှ မကြည့်ပါနဲ့…။

မိုက်ကယ်ချက်ကြီးကိုပဲ ကြည့်ပါ…။



အင်း‥မိုက်ကယ်ချက်ကြီးအကြောင်း ပြောရမယ်ဆိုလျှင် သူ့ရဲ့အနုပညာနာမည်ကနေ အရင် စ,ရှင်းပြမှ ဖြစ်လိမ့်မည်။

အမည်ရင်းက ချက်ကြီးပါ။

အမေ မွေးကတည်းက သူ့ချက်က ချက်ထိုးမဟုတ်၊ ချက်မ။ နောက်…အလွန်လည်းကြီး၏။

ထိုချက်ကို အစွဲပြုပြီး သူ့နာမည် 'ချက်ကြီး'ဖြစ်ခဲ့ရတာမဆန်းပေမယ့် နောင်တစ်ချိန် ရှေ့ကနေမိုက်ကယ်ထည့်ဖို့အကြောင်းဖန်လာပုံက…

ချက်ကြီးက မိုက်ကယ်ဂျက်ဆင် ခရေးဇီးပါ။

ငယ်စဉ်ကတည်းက ဗီဒီယိုရုံတွေမှာ မိုက်ကယ်ဂျက်ဆင်အခွေတွေ အခါအားလျော်စွာ ကြည့်ခဲ့ပြီး ရူးခဲ့ရသူ။

နောင်တချိန် ကြီးလာတဲ့အခါ မိခင်ဖြစ်သူလည်းဆုံးပါးရော၊ ရသမျှအမွေ ထုခွဲရောင်းချပြီး အပေါ်စက်၊ အောက်စက် ဝယ်ပစ်လိုက်ရာကနေ ရွာမှ ချက်ကြီးစတင်နာမည်ကြီးလာလေတော့၏…

"သြော်‥စိတ်နာစရာ ကောင်းလိုက်တဲ့ လောကကြီးရွာ…။ ငါ အပေါ်စက်၊ အောက်စက် ဝယ်နိုင်တော့မှရွား မိုက်ကယ်ဂျက်ဆင်က သေရတယ်လို့…"

ချက်ကြီးက ငိုသံပါကြီးနဲ့ ပြောခဲ့ဖူးသည်။

သူ့ခမျာ မိခင်သေတာထက် မိုက်ကယ်ဂျက်ဆင် သေတဲ့အပေါ် ပိုမိုယူကျုံးမရ ဖြစ်နေပုံလည်းရ၏…

www.burmeseclassic.com

www.burmeseclassic.com



အဲဒီကတည်းက ရွာမှာ သူ့နာမည်က မိုက်ကယ်ချက်ကြီး ဖြစ်နေလေပြီ…

ဘာပဲပြောပြော ချက်ကြီးက တော်ပါသည်။

မိုက်ကယ်ဂျက်ဆင်ရဲ့ ကကြိုးကကွက်တွေကို တစ်နေ့တစ်လံ ပုဂံဘယ်ရွှေ ဆိုသလို အခွေဖွင့်ပြီး ကျင့်လာခဲ့လေရာ ပေါ့(ပ်)ဘုရင်ကြီးရဲ့ နာမည်ကျော် Moon Walk အကတို့၊ သရဲတစ္ဆေအက (Thriller dance) တို့ပင် သူ ကျွမ်းကျွမ်းကျင်ကျင်က နိုင်လာလေပြီ။

ချက်ကြီးက ရွာမှာ အင်မတန်ပေါ်ပြူလာ ဖြစ်ချင်သည်။

ပေါ်ပြူလာဖြစ်တော့မှ ရွာက အပျိုတွေသဘောကျပြီး ဖျိုတိုင်းကြိုက်တဲ့ နှင်းဆီနိုင်ဖြစ်နိုင်မည် မဟုတ်ပါလား…။

ကြီးမားလိုက်တဲ့ ရည်ရွယ်ချက်လေ…

ဒီလိုနဲ့ အတောင်အလက်စုံလာလေတော့ ကံအားလျော်စွာ ရွာမှာ စုပေါင်းရှင်လောင်းလှည့်ပွဲတစ်ခု ကျင်းပဖြစ်သည်။

ရှင်လောင်းလှည့်ပွဲဆိုတော့ သိတဲ့အတိုင်း ချဲ့ရင်ချဲ့သလို ဦးရွှေရိုးနဲ့ဒေါ်မိုးအကတို့၊ သူငယ်တော်အကတို့၊ အိုးစည်ဒိုးပတ်အဖွဲ့တို့ ပါတတ်စမြဲ မဟုတ်ပါလား…။

ချက်ကြီးတို့ စောင့်မျှော်နေတဲ့ 'ဂွင်' ရောက်လာလေပြီ။

ချက်ကြီးက ကက်ဆက်တစ်လုံး တင်နိုင်ရန် သူ့ဖာသာသူ ဆိုက်ကားတစ်စီး သက်သက်ငှားသည်။

သူ့ဆိုက်ကားကို ရှင်လောင်းလှည့်ပွဲရဲ့ သို့မဟုတ်



အသယ်နေရာမှာတော့ မထားရဲ။ သူ ကမယ့်အကက (ရွာအခေါ်) အရှပ်ပျက်အကဆိုတော့ အခြေအနေမဟန်လျှင် သူကြီးက အဆက်နိုင်သလို၊ ဘကြီး ဘုန်းကြီးကပါ ဝင် သမနိုင်သေးသည်။

ဒါ့ကြောင့် သူ ဆိုက်ကားကို ရှင်လောင်းပွဲရဲ့ အနောက်ဆုံးမှာ ထားသည်။ ကက်ဆက်ဖွင့်လိုက်သည်နှင့် လူက ဒွန့်ချင်နေပြီ။

ဦးရွှေရိုးနဲ့ဒေါ်မိုးကိုလည်း ကျော်မကရဲ…။

ဒိုးပတ်ဝိုင်းက တပင်တိုင်မင်းသားလေးရဲ့ ကကွက်ထဲ ထည်း မကျွံရဲ…။

ဒီလိုနဲ့ ရှင်လောင်းပွဲရဲ့ နောက်ကနေ ချက်ကြီးတို့ break dance တွေ ဝင်ဆွဲပစ်လိုက်သည်။

ရှင်လောင်းပွဲက စည်ကားသလားတော့ မမေးပါနဲ့…။

~ ~ ဒ…ဒ…ချပ်…ဒဒ…ဒဒ…ချပ်… ~ ~

ဦးရွှေရိုးနဲ့ဒေါ်မိုးအဖွဲ့မှ ဝါးလက်ခုပ်နဲ့လကွင်း လက်စွမ်းပြသ…။

~ ~တော့…တော်…တတော်…တော်…တော်တော် ~ ~

ဒိုးပတ်ဝိုင်းက နဲ့ဆရာရဲ့ လက်စွမ်း…

~ I took my baby on a Saturday bang ~ Boy is that girl with you yes we're one the same ~ ~ Now I believe in miracles and Miracle has happend tonight ~ ~

~ but if you're thinking about my baby it don't

www.burmeseclassic.com

www.burmeseclassic.com



matter if you're ~~ Black or White ~~

အဲဒါကတော့ ရှင်လောင်းလှည့်ပွဲရဲ့ နောက်နားကနေ လက်စွမ်းပြနေတဲ့ ချက်ကြီး ဆိုက်ကားပေါ်က မိုက်ကယ်ဂျက်ဆင် Black or White သီချင်းသံပါ…

"အယ်…ချက်ကြီးရဲ့ အကြောခွဲအကက သရုပ်ပျက်ပေမယ့် မိုက်တော့မိုက်သား…။ ရှာဘုရားပွဲ ရောက်လို့ ဇာတ်အဖွဲ့ငှားဖြစ်တဲ့ အခါကျရင် ဝင်ကမလား…။ ငါ သူကြီးကို ပြောပေးမယ်လေ"

အဖြစ်ကတော့…အဲဒီလို…အဲဒီလိုပါ…။

ရွာကလေးက ငယ်ငယ်…။

သို့သော် ရွာကလေးမှာ နေကြတဲ့ ရွာသူ၊ ရွာသားတွေရဲ့ အိပ်မက်တွေကတော့ ကြီးသည်။

မိုက်ကယ်ချက်ကြီးရဲ့ မျှော်လင့်ချက်မှာ မိုက်ကယ်ဂျက်ဆင်လို တစ်နေ့မှာ နာမည်ကျော်ကြားအောင် မြင်ရမည်သာ…။

## (B)

ဦးပဉ္ဇင်း လေနေသည်။

လူမှာ 'လေ' တာကို ဘုန်းကြီးတွေမှာ မည်ကဲ့သို့ သုံးနှုန်းမှန်းတော့ မသိပါ..။

ဘာပဲပြောပြော ဦးပဉ္ဇင်း လေနေတာတော့ သေချာသည်။

ဦးပဉ္ဇင်းအကြောင်းလည်း မိတ်ဆက်ပေးရဦးမည်။

ဦးပဉ္ဇင်းမှာ တခြားသူမဟုတ်…။ မိုက်ကယ်ချက်ကြီးရဲ့ အကြီးတော်သူ ဖြစ်ပြီး၊ အနည်းငယ် ပလပ်ကျွတ်ပြီးမှ သာသနာ့ဘောင်ထဲ ဝင်ရောက်လာခဲ့ခြင်း ဖြစ်၏။

ဒီလိုပါ။

အရင်က ဦးပဉ္ဇင်းမှာ တစ်နေ့ သာသနာ့ဘောင်ထဲ ရောက်၍ ဝင်မယ်ဆိုတဲ့ စိတ်ကူးမျိုးလည်း မရှိခဲ့ပါ။

ကိုယ်တော် လူဝတ်ကြောင်တုန်းက ဆေးမင်ကြောင် ထိုးတဲ့ဆရာ။

တောမှာ ဆေးမင်ကြောင် ထိုးတယ်ဆိုတာ မြို့မှာလို

www.burmeseclassic.com

www.burmeseclassic.com



ကရိယာတန်ဆာပလာ အစုံအလင်နဲ့တော့ မဟုတ်။ ကျန်းမာရေး အာမခံချက်ဆိုတာလည်း မရှိ။

ရိုးရာနည်းအတိုင်း ဆေးဝါးအစုံကို ဝါးချွန်နဲ့ ထိုးခြင်း ဖြစ်ပြီး ဆေးမင်ကြောင် အထိုးခံရသူမှာလည်း လိမ့်နေအောင် ခံရသည်။ ရွာရဲ့ဖော်မြူလာအရကတော့ ကိုယ်တော့်ဆီမှာ ဆေးမင်ကြောင်ထိုးပြီးသည်နှင့် အထိုးခံရသူမှာ ဖျားနာယောင် ယမ်းလာပြီး ရွာရဲ့ တစ်ဦးတည်းသော ဒေါက်တာ ရမ်းကု(ဆေး ဆရာတုတ်ကြီး)ဆီ ပြေးရစမြဲပင်···

(ဆေးဆရာ တုတ်ကြီးအကြောင်းကို နောက်ပိုင်းမှာ အကျယ်ချဲ့ မိတ်ဆက်ပါဦးမည်)

နဂါးရုပ်၊ ဘီလူးရုပ်၊ ကနုတ်စုံ၊ အင်းကွက်အမျိုးမျိုး ပိုင်နိုင်သဖြင့် ရွာမှာတော့ 'ဆေးမင်ကြောင်ဆရာလေး'ဆိုပြီး နာမည်လည်း ကြီး၏။

နာမည်ကြီးလာတာနဲ့အမျှ ဆေးမင်ကြောင်ထိုးဆရာများ စောင့်ထိန်းရမယ့် ကျင့်ဝတ်တချို့ကို ဖောက်ဖျက်တတ်လာရာ··

တစ်နေ့မှာတော့ ကံဆိုးမိုးမှောင်ခြင်းဟာ အရက်နဲ့အတူ ရောပြီး ဆရာလေးရဲ့ လည်ချောင်းဝဆီ ရောက်လာခဲ့လေတော့ သည်။

မှန်သည်။

သူ···လူတစ်ယောက်ကို အရက်မူးမူးနှင့် ဆေးမင် ကြောင် ထိုးပေးလိုက်မိလေသည်။

အမူးပြေချိန်ရောက်တော့ သူ ထိုးပေးလိုက်တဲ့ပုံ



ပျော်စားမရတော့။

"ဟိုကောင်··· ချစ်မျိုးကို ငါထိုးပေးလိုက်တဲ့ပုံ ဘာပုံ ပါလိမ့်။ ဘီလူးပုံထိုးပြီး အစွယ်ထည့်ပေးဖို့ မေ့ကျန်ခဲ့လေမ လား··။ အမောက်မပါတဲ့ နဂါးပုံများထိုးပေးခဲ့မိလေသလား"

သိပ်မကြာ··။

သူ့အိမ်ရှေ့သို့ မူးတူန်းက ဆေးမင်ကြောင် အထိုးခံရသူ ရောက်လာပြီး

"ဗျို့···ဆရာလေး··"

"ဟာ··ချစ်မျိုး···ဆို··ဘာကိစ္စ··"

"ခင်ဗျားဗျာ···သူများတွေ ထိုးတုန်းကတော့ အဟုတ် ··။ ကျုပ်ကျတော့မှ ဘယ်လိုလုပ်ပေးလိုက်တာတုံး···"

"ဟင်··ဘယ်လိုဖြစ်လို့တုန်း···"

"ကြည့်ဦး···ကျုပ်နောက်ကျောကို···"

ချစ်မျိုးက အင်္ကျီလှန်ပြီး နောက်လှည့်ပြလေသည်။

"ဟင်···"

သွားပြီ။ သူ့ကျောထဲကို စိမ့်ကနဲ···။

ကျောအပြည့်ထိုးထားတဲ့ ဘီလူးရုပ်ကြီးမှာ လက်ရာက လည်း မြောက်ပါပေသည်။ ဦးခေါင်းက ကြောက်စရာ အများကြီး အစွယ်က ဖွေးဖွေး၊ ဒေါမာန်ကလည်း အပြည့်နှင့် အခုပဲ တိုင်း ပြည်တစ်ပြည်ကို တက်သိမ်းတော့ မယောင်။

သို့သော်···သို့သော်··။

သို့သာ်···တစ်ခုပါပဲ···။

www.burmeseclassic.com

www.burmeseclassic.com



တစ်ခုမှ တစ်ခုတည်းရယ်ပါ…။

အဲဒါကတော့ ဘီလူးကြီးမှာ နေကာမျက်မှန်ကြီးနှင့် ဖြစ်နေ၏။

"ခင်ဗျားဗျာ…တခြားဟာ ကျုပ်ကိုနောက်ချင်သလောက် နောက်စမ်းပါ။ ဘာလို့ ကျုပ်နောက်ကျောထိုးတဲ့ ဆေးမင်ကြောင် ရုပ်ကျမှ နေကာမျက်မှန်တပ်ပေးလိုက် ရတာတုံး…"

အဲဒီညက မူးနေတုန်းအဖြစ်အပျက်များကို ဆရာလေး အသည်းအသန် စဉ်းစားကြည့်သောအခါ ကိုယ်တစ်ယာက်တည်း အလွန်တော့မဟုတ်။ အထိုးခံတဲ့သူကိုယ်တိုင် ပါးစပ်ဝင်ကသော့ ထားတာတွေ ပြန်သတိရလာသည်။

"ဘီလူးရုပ်တော့ ဘီလူးရုပ်ပေါ့ ဆရာလေးရာ‥။ ဒါပေမယ့် ကျွန်တော့်ကို သူမတူ ဘီလူးရုပ်ကြီး ထိုးပေးစမ်းပါ။ ခေတ်မှီမှီထဲက အလန်းစားဘီလူးပေါ့…"

အဲလိုနဲ့ ကိုယ်လည်း ရှူးကြောင်မူးကြောင်ဖြစ်ပြီး ဘီလူးကို နေကာမျက်မှန်တပ်ပေးမိရက်သား ဖြစ်ခဲ့ရသည်။ မဟုတ်ပါ လား…။

"ချစ်မျိုး‥မင်းအခုမှ ငါ့လာ ကျိုင်ရှာမနေနဲ့‥။ မင်း အဲဒီညက ပြောခဲ့တုန်းက ခေတ်မှီတဲ့ ဘီလူး၊ အလန်းစား ဘီလူး ပုံ ထိုးပေးလို့ ပြောခဲ့တာ မမှတ်မိတော့ဘူးလား"

"ဟ…ပြောခဲ့တာတော့ ပြောခဲ့တာပေါ့ဗျာ ခေတ်မှီတဲ့ ဘီလူးလို့ ပြောလိုက်တာနဲ့ ခင်ဗျားက ဘီလူးမျက်နှာမှာ နေကာ



မျက်မှန်တပ်ပေးလိုက်စရာလား…။ အဲလို ဘီလူးမျိုးရှိကော ရှိရဲ့လား…။ မူးမူးနဲ့ အကွက်ကြောင်မိရင် ကြောင်မိတယ်ပေါ့။ ဘာလာ သူများလွှဲချနေတာလဲ‥"

ဆရာလေးမှာ ချစ်မျိုးပုံကို ကြည့်ပြီး ရယ်လည်းရယ်ချင်သည်။ သနားလည်း သနားမိ၏။ သူများထက် ထူးချင်တဲ့အ ကောင် ဖြစ်တာတောင် နည်းသေး။

"အိမ်ထောင်မှု ဘုရားတည်၊ ဆေးမင်ရည်စုတ်ထိုး… တဲ့ဗျ။ ခု ဒီကိစ္စကို ခင်ဗျားဘယ်လို ဖြေရှင်းပေးမတုံး။ ကျုပ် သူကြီး သွားတိုင်လိုက်ရမလား…"

"ဟိတ်ကောင်…ဒီကိစ္စ သူကြီးဝင်သျှော်စရာမလို ဘူး‥။ ငါ့ကို သိက္ခာမချနဲ့…။ မင်းအနာကျက်တဲ့အချိန် ငါ့ဆီ အချိန် မရွေးပြန်လာ။ မင်း ပုံကို ငါပြင်ပေးမယ်။ ဟုတ်ပြီလား"

ချစ်မျိုးက စူစူဆောင့်ဆောင့်နှင့် ပြန်သွားသည်။

သူ့ စိတ်ထဲမလဲ ဘီလူးပုံအလွဲကြီးလွှဲသွား၍ စိုးထင့် နေမိ၏။ ဘီလူးပုံတို့ နဂါးပုံတို့ အင်းအိုင်ခလှဲ့တို့ဆိုတာ အမှား ထင်းလေလေ ကောင်းလေလေ မဟုတ်ပါလား။

ဒါကြောင့် အဲဒီရက်ပိုင်းအတွင်း ဘုရားမှာ ဆေးမင် ကြောင်ထိုးနေတုန်း အရက်မသောက်တော့ပါဘူး။ ဘာညာသစ္စာ ဆိုပြီး ဖင်ဘူးထောင်း ထောင် ရှိခိုးနေစဉ်…ဆုတောင်းခြင်းက ပြည့်လိုက်….။

ချစ်မျိုးသေပြီ…တဲ့။

အဲဒီ သတင်းကို သယ်လာခဲ့သူက နောင်တစ်ချိန်

www.burmeseclassic.com

www.burmeseclassic.com



မိုက်ကယ်ဂျက်ဆင်အကနှင့် နာမည်ကြီးလာသူ တူတော်မောင် ချက်ကြီးပင်··။

"ဘာ···ချစ်မျိုး သေပြီ···ဟုတ်လား···"

"ဟုတ်တယ်··ဦးလေးရဲ့ ဆေးမှင်ကြောင်အရုပ်ကနေ ပိုးဝင်ပြီး သေတာ···တဲ့"

"အာ···မဖြစ်နိုင်တာ···။ ငါ ထိုးပေးလိုက်တဲ့သူတွေ ဘယ်နှစ်ယောက်ရှိပြီလဲ။ အကုန်အကောင်းချည်းပဲ··· ဘယ်နှစ်ယောက် သေဖူးလဲပြော··"

"အဲဒါတော့ မသိဘူး··။ ဆေးဆရာဦးတုတ်ကြီးရဲ့ ဆေးထွက်ချက်ကတော့ ဦးလေးရဲ့ ဆေးမှင်ကြောင်အရုပ်ကနေ ပိုးဝင်ပြီး သေတယ်လို့ ပြောတာပဲ··"

"ဒီကိစ္စငါ တေုတ်နဲ့ ရှင်းရလိမ့်မယ်။ ချစ်မျိုးသေတာ မှန်ရင် ဒေါက်တာရမ်းကုမှာလည်း တာဝန်ရှိတာပဲ···။ ဘားပလက်(စ်)နဲ့ ဘာမီတွန်တောင် မခွဲတတ်တဲ့ကောင်က ဘယ်ဆေး ဘယ်လို အမှုန့်ကြိတ်တိုက်ပြီး ဘာ သောက်တလွဲ လုပ်လိုက်မှန်းမှ မသိတာ။ တုတ်ကြီး··တုတ်ကြီး···သူများ ဗွင်တွေတော့ ငါ မကျော်ချင်ပါဘူး။ ဒါပေမယ့် ငါ့ကို ထိလာရင်တော့ ရှင်းရမှာပဲ··တွေ့ကြသေးတာပေါ့ကွာ···"

ချစ်မျိုးခမျာမှာတော့ နေကာမျက်မှန်ကြီးတပ်ရက်သား ဘီလူးပုံကြီးနှင့် အမှန်တကယ် သေဆုံးသွားရလေပြီ···

ချစ်မျိုးကို အကြောင်းပြုပြီး ဆေးမှင်ကြောင် ဆရာလေးနှင့် ဆေးဆရာတုတ်ကြီးတို့ တစ်ယောက်ကို တစ်ယောက်လွဲချ



ကြတာ တုတ်တစ်ပြက် ဓါးတစ်ပြက် ဖြစ်လိုက်ကြသေး၏။

"မင်း ထိုးပေးတဲ့ အရုပ်ကနေ ပိုးဝင်ပြီး သေတာ··"

"မင်းသောက်အပေါက်ကို ပိတ်၊ မင်းဆေးမှားတိုက်လို့ သေတာ"

"ဘီလူးများ နေကာမျက်မှန်တပ်ပေးရတယ်လို့ မင်းမို့ ကြောက်မလန့် မင်း က်ကြီးထိုက်လိမ့်မယ် ကြည့်နေ··"

"အေးပါ···မင်းသာ မင်းဖော်တဲ့ဆေး မင်းစားပြီး သေအောင် ကြိုးစား"

ဘာပဲပြောပြော ဒေါက်တာရမ်းကုစကား မှန်ကန်ခဲ့လေပြီ။

ချစ်မျိုးသေဆုံးခဲ့မှုနှင့်ပတ်သက်ပြီး သူ ထောင်ကျသွားခဲ့ပါသည်။

ဒေါက်တာရမ်းကုကိုတော့ဖြင့် သူကြီးက ဆေးကုခွင့် သုံးနှစ် ပိတ်ပင်လိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

## (B-1)

တချို့အချိန်တွေကသာ ကြာညောင်းတာ။

ဘဝဆိုတာ တကယ့်ကို တိုတိုလေး။

ထောင်ထဲက နေ့ရက်တွေကို လေးပင်ခက်ထန်စွာ ဖြတ်သန်း ကျော်လွှန်လာခဲ့ပြီးတဲ့နောက် သူ ထောင်က လွတ်မြောက်ပြီး ရွာပြန်ခဲ့လေပြီ။

ဘီလူးရုပ်ကိုလည်း စိတ်နာ၊ ဆေးမှင်ရည်စုတ်ထိုးတဲ့ အလုပ်ကိုလည်း စိတ်နာပြီး ထောင်ကထွက်ထွက်ချင်း ရွာဦး ဘုန်းကြီးကျောင်းမှာ ဘုန်းကြီးဝတ်လိုက်မိပြန်၏။

ဝတ်တုန်းကတော့ ဘဝကို အသစ်က ပြန်စမယ်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ နောက်…စိတ်ပြေလက်ပျောက် ဆန်ဆန်။

အဲ‥သူလည်း ဘုန်းကြီးဝတ်ရော သာသနာ့တာဝန် တစ်ခုက သူ့အပေါ် ကျမှန်းမသိ ကျရောက်လာခဲ့ပြန်သည်။

ဖြစ်ပုံများ ပြောပါတယ်။ ကျောင်းထိုင်ဆရာတော်ကြီး မှာ ဓမ္မစရိယာသင်တန်းများအတွက် မြို့က သာသနာ့အစည်းအ



ဝေးများသို့ မကြာခဏ ကြွရတတ်လေရာ‥

ဘုန်းကြီးကျောင်းမှာ ကိုရင်ကလေးများ၊ ဒုလ္လာဘရဟန်း များကလွဲ၍ ကျောင်းထိုင် ဘုန်းကြီးရယ်လို့ တစ်ပါးမှ မရှိသလို ဖြစ်နေသည်…။

"ဘုရားသားတော်ဆိုတာ ဝိနည်းတွေကလည်း တင်း ကျပ်လှပါဘိ။ လူဝတ်လဲမိပြန်ရင်လည်း မတော်လို့ စုတ်တံ ပြန်ကိုင်မိပါမှ ထပ်ပြီး ငါးပါးမှောက်ကုန်ရင် ဒုက္ခ‥၊ ငါ ဘာ လုပ်ရမလဲ"

ကိုယ်တော် ထိုသို့ တွေဝေနေစဉ် တူတော်မောင် မိုက် ထယ်ချက်ကြီးမှာလည်း မျောက်မီးခဲကိုင်မိရက်သားအချိန်နှင့် သွားတိုးနေလေတော့သည်။

သူ့အဖြစ်က ဒီလိုပါ…။

မိခင်ချန်ရစ်ခဲ့တဲ့ အမွေတွေဖြစ်တဲ့ တဲတစ်လုံး၊ ဖျာသုံး ချပ်၊ ဒန်အိုး ဒန်ခွက် အနည်းငယ်၊ ရေထည့်တဲ့ စဉ့်အိုးကြီး တစ်လုံး၊ အပေါ်စက် အောက်စက်ပိုင်ရှင် နောက်…ရွှေတိုရွှေစ အနည်းငယ် ကြွယ်ဝချမ်းသာသော ချက်ကြီးမှာ ဦးနှောက်ဉာဏ် လည်း နည်းပေရော…။

လူပေါင်းမှား၊ မူးယစ်ဆေးစားမိပြီး ရှိသမျှ ရောင်းပြီး စားရောင်းပြီး၊ ပေါင်သင့်တာပေါင်နှင့် ဂျစ်ပစီတစ်ယောက် ဖြစ်မှန်းမသိ ဖြစ်လာသည်။

ဂျစ်ပစီကို တောလို ခေါ်ရမယ်ဆိုရင်ဖြင့် ရွာဂေါလီဆော သော၊

www.burmeseclassic.com

www.burmeseclassic.com



နေစရာလည်း အိမ်မရှိတော့။ သုံးစရာလည်း ငွေမရှိတော့။

ကံကောင်းချင်တော့ ထောင်ကထွက်လာတဲ့ မလည်ရှုပ်ဦးလေးက ဘုန်းကြီးဝတ်နေသည်။

တကယ်လို့များ ဘကြီးဘုန်းကြီး စိတ်ကောင်းဝင်ပြီး ရာသက်ပန် ဘုန်းကြီးဝတ်သွားပါက ချက်ကြီးပါ ဘုန်းကြီးကျောင်းမှာ ထာဝရ ကပ်နေထိုင်ခွင့် ရမည် မဟုတ်ပါလား။ ဆွမ်းကျန် ဟင်းကျန်လေးများပါ ကပ်ရက်စားသုံးခွင့်ရမည် မဟုတ်ပါလား။

ဘာဖြစ်လဲ။ ဘုန်းကြီး ကပ္ပိယလုပ်ရလည်း ဂုဏ်ငယ်တာကျလို့။

ဒါ့ကြောင့် မိုက်ကယ်ချက်ကြီးတစ်ယောက် ဘုန်းကြီးကို လူဝတ်မလဲတော့ရန် အသားကုန် ချွန်တွန်းလုပ်ပစ်သည်။

“တပည့်တော်က တို့အမျိုးထဲမှာ ဘုန်းဘုန်းတစ်ပါးရှိတယ်ဟေ့ဆိုပြီး ဂုဏ်ယူချင်လွန်းလို့ပါ..။ ဘုန်းဘုန်းသာ ရာသက်ပန် ဘုန်းကြီးဝတ်လိုက်မယ်ဆိုရင် ရွာရဲ့ လိုအပ်ချက်ကိုလည်း ဖြည့်ဆည်းပေးရာရောက်တယ်လေ..စဉ်းစားကြည့်ပါဗျ..”

“ဒါဆို…နင် ဝတ်လိုက်ပါ့လား”

“ငင်..ရွာမှာ ပျော်ပွဲရွှင်ပွဲတွေ လုပ်မဟေ့ဆို… မိုက်ကယ် ဂျက်ဆင်အကကို ဘယ်သူတာဝန်ယူပြီး ကမတုန်း ဘုန်းဘုန်းရဲ့…။ တပည့်တော်လည်း တပည့်တော် တတ်စွမ်းတဲ့ဘက်ကနေ ရွာရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းပေးနေတာပဲ



မဟုတ်လား ဖျား…။

တကယ်ပါ…တပည့်တော် အခုနေ စီးရီးတစ်ခွေသာ ထွက်ပြီးကြည့်…။ တစ်သက်လုံး ဘုန်းကြီးဝတ်ဆိုလည်း ဝတ်တယ် ဘုရား…”

“နားညည်းလိုက်တာ ချက်ကြီးရာ… မဖြစ်နိုင်တာတွေ။ နင့် ဘယ်သူက စီးရီးထုတ်ပေးမှာတဲ့တုန်း..”

“ကံကြမ္မာဆိုတာ ဘယ်ပြောလို့ ရမလဲဘုန်းဘုန်းရဲ့…။ တစ်နေ့ မိုးပေါ်က ပိုက်ဆံတွေ ကျလာတဲ့အချိန် တပည့်တော်စီးရီးထုတ်မှာပေါ့…”

ကိုယ်တော်က နှုတ်က မမိန့်တော့။ မျက်စောင်းသာ ဒိုင်းကနဲ ပစ်, ပစ်လိုက်လေတော့သည်။

သို့နှင့် လူဝတ်ကြောင်တုန်းက ရှော့(ခ်)ကြီးမှာ မရည်ရွယ်ပါပဲ ရာသက်ပန် ဘုန်းကြီးဝတ်ဖြစ်သွားလေတော့သည်။

တို့ ဘုန်းကြီးက ငါးပါးသီလတော့ လုံသည်။ သို့သော် ဒီနည်းတော်နဲ့ အညီညွှတ်ကြီးထဲကတော့ မဟုတ်…။

ဆိုလိုသည်မှာ သင်္ကန်းကို ခုတုံးလုပ်ပြီး အလှူငွေတွေကို ကိုယ်ကျိုးအတွက်သုံးနေသည့် ဘုန်းကြီးမျိုးထဲမှာတော့ လုံးဝလုံးဝ မပါ။

သို့သော် ဟိုစပ်စပ် ဒီစပ်စပ်တော့ ဘုန်းကြီးက အင်မတန် ဖြစ်သည်။

ဖားဗိုက်ကြီးတစ်လုံးဝယ်ပြီး အင်္ဂရိတ်ဖိုလည်း ထိုးဖူးသည်။ ရွာက ကာလသားများ လာတောင်းပါများ၍ ပီယသိဒ္ဓိ

www.burmeseclassic.com

www.burmeseclassic.com



ဆေးလည်း ဖော်ဖူးသည်။ (ဆေးမှင်ကြောင်ဆရာ ဘ၀ ကတည်း က ဟိုစပ်စပ် ဒီစပ်စပ်ကိုး)

နောက်.. “စာအုပ်စာပေ လူ့မိတ်ဆွေ”ဆိုပြီး ကျောင်း ထိုင်ဆရာတော်ရှိသည့်အခါ ဘုန်းကြီးလက်စွဲကျမ်းများကို မှင် တည်တည်လေ့လာတတ်ပြီး…

ကျောင်းထိုင်ဆရာတော်ကြီး မရှိသည်နှင့် လူငယ်ဖတ် ဝတ္ထုတွေ ခိုးဖတ်၏။

ကိုယ်တော့်ကို လူငယ်ကြိုက်ဝတ္ထုများ ဖတ်တတ်လာ အောင် ကျပ်ပေးလိုက်သူက ရွာက စာရေးဆရာရှုး တာလပတ် မင်းဝေပါ…။

(တာလပတ်မင်းဝေ အကြောင်း နောက်ပိုင်းမှာ အကျယ် ချဲ့ မိတ်ဆက်ပါဦးမည်)

ယခု ကိုယ်တော်လူငယ်စာရေးဆရာလေး နှစ်ယောက် ဖြစ်တဲ့ ညီနဲ့ သူးထံကို ခရေးစီးဖြစ်နေသည်။

နှစ်ယောက်စလုံးက သချာင်္နှင့်ပဟေဠိလိုင်းများသာ တ စိုက်မတ်မတ်ရေးလာကြသည်မို့ သူတို့နှစ်ယောက်ရဲ့ ပရိသတ် ဖြစ်တဲ့ ကိုယ်တော်မှာ ပဟေဠိရှုးကြီး ရှုးလျက် ရှိချေ၏။

ဒီလိုနဲ့ တစ်ရက်မှာတော့ ကိုယ်တော် ကိုယ့်ရှူးကိုယ် ပတ်မိလေပြီ။

“ဟဲ့…ကပ္ပိယ ချက်ကြီး…”

တူတော်မောင်ကို အော်ခေါ်တော့ ချက်ကြီးက အပြေး တပိုင်းတော့ ထွက်လာ၏။ မျက်နှာကတော့ စူပုပ်ပုပ်နှင့်…



“ဘုန်းဘုန်းကလည်း တပည့်တော်ကို ကပ္ပိယချက်ကြီး လို့ မခေါ်ပါနဲ့ မိုက်ကယ်ချက်ကြီးလို့ ခေါ်စမ်းပါ…”

“နင် ငါ့မျက်နှာကြောင့် ဒီမှာ ကပ္ပိယဝင်လုပ်လို့ ဒီ ကျောင်း, ကပ်နေလို့ရတာပေါ့ဟဲ့..။ နင့်ဟာနင် ဘယ်လောက် ပဲ မိုက်ကယ်ဂျက်ဆင် ရှုးရှုးပြီး သွက်ချာပါဒအကတွေ ကက.. နင့်ကို နဲဗားလန်း(Never Land )ခြံကြီးက ခေါ်မထားဘူး။ ချက်ချ…”

ကျမ်းတပ် ပေတတ် ဘုန်းဘုန်းပေကိုး…။ မိုက်ကယ် ဂျက်ဆင် ဘယ်မှာနေတာကအစ ဘုန်းကြီးသိသည်လေ။ ချက် ကြီးကတော့ သူ့မျက်နှာကို ‘ဘတ်’ကနဲ လာစင်တဲ့ တံတွေးတချို့ ကို သုတ်လိုက်ရင်း…

“ကိုယ်တော်…ပြော…ဘာလုပ်ပေးရမလဲ..”

“ဒါ…ငါ့စုဗူး…။ ဒီစုဗူးထဲမှာ ပိုက်ဆံတွေ အများ ကြီးရှိတယ်။ ခု…ဒီစုဗူးထဲမှာ ရှိတဲ့ ငွေပမာဏကို တိတိကျကျ သိချင်တယ်။ အဲဒါ ဘယ်လိုလုပ်ရမလဲ”

ချက်ကြီးက ဘကြီးဘုန်းကြီးရဲ့ စုဗူးကြီးကို ကြည့်ပြီး ခေါင်းတဖျင်းဖျင်းကုတ်လိုက်ကာ…

“ကိုယ်တော်ရယ်…ကိုယ်စုတဲ့ငွေ အတိအကျ သိချင် ရင်တော့ ဘယ်သူက စုဗူးနဲ့ စုနေတော့မှာလဲ…တပည့်တော်မှာ လည်း ဒီဗွစကုမှ မရှိတာ…။ သိတော့ကော…ကိုယ်တော်က ဘာလုပ်ချင်လဲ…”

“ငွေငါးသောင်းလောက်ရှိရင် မြို့တက်မလို့ဟ။ ဒီထဲ

www.burmeseclassic.com

www.burmeseclassic.com




မှာ ငွေဘယ်လောက်ရှိမှန်း မသိဖြစ်နေတယ်။ စုဗူးခွဲကြည့်လိုက်လို့ ငွေငါးသောင်းကျော်နေရင် ကိစ္စမရှိဘူး။ ခွဲရကျိုးနပ်တယ်။ ခွဲပြီး ငါးသောင်းမပြည့်ရင် စုဗူးကွဲတာပဲ အဖတ်တင်နေမှာ စိုးလို့"

"အင်းလေ…အဲတော့ ကိုယ်တော်က ဘာလုပ်ချင်သတုံး…"

"ဒီလိုဟော့။ ဒီစုဗူးထဲမှာ ငွေဘယ်လောက်ရှိသလဲဆိုတာအရင်က တိတိကျကျ ငါ သိတယ်။ ခက်တာက ငါက ငါ့ငွေပမာဏကို ရိုးရိုးရှင်းရှင်းမှတ်မထားခဲ့ဘဲ ပဟေဠိသုံးပြီး မှတ်ထားခဲ့မိတယ်။ ခု…အဲဒီ ပဟေဠိကို ငါကိုယ်တိုင်ပြန် မဖော်တတ်ဘူး ဖြစ်နေတာ"

"ဟင်…"

ချက်ကြီး စိတ်ရှုပ်စွာနှင့် ဘကြီးဘုန်းကြီးထိုးပေးလာတဲ့ စာရွက်ကို ကြည့်လိုက်မိ၏။




မှတ်ချက်။ ။ ရလာဒ်နောက်မှ သုံးညသုံးလုံး(၀၀၀) ထည့်ပါ။ စုဗူးထဲမှာရှိတဲ့ ငွေပမာဏကို တိတိကျကျ သိမည်။



ချက်ကြီး အော်သာ ငိုပစ်လိုက်ချင်တော့သည်။

"ဘုန်းဘုန်းမှာ အရင်က ပဟေဠိ ဖွက်တတ်တဲ့ အကျင့်…တွေ မရှိပါဘူး။ ဟို စာရေးဆရာရှူး တာလပတ်မင်းဝေ မြှောက်…ရာကနေ ပဟေဠိဖွက်တဲ့ ဝတ္ထုတွေဖတ်ပြီး အဲလို ဖြစ်ကုန်တာ…တ်လား…

"လျှာမရှည်နဲ့…။ နင့်ကို ဆင်ခြင်သုံးသပ်နိုင်းနေတာ…တ်ဘူး။ အဖြေရှာခိုင်းနေတာ။ တွေ့လား။ အဲဒီစက်ဝိုင်းထဲက…ဂဏန်းရှင်မက်(?)ဟာ ငါ့စုဗူးထဲက ငွေပမာဏပဲ။ သုံးည သုံးလုံး…နောက်က တိုးရလိမ့်မယ်။ ကူပြီး စဉ်းစားပေးဦး ဒကာ‥"

သေပြီ ဆရာ…။

"၂၁, ၂၇, ၉, ၅, ၇, ၉, ၃…ပြီးတော့ ဘာဖြစ်နိုင်သလဲ‥"

"ကိုယ်တော် အထင်ကြီးတဲ့ 'ညီ'တို့ 'သူးထံ'တို့ဆီ…ရေးပြီး အဲဒီပုစ္ဆာကို ဖြေရှင်းခိုင်းကြည့်ပါလား။ သူတို့…အုပ်တွေ ဖတ်ပြီးတော့မှ ကိုယ်တော် ဒီလိုဖြစ်လာတာဆိုတော့ သူတို့မှာလည်း တာဝန်ရှိတယ်လေ‥"

ဘုန်းဘုန်းက တူတော်မောင်ကို မျက်မှောင်ကျုတ်ပြီး ကြည့်လိုက်ရင်း…

"၂၁, ၂၇, ၉, ၅, ၇, ၉, ၃ ပြီးတော့ ဘာဖြစ်မလဲ‥ ဘာဖြစ်မလဲ‥ "

အကောင်းဆုံးအဖြေကို တွေ့ရှိသွားသူက ချက်ကြီးပင် စုဗူးကို ဟိုပွတ်ဒီပွတ် ပွတ်နေရာမှာ လက်ကနေလွှတ်

www.burmeseclassic.com

www.burmeseclassic.com



ချ လိုက်လေတော့သည်။

"ချွင်…ခလွမ်…"

"အဲ‥ကန်တော့ဘုရား…ကန်တော့…။ ကန်တော့… ဘုန်းဘုန်း စုဗူးကွဲသွားပြီ။ မတော်လို့ လက်ကလွတ်ကျသွားတာပါ ဘုန်းဘုန်းရယ်‥မတော်လို့ပါ‥"

"ဟာ‥ဒီကောင်…။ × ÷ & @ ! ^?¥…."


ဘုန်းဘုန်း ဆဲလိုကဆဲတော့။ မတတ်နိုင်၊ ချက်ကြီး ခေါင်းလည်း အစားမခံနိုင်။

ဒါ့ကြောင့် စုဗူးကို လွှတ်ချလိုက်သည်။ စုဗူးကွဲသွားလေတော့ စာရွက်အဟောင်းတစ်ရွက်နဲ့အတူ ပိုက်ဆံ(ဝတ္တုငွေ) အတွန့်အကြေတွေက ထွက်လာ၏။

"အာ‥ပဟေဠိကို အဖြေထုတ်ထားတဲ့ ဖော်မြူလာစာရွက်ကို ငါက ဒီစုဗူးထဲယောင်ပြီး ထည့်မိလိုက်တာကိုး။ တော်ပါသေး၊ ချက်ကြီးကြောင့် စုဗူးကွဲပြီး အဖြေကိုတွေ့ပေလို့။ နို့မို့ဆို ဒီပုစ္ဆာအဖြေထုတ်နေတာနဲ့ ငါ ဒီည ကျိန်းနိုင်မယ်မထင်ဘူး"

ချက်ကြီးမှာ ပိုက်ဆံအတွန့်အလိမ်များကို ကောက်ယူရေတွက်ကြည့်နေချိန်မှာ ဘုန်းဘုန်းမှာလည်း စောစောက ကိုယ်တော်မဖြေရှင်းနိုင်ခဲ့သည့် ပုစ္ဆာရဲ့ တွက်ထုတ်ပုံအဆင့်ဆင့်အဖြေကို မချိတင်ကဲ ဖတ်နေမိပြန်၏။






a=3, b=9, c=7, d=5

a1=9, b1=27, c1=21, d1=?

a1=3a=3 x 3=9

b1=3b=3 x 9 =27

c1=3c=3 x 7 =21

d1= 3d =3 x 5 =15

Answer = 15

ဘုန်းဘုန်းမှာ အဖြေလွှာကို ဖတ်ပြီး ခေါင်းတညိတ်ညိတ်လုပ်နေစဉ်ပင် ချက်ကြီးမှာ ဝမ်းသာအားရနှင့်….

"ဘုန်းဘုန်း အဖြေက အဲလေ…ဘုန်းဘုန်းရဲ့ ငွေစုခေါင်းက တစ်သောင်းခွဲ ဖျ။ တစ်သောင်းခွဲ"

"လျှာမရှည်နဲ့…ငါ ဒီစာရွက်ကနေ အဖြေထုတ်ပြီးသွားပြီ။ နင့်လို အတုံးလို ပိုက်ဆံ တွက်စရာမလိုဘူးဟဲ့…"

"ဟောဗျာ…"

ချက်ကြီးလေသွားရလေတော့၏။

www.burmeseclassic.com

www.burmeseclassic.com

…ခင်ဗျားတို့အတွက် အရေးတကြီး ညစာ…

ပင်လယ်ပြာကို မီးရှို့လို့
ပြာကျတဲ့အရပ်မှာ ကျွန်တော့်မနက်ခင်း စတင်တယ်..
အချစ်ဆိုတာ
ကောင်းကင်က ကျလာတဲ့ တမန်တော်မဟုတ်
အဆိပ်သုတ်လူးထားသော တနင်္ဂနွေ မိုးရေစက်တွေထက်
ပိုရက်စက်တတ်ကြောင်း…
မနေ့က ထုတ်ပြန်တဲ့ ရာသီတစ်ဝက်စာ ပန်းခင်းကြီးက
ပြောသွားရဲ့…

ဘယ်လို ချုပ်ဝတ်တန်ဆာ ဝတ်ပြီး
နှင်းဆီနကျွတ်ကို သူတင်ကိုယ်တင် တိုက်တိုက်
လမင်းရဲ့ အလင်းတစ်ပေါက် ငါမသောက်ခဲ့ရဘူး…
ငါဟာ…

မျှော်လင့်ခြင်းတွေကို ကျောခိုင်းပြီး
ပင်လယ်သေလို မှုန်မှိုင်းနေလေရဲ့….

အို…ကုံကော်တွေ…
သင်တို့ သိပါစေသား…
ဝတ်မှုန် တစ်စက်ဟာ
သင်တို့ရဲ့ သွေးတစ်စက်ဖြစ်ပြီး
ငါ့ ရင်အုံပေါ် ချောမွေ့စွာ..
ရောက်ရှိခဲ့ကြောင်း သင်တို့ သိကြပါစေသား…

တာလပတ်မင်းဇေ

www.burmeseclassic.com

www.burmeseclassic.com

## ( ၈ )

သူ့နာမည်ရင်းက မင်းဝေ ပါ။

ရွာမှ ဘုရားပွဲဈေးတန်းတို့ ဘာတို့ရှိတဲ့အခါ တာလပတ်စကလေးခင်းပြီး စာအုပ်ဟောင်းလေး ဘာလေးရောင်းပါသည်။

အဲဒီမှာတင် ဆရာသမားက သူ့ကိုယ်သူ တာလပတ်မင်းဝေ ဆိုပြီး လုပ်ချလိုက်လေတော့သည်။ တာလပတ်မင်းဝေ ဆိုကတည်းက တာရာမင်းဝေ ခရေးဓိုးဆိုတာ ပြောစရာလိုမည် မထင်ပါ။

တာရာမင်းဝေစာအုပ်တွေ အကုန်ဖတ်ဖူးသည်။ ရွာမှာတော့ တာလပတ်မင်းဝေဟာ သူများထက် နှာတဖျားသာတဲ့ ကျမ်းတတ်ပေတတ် ပုဂ္ဂိုလ်တစ်ယောက်ဟု ဆိုရမည်။

ဘာကြောင့်လဲဆိုတော့ ဟိုက်ဒရိုဂျင်နှစ်ဆနဲ့ အောက်ဆီဂျင်တစ်ဆပေါင်းလျှင် 'ရေ'ဖြစ်မှန်း စာအုပ်တွေက တစ်ဆင့် သူသိထား၏။



ဟိုက်ဒရိုဂျင်ကိုလည်း သူ မသိသလို အောက်စီဂျင်ကိုလည်း သူ မမြင်ဖူးပါ။ သို့သော် 'ရေ'ကိုတော့ဖြင့် သူသိ၏။

သူ ကဗျာတစ်ပုဒ် ကြိုးစားပမ်းစား ကောက်ရေးကြည့်လိုက်သည်။

"ချစ်ခြင်းတရား $H_2O$"ဆိုပဲ။ ကဗျာနာမည်က…မှာတော့ အဲဒီ ကဗျာက လွတ်…မိုက်ပေါ့။

ရှုစားပါဦး မိတ်ဆွေ…။

### ချစ်ခြင်းတရား $H_2O$

အချစ်ရေ…
တို့ရွာမှာလေ…
တို့ မေတ္တာဟိုက်ဒရိုဂျင်နှစ်ဆနဲ့
မင်း သစ္စာ အောက်စီဂျင် တစ်ဆ ပေါင်းတော့မှ
$H_2O$မိုးတွေ ရွာကြမှာမို့ပါ…။
ကျေးဇူးပြုပြီး…
အချစ်တွေ မခေါင်ပါစေနဲ့လား…။

တာလပတ် မင်းဝေ။

ကဗျာကတော့ ထိုသို့ ခပ်ကြောင်ကြောင်ပင်။ နောက်…တော့ ဘာကြီးမှန်းလည်း မသိ။

သို့သော်…သို့သော်…။

www.burmeseclassic.com

www.burmeseclassic.com



အဲဒီရှာကလေးမှာတော့ 'ချစ်ခြင်းတရား $H_2O$'ဆိုတဲ့ ကဗျာလေးကြောင့် မင်းဝေဟာလည်း (မိုက်ကယ်ချက်ကြီးကဲ့သို့ပင်) တာလပတ်မင်းဝေဆိုပြီး နာမည်တွေကြီးသွားလေတော့သည်။

သူ အဲဒီကဗျာလေးကို ထွေးမြ ရေခပ်ဆင်းချိန် စောင့်ပြီး ပေးလိုက်ရာ ထွေးမြနှင့်ပါ အကြောင်းပါသွားလေတော့၏။

"ဘာတုံးတော်…ချစ်ခြင်းတရား…အဲ‥ဟိုနောက်ကဟာကြီး ကျုပ်မဖတ်တတ်ဘူး‥"

ထွေးမြက ထိုသို့ ပြောတော့ သူ ပျော်ပြီး တွံတေးသိန်းတန် လေသံဖမ်းပြီး ခုလို ရှင်းပြရ၏‥။

"$H_2O$… $H_2O$ ပါတဲ့ကွယ်…ဩော်‥ဒီလိုပါတဲ့ ထွေးမြရယ်… အဲ…။ လေထဲမှာ တို့ မသိနိုင် မမြင်နိုင်တဲ့ ဓာတ်ငွေ့တွေဆိုတာ ရှိတယ်လေ…။ အဲ…။ ဟိုက်ဒရိုဂျင်ဆိုတာကတော့ အစ်ကို့ရဲ့ မေတ္တာရယ်ပါ‥"

"အို…"

"မရှက်ပါနဲ့ ထွေးမြရယ်…။ ဒီလောက်ဆို ထွေးမြလည်း နားလည်နေပါပြီ‥။ အဲ…။ အစ်ကို့မေတ္တာကို နှစ်ဆပေါင်းပြီးရင်အစ်ကို ဘယ်သူနဲ့ ပေါင်းစပ်ရမလဲ စဉ်းစားကြည့်တဲ့အခါ အဲ…အထွေးရင်ထဲက သစ္စာတရားနဲ့ ပေါင်းစပ်ချင်ပါသတဲ့ကွယ် …။ သစ္စာကို တစ်ဆပဲ ပေးလှည့်ပါ အထွေးရယ်…။ ဒီလိုဆို ရင်တော့ဖြင့် အစ်ကို့မေတ္တာနှစ်ဆနဲ့ အထွေးသစ္စာတစ်ဆပေါင်း ပြီးတို့ ရွာကို အချစ်မိုးတွေ ရွာပစ်လိုက်လို့ရပါပြီ



အထွေးရယ် …"အချစ်မိုးတွေ မခေါင်ပါစေနဲ့လား…"

"အဲ…အဲဒီလူကြီးဟာလေ…"

တာလပတ်မင်းဝေရဲ့ ရှုးကြောင်မှုးကြောင် တော်ကီမှာ ထွေးမြ ဘဝခိုက်သွားသည် ထင်ပါ၏။ ရေအိုးတစ်လုံးကျကွဲသွားရလေတော့သည်။

နောက်တော့ ချစ်သူတွေ ဖြစ်သွားကြတော့၏‥။

တာလပတ်မင်းဝေအတွက်ကတော့ အရာရာတိုင်းဟာ ဇာတွေ၊ ကဗျာတွေရေးဖို့ ကုန်ကြမ်းတွေချည်းပါပဲ‥။

သူ ယဉ်ယဉ်လေးနဲ့ ရှုးသွားလေပြီ။

တာရာမင်းဝေ(သူ အထင်ကြီး လေးစားရတဲ့ စာရေးဆရာ) ကွယ်လွန်သွားသည့်အခါ မြို့သားတွေဖတ်ဖို့ လူငယ်စာရေးဆရာတစ်ယောက် မဖြစ်မနေ လိုအပ်လာပြီပဲဆိုပြီး တောရွာဇာတ်ကလေးကနေ အပူပန်ကြီး ပူပန်မိလေတော့သည်။

အဲဒီအချိန်ဟာ တာလပတ်မင်းဝေအတွက် နေအမြင့်ဆုံးအချိန်ပါ…။

သူ အတည်ပေါက်ကြီး ရှုးသွားရလေပြီ။

"တာရာမင်းဝေရဲ့ ကွက်လပ်နေရာကို ငါ ဝင်မယ်‥။ တာရာမင်းဝေရဲ့ ကွက်လပ်ကို ငါ ဖြည့်စွမ်းမယ်‥။ မြို့သားတွေ ဘာမှ မပူနဲ့…။ တာရာမင်းဝေ ဆုံးရှုံးလိုက်ရလို့ ဝမ်းနည်းမနေနဲ့‥။ တာလပတ်မင်းဝေဆိုတဲ့ ငါ လာပြီဟေ့…"

လာပြီဆိုသော်လည်း သူ ဘယ်မှ ထွက်သွားခြင်းမဟုတ်ပါ‥။

www.burmeseclassic.com

www.burmeseclassic.com



လယ်ကွင်းပြင်ထဲကနေ ထိုင်အော်နေခြင်းဖြစ်၏။

သူ့ရဲ့အောင်မြင်လှတဲ့ အသံနက်ကြီးကြောင့် လယ်ကွင်းထဲက ကျွဲ၊ နွား တချို့တလေပင် ထွက်ပြေးသွားကြသည်။

သူကား မမှု။

သူ ဝတ္ထုတွေ စတင်ရေးသားလေပြီ။

သူရေးသည့်စာတိုင်း တောင်ကုန်းမို့မို့၊ အလင်းအိုအို၊ ရာသီတစ်ဝက်ထွန်းညှိထားတဲ့ မြက်ပင်၊ စုန်းမ မျက်စောင်းထိုးပြီး ထမိန်လှန်ပြသွားတဲ့ သစ်သီး၊ နတ်ဆိုးလိုက်လို့ ပြေးရတဲ့ ပြောင်းခင်း၊ စသဖြင့်…စသဖြင့် စကားလုံးဆန်းဆန်းများနှင့် ပြည့်နှက်လျက်ရှိချေ၏။

သူရေးသည့် ဝတ္ထု တစ်ရွာလုံး မပြောနှင့် သူ ကိုယ်တိုင်ပင် နားမလည်…

“ဒါ..ပို့(စ်)မော်ဒန်စာတွေပါ အချစ်ရယ်၊ ရေးတဲ့သူကိုယ်တိုင် ဘာမှ နားမလည်လည်း ဖြစ်တယ်..”

သူ ထိုသို့ ပြောတိုင်း ထွေးမြ စိတ်ထဲမှာလည်း ‘သြော် ပို့စ်မော်ဒန်ဆိုတာ သောက်ပေါကို ခေါ်တာပါလား’လို့ တလွဲကြီး နားလည်သွားတော့သည်။

ကြာတော့ ထွေးမြ စိတ်ကုန်လာ၏။

အရှုးကို ရည်းစား ဆက်မတော်နိုင်။ သောက်ပေါကိုလည်း လင်မလုပ်နိုင်။

“မောင် အခုလို စာတွေ ကြိုးစားပြီးရေးနေတာ အထွေးအတွက်ပါ အထွေး။ မောင့် ပါရမီကိုလည်း အထွေးသိ



သားနဲ့။ မြို့သားတွေဟာ တာရာမင်းဝေကို သိပ်ကြိုက်ကြတယ်။ မောင်လည်း သိပ်ကြိုက်တာပါပဲ…။ ခု…သူ ဆုံးပါးသွားပြီဆိုတော့ သူ့ နေရာကို မောင် ဝင်လုလို့ရပြီလေ…”

“ဟင်…ရှင်က ဘယ်လို ဝင်လုမှာလဲ…”

“ဆင်တူရိုးမှားဖြစ်အောင်…တာလပတ် မင်းဝေဆိုပြီး တော့ပေါ့ကွယ်…”

ထွေးမြ နှာခေါင်းရှုံ့သွာ၏။

“ဒီမှာ အထွေး။ မောင်ဟာ ဖနပုဒ်မှာ နေတယ်ဆိုပေမယ့် စိတ်ကူးတွေကတော့ဖြင့် ကောင်းကင်ကြီးထက် မြင့်ပါ ရဲ့ကွယ်..အဲ…။ မောင် စောင့်နေတာက ကံကြမ္မာရယ်ပါ… မိုးပေါ်ကနေ ပိုက်ဆံတွေသာ ကျလာကြည့်စမ်း အထွေး.. အဲ..မောင်ဆိုတဲ့ တာလပတ်မင်းဝေလေ…ချက်ချင်းမြို့တက်ပြီး ကိုယ့်စာအုပ် ကိုယ်ထုတ်ပစ်လိုက်မှာပါ အချစ်ရယ်”

“အဲဒါကလည်း အောင်မြင်ဦးမှကိုး တော့်”

“အဟဲ..ဟဲ…တာရာမင်းဝေ ငတ်တဲ့သူတိုင်း တာလ ခင်းဝေကို ကြိုက်သွားမှာပါ အထွေးရယ်… အဲ…အဲ… အဲ…အဲ….”

ရယ်သံကလည်း ပြောင်မြောက်လှပါပေသည်။ လုံးဝ သိန်းတန် ချွတ်စွတ်ပင်…။

အဲဒီလိုနဲ့ တာလပတ်မင်းဝေတစ်ယောက် မိုးပေါ်က မယ့် ပိုက်ဆံကို စောင့်ဆိုင်းနေစဉ် ကံကြမ္မာက ထွေးမြ တစ်ယောက် လွှတ်ပေးလိုက်လေတော့၏။

www.burmeseclassic.com

www.burmeseclassic.com



ထွေးမြ ခိုးရာလိုက်သွားလေပြီ။ တာလပတ်မင်းဝေနဲ့တော့ မဟုတ်။

နဂိုကမှ စာရှူးပေရှူးပါဆိုမှ အူနုကျွဲခတ်ခံလိုက်ရသောအခါ တစ်ရွာလုံး တာလပတ်မင်းဝေရဲ့ တော်ကီအောက် မျောသွားကြရလေတော့၏။

"ကျွန်တော် တာလပတ်မင်းဝေ ဒီနေ့ကစပြီး အသည်းကွဲ အင်စတော်လေးရှင်းတစ်ခု စီစဉ်တင်ဆက်ဖို့ စဉ်းစားထားပါတယ်။ အဲဒါကတော့ အသည်းကွဲတာနဲ့ပတ်သက်တဲ့ ကျွန်တော့် ခံစားချက်တွေကို မနက်ဆယ်နာရီကနေ ဆယ့်တစ်နာရီအထိ တစ်နာရီတိတိရွာရိုးကိုးပေါက် လိုက်ပြောပါမယ်။ ပရိသတ် များလာတဲ့အခါ အရီးတင်စိန်အိမ်က အော်လန်ငှားပြီး ပြောပါ့မယ်။ ပရိသတ်နည်းနေရင်တော့ ပါးစပ်ကနေပဲ ပြောပါ့မယ်။ ကျွန်တော့်ရဲ့ အသည်းကွဲအင်စတော်လေးရှင်းဟာ တစ်လတိတိ ကြာမြင့်မှာ ဖြစ်ပါတယ်။ ခံစားနားဆင်လိုသူတိုင်း ဘယ်မှ မသွားဘဲ မိမိတို့ အိမ်ရှေ့ကနေ ရပ်စောင့်ပေးကြပါ..."

အဲဒီကိစ္စဟာ အတည်ပေါက်ကြီးကို ဖြစ်ပျက်သွားခဲ့တာပါ...။

ရွာထဲမှာ တစ်လမ်းဝင် တစ်လမ်းထွက် ဆွမ်းဆန်စိမ်းအလှူခံထွက်တဲ့အဖွဲ့လိုပင်... တာလပတ်မင်းဝေဟာ သူ့ရဲ့ (ဝတ္တုခေါ်မလား အက်ဆေးခေါ်မလား ရှုးကြောင်ကြောင်စာသားတွေလို့ ပြောရမလား...) ခံစားချက်တွေကို တစ်လမ်းဝင် တစ်လမ်းထွက် အော်ပြောလာခဲ့သည်။



"ပင်လယ်ပြင်ကို မီးရှို့လို့ ပြာကျတဲ့အရပ်ဟာ ကျွန်တော့်ရဲ့ မနက်ခင်းစတင်တယ်။ အချစ်ဆိုတာ ကောင်းကင်က [illegible]တဲ့ တမန်တော် မဟုတ်ဘူး။ အဆိပ်လူးထားတဲ့ တနင်္ဂနွေ [illegible]စက်တွေထက် ပိုရက်စက်တတ်ကြောင်း မနေ့က ထုတ်ပြန်တဲ့ ရာသီတစ်ဝက်စာ ပန်းခင်းကြီးက ပြောပြသွားတယ်.."

"ဟော..."

"ဟယ်..."

"ဟင်..."

"ဒီကောင် အခြေအနေ မကောင်းဘူး..."

တစ်ရွာလုံး ပါးစပ်အဟောင်းသားနဲ့ တာလပတ်မင်းဝေရဲ့ အင်စတော်လေးရှင်းကို ကြောင်စီစီ နားထောင်နေကြသည်။

"ဘယ်လို ချပ်ဝတ်တန်ဆာဝတ်ပြီး နှင်းဆီနက္ခတ်ကို [illegible]တင်ကိုယ်တင် တိုက်တိုက် လမင်းရဲ့အလင်း တစ်ပေါက်ပါ မသောက်ခဲ့ရဘူး.."

"သောက်ပလုတ်တုတ်..."

"ခိခိ...ရယ်ရတယ်တော့်.."

"ထွေးမြရယ်...ကျုပ်တို့ တစ်ရွာလုံးကို နှိပ်စက်ခဲ့ပြီ[illegible]တဲ့..."

တာလပတ်မင်းဝေရဲ့ အသံက ကျယ်ကျယ်...။ ရွာသူရွာသားတွေရဲ့ ဝေဖန်သံတွေကတော့ တိုးတိုးပေါ့လေ...။

"ငါဟာ မျှော်လင့်ခြင်းတွေကို ကျောခိုင်းပြီး ပင်လယ်[illegible]တွေလို မှုန်မှိုင်းနေလေရဲ့...။ အို...ကံ့ကော်တွေ သင်တို့

www.burmeseclassic.com

www.burmeseclassic.com



သိပါစေသား..။ ဝတ်မှုန်တစ်ဝက်ဟာ သင့်ရဲ့သွေးတစ်စက်ဖြစ်ပြီး ငါ့ရင်အုံပေါ် ရောက်ရှိလာခဲ့ကြောင်း သင်တို့ သိကြပါစေသား...”

ခေါင်းရမ်းတဲ့သူကရမ်း..။ ခွက်ထိုးခွက်လန်ရယ်တဲ့သူက ရယ်နဲ့ပေါ့..။

“ကဲ...မိတ်ဆွေတို့ရေ...ဒါဟာ ခင်ဗျားတို့အတွက် အရေးတကြီး ညစာဆိုလည်းဟုတ်ရဲ့...”

တစ်ရက်...၊ နှစ်ရက်...၊ သုံးရက်...။ တာလပတ်မင်းဝေ နှိပ်စက်သမျှကို ရွာသားတွေ နှုတ်ဆိတ်သည်းခံနေကြသေးသည်။

လေးရက်မြောက်နေ့မှာတော့ တာလပတ်ကြီး ကံဆိုးသွားရလေတော့၏။

“နေမင်းဟာ သူ့ရဲ့အလင်းရောင်တွေကို မာရ်နတ်ဆီ ပေးသနားခဲ့ပြီး..

ရက်စက်မှုကို ပန်းလိုသီကုံး...ကုံး..ကုံး...”

တာလပတ် ကဗျာမဆုံးလိုက်ရပါ...။

ကြိုတင်ချိန်းချက်ထားသည့်အတိုင်း ရွာသားများ၊ သူ ရောက်လာသည်နှင့် တစ်ယောက်ကိုတစ်ယောက် မျက်စပစ် ပြလိုက်ကြကာ...။

“ဖမ်းဟေ့...ဖမ်းကြ...ဖမ်းကြ...”

“ကိုမင်းဝေ တစ်ယောက် ရွာသူပြုစားခံထားရလို့... ဂရုစိုက်ပြီး ဖမ်းကြ..”



“မီအောင်..ဖမ်း..မီအောင်ဖမ်း... ဒီကောင်ပယောဂ ဝင်နေတာ။ ဆေးဆရာဦးတုတ်ကြီးဆီရောက်တော့မှ ဆေးကြိမ်လုံးနဲ့ ဆော်ခိုင်းပြီး ပယောဂကို မောင်းထုတ်ပစ်ရမယ်”

“ဟ...ဟ...နေကြပါဦး...ငါ ဘာမှ မဖြစ်ဘူး... ငါဘာမှမဖြစ်ဘူး...”

တာလပတ်မင်းဝေတို့ စတင် ပွဲပျက်လေပြီ..။

အများနဲ့ တစ်ယောက် ဖမ်းချုပ်ခံလိုက်ရတာဆိုတော့ ဆတ်ကန် ယက်ကန်နှင့်...။

“ဟိတ်ကောင်တွေ...လွှတ်နော်...မင်းတို့ငါ့ကို အရူးဖမ်းသလို ဝိုင်းဖမ်းနေကြတယ်”

“ဖမ်းမှာပေါ့ဗျ..။ ခင်ဗျားက ရူးနေတာကိုး..။ အရူးကို ဒီအတိုင်းလွှတ်ထားလို့ ကျုပ်တို့ တစ်ရွာလုံး ဒုက္ခရောက်ကုန်ကြမှာပေါ့”

“အာ...ငါ မရူးဘူး...မရူးဘူး...အသည်းကွဲအင်စဆော်လေးရှင်းလုပ်နေတာ”

“ဆေးဆရာ ဦးတုတ်ကြီးနဲ့တွေ့မှ အဲဒီကိစ္စပြော ကျုပ်တို့ အလုပ်က ခင်ဗျားကို ဖမ်းပြီး ဆေးဆရာလက်အပ်လိုက်ရုံပဲ...”

“ငင်..”

တာလပတ်မင်းဝေမျက်လုံးများ ထန်းသီးထက်မက ပြူးကျယ်သွားရလေတော့၏။

“ရက်စက်ကြပါပေ့ကွာ...။ ငါလို တစ်နေ့ နိုင်ငံကျော်

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်မယ့်ကောင်ကို…။ ဟင်…။ မင်းတို့တွေ ငါ့ကို ဒေါက်တာရမ်းကု လက်အပ်မယ့်အစား ကျားစာပဲကျွေးလိုက်ကြပါတော့လား…အဟင့်..ဟီး…"

တာလပတ်မင်းဝေ ဘယ်လောက်ပဲ ငိုသံပါကြီးနဲ့ပြောပြော ဆေးဆရာဦးတုတ်ကြီးဆီ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်သွားလေတော့၏။

ပို့(စ်)မော်ဒန်သမား အခုမှ စတင် မြွေကိုင်သွားလေပြီ။

ဤတွင် ဆေးဆရာဦးတုတ်ကြီးနှင့် သင်တို့ကို စတင် မိတ်ဆက်ပေးဖို့ အချိန်ကျရောက်လာလေပြီ တကား…။

## (D)

ဆေးမှာဆို ဆရာတုတ်
ဆရာတုတ်ဆို ဆေး

တကယ်တော့ ဒီလို နာမည်တစ်လုံးရလာဖို့ သူ့အတွက် …ယ်ခဲ့။

အချိန်တွေ…ဘဝတွေ..အတွေ့အကြုံတွေ..နောက်ပြီး …တော့…အင်း…လူ့အသက်တွေပါ စတေးခဲ့ရသည်။

ဘာပဲပြောပြော ဆရာတုတ်က ကြိုးစားမှုနှင့် ဝီရိယ … ကြီး၏…

ခုလို ဒေါက်တာရမ်းကု မလုပ်ခင်တုန်းက သူဟာ …ဂကုဆရာတစ်ယောက်သာ ဖြစ်သည်။

ရွာမှာ လူတစ်ယောက် ဖျားပြီနာပြီဟော့ ဆိုတာနဲ့(မိုး…ကျော်တွေကို ပူဇော်ပသဖို့)ကြက်တစ်ကောင် အရှင်သတ်ခိုင်း…သည်။

www.burmeseclassic.com

www.burmeseclassic.com



နောက်တော့ ကြက်တွေက သူ့ကို မြင်လျှင် ဖုတ်သဘက်ကို မြင်သလို ကတော်ကတော်အော်ပြီး ကြောက်လန့်တကြား ထွက်ပြေးကြတာမို့ ဆရာတုတ် သံဝေဂရပြီး သူ့ကုထုံးတွေကို တဖြည်းဖြည်းချင်း ပြုပြင်ပြောင်းလဲလာခဲ့လေ၏။

တစ်နေ့က သူ့ဆီသို့ ဆင်ခြေထောက်ရောဂါဖြစ်နေသည့် လူနာတစ်ယောက် ရောက်လာခဲ့သည်။

"ခင်ဗျား…ကျွန်တော် ပြောသလို လုပ်နိုင်မလား…"

"ဆင်ခြေထောက်ရောဂါ ပျောက်မယ်ဆို ဘာလုပ်လုပ် လုပ်ရတော့မှာပေါ့ ဆရာတုတ်ရယ်"

"ကောင်းပြီ…ခင်ဗျား ဖန်ခါးသီး စားပေးရမယ်…၊ စားနိုင်ပါ့မလား…"

လူနာက ဒါလေးများ လွယ်လွယ်လေးဟု တွေးမိသွားသည် ထင်ပါ၏။

အသာတကြည် ခေါင်းညိတ်ပြလေရာ ဆရာတုတ်က…

"ကောင်းပြီ ကောင်းပြီ…ဖန်ခါးသီးစားနေတဲ့ ရက်ပိုင်းမှာ ခင်ဗျား၊ ဂျင်း၊ အာလူး၊ ငှက်ပျောသီး လုံးဝမစားရဘူး။ ရှောင်နိုင်ပါ့မလား…"

"ဩော်…ဒါလေးများ ဆရာတုတ်ရယ်…ဘာလို့ မလုပ်နိုင်ရမှာလဲ…"

လူနာ အလွန်တရာ တက်ကြွသွားလေတော့သည်။

ဒီတော့မှ ဆရာတုတ်က သူဖော်စပ်ထားတဲ့ ဆေးညွှန်းကို တိတိကျကျ မိန့်လေတော့၏။



"ကောင်းပြီ။ ခင်ဗျားဟာ ကျုပ်မြင်ဖူးသမျှထဲမှာ အတယ် သတ္တိကောင်းတဲ့ လူနာတစ်ယောက်ပဲ။ ဖန်ခါးသီးက များများစားပေးစရာ မလိုဘူး။ တစ်နေ့မှ သုံးကြိမ်တည်း စားရမှာ။ ဘယ်လောက်ကြာကြာ စားရမလဲဆိုတော့ တစ်လတိတိပေါ့"

"အို…လုပ်နိုင်ရမှာပေါ့ ဆရာတုတ်ရယ်…"

ဒီလိုနဲ့ လူနာက ဝမ်းသာအားရ ထ,ပြန်မည် လုပ်တော့မှ ဆရာတုတ်က

"ဩော်…ပြောဖို့ မေ့ကျန်သွားလို့…။ ဖန်ခါးသီးစားတဲ့အခါ ဒီအတိုင်းစားလို့တော့ မရဘူးနော်…။ နွားသေး…သိတယ် မဟုတ်လား…။ နွားရှူးရှူးလေ…။ အဲ…အဲ…။ အဲဒီ နွားကျင်ငယ်ရေကို ရေသန့်ဗူးတစ်ဝက် သောက်ပြီး စားရ မှာ…။ တစ်နေ့ သုံးကြိမ်ဆိုတော့ နွားသေး ရေသန့်ဗူးတစ်ဗူးခွဲ ပေါ့ဗျာ…။ တစ်လဆိုတော့ …ရေသန့်ဗူးနဲ့ နွားသေး လေးဆယ့် ငါးဗူးတော့ သောက်ရလိမ့်မယ်ဗျ…။ တစ်လနေရင် ခင်ဗျား ထူးခြားလာလိမ့်မယ်။ မထူးခြားလည်းပြော…။ ကျုပ်မှာ မြင်း မစင်ကနေ ဖော်စပ်ထားတဲ့ နောက်ထပ် ဆေးတစ်မျိုး ရှိသေးတယ်…"

"ငင်…ဘုရား…ဘုရား…"

ဆင်ခြေထောက်ရောဂါသည်ခမျာ သူ့ခြေထောက်ကြီး နိုင်သယ်ရင်း တချိုးတည်း လစ်ပြေးသွားလေတော့သည်။

နောက်ရက်တွေလည်း ပေါ်မလာတော့…

သို့သော် ဆရာတုတ်ကတော့ သူ့ရဲ့ ယုံကြည်မှုကို

www.burmeseclassic.com

www.burmeseclassic.com



မစွန့်လွှတ်ပေ။

ဒီကြားထဲ ဟိုးလွန်ခဲ့တဲ့ သုံးနှစ်ကျော်က ဘုန်းကြီးအမှူ ရှာပတ်ဆိုသလို သူ့မှာ ပြဿနာတစ်ခုက တက်လိုက်သေး၏။

ထို ပြဿနာကတော့ လူအများ သိရှိတော်မူပြီးတဲ့ အတိုင်း ချစ်မျိုးသေဆုံးမှုပင် ဖြစ်သည်။

ဘယ့်နှယ့်…။ ကြားလို့မှ မတော်။ အနာရင်းပြီး ရောက်လာလို့ လူနာရဲ့ ကျောကုန်းကို ကြည့်လိုက်တော့ ဘီလူးကို နေကာမျက်မှန်တပ်ပေးထားတဲ့ ဆေးမှင်ကြောင် ရုပ်ကြီးနဲ့…။

ချစ်မျိုး မသေခင်ကတည်းက ဒီကိစ္စကို သူ အခြေအတင် ပြောခဲ့သေးသည်။

"ဟိတ်ကောင်…ချစ်မျိုး‥မင်းတော့ ကံကြီးထိုက်တော့ မယ်နော်…။ ဘီလူးများ ဘာအောက့်မေ့လို့ နေကာမျက်မှန်တပ် ပေးလိုက်ရတာလဲ‥။ မင်းတစ်ကိုယ်လုံးလည်း ဆေးမင်ကြောင် ရုပ်က အနာတွေရင်းပြီး အဖျားကြီးနေပြီ။ ဒီဆေးမင်ကြောင်ရုပ် ကို ဘယ်သူထိုးပေးတာလဲ…"

"ဘယ်သူရှိရဦးမှာလဲ…မိုက်ကယ်ချက်ကြီးရဲ့ဦးလေး‥ ဆရာလေးပေါ့"

"ပြင်လို့ရရင် ဒီကောင့်ကို အချိန်မီ ပြင်နိုင်းလိုက်‥ နောက်…ကန်တော့ပွဲပေးပြီး ဆိုင်ရာပိုင်ရာတွေကို တောင်းပန် လိုက်…"

ဘယ်လောက်ပဲ အမှားပြင်ဆင်ပြင်ဆင် ချစ်မျိုး နောက်ကျသွားရလေပြီ။



ချစ်မျိုးသေတော့ ချက်ကြီးဦးလေး(အခု ဘုန်းကြီးဝတ် [illegible]သူ)နှင့် တုတ်တပြက် ဓားတစ်ပြက် ထ,ချရသေးသည်။

ဒီကောင် ထောင်ကျသွားတော့မှ ကိုယ်လည်း နားအေး [illegible]ရတော့၏။ သို့သော် ဆေးဆရာတစ်ဦး၏ သိက္ခာတော့ [illegible]ကလေး ပွန်းပဲ့ခဲ့ရပြန်သည်။

ရွာသူကြီး ဦးစိန်သောင်းက ဗီတိုအာဏာသုံးပြီး ဆေး [illegible]ခွင့် သုံးနှစ်ပိတ်ပင်လိုက်သည် မဟုတ်လား…။

"အေး…တုတ်ကြီး‥တဲ့မှတ်ထား‥။ ငါဆိုတဲ့ ကောင် [illegible]ည်း လိုချင်တာကို မရရအောင် ယူတတ်တဲ့သူ…။ သုံးနှစ် [illegible]တာနဲ့ ပြိုင်စံရှား ဆေးဆရာတစ်ယောက်ဖြစ်လာစေရမယ်။ [illegible]နေ…ဟားဟား…"

ဗွီဒီယိုရုံတွေမှာ ကြည့်နေကြ မြန်မာကားတွေထဲက [illegible]သားဟန်ပန် အတုခိုးပြီး ဦးတုတ်ကြီး ဆိုလေ၏။

"ဆေးကုသခွင့် သုံးနှစ်ပိတ်ပင်လိုက်တယ်ဆိုတာ [illegible]ကို အတောင်ပံတပ်ပေးလိုက်တာနဲ့ အတူတူပဲကွ…။ ဒီ [illegible]အတွင်း၊ အစွမ်းထက်တဲ့ ဆေးတွေ 'ဖော်'ပြမယ်၊ နှာစေး [illegible]ဆိုး၊ ငန်းဖမ်း ကစလို့ ဂရင်ဂျီနာ၊ ဖွတ်စအိုနာ၊ ဒူလာ [illegible]အလယ် အေဒီအက်(စ်)အိုင်…"

"အာ…အေအိုင်ဒီအက်(စ်) လုပ်စမ်းပါ…"

"အဲ‥အေအိုင်ဒီအက်(စ်)၊ ကင်ဆာအမျိုးမျိုး၊ [illegible]ကယ် [illegible]ရောဂါ…"

"အန်တီဘိုင်ရောဂါ(antibiotic)ပါဗျ‥။ ကျုပ်က

www.burmeseclassic.com

www.burmeseclassic.com



လည်း သိလွန်းလို့ ဝင်ထောက်ပေးနေတာ မဟုတ်ဘူး။ မြို့တက်တုန်းက နာတာရှည်ဖျားဖူး နာဖူးလို့ ဆရာဝန်ကြီးတွေ ပြောတာ ကြားဖူးနေတာ..''

''ကြားဖူးလည်း မသိသလိုနဲ့...။ ငါ မင်းရဲ့ဆရာ။ ငါ့လာ ဒေါက်မဖြုတ်နဲ့''

''ဟာဗျာ...''

ဒီလိုနဲ့ ဆေးဆရာနဲ့ ကွန်ပေါင်ဒါ..ရမ်းသမ်းတုတ်ကြရင်း သုံးနှစ်အတွင်း ဆရာတုတ် ဗရမ်းဗတာနှင့်အူကြောင်ကြောင်နိုင်စွာ ဖော်စပ်ထားသည့် ဆေးများ အမယ်စုံစုံလင်လင် ဖြစ်လာသည်။

ဤတွင် ဆရာတုတ်တွင်လည်း ရောဂါတစ်ခု ထ,လာ၏။ သူ့ရောဂါကတော့ တခြားမဟုတ်...။

တီဗီကြော်ငြာတွေထဲကအတိုင်း လူပုံတော်ပတ္တမြားသွေးဆေးတို့၊ မုံရွာဆရာမိုးရှောက်တစ်လုံး ဝမ်းမှန်ဆေးတို့၊ ယန်းဝတ်မှုန် အပူငြိမ်းဆေးတို့လို တိုင်းရင်းဆေးဝါးများ ထုတ်လုပ်ကာ မြန်မာဆေးဆရာ သူဌေးကြီး ဖြစ်လိုသည့် ရောဂါပင်။

ဆရာတုတ် တို့နေတဲ့ရွာက တပွတ်ကြီးရွာပါ... (တပွတ်ကြီးရွာနဲ့ ပတ်သက်ပြီးနောက်ပိုင်းမှာ အကျယ်ချဲ့ မိတ်ဆက်ပါဦးမည်)

ဒါကြောင့် ဆရာတုတ်က ယခုလို စဉ်းစား၏။

''နေဦးကွ...ဝမ်းအပုပ်ချဆေးကို အစွမ်းထက်အောင် အရင်ဆုံး တီထွင်ရမယ်။ မုံရွာဆရာမိုး ရှောက်တစ်လုံးဝမ်းမှန်



ဆေးသာ ရှိပြီးသားဆိုတော့ ငါက တပွတ်ကြီးဆရာတုတ် သံပုရာသီး ဝမ်းအပုပ်ချဆေး ဆိုပြီး သူ့နောက်က မှေးလိုက်ရမယ်။ ဟော့...ဟုတ်တယ်။ ငါ့အကြံမဆိုးဘူး..''

''အောင်မြင်လိုက်မယ့် ဖြစ်ခြင်း...။ တပွတ်ကြီးဆရာတုတ်...တဲ့..။ ဆေးမသောက်ရသေးခင် ဆေးနာမည်ကြားရုံနဲ့ ခင် မိန်းမ အယောက်တစ်ရာမှာ ကိုးဆယ်က ထွက်ပြေးပြီးသား ဖြစ်မှာ။ ဘယ်ဗေဒင်ဆရာမှ မေးစရာမလိုဘူး''

''ဟိတ်ကောင်..မောင်ထူး...။ မင်း စကားတွေ လျှောက်မလာနဲ့နော်...''

ကွန်ပေါင်ဒါ မောင်ထူး ဇက်ကလေးတော့ဖြင့် ပုသွားရ၏။ တကယ်တော့ ဆရာတုတ်ပညာကို သဘောကျလွန်း၍ မောင်ထူး တပည့်ခံနေခြင်းတော့ မဟုတ်..။ ရွာအလုပ်ကြမ်းများ ရှောင်နိုင်လွန်း၍သာ အနေချောင်သော အလုပ်ဖြစ်သည့် ဆေးဆရာနား ကပ်နေရခြင်း ဖြစ်လေသည်။

ဆရာတုတ်က သူဖော်စပ်ထားသည့် 'တပွတ်ကြီးဆရာတုတ် သံပုရာသီး ဝမ်းအပုပ်ချ'ဆေးကြီးကို ရွာထဲက ခွေးလေခွေးလွင့်တချို့နှင့် စတင်စမ်းသပ်၏။

ထူးခြားအောင်မြင်သလားတော့ မမေးနှင့်..။

ညည တွေဆို ခွေးတွေရဲ့ အူသံတွေမှာ အလွန်ထူးဆန်းရှည်လျားလာကြပြီး...။ မနက်မိုးလင်းသည်နှင့် ရွာအနှံ့ ခွေးချေးပုံ အပြည့်ပင်။

''အောင်နက်နဲ့ ဂုတ်ကြားတော်...ညက အူလိုက်ကြ

www.burmeseclassic.com



တာ မပြောပါနဲ့တော့။ သူတို့ အုသံတွေကြားပြီး ကျုပ်တို့ အိပ်ရင်းနဲ့တောင် ကြောက်လာမိတယ်။ မနက်မိုးလင်းတော့ ခြံထဲမှာ ခွေးချေးပုံတွေချည်းပဲ⋅⋅။ ဘာတွေ အစားမှားပြီး ဝမ်းလျှောကုန်ကြတယ် မသိပါဘူး⋅⋅⋅”

ခွေးပိုင်ရှင်များ ထိုသို့ ကောက်ချက်ချလာသည့်အခါ ဆရာတုတ်ပြုံးရင်း စိတ်ထဲကနေ တိတ်တိတ်ကလေး ကြိတ်၍ အောင်ပွဲခံနေလေတော့သည်။

အောင်ပြီ⋅⋅⋅။ ငါ့ ရည်မှန်းချက် အောင်မြင်ပြီ⋅⋅။ ခုနေ မိုးပေါ်ကနေ ပိုက်ဆံတွေသာ ကျလာကြည့်စမ်း⋅⋅။ မြို့တက်ပြီးတော့ကို တိုင်းရင်းဆေးဝါးစက်ရုံကြီး ထူထောင်ပစ်လိုက်မယ်⋅⋅။

ဆရာတုတ်က မြို့တက်စက်ရုံ မထူထောင်နိုင်သေးခင် ဆိုင်းဘုတ်ဆရာတစ်ယောက်နှင့် သွားတွေ့ပြီး တပွတ်ကြီး ဆရာတုတ်ဆိုတဲ့ ဆိုင်းဘုတ်ရေးခိုင်းကာ သူ့တဲကလေးမှာ ကပ်ထားလိုက်လေတော့သည်။

ကဲ⋅⋅⋅အဲဒါသာကြည့်ပေတော့⋅⋅။

ကိုယ့် ဓာတ်လမ်းမှာတော့ ကိုယ်သာ ဓာတ်လိုက်တွေ ဖြစ်နေကြလေတော့၏⋅⋅⋅။

သူ့ ဆိုင်းဘုတ်ကြီးကို တွေ့တဲ့လူတိုင်း၊ အပျိုကြီးများဆိုလျှင် ကွက်ကနဲ မျက်နှာတွေပျက်ကြ၊ အပျို လူပျိုလေးများဆို ပြုံးစိစိ၊ တချို့ဆို ဟာခနဲ၊ ဟင်ခနဲ⋅⋅⋅။ ဆိုင်းဘုတ်နှင့်ပင် ဆရာတုတ် အောင်မြင်မှု တစ်ဝက်ရထားပြီး ဖြစ်လေသည်။



လူနာသာ အသက်ပျောက်သွားလျှင် သွားလိမ့်မည်။ ဒီလိုဆရာသက်တမ်း တစ်လျှောက်လုံး ဆရာတုတ်လက်လျှော့လိုက်ရတဲ့ လူနာဟူ၍ မရှိခဲ့⋅⋅⋅

အဲ⋅⋅⋅ချွင်းချက်ဆိုလို့ တစ်ယောက်ပဲ ရှိခဲ့ဖူးသည်။

သူမသည်ကား ‘သွန်းသစ်သွယ်သူ’ ဖြစ်လေတော့၏။

www.burmeseclassic.com

## (E)

အလကားပါ။

သူမ နာမည်ရင်းက မိသစ်‥။ ဘာ သွန်းသစ်သွယ်သူမှ မဟုတ်။ ဗွီဒီယိုရုံမှာ မြန်မာအချစ်ဇာတ်ကားတွေ ကြည့်ပါများလာပြီးမှ သူမကိုယ် သူမ သွန်းသစ်သွယ်သူ ဖြစ်သွားရလေတော့၏။

“ခစ်…ခစ်…ခစ်…ခစ်‥သိပ်ရယ်ရတာပဲ…”

ရွှေရည်သိမ်းသစ်စ…အရွယ်ပေကိုး…။

သစ်ရွက်ကလေးတွေ လှုပ်ခတ်သွားသည့်အခါလည်း ရယ်၏။ လယ်ကွင်းထဲမှာ ပလွေသံကြားရလည်း ရယ်၏။ ယုတ်စွအဆုံး ‘ဘူ’ကနဲ မြင်းအီးပေါက်သွားရာကအစ ဝုန်းကနဲ မိုးကြိုးပစ်လိုက်သံအဆုံး သူမအတွက် အရာရာဟာ စိတ်လှုပ်ရှားဖွယ် အတိပင်‥။

တစ်ရွာလုံးက ကိုယ့်ကိုယ်ကိုယ် ဇာတ်လိုက်ထင်နေချိန်၊ သူမကတော့ သူမအပါအဝင် နောက်တစ်ယောက်ကိုပါ အပိုဇာတ်လိုက် ဖြစ်ခွင့်ပေးထားလေတော့၏။

အဲဒီ အပိုဇာတ်လိုက်ဆိုသူကတော့ တခြားသူမဟုတ်‥



တစ်ရွာလုံးက လူပျိုလူလွတ်ကာလသားကိုကို မောင်မောင်များထင်း။

တစ်ရက်က ဖြစ်သည်။

မှိုအရာထွက်ပြီးအပြန် လှုပြတ်သည့် ရွာလမ်းကလေးထဲအရောက် မိမိရှေ့ကနေ တဖျတ်ဖျတ် ပျံသန်းနေသည့် လိပ်ပြာကလေးကို မချောက ဘာရယ်မဟုတ် လိုချင်သွားရ၏။

အင်း…ပြဿနာများ၏ နိဒါန်း…ပင်။

အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် တောထဲ ထင်းအများထွက်သည့် ဖိုးညီနှင့်လမ်းမှာ ဆုံကြရာ…

“ကိုကြီးဖိုးညီ…ကိုကြီးဖိုးညီ…သွန်းသစ်သွယ်သူကိုလေ…အဲဒီလိပ်ပြာလေး ဖမ်းပေးစမ်းပါ”

“ဟာ…ငါ မအားဘူး…လိပ်ပြာများ အဆန်းလုပ်လို့‥”

“ဖမ်းပေးပါ ကိုကြီးဖိုးညီရဲ့ အဟင့်…။ သွန်းသစ်သွယ်သူ လိုချင်လို့ပါ‥နော်။ နော်”

တစ်ရွာလုံးက သူမ အကြောင်း သိသည်။

နွယ်မိလျှင် ပိလောပင် ပက်ကျိတက်၍ မဆုံး‥။

နောက်…သူမက သိပ်လည်း ဦးနှောက်မကောင်းရှာ။ အနည်းငယ် သွပ်ချာချာ ဖြစ်နေသူမို့ ဖိုးညီမှာ မြင်းမြင်းအအေးပီးရောသဘောနှင့် မြွေစဖမ်းရချေပြီ။ အဲလေ‥လိပ်ပြာဖမ်းရချေပြီ…။

လိပ်ပြာဆိုသည့်အမျိုးက ငြိမ်ငြိမ်နေသည်မဟုတ်။ သိ

www.burmeseclassic.com

www.burmeseclassic.com



တဲ့အတိုင်း ဟိုအပင်နား ဒီအပင်နား...။

ဖိုးညီခမျာ လိပ်ပြာပျံသန်းရာအတိုင်း လွှားကနဲ သစ်ပင်ပေါ်ခုတ်တက်လိုက်၊ ဘုတ်ကနဲ မြေကြီးပေါ် ပြန်ဆင်းလိုက်၊ ဒီကြားထဲ လေကတိုက်၊ အောက်စကလွှတ် အရေးထဲ ဟိုမချောက တခစ်ခစ်ရယ်..။ အဲဒါနဲ့ စိတ်မလုံဖြစ်ပြီး ကတောင်းကို မြှောင်နေအောင် ကျိုက်လိုက်လေတော့၏။ ဖိုးညီရဲ့ ဖင်မည်းမည်းကြီးက ကတောင်းကျိုက်အောက်ကနေ မသိမသာပြူထွက်နေပြန်သေးသည်။

ပြဿနာက စရန် ငါးမိနစ်သာ လိုပါတော့သည်။

"ဟေး...မိတော့မယ်ကွ...ကိုကြီးဖိုးညီ ကွ..."

ကတ်သီးကတ်သတ်နှင့် လွတ်လွတ်သွားသည့် လိပ်ပြာကို ကြာတော့ ဖိုးညီအသည်းယားလာသည်။ တစ်ချီမှာတော့ လက်ခုပ်နှစ်ဖက်ကို 'ဖွက်'ကနဲ အရှိန်နှင့်အုပ်ကာ ဖမ်းချုပ်လိုက်နိုင်လေတော့ရာ...

လိပ်ပြာက မိတော့သွားသည်။ သို့သော် ဖိုးညီလက်ခုပ်ထဲ လွတ်လွတ်ကျွတ်ကျွတ်တော့မဟုတ်။ လက်ခုပ်နှစ်ဖက် အုပ်လိုက်စဉ် တို့လို့တန်းလန်း ဝင်မိရက်သား ဖြစ်သွားပြီး ခါးတစ်ပိုင်းပြတ်ကာ သေပွဲဝင်သွားရလေတော့၏။

"ဟဲ့..မိသစ်...နင့် လိပ်ပြာက မိတော့ မိသွားပြီဟေ့..။ အရှင်တော့မဟုတ်ဘူးနော်... အဟီး...ငါ့လက်ထဲ ခါးတစ်ပိုင်းပြတ်ပြီး သေသွားပြီ။ ဘာဖြစ်လဲ အတောင်ပံကလေးတော့ သိမ်းထားလို့ ရသေးတာပေါ့ဟာ..."



"ဘာ...လိပ်ပြာသေသွားပြီ ဟုတ်လား...လိပ်ပြာသေသွားပြီ ဟုတ်လား..."

သွန်းသစ်သွယ်သူ စိတ်ရှုးပေါက်ကာ စတင် အိုဗာတင်းပျော်လေပြီ။

"ဟီး...လိပ်ပြာလေးကို အသက်ပြန်ရှင်အောင်လုပ်ပေး...လုပ်ပေး..ဟီး...အီး...လိပ်ပြာလေးကို သတ်ရက်တယ်နော်...ကိုကြီးဖိုးညီ... လူယုတ်မာကြီး..ရက်စက်ပြီး အသည်းမာသွန်းတဲ့ လူကြီး...အီး...ဟီး...ဟီး.."

"ဟာ...ဟေး..."

ဖိုးညီ မျက်လုံးပြူး မျက်ဆံပြူး ဖြစ်သွားရပြီ။ (အင်းမြှောင်နေအောင် ကတောင်းကျိုက်လည်းထားရာ ဖင်ကလည်းအထင်းသား ပြူးထွက်သွားရလေတော့၏။

"မငိုပါနဲ့...မငိုပါနဲ့...မိသစ်ရာ...ငါ..ငါ...တောထဲကနေ လိပ်ပြာတစ်ကောင် ထပ်ဖမ်းလာခဲ့ပေးပါမယ်..."

သူ...မိသစ် ငိုနေ၍ ပျာပျာသလဲ ချော့တော့ မချွေးချောက ရင်ခွင်ထဲ အတင်းဝင်တိုး၏။

ဗုဒ္ဓေါ...အဲဒါမှ ဒုက္ခ..။

သူ့တစ်ကိုယ်လုံးလည်း စောစောက လိပ်ပြာဖမ်းထားတဲ့အတွက် ချွေးကတရွှဲရွှဲ။ မချောကလည်း ရင်ခွင်ထဲ လှိမ့်နေအောင်ငို...။ မှားတာ...။ ငါကိုက မှားတာ...။ အရှူးမ,သွားပြီးရှက်နှာသာပေးလိုက်မိလို့ ပြဿဒ်မီးတက်လောင်တာ...။

"ငါ...ငါ့ကို အချိန် ခဏလေးတော့ ဆောင့်ပေးပါနော်

www.burmeseclassic.com



…မိသစ်‥"

"ရက်စက်တယ်‥ကိုကြီးဖိုးညီ‥သိပ်ရက်စက် အ သည်းမာလွန်းတယ်‥ဟီး…"

"မိသစ်‥မိသစ်ဟာ…"

အဲဒီအချိန်မှာပဲ တိုက်တိုက်ဆိုင်ဆိုင် ခွေးနစ်ကောင် ထ,ကိုက်လျှင်ပင် အားနွဲ့တဲ့ခွေးမဘက်က ဝိုက်ကိုက် အဲလေ‥ ဝင်ကူညီပေးနေကျ (သူ့အခုလို အမှန်တရားဘက်တော်သား ဖြစ်လာရသည်မှာ ညညလာတဲ့ ပြည်သူ့တရားရှင် ပေါင်ချိန် ဇာတ်ကားများကြောင့်လို့ ပြောတတ်ပြီး၊ သူ့ကိုယ်သူ သူရဲကောင်း ထင်နေသည့်) ကိုဆန်းအေးကြီး အဲဒီလမ်းကလေးထဲ ရောက်ချ လာလေတော့သည်။

"ဟိတ်ကောင်…ကောင်မလေးကို လွှတ်…လိုက်…"

"ဟာ…ဗျာ…"

"အစ်ကို…ကိုကြီးဆန်းအေး…ကိုကြီးဖိုးညီရယ်လေ …သစ်ကို သစ်ကို အဟင့်…"

"ဟာ‥မဟုတ်ဘူးဗျ‥လိပ်ပြာ…လိပ်ပြာ‥"

"ဟိတ်ကောင် ‥မင်းဘာမှ ညာဖို့စိတ်မကူးနဲ့…မင်း ပါးစပ်ကနေ မိသစ်ကို အချိန်ခဏလောက် စောင့်ပေးပါဆိုပြီး ပြောနေတာ ငါ့ နားစက်စက်နဲ့ ကြားတယ်…"

"ဟမ်…"

ကိုဆန်းအေးကြီးက ချွေးတရွှဲရွှဲနှင့် ပိုသီပိုသီ ဖြစ်နေ သော ဖိုးညီကို ရွံရှာစက်ဆုပ်စွာ ခြေအဆုံး ခေါင်းအဆုံး



လိုက် ပြီး…။

"မင်းကွာ မင်း…နှမချင်းမစာနာလိုက်တာ…မိသစ် တ်ပြန်နေတာကို အခွင့်ကောင်းယူပြီး သားမယားပြုကျင့် တယ်၊ ကြည့်ဦး မင်းပုံစံကြီးကို"

"အို…အဟင့်‥"

"ဟာ…ခင်ဗျားစကား ဘယ်ရောက်သွားပြီလဲဆိုတာ ဦးစားမိရဲ့လား"

"ဟိတ်ကောင်…ဒီလောက် လက်ပူးလက်ကျပ်မိတာ င် မင်းက မုန်လာဥလုပ်ချင်သေးလို့လား‥။ အေး…ငါဆိုတဲ့ င်ကလည်း ကောင်းရင် သူများထက်ကောင်းတယ်။ ဆိုလို့ကတော့ မလွယ်ဘူး…ကဲ…"

"ခွပ်…"

"ဟင်‥ခင်ဗျားကြီး ကျုပ်ကို ထိုးတယ်‥ကဲဗျာ‥"

"အင့်‥"

"ခွပ်…"

"ကဲ…"

"ဝုစ်‥"

"အို…သူတို့ ရန်ဖြစ်ကြပြီ…သွန်းသစ်သွယ်သူ သိပ် စ်တာပဲ…အဟင့်ဟင့်…"

မိန်းမတစ်ယောက်ကြောင့် တိုင်းပြည်တစ်ပြည် ပျက် ကြောင်း သင်တို့လည်း ကြားသိဖူးပေလိမ့်မည်။

ခု…သွန်းသစ်သွယ်သူကြောင့် တပွဲကြီးရွာတစ်ရွာ

www.burmeseclassic.com

www.burmeseclassic.com



လုံး ပွဲပျက်လျက်ရှိချေ၏။

မိသစ် ချီးထုပ်လုပ်လိုက်လို့ ပြတ်သွားကြတဲ့ သမီးရည်းစားတွေ၊ ထ,ချကြတဲ့ သမီးယောက်မတွေ၊ ခမည်းခမက်တွေ ရွာမှာ ဒုန်းဒေး...။

မိသစ်အကြောင်း ပြောရမည်ဆိုလျှင် သနားဖို့လည်း ကောင်းပြန်၏။ ငယ်စဉ်ကတည်းက ဖခင်ဖြစ်သူမှာ ပိုးထိ(မြွေကိုက်)သေဆုံးခဲ့ရရှာသည်။

မိသစ် ငယ်စဉ်က အခုလို လင်တရူးကျပ်မပြည့်တော့ မဟုတ်။ အများသူငါလို အကောင်းပကတိပင်...။

ဘာ့ကြောင့် သူမ ထိုသို့ ဖြစ်သွားရမှန်း မည်သူမှ မသိကြ။

ရွာသူပြုစားခံရတာလိုလို၊ စုန်းအကိုင်ခံရတာလိုလိုနှင့် ပယောဂဆရာဦးတုတ်ကြီး(တပွတ်ကြီးဆရာတုတ်)နှင့် ကုသလိုက်သေးသည်။

ထူးထူးခြားခြား ဆရာတုတ် လက်လျှော့လိုက်ရတဲ့ လူနာဆို၍ မိသစ်တစ်ယောက်သာ ရှိခဲ့၏။ (ရှေ့ပိုင်းမှာလည်း ဆိုခဲ့ပြီးပြီ)

မိသစ် အခြေအနေက ထူးခြားမလာ...။ ယဉ်ယဉ်လေး ရူးမြဲပင်။ မိသစ်နဲ့ ပတ်သက်ပြီး နောက်ထပ် ပယောဂတစ်ခုကလည်း ရှိပြန်သေး၏။

အဲဒါကတော့ သူ့ထက် ရှစ်နှစ်၊ ဆယ်နှစ်ခန့် ကြီးသည့် အစ်မရင်းဖြစ်သူ မိချစ် ရွာကနေ ပျောက်ဆုံးသွားသည့် ကိစ္စပင်..။



မိချစ် ပျောက်ဆုံးသွားမှုမှာ ဟိုး...လွန်ခဲ့တဲ့ အတိတ်တစ်ခုက အဖြစ်အပျက်ဖြစ်၏။

မိသစ်ဘဝက သနားဖို့လည်း ကောင်းပါသည်။

ပယောဂပေါင်းများစွာနှင့် အစ်မဖြစ်သူ မိချစ်ပျောက်သွားလို့မှ မဆုံးသေး။ အမေကိုပါ ထပ်ပေးလိုက်ရပြန်သည်။

သြော်...ဒုက္ခဆိုတာ သူ့ရဲ့ အပေါင်းအပါများကိုပါ ခေါ်ပြီးမှရောက်လာတတ်စမြဲ မဟုတ်ပါလား...။

ရွာမှာ ကျွဲပျောက်၊ နွားပျောက်တွေ မကြာခဏ ဖြစ်ဖူးပေမယ့် လူပျောက်ကတော့ မိချစ်တစ်ယောက်ပဲ ရှိဖူးသေးရာ.. မိသစ် အမေမှာ မိချစ်စိတ်နှင့် မစားနိုင်၊ မအိပ်နိုင်၊ အလူးလူး အလဲလဲ ခံစားရင်း နောက်ဆုံး အသက်ပါပေးသွားရရှာလေတော့၏။

မိသစ်ရဲ့ ယဉ်ယဉ်လေးရူးနေသည့် ရောဂါမှာ ထိုကံဆိုးမှုများနှင့် ဆက်စပ်နေရလိမ့်မည်ဟုတော့ တစ်ရွာလုံးက ထင်ထားကြသည်။

တစ်ကောင်ကြွက် မိသစ်ခမျာ နောက်ဆုံးမှာတော့ အမေ့ရဲ့ ညီမရင်းဖြစ်သူ အပျိုကြီး အရီးမဌေးတင့်နှင့်နေရန် အကြောင်းဖန်လာလေတော့၏။

ဤတွင် အပျိုကြီးမဌေးတင့်အကြောင်း သင်တို့ကို မိတ်ဆက်ပေးရန် အကောင်းဆုံးအချိန်သို့ ကျရောက်လာလေပြီ ဘကား...။

www.burmeseclassic.com

www.burmeseclassic.com

# (F)

သနပ်ခါးတွေ မှုန်ညက်နေအောင် လိမ်း၊ သရက်ထည် ဝမ်းဆက်ကို မထပ်ရလေအောင် ဝတ်၊ ဆံပင်ကို ဆီရွှဲရွှဲလိမ်းကာ ပန်းတွေမျိုးစုံ ပန်ပြီး ဖင်ကြီးတစ်လုံး တစ်လုံး မနိုင့်တနိုင်သယ်ရင်း ရွာရဲ့ စာတိုက်ရုံးကလေးဆီ စာမှန်မှန်သွားရောက်ထည့်တတ်လေသူ မည်သူလဲ မေးလာလျှင် ဘယ်သူ့ကိုမှ လျှောက်မရှာစေလိုပါ…။

အဲဒါ အပျိုကြီး မဒွေးတင့်မှ မဒွေးတင့် အစစ်ရယ်ပင်။

အပျိုကြီး…။ စိတ်ကတော့ ကြီး၏..။ အရာရာတိုင်းကို မျှော်လင့်ချက်နှင့် ဖြတ်သန်းနေသည်။ မည်သူမှ မနှောင့်ယှက်ပါနှင့်…။ မည်သူမှ မနှောင့်ယှက်ပါနှင့်…။

“ကဲ…ပြော…ဒီတစ်ခါ ဘယ်လိပ်စာ ပို့မှာတုံး..”

စာတိုက်တာဝန်ကျတွေက သူမလာလျှင် ရယ်ချင်နေသည့် ရုပ်ကို မနည်းဖုံးဖိပြီး မေးတတ်ကြသည်။

အပျိုကြီး မဒွေးတင့်က သူမပို့သည့်စာများ ခရီးလမ်းမှာ ကျပျောက်မည်လည်း စိုးလေရာ(resgiter)မှတ်ပုံတင်လုပ်ပြီးမှ



အဆို့တတ်သဖြင့် စာတိုက်တစ်တိုက်လုံး သူမဘယ်တွေ ချိန်ရွယ်နေသည်မှန်း နောကျေနေအောင် သိထားပြီး ဖြစ်လေပြီ…။

“ဒီတစ်ခါ အရင်ပို့တဲ့နေရာမဟုတ်ဘူး…။ ဖူဂျီကော်မီခိရဲ့ လိပ်စာကို ပို့မှာ…”

“ဩော်…ဒီတစ်ခါလည်း ကံစမ်းမဲပဲလား…”

“အို..ကံစမ်းမဲ စာမပို့လို့ ကျုပ်က ဘယ်ရည်စား စာပို့ရမှာတုံး”

“အင်…မသိဘူးလေ…”

“ဘာတုံး…တော်ကပြုံးစိစိနဲ့…။ ကျုပ်ကို ဘယ်သူက မကြိုက်ဘူးထင်လို့လား…။ တူမဖြစ်တဲ့ မိသစ်မျက်နှာထောက်ပြီး ကျုပ် မစဉ်းစားချင်တော့လို့ ကျုပ်စဉ်းစားမယ်ဆို အပုံကြီးအများကြီးရယ်…”

“ဟုတ်ပါပြီ အပျိုကြီးရယ်…ဘာ အပုံတွေတုံးဗျ..”

ထိုစဉ် အပျိုကြီးခါးကို ညီအစ်မလို ရင်းနှီးနေသည့် (ဘာသာထည့်သူ)စန္ဒာစိုးက တို့ထည့်လိုက်ရာ အပျိုကြီးလည်း ဆောင်ယမ်းပြီး..

“ချေးပုံ…အဲ…”

“ဟား…ဟား…ဟား…ဟာ…”

“ဟား…ဟား…ဟား…ဟာ…”

အပျိုကြီး ရှက်သွားရလေပြီ..။ နောက်တော့မှ ရှုံးရှုံးရှဲရှဲလေသံနှင့်…

“အောင်မာ…စန္ဒာ…နင် ငါ့ခါးလာတို့တယ် ဟုတ်

www.burmeseclassic.com

www.burmeseclassic.com



လား‥ သေမယ်နော် ကောင်မ‥သေမယ် ဟွန်း…။ ဘာအပုံရမှာတုံး… ကျုပ်ကိုကြိုက်တဲ့ ကာလသားတွေမှ အပုံကြီးအများကြီး… ဌေးတင့်တို့က လင်တစ်ယောက်လောက် ခေါင်းခေါက်ယူဆိုရင် တောင် အခုအချိန် အသာလေးရယ်‥"

"ဟုတ်ပါပြီဗျာ…ဟုတ်ပါပြီ…။ ကဲ…လုပ်စမ်းပါဦး… ဖူဂျီကော်ဖီမစ်က ဘာကံစမ်းမဲတွေ ပေးမှာတဲ့တုံး…"

တကယ်တော့ စာတိုက်ရုံးက လူတွေ ကံစမ်းမဲဆိုတာကြီးကို သိပ်စိတ်ဝင်စားလွန်း၍ မဟုတ်ပါ။

အပျိုကြီးရဲ့ လေဖမ်းဒန်းစီး မရေရာလှသော ကိစ္စအပေါ်မှီခိုလွန်းသည့် လောဘကို သိချင်၍ အပြောင်အပျက် မေးနေခြင်းသာ ဖြစ်၏။

"ဆုမဲတွေက အများကြီးတော့‥ဘာတဲ့ ဘဲသားကား အသစ်စက်စက်တစ်စီး"

"ဟင်…ဘဲသား ကား…"

"ကျုပ်လည်း မသိဘူး။ သူတို့ ကြော်ငြာထားတာ ပြောရတာ‥"

"ဟုတ်ပါပြီ…ဟုတ်ပါပြီ…ဆက်ပြော…"

တကယ်တော့ အပျိုကြီးပြောတဲ့ ဘဲသားကားဆိုတာ တာယိုတာဘဲလ်တာ(Belta)ကားကို ဆိုလိုခြင်းပါ…။ Belta ကားလည်း ရွာရောက်တော့ ဘဲသားကား ဖြစ်ရတာပေါ့ဗျာ‥။

"ငွေသား သိန်းတစ်ရာ၊ ရွှေဆွဲကြိုး အကုံး နှစ်ဆယ်။ ဆိုက်ကယ်ဆယ်စီး၊ ဟန်းဆက် ဆယ့်ငါးလုံး၊ လေးဆယ့်နှစ်လက်



တီဗီအပြားကြီး ငါးလုံးနဲ့ တခြားရင်ခုန်ဖွယ်ရာ ဆုမဲပေါင်းများစွာတဲ့တော်…"

"အပျိုကြီးတို့ ပေါက်ရင်တော့ ပွပြီပေါ့…။ ဒါနဲ့ ဟိုဘစ်ခေါက်က ထည့်တဲ့ ရွှေမိန်းကလေး လစဉ်သုံး ကံစမ်းမဲကရော‥ကံထူးရှင် မကြေငြာသေးဘူးလား…"

"မသိပေါင်တော်…။ ကျုပ်ကလည်း ပေါက်ချင်လွန်းလို့သာ ဝင်ကံစမ်းနေတာ။ ခုထိတော့ ဘာမှ အချောင်ရမလာသေးဘူး…"

မှန်ပေသည်။

အပျိုကြီး မဌေးတင့်ဟာ သူမဘဝတစ်လျှောက်လုံး ကံစမ်းမဲလျှောက်လွှာတင်ခြင်းနှင့် မျှော်လင့်ချက်တွေ ပွေ့ပိုက်ကာ ဖြတ်သန်းလာခဲ့သည်။

တောရွာနေပုဒ်ကလေးကနေ ဘယ် ကုန်ပစ္စည်း ဘယ်လို ပရိုမိုးရှင်းလုပ်သလဲဆိုတာ တီဗီကြော်ငြာတွေကတစ်ဆင့် သူမ အကုန်သိသည်။

ဒီလိုနဲ့ ရွာကလေးကနေ သနပ်ခါး၊ တရော်ကင်ပွန်း ခေါင်းလျှော်ရည်၊ ခေါက်ဆွဲခြောက်၊ ချိုချဉ်၊ ဆပ်ပြာ၊ အားဖြည့်အချိုရည် စသဖြင့် ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲရင်း ကံစမ်းမဲလျှောက်လွှာများတင်လာလေရာ ဒီနေ့အထိ ဘာဆုမဲမှ ပေါက်မလာသေးတဲ့အပြင် သူမရဲ့ စာအိတ်၊ မှတ်ပုံတင်စရိတ်စကများကပင် သူမလိုချင်သည့် ဆုအသေးတစ်ခုလောက် ဖြစ်၍ နေလေပြီ။

www.burmeseclassic.com

www.burmeseclassic.com





သူမ ဘာ့ကြောင့်များ ပိုက်ဆံတွေ အချောင်လိုချင်နေရပါသလဲ…။

"ကျုပ် မသေခင်ပေါ့တော်…။ ရွာဦးဘုန်းကြီးကျောင်းလေး ပြင်ဆောက်ပေးခဲ့ချင်တယ်။ ရေတွင်းရေကန်တွေလည်း လှူခဲ့တန်းခဲ့ချင်သေးတယ်။ ကျုပ်က အပျိုကြီးဆိုတော့ ရှင်သာမဏေ ဘောင်ထဲသွင်းလို့ရမယ့်သားယောက်ျားလေးတော့ မရှိဘူးပေါ့လေ။ ဒါ့ကြောင့် မိဘမဲ့ ယောက်ျားလေး ငါးယောက်လောက်ကို ကျုပ်မသေခင် ရှင်ပြုပေးပြီး ကုသိုလ်ယူခဲ့ချင်သေးတယ်။ ဒါ့ကြောင့် ကျုပ် ပိုက်ဆံတွေ များများ လိုချင်နေတယ်။ အခုနေ များလေ…မိုးပေါ်ကနေ ပိုက်ဆံတွေ ကျလာခဲ့ရင် ကျုပ် အဲဒါတွေ အရင်လုပ်ပေးမိမှာ…"

ရယ်စရာကြီးနော်…။

အပျိုကြီးစကားကို သင်တို့ ယုံကြပါရဲ့လား…။

သွန်းသစ်သွယ်သူရဲ့ ကြီးဒေါ်အရင်းခေါက်ခေါက်ကြီး ပြောတဲ့ စကားလေ။ တော်ကီတော့ သွားမစမ်းနဲ့…။ နာသွားမယ်…။

တကယ့်တကယ်တော့ ဒီစကားတွေနဲ့ လူကြားကောင်းအောင် အပျိုကြီးညာပြောနေရခြင်းပါ။

လူတိုင်း အသည်းကွဲဖူးကြသလို အပျိုကြီး မဌေးတင့်သည်လည်း အသည်းကွဲဖူးရုံသာမက၊ ချစ်ရတဲ့ ရည်းစား ကိုခင်မောင်မှာလည်း မိန်းမတစ်ဦးနှင့်အိမ်ထောင်ကျပြီး ကလေးအဖေပင် ဖြစ်နေလေပြီ။

ရုပ်ရှင်တွေ၊ ဝတ္ထုတွေထဲမှာဆိုလျှင်တော့ ကိုခင်မောင်နှင့်မဌေးတင့် ပြန်လည်ဆုံဆည်းစရာ လုံးဝမရှိတော့…။

သို့သော် ဘဝဆိုသည်မှာ ရုပ်ရှင်၊ ဝတ္ထုတွေထဲကလို အချက်နှစ်ရာ(ဇာတ်ကားပြသချိန် တစ်နာရီခွဲ ဝန်းကျင်ရောက်သည်နှင့်) ပြီးပါပြီ ဆိုပြီး ဇာတ်လမ်းထိုးကာ တစ်ခန်းရပ်ခွင့်ရရိုးဆုံးခံမရှိ…။

မသေမချင်း မိမိတို့ဘဝတွေကို ဇာတ်ထုပ်တစ်ထုပ်ပြီး တစ်ထုပ် က,ပြနေရလေရာ…

မိမိကိုပစ်ပြီး မိန်းမယူသွားရက်တဲ့ ကိုခင်မောင်တစ်ယောက် ကလေးတစ်ယောက်ရပြီး သိပ်မကြာ…။ မယားဆုံးပါသွားကြောင်း မဌေးတင့် သိရှိသွားလေသည့်အခါ…။

"လောကကြီးက သိပ်ကို ဆန်းကြယ်လွန်းပါလား…။ ကျုပ်ကို ပစ်ပြီး မိန်းမယူသွားရက်တဲ့ ကိုခင်မောင်…ခုတော့ ဆိုးမိုဖြစ်ပြီ…။ အဟက်…ဟား…ဟား…။ စိတ်မကောင်းဖြစ်ရသလို ရယ်လည်း ရယ်ချင်မိပါရဲ့ ကိုခင်မောင်ရယ်…"

အိမ်မှာ မိသစ်အလစ် ခုလို အပျိုကြီးတစ်ယောက်တည်း စကားတွေ ပြောနေခြင်းပါ။ သနပ်ခါးပါးကွက်ကြားလိမ်းထားတဲ့ ဝါးမို့မို့ကြီးမှာလည်း မျက်ရည်တွေက စီးကျနေပြန်သေးသည်။

ချမ်းချမ်း သီချင်းအတိုင်း ပြောရမည်ဆိုရင်တော့ အပျိုကြီးဟာ ကိုခင်မောင့်ကို သိပ်ချစ်တယ် အရမ်းမုန်းတယ် ဖြစ်နေသေးသတည်းပေါ့လေ။

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်ကို သစ်စိမ်းချိုး ချိုးသွားရက်လို့ စိတ်ကလည်းနာ အချစ်ရဆုံးချစ်သူဆိုပြန်တော့ ပြတ်ကလည်း မပြတ်နိုင်…ခု… တစ်ခါ မုဆိုးဖိုဖြစ်သွားပြီ ကြားရပြန်တော့ စိတ်တွေက လှုပ်ရှားလာ…။ ရင်တွေက ခုန်လာ…။ အသက်ကို တွက်ကြည့်တော့ လေးဆယ်ကျော်…။

သို့သော် လာမစမ်းနှင့်…။ အပျိုကြီး…။ စိတ်ကြီးသည်။ ဒုန်း…ဆို ဝုန်းပြီးသား…ဘူး…ဆို ဖရုံမသီး။ ဘာမှတ်နေကြသတုံး…။

"ဌေးတင့်တို့က ထားရက်ခဲ့လို့ ကျန်ရစ်ခဲ့ရတယ် ဆိုပေမယ့် အရှုံးနဲ့ ကျန်ရစ်ခဲ့ရတာတော့ မဟုတ်ဘူး။ မိဌေးတို့ မအိုသေးဘူးဆိုတာ ပြလိုက်ချင်သား။ အို…ပိုက်ဆံများရှိလို့ကတော့ အင်ဒိုနီးရှားပါတိတ် ဝမ်းဆက် ထည်လဲဝတ်ပြီး၊ စိန်နားကပ် အဝင်းသားပန်ပြီး မိဌေးဘယ်လောက် 'ကျန်'သေးသလဲ ဆိုတာ ပြလိုက်ချင်တယ်။ အဟက်…။ မိဌေးကို မြင်တိုင်း နောင်တ တနုံ့နုံ့ရစေရမယ်။ ကို ခင်မောင်…။ ကိုခင်မောင်…။ ဇာတ်လမ်းက မဆုံးသေးပါဘူးတော်။ အခုမှ စမှာပါ…။ ဒီတစ်ခါ မိဌေးအလှည့်ပေါ့…အဟက် ဟက်"

အဖြစ်အပျက်အမှန်ကတော့ တစ်ယောက်တည်းရှိခိုက် မကျေမချမ်းပြောနေသည့် အပျိုကြီးရဲ့ စကားများကသာ အမှန်ဖြစ်၏။

လူကြားထဲ ကြားကောင်းအောင် ပြောတဲ့ ကျောင်းဆောက်မယ်ဆိုတဲ့ စကားတွေက အလကားအပိုတွေရယ်…။



ဒါပေမယ့် မြန်မာလူမျိုးပဲလေ…။ အလှူအတန်းတော့ ရောက်ရောပဲ ရှိမလား…။ ရက်ရောတာပေါ့။

ပါတိတ်ဝမ်းဆက်တွေ ဝယ်ဝတ်၊ စိန်နားကပ်ပန်ပြီးသွားချင်တော့၊ ဘုန်းကြီးကို အာရုဏ်ဆွမ်းလေး ကပ်ဖို့လောက်တော့ သတိရချင်ရပေလိမ့်မပေါ့၊ ဟုတ်ဘူးလား…။

ကဲ…ဒီလောက်ဆိုရင်တော့ အပျိုကြီး ဘာ့ကြောင့် မိုးပေါ်ကနေ ပိုက်ဆံတွေ ကျလာစေချင်နေမှန်း သိလောက်ပြီ ထင်ပါ၏။

တကယ်တော့ ကိုခင်မောင်ဆိုတာ အပျိုကြီးနဲ့ တစ်ရွာတည်းသားတော့မဟုတ်…။ မြောက်ပိုင်း တစ်ရွက်လှ ရွာက ဖြစ်လေသည်။

မဌေးတင့်နဲ့ ကိုခင်မောင် တကယ်လည်း တစ်ယောက်ကို တစ်ယောက် ချစ်ခဲ့ကြပါသည်။

တော ရိုမီယိုနဲ့ဂျူလိယက်ဆိုပါစို့လေ…။

ဒါဆို အချစ်ကြီးချစ်ကြပါရက်နဲ့ ဘာ့ကြောင့် ကိုခင်မောင် နဲ့ မဌေးတင့်တို့ ကွဲကွာခဲ့ကြပါသလဲလို့ မေးကောင်းမေးချင် စရာ ရှိနေပေလိမ့်မည်။

အမေးရှိက အဖြေလည်း ရှိပါ၏။

အဲဒီ အကြောင်းကို ပြောရမယ်ဆိုလျှင် တပွဲကြီးရွာ အကြောင်း ထည့်ပြောမှ ဖြစ်လိမ့်မည်။

တပွဲကြီးရွာ…။

www.burmeseclassic.com

www.burmeseclassic.com

# (၉)

## တပြွတ်ကြီးရွာ

ဖုန်အလုံးလုံးထနေသည့် ရွာအဝင်လမ်းကလေးရဲ့ အစမှာပင် ထို ဆိုင်းဘုတ်ကလေးကို သင်တို့ တွေ့ရပေလိမ့်မည်။

ရွာနာမည်ဟာ အကြောင်းမဲ့သက်သက် တွင်ခဲ့ခြင်းတော့ မဟုတ်။

အဲဒီရွာမှာ ရှိတဲ့ ပုခက်လွဲသောလက်ပိုင်ရှင်များဟာ စင်ကာပူဝန်ကြီးချုပ်ဟောင်း လီကွမ်ယုအကြိုက်လို့ ပြောရမလား မသိ။ (လီကွမ်ယုဟာ စင်ကာပူက အမျိုးသမီးများကို ကလေးများများ မွေးကြဖို့ မိန့်ကြားခဲ့ဖူးသည် မဟုတ်ပါလား)

စင်ကာပူက အိမ်ရှင်မများကတော့ လီကွမ်ယုစကားနားထောင်မထောင်တော့ မသိ..။

တပြွတ်ကြီးရွာသူများကတော့ လီကွမ်ယုမိန့်ခွန်းကို လီကွမ်ယု မမွေးခင်ကတည်းက အသက်လို တန်ဖိုးထားပြီး



ဆောင်ရွက်လိုက်နာခဲ့ကြဟန် တူပါသည်။

ဆယ့်ခြောက်နှစ်သမီးကတည်းက 'တစ်ခါတည်း မှားလိုက်မိလို့ပါတော်' ဆိုတဲ့ အကြောင်းပြချက်နဲ့ ယူလိုက်မိတဲ့ယောကျ်ား..။ အဲဒီကတည်းက တစ်နှစ်တစ်ယောက်နှုန်းနဲ့ မွေးလာလိုက်တဲ့ကလေး...။ သုံးဆယ်နဲ့လည်း မရပ်...။ လေးဆယ်နဲ့လည်း မတော်ချင်သေး။

ဩော်...တောသူတွေများ တယ်လည်း ခေတ်မှီကြသကိုး။

ဒီကြားထဲ ကလေးမရတဲ့ နှစ်၊ ကလေးပျက်ကျတဲ့နှစ်၊ မွေးပြီး အဖတ်မတင်တာတွေ၊ ငယ်ငယ်လေးနဲ့ ရောဂါဘယနဲ့သတာတွေ နှုတ်လိုက်လျှင် မိန်းမတစ်ယောက်မှာ ပျမ်းမျှကလေး တစ်ဒါဇင်တော့ဖြင့် အဖတ်တင်ကျန်ရစ်ခဲ့တာ များလေသည်။

တချို့ မြဲ့တဲ့မိန်းမ၊ စားစားစီးစီး သွေးဆုံးတဲ့မိန်းမ၊ သင်သေလို့ နောက်အိမ်ထောင် ထပ်မပြုဖြစ်တဲ့ မိန်းမတချို့တသေက လွဲလို့ပေါ့လေ..။

မိန်းမတွေဟာ အဲဒီလို ကလေးတွေကို တပြွတ်ပြွတ်မွေးနိုင်တာတွေ အစွဲပြုပြီး ရွာနာမည်ဟာ တပြွတ်ကြီး အမည်တွင်ခဲ့ရလေသတည်း ဆိုပါတော့..။

အဲ...တစ်ညမှာတော့...။

တိတိကျကျ ပြောရရင် တန်ဆောင်မုန်းလပြည့်ကျော်တစ်ရက်နေ့ (သူခိုးကြီးည)မှာတော့...ကိုခင်မောင်နဲ့မငွေးတင့်

www.burmeseclassic.com



တို့ရဲ့ အရူးအမူးအချစ်ကို ဖြိုခွင်းတော့မည့်သူ (အမည်မသိ ပုဂ္ဂိုလ်)ဟာ ကြုံကြုံဖန်ဖန် ပေါက်တီးပေါက်ရာ ဆိုသလို··

ရွာရဲ့ ဆိုင်းဘုတ်ဖြစ်တဲ့ တပြွတ်ကြီးရွာဆိုတဲ့ စာသားကို လက်ဆော့ခြေဆော့ ဝင်ကမြင်းကြောဆွဲပါလေရော··။

သူ လုပ်လိုက်တာကတော့ စာလုံးကလေး တစ်လုံး ပြောင်း ထည့်ပေးလိုက်တာပါပဲ···။ ဒါပေမယ့် နောက်ဆက်တွဲ ဇာတ်လမ်းတွေကတော့ စာလုံးကလေး တစ်လုံးနဲ့ မတန်လောက် အောင် ပြင်းထန်ပြောင်းလဲ သွားခဲ့ရလေသည်။

ဒါဆို သူ ဘာ စာလုံးများ ပြောင်းထည့် ရေးသွားတာပါ လိမ့်··။

ဒီလိုပါ···။

“တပြွတ်ကြီးရွာ”ဆိုတဲ့ စာသားမှာ တ(တဝမ်းပူ) ဖြုတ်ပြီး ‘လ’ဆိုပြီး ထည့်ရေးပေးသွားတာပါ··။

ကဲ···ရှုစားကြည့်ပါဦး မိတ်ဆွေ···။

## -ပြွတ်ကြီးရွာ

ကိုင်း···ဘယ်နှယ့်ရှိစ···။

မိုးလည်းလင်းရော တပြွတ်ကြီးရွာတစ်ရွာလုံး မိုးမီး လောင် ကြလေသတည်းပေါ့။

“စော်ကားလှချေလားကွ···ဟေ···။ ဘယ်ကောင် တို့ရွာကို သိက္ခာချတာလဲ။ မိုက်တဲ့ကောင် ထွက်ခဲ့···။ ဓား



ခုတ်မယ်···”

သူကြီးသားဘိုကီးရဲ့ သူငယ်ချင်း ရွာလူမိုက်မှုန်ကြီးတို့ ငှက်ကြီးတောင် ဓားတစ်ဝင်းဝင်းနဲ့ ရွာ မုခ်ဦးရှေ့မှာ သောင်း ကျန်းလျက်ရှိချေ၏။

“ဟိတ်ကောင်··မှုန်ကြီး တဲ့···။ ဘယ်ခွေးမှ လူမထင် ဘူး··။ မိုက်လို့ ရွာမှ ချဲဒိုင်ကိုင်နေတာ··။ ဘယ်ကောင် လက် ကမြင်းသွားသလဲပြော···။ မောင်မောင်ခေါ်တုန်း ထွက်လာ ခဲ့···။ အောင်ကျော်ဆိုတော့မှ ထွက်လာလို့ကတော့ ဟောဒီမှာ တွေ့လား လည်ပင်း အပြတ်ပဲ···”

တကယ်တော့ မှုန်ကြီး ဒေါသထွက်တာလဲ ဒေါသထွက် စရာပေါ့လေ။

ဒါပေမယ့် ရွာက ဗီဒီယိုရုံတွေမှာ ပြတဲ့ ရန်ဘို၊ အာနိုး၊ ချက်ကနောရစ်၊ စတီဗင်ဆီးဂယ်၊ ဗန်ဒီမ်းစတဲ့ အကြမ်းအရမ်း ဇာတ်ရှင်ကားတွေ ကြည့်ပြီး မိုက်သွေးတွေ ကြွချင်ရက် လက်တို့ ဆိုသလို မှုန်ကြီးတို့ တစ်ရွာလုံးနဲ့ငါ့ဘကြီး ဖြစ်ချင်တာကလည်း မျိုးများလျက် ရှိချေ၏။

ဒါမျိုးကျတော့ အမှန်တရားဘက်တော်သား ကိုဆန်းအေး တို့က လည်သည်··။ မှုန်ကြီးကို ဝင်မလုံး။ ဝုန်းဒိုင်း ဝင်မချ ချင် သူ ဇာက်ပြုတ်သွားမည်ကို သိသည်။ ကိုဆန်းအေးက ရွာမှ ဖိုးညီတို့လောက်သာ ဖင်ကျယ်ရဲသည်။ မှုန်ကြီးတို့သူကြီး သား လူမိုက်ဘိုကီးတို့ဆို ကိုဆန်းအေး အလိုလို ဖင်ကျုံ့သွား ၏။

www.burmeseclassic.com



သို့သော် သိတဲ့အတိုင်း ကိုဆန်းအေးက အမှန်တရားဘက်တော်သား..။ ရွာမှ ခွေးနှစ်ကောင် ထ,ကိုက်လျှင်ပင် သူဟာသူ အထီးအမခွဲပြီး အားနွဲ့တဲ့ ခွေးမဘက်က ဝင်ကူပေးနေကြ။

ဒီတော့ မှုန်ကြီး ဓားရှည်နဲ့ ယမ်းနေတဲ့ကိစ္စကို လျစ်လျူရှုပြီး ထွက်မသွားနိုင်။

မှုန်ကြီးရဲ့အမေ ဒေါ်သေးစိကို ပြေးခေါ်၏။

ဒေါ်သေးစိက လူကောင်သာ သေးသည်။ ဒေါသကတော့ဖြင့် ကြီး၏။ ဒီရွာမှာ မှုန်ကြီးကို နိုင်တာဆိုလို့ လူမိုက်ဘိုကီးပြီးလျှင် မိခင်ဒေါ်သေးမိသာ ရှိလေသည်။

ပြေးခေါ်တော့ လိုက်လာသည်။ ထမိန်ကို ဗြန်း၊ ဗြန်းဆိုပြီး နှစ်ခါ၊ သုံးခါ ဖြန့်ပြီး ပြန့်နေအောင် ပြင်ဝတ်လိုက်သေး၏။

"ဟဲ့..ဘယ်ခွေး အူနေတာလဲ...။ ဟမ်...။ မှုန်ကြီး..မိုက်လုံးကြီးလေတဲ့သား။ နင့် မွေးရတာ ငါနာတယ်ဟဲ့..။ နင်တို့က ရတနာတွေ မဟုတ်ဘူး 'ရ'တာ နာတွေ...။ သူခိုးပြေးမှ ထိုးကွင်းထမနေနဲ့ဟဲ့...မှုန်ကြီးရဲ့.."

ဗီဒီယိုထဲက စကားလုံးတွေ ပစ်ပျက်သုံးရင်း ဒေါ်သေးမိတို့ မောင်းတင်လိုက်လေ၏။

နောက် '-ပွတ်ကြီးရွာ'ဆိုတဲ့ ဆိုင်းဘုတ်ကိုကြည့်ပြီး ဒေါ်သေးမိ အပေါင်းသားဖြစ်သွားရသည်။ ပါးစပ်...။

"ဟောဒီမှာ တွေ့လား..အမေ...။ -ပွတ်ကြီးရွာ..တဲ့



--ဒါ..ရွာကို သိက္ခာချတာ..။ စော်ကားတာ။ ဒါ့ကြောင့် ကျုပ်ဒေါင်ထဲဝင်ချင်ဝင်ရစမ်းပါစေ ဓားကြိမ်းကြိမ်းနေတာဗျ"

"ဟဲ့...နင်ပဲ စဉ်းစားကြည့်ပါဦးဟယ်..။ ကိုယ့်ရွာသား အချင်းချင်း ဒီလိုနောက်ရဲ ပြောင်ရဲပါ့မလား...။ ဟို..မြောက်ပိုင်း တစ်ရွက်လှရွာက ကောင်တွေ လာညှော်သွားတာဖြစ်ချင်ဖြစ်မှာပေါ့.."

တကယ်တော့ ဒေါ်သေးမိဟာ ပြဿနာတစ်ခုကို ပြီးပြီးရောမှာ ဖြေရှင်းလိုက်တဲ့ သဘောပါ...။

ဒါမှလည်း သူ့သားဓားယမ်းနေတဲ့ကိစ္စက မြန်မြန်ပြတ်သွားမည် မဟုတ်ပါလား..။

ဒေါ်သေးမိလိုပဲ အမှန်တရားဘက်တော်သား ကိုဆန်းအေးကလည်း ပြီးပြီးရောသဘောနှင့် မှုန်ကြီးရဲ့ ဒေါသအမျက်များတဲ့ကို တစ်ဖက်ရွာသို့ ဝင်ပို့ပေးပြန်၏။

"ဟုတ်တယ်ဗျ..။ ကိုကြီးမှုန်ရ...။ သူခိုးကြီးညကိုအားလုပ်ပြီး မြောက်ပိုင်းတစ်ရွက်လှက ကောင်တွေ မနေ့ညကကျုပ်တို့ ရွာထဲ ခိုးဝင်တယ် ဗျ။ မြောက်ပိုင်းသားတွေ ညကကြတ်တွေ ဝင်ခိုးတာ ကျုပ် တွေ့လိုက်တယ်။ ကျုပ်လိုက်တာခိုးတော့လို့..။ ခု..ဒီကိစ္စမှာလည်း ဒီကောင်တွေ လက်ချက်ပဲထို့ ထင်တယ်။ ထားလိုက်ပါတော့ဗျာ...။ ထင်းခွေမကြုံ ရေခပ်ကြုံလာမှာပဲ..."

ဒီလိုနဲ့ အမှိုက်ကနေ လောင်လိုက်တဲ့မီး..ပြဿဒ်ဆီထိ ကူးသွားပါလေရော...

www.burmeseclassic.com

www.burmeseclassic.com



နဂိုကမှ လူမိုက်ဘိုကီးတို့ အုပ်စုက ဦးနှောက်မှ မရှိတဲ့ဟာ။ မြှောက်ပေးလိုက်ရင် ခါးတောင်မြှောင်အောင် ကျိုက်ပြီး မြင်းမိုရ်တောင် ဓားနဲ့ဝင်ခုတ်ဖို့တောင် ဝန်မလေး ကောင်တွေလေ။

"အေး…ဒီနေ့ကစပြီး တစ်ရွက်လှကကောင်တွေ ကမ္ဘာမကြေပဲဟော့…။ အေး ကမ္ဘာကြေတောင် ဥဒေါင်း မကြေဘူး"

"ဥဒါန်းလုပ်စမ်းပါဗျ.."

"လျှာမရှည်နဲ့.. မင်းတို့ သောက်ပေါက်တွေ ပိတ်။ ငါ့ ဓားက သွေးဆာနေတာ မင်းပါးစပ်တည့်တည့် ရောက်လာ မယ်.."

"အင်…"

"ပြောလိုက်မယ်နော်…။ မှန်ကြီးဆိုတဲ့ကောင်က မှန်ပြီးရင် ဘယ်တော့မှ ပြန် 'ကြည်'ရိုး ထုံးစံမရှိဘူး။ တစ်ရွက်လှကကောင်တွေနဲ့ တို့တပွတ်ကြီးကကောင်တွေ လုံးဝမပတ်သက်စေနဲ့။ ရွာထဲဝင်လာရင် ဓားနဲ့သာဝင်ပိုင်းပစ်..။ တို့ရွာက အပျိုတွေကို ကြပ်ကြပ်သတိပေးထား။ တစ်ရွက်လှရွာသားကြိုက် လို့ကတော့ နှစ်ကောင်စလုံး အသေပဲ…။ ငါ့ရဲ့ နှုတ်ထွက်စကား က အမိန့်အာဏာလိုတည်စေရမယ်…။ ဒါပဲ…"

မှန်ကြီးက ထိုသို့ ဥဒါန်းကျူးရင့်လိုက်သည့်အခါ မဟာပထဝီ ကမ္ဘာမြေကြီးတော့ဖြင့် သိမ့်သိမ့်တုန်မသွားလေပါ။

မကျေမနပ်နှင့် မဲ့ရွဲ့သွားမိသူက တစ်ရွက်လှရွာသားနဲ့



ကျော်စားဖြစ်နေသည့် မိငွေးတင့်ပင်။

နောက်တော့ တရားခံမည်သူမည်ဝါမှန်း တိတိကျကျ သိရပါဘဲ တစ်ရွက်လှနဲ့ တပွတ်ကြီး သူစိမ်းပြင်ပြင်တွေ ဖြစ်သွားကြလေတော့သည်။

တပွတ်ကြီးဆို တစ်ရွက်လှက ဝေးဝေးက ရှောင်သလို၊ တစ်ရွက်လှဆို တပွတ်ကြီးက လှည့်ပင် မကြည့်ကြတော့။

ထိုကဲ့သို့ ရွာကြီးနှစ်ရွာရဲ့ တင်းမာမှုကြောင့် ကိုခင်မောင် နှင့်မငွေးတင်တို့ရဲ့ နှလုံးသားတွေပါ စတေးခဲ့ရလေသည်။

ကိုခင်မောင်ဟာ မငွေးတင့်ကို အသည်းအသက်နှင့်ပြီး ချစ်ရပါသော်လည်း မှန်ကြီးရဲ့ ငှက်ကြီးတောင်ကိုတော့ဖြင့် ကြောက်ရ၏။

ဒါ့ကြောင့် တစ်ရွာတည်းအတူနေတဲ့ မအေးမော်နဲ့ သတ်ထပ်ခဲ့ရခြင်းဖြစ်ပါသည်။

တပွတ်ကြီးရွာနဲ့ပတ်သက်ပြီး နောက်ထပ် ရယ်စရာ တစ်ခုလည်း ရှိပါသေး၏။

အဲဒါကတော့ ဘယ်သူဘယ်ဝါ လက်ကမြင်းသွားမှန်း မသိတဲ့ -ပွတ်ကြီးရွာဆိုတဲ့ ဆိုင်းဘုတ်ကို အမှန်တရားဘက် တော်သား ကိုဆန်းအေးကြီးက ကိုယ့်စရိတ်ကိုယ်စိုက်ပြီး ဆိုင်းဘုတ်အသစ်ပြင်ရေးမည်ပြုရာ မှန်ကြီးက ငှက်ကြီးတောင်ဓား တစ်ဝင်းဝင်းနှင့် ဝင်ရောက်ကန့်ကွက်ခဲ့ပြန်ပါသေး၏။

"ဟော့လူ…ခင်ဗျား..ဒါဘာလုပ်တာ တုံး…"

"ဆိုင်းဘုတ်ပြင်ပေးမလို့လေဗျာ…။ ရွာနာမည်ကြီး

www.burmeseclassic.com

www.burmeseclassic.com



လည်း ကြည့်ဦး…။ ကြည့်လို့မှ သင့်တော်ရဲ့လားလို့…”

“ကြည့်လို့ မသင့်တော်တာတော့ ကျုပ်လည်းသိတာပေါ့ ခု တရားခံမိပြီလား လက်သည်ပေါ်ပြီလား”

“ဟင်…မပေါ်သေးဘူးလေ…တစ်ရွက်လှကကောင်တွေလို့ပဲ ကျုပ်တို့အကြမ်းဖျဉ်း သိထားသေးတယ်”

“ခင်ဗျားဟာ တော်တော့်ကို ခွေးလောက်မှ ဦးနှောက်မရှိတဲ့လူပဲဗျ။ တရားခံဘယ်သူ ဘယ်ဝါမှန်း မသိသေးဘဲနဲ့..။ ရာဇဝင်ရိုင်းခဲ့တဲ့ ကျုပ်တို့ရဲ့ ရွာသမိုင်းကို ခဲဖျက်နဲ့ဖျက်ပစ်တော့ မလို့လား…”

“ဟင်…မသိဘူးလေ…ဒီတော့…ဒီဆိုင်းဘုတ်ကြီး အတိုင်း ထားရမှာလား”

“မထားချင်ရင် တရားခံပေါ်တဲ့အထိ ဝင်ဖမ်းကြလေ။ ကျုပ်မှာလည်း တာဝန်ရှိသလို ခင်ဗျားမှာလည်း တာဝန်ရှိတာပဲ။ ကျုပ်တို့ တစ်ရွာလုံးမှာ တာဝန်ရှိတယ်”

“ဟင်..အဲဒီတော့…”

“အဲဒီတော့ ရှင်းရှင်းလေးပဲ…။ တရားခံမမိမချင်း.. -ပွတ်ကြီး ဆိုတဲ့ နာမည်ကို ပြန်ပြင်ခွင့်မရှိဘူး။ ဟုတ်ပြီလား။ ရက်တတ်ရင် ခင်ဗျားတို့ တရားခံမိအောင်ဖမ်းကြ။ ကျုပ်လည်း ကူးဖမ်းမယ်။ မရက်တတ်ရင်တော့ မဆိုင်သလိုနေ ဟုတ်ပြီလား။ ဒီဆိုင်းဘုတ် အသစ်ပြုပြင်ရေးဆွဲဖို့ဆိုတာ ခင်ဗျားတို့ ကျုပ်တို့ ရဲ့ အရည်အသွေးပေါ်ပဲ မူတည်တယ်။ ရာဇဝင်ရိုင်းတဲ့ သမိုင်း ဆိုတာ လွယ်လွယ်ဖျက်လို့ ဖျက်ရိုး ထုံးစံမရှိဘူးတဲ့ဗျ ….



ဟား…ဟား…ဟား…ဟား… ဟာ….”

“ဟောဗျာ…”

ကိုဆန်းအေးကြီးများစွာ ကျွတ်ကျဲသွားရလေတော့၏။ မှန်ကြီးဆိုတာ အဲဒီလို သောက်ရူး။ ထစ်ကနဲဆို တုတ် ဆွဲ တားဆွဲနဲ့ သွေးဆူဖို့လောက်သာ သိသည်။ ကိုယ့်ပေါင်ကိုယ် ထောင်းမိရက် ဖြစ်နေသည်ကို မသိ။

ဒီရွာမှာ ရှိကြတဲ့ သမီးပျို၊ သားပျိုတွေရဲ့ မျက်နှာကို ထောက်ရကောင်းမှန်းလည်း မသိ…။

အဲဒီလိုနဲ့…။ အဲဒီလိုနဲ့…။

နှစ်တွေသာ ကြာလာသည်…။ လက်ဆော့သွားသည့် တရားခံကိုတော့ဖြင့်မမိ..။ လူမိုက်မှန်ကြီးတို့ ကိုကျော်ပြီးလဲ တစ်ရွာလုံး လှျာမရှည်ရဲကြ..။

ဒီလိုနဲ့…အဲဒီရွာကလေးရဲ့ နာမည်ဟာ ဒီနေ့အထိ အဲဒီ အကြောင်းကြောင်းနှင့် တည်ရှိနေဆဲ…။

မြင်တဲ့သူတိုင်း ဟာကနဲ ဟင်ကနဲ ကြက်သီးထ သွား ရသည့် ရွာနာမည်လေးတစ်ခု ဆိုပါတော့…

အင်း…မမေ့အောင် ထပ်ပြီး တင်ပြရမယ်ဆိုရင်ဖြင့် ရွာကလေးနာမည်က ဒီလိုပါတဲ့…။

-ပွတ်ကြီးရွာ

www.burmeseclassic.com

www.burmeseclassic.com

## (H)

ရွာကလေးတစ်ရွာ။

ဟုတ်ပါတယ်။

အရင်ကတော့ တပြွတ်ကြီးရွာ။ ခုတော့ အုကြောင်ကြောင်နှင့်ပင် - ပြွတ်ကြီးရွာ။

အဲဒီရွာမှာရှိကြတဲ့ ရွာသူ၊ ရွာသားတွေဟာ လယ်ထွန်၊ ကောက်စိုက်ကြရင်း ရွှေရောင်အိပ်မက်တွေ ကိုယ်ဆီမက်၍ ကောင်းနေကြသည်။

မိုးပေါ်ကနေ ပိုက်ဆံတွေသာ ကျလာခဲ့မယ်ဆိုရင်ဖြင့် သူတို့အိပ်မက်တွေ တကယ်ဖြစ်နိုင်ပြီ။

တစ်နေ့မှာတော့ သူတို့မျှော်လင့်ထားသလို မိုးပေါ်ကနေ ပိုက်ဆံတွေ ကျလာသည်။

တကယ်ပါ . . .။

ပိုက်ဆံတွေဟာ မိုးပေါ်ကကျလာခဲ့ပြီး လေနှင့်အတူ လွင့်ကာ သူတို့တွေဆီ ရောက်လာခဲ့ရလေတော့သည်။

* * *

အချစ်က ကိုယ့်ကို
ဘာမှ အဆင်ပြေအောင် လုပ်မပေးခဲ့ . . . ။
ကိုယ်ကသာ
အချစ်ကို အဆင်ပြေပြေတွေ့ဆုံနိုင်အောင်
ကြိုးစားနေရလေ၏ . . .။

www.burmeseclassic.com

www.burmeseclassic.com

(1)

မိုးဖွဲဖွဲကျနေသည်။

ရန်ကုန်မြို့ကြီးက ထီးမဆောင်း····။ ထီးဆောင်းထား သည့် လူတွေကသာ သူ့ ကျောကုန်းပေါ် ဖြတ်လျှောက်သွားကြ သည်။

လမ်းမထက်မှာ ပြည့်သိပ်ကျပ်နေသည့် ကားများကို မနေ့ကအတိုင်း သင်တို့တွေ့ရလိမ့်မည်။ မြို့ကြီးသားများ အဲယား ကွန်းဘတ်စ်ပေါ်မှာ လေဝဝရှူတတ်ပုံမှာ၊ အောက်စီဂျင်ဗူးမပါ ဘဲ ဆလုံတိုင်းရင်းသားများ ရေအောက်ထဲ အသက်အောင့်နိုင် သည့် အတတ်ပညာနှင့် ဆင်လှ၏။

ဘာပဲပြောပြော ဘတ်(စ်)ကားများ၏ မနက်ခင်းတွေ သနပ်ခါးနံ့၊ ပေါင်ဒါနံ့၊ ရေမွှေးနံ့များ သင်းနေသည်မှာ သေချာ ၏။ ယဉ်သည့် အကြည့်တွေဟာ ပန်းတွေလိုပွင့်ပြီး၊ ရိုင်းသည့် အကြည့်များမှာကလည်း မီးလိုထ,တောက်နေကြပေလိမ့်မည်။

"အောက်ကိုကြည့်လျှောက်··အောက်ကိုကြည့်လျှောက်



ကျောင်းလိုက်ပို့ကြသည့် ကလေးအမေတချို့ ပလက် ဖောင်းတစ်လျှောက် အော်ပြောနေကြသည်။

လူသွားလမ်းတစ်လျှောက် ခင်းထားသည့် ကွန်ကရစ်အ ချပ်များမှာ တချို့နေရာများ၌ ကွဲအက်ထောင်ထွက်နေကြပြီး၊ တချို့ ခတ်တိုင်များမှာလည်း တောင့်တင်းသည့် ကွန်ကရစ် အောက်ခြေတို့ မရှိကြတော့···။

ရန်ကုန်မြို့ကြီးရဲ့ ပြည်သူပိုင်ရပ်ဝတ္ထုပစ္စည်းတို့မှာ ဖာ ရာထေးရာတွေနှင့် ကျားကန်ထားရသလို···

လူတွေဟာလည်း သူတို့ဘဝတွေကို ဖာရာထေးရာတွေ နဲ့ ကျားကန်ထားသည့်ဘဝမှ လွတ်မြောက်စေဖို့ အလုပ်တွေ လုပ်ကြရသည်။ သူတို့မြို့ထဲလမ်းမတွေပေါ် ထွက်လာကြပြီ။

အေးချမ်းညွန့်အောင်တစ်ယောက် လက်ကနာရီကို ငုံ့ ကြည့်လိုက်တော့ မနက်ကိုးနာရီပင် ထိုးလုပြီ။

"အေး··သွားမယ်··သူငယ်ချင်း··နောက်မှ တွေ့ကြတာ ပေါ့···။ မင်းတော့ ရုံးနောက်ကျပြီနဲ့ တူတယ်"

"ရပါတယ်···အေးဆေး···"

အေးဆေးလို့ ဆိုပေမယ့် အေးတော့ မအေးဆေးပါ···။

စောင့်နေကျ ကားမှတ်တိုင်မှာ ဘတ်(စ်)ကား စောင့်နေ တုန်း ငယ်ပေါင်းတစ်ယောက်နဲ့ မထင်မှတ်ဘဲ တွေ့နေသဖြင့် စကားတွေ လျှောက်ပြောနေရင်းကနေ သူ အလုပ်ချိန်နောက်ကျ သွားရခြင်းပါ။

မဖြစ်···။

www.burmeseclassic.com

www.burmeseclassic.com



ဒီပုံစံအတိုင်း အလုပ်ကို ဘတ်(စ်)ကားစီးပြီးသာ သွားရရင် နောက်ကျတော့မည်။ ခုထိလည်း မနက်စာက မစားရသေး။ ဗိုက်ထဲမှာလည်း ဗွိဗွမ်တွေ အော်နေလေပြီ။

ဒါနဲ့ သူ ရွှေမြို့တော်ချစ်တီးဆိုင်ထဲဝင်ပြီး အာလူးပူတီ တစ်ပွဲ ဝယ်လိုက်၏။ ရုံးရောက်တော့မှ အခြေအနေကြည့်ပြီး စားရတော့မည်။

"တက္ကစီ..."

တက္ကစီတစ်စီး သူ့ရှေ့သို့ ရောက်လာ၏။

"ဘယ်သွားမလဲ အစ်ကို..."

"ဟိုဟာလေ..ခုနစ်မိုင် ကုန်းမြင့်သာက Orchid gems ကို သွားမယ်.."

တက္ကစီသမားက အနည်းငယ် တွေဝေနေသဖြင့် သူက ...

"ကျောက်မျက်ရတနာဆိုင်ကြီးလေဗျာ..။ အကြီးကြီးပဲ"

"သြော်..ဟုတ်ပြီ..သိပြီ။ အရင်ဘယ်လောက်ပေးနေကျလဲ"

ဒီလိုနဲ့ ဈေးတည့်သွားပြီး သူ တက္ကစီပေါ်တက်လိုက်သည်။

အာလူးပူတီဆိုတာမျိုးက စားလို့သာ ကောင်းတာ အနံ့ကျတော့ အတော်ပြင်းသား။ ဒါနဲ့ ကိုယ့်ဘေးက ကားပြတင်းပေါက်ဘောင်ပေါ်က လော့ချ်ချတဲ့ ငုတ်တိုင်ရှိမရှိရှာတော့ မရှိ။



ကားက မော်ဒယ်လ်မြင့်ကား ဖြစ်နေသဖြင့် ကားတံခါးဖွင့်သည့် ခလုတ်များတွင်သာ လော့အဖွင့်အပိတ်ခလုတ်က ပါနေသည်။ ငုတ်တိုင်ရယ်လို့ သီးသန့်မရှိ။

ဒါဆိုရင်တော့ ဒီအနံ့ပြင်းလှတဲ့ အာလူးပူတီထုပ်ကို ကိုယ်နဲ့ဝေးဝေးက ငုတ်တိုင်မှာ ချိန်လို့ရတော့မည် မဟုတ်။

ဒါကြောင့် ကိုယ့်ဘေးခပ်ဝေးဝေး ထိုင်ခုံပေါ်သာ တင်ထားလိုက်ရလေတော့၏။

သူ ထိုသို့ အာလူးပူတီထုပ်နှင့် အလုပ်များနေစဉ် တက္ကစီ ဒရိုင်ဘာကလည်း မနေ့က ကားမောင်းနေစဉ် တို့ဆေး ဆီခဲ့ဖူးကြောင်းတွေ ပြောပြလာသည်။

"တကယ်ဗျာ...။ ကျွန်တော်လက်ကို ပုတ်ပုတ်ပြီး အဲဒီ [လူ]က စကားတွေပြောလာတာ။ ကျွန်တော် ထိုင်းထိုင်း [မှိုင်း]မှိုင်းဖြစ်သွားတာတော့ သိတယ်။ သူ့အသံက သိပ်နားထောင် [လို့]ကောင်းတာဗျ။ သူက တစ်ခုခုလုပ်ဆို ကျွန်တော် ထ,လုပ် [တော့]မှာ"

"အင်း..."

"ကျွန်တော် သူ ညှို့ချက်အောက် ရောက်နေပြီဆိုတာ [တော့] သိတယ်။ ဒါပေမယ့် မလွန်ဆန်နိုင်တော့ဘူး။ သူက ရှိ [တာ]တွေ အကုန်ထုတ်ခိုင်းတယ်..."

"ဟင်..."

"ကျွန်တော်လည်း အကုန်ထုတ်ပေးတာဗျ..။ ကျန်ခဲ့ [တာ]ဆိုလို့ ဝတ်ထားတဲ့ ပုဆိုးနဲ့အင်္ကျီပဲ ရှိတော့တာ။ နောက်တော့

www.burmeseclassic.com



ကျွန်တော့်ကို ဗိုလ်တထောင်ကမ်းနားလမ်း မောင်းခိုင်းတာ။ ကျွန်တော်လည်း မောင်းပို့ပေးလိုက်ပါတယ်။ နောက်…အဲဒီနေရာမှာပဲ ကျွန်တော် အိပ်ပျော်သွားတယ်။ အိပ်တာမှ နှစ်နှစ်ခြိုက်ခြိုက်ပဲ…။ အဲ…နိုးလာတော့မှ ကျွန်တော် တို့ဆေးမိခဲ့မှန်း သိတော့တယ်။ အဆိုးထဲက အကောင်းဗျာ။ လူဘာမှ မဖြစ်လို့တော်သေးတယ်"

သူ လေပူတစ်ချက် မှုတ်ထုတ်လိုက်မိ၏။

သြော်…ဒါ…ရန်ကုန်မြို့ကြီးလေ…။

စောစောက ဖွဲဖွဲကျနေသည့် မိုးက တိတ်စတော့ပြုနေလေပြီ။

"အဲ…ဟိုမှာ…ပါဆင်ဂျာ…လမ်းကြုံရင် ခွဲလိုက်မယ်နော် ဆရာ…"

သူ့ခွင့်ပြုချက်ပင် မရသေး။ ကားဆရာက စတီယာရင်ညာဘက်ချိုးလိုက်ပြီး ကားကို ကျိကနဲ ထိုးရပ်လိုက်၏။

သူ တစ်ချက်ခေါင်းယမ်းရင်း နာရီထပ်ကြည့်မိပြန်သည်။ အမြန်လိုလို့ တက္ကစီ စီးပါတယ်ဆိုမှ ကားဆရာက စီးပွားရေးချဲ့ထွင်နေလိုက်သေးသည်။

မတတ်နိုင်။

အေးချမ်းညွှန့်အောင်ဆိုသူမှာ အားကလည်း ခပ်နာနာထဲက…။

ပါဆင်ဂျာက အထဲမှာ လူပါနေ၍ ဈေးကို မတန်တဆဆစ်နေပုံရ၏။



ကားဆရာမှာလည်း…"ဟာဗျာ…"၊ "ဟာဗျာ…." [illegible] ရှုနေပြီး၊ နောက်ဆုံးတော့ "ကဲ…တက်ဗျာ…ညီမ"ဟု [illegible]စ်လိုက်လေတော့သည်။

ပွဲက စပါပြီ…။

www.burmeseclassic.com

www.burmeseclassic.com

(1-a)

တကယ်တော့ သူဘုရှိုးရှိုးလိုက်မိတာပါ။

ငွေရောင်ကြိုးသိုင်းဖိနပ်လှလှကလေးနဲ့ ခြေဖဝါးနုနုမွတ်မွတ်ကလေး ကားထဲ သိမ်သိမ်မွေ့မွေ့ရောက်လာတော့ ဘာရယ်မဟုတ် ရင်ထဲ ဒိတ်ကနဲ ခုန်သွားရင်း အကြည့်ကို တစ်ဖက်လွှဲမိသွားရ၏။

လှပတဲ့ ခြေဖဝါးပိုင်ရှင်မလေးဆိုတော့ သူ့နံဘေးက မိန်းကလေးဟာ ကောင်မလေးချောချောထဲကပဲ ဖြစ်ရမယ် ထင်ပါရဲ့..။

တစ်ချက်လောက် လှည့်ကြည့်ချင်နေတဲ့စိတ်ကို မနည်းထိန်းချုပ်မျိုသိပ်ထားရသည်။ လူပျိုလေးတွေဆိုတာကတော့ ဒီလိုပဲ။ မာနကတော့ အကြီးသား။

"ဟယ်...ဒီလူငါ့ကို သိပ်ကြည့်တာပဲ"ဆိုတဲ့ အတွေးမျိုး၊ အထူးသဖြင့် ကိုယ်သဘောကျသွားမိတဲ့ သူစိမ်းမိန်းကလေး တစ်ယောက် ဝင်သွားမှာမျိုး မလိုချင်ကြ။



သြော်...လူပျိုတွေ လိုက်နာရတဲ့ စည်းကမ်းတွေက အရှုံးသားလား။

"ဂျိတ်..."

ကားတံခါးဆွဲအပိတ်...။ သင်းလာတဲ့ ရေမွှေးရနံ့နဲ့အတူ... သူထိုင်နေသည့် နှစ်ယောက်ထိုင် ဆိုဖာရှည်အနည်းငယ် ထိကြ သွားရသည်။

ကားဘီး တစ်ချက် စအလှိမ့်မှာတော့...။

"အမလေး...ပူတယ်..ပူတယ်..."

"ဟင်.."

"အဲ..."

မိန်းကလေးက ထိတ်ထိတ်ပျာပျာရေရွတ်ရင်း ထိုင်နေရာအနေ တစ်ထွာလောက်မြောက်တက်သွားရပြီး...

သူမအသံကြောင့် သူလည်း လန့်သွားရသလို၊ မနေ့က ပုပုနွေးနွေး တို့ဆေးမိထားသည့် ကားဆရာမှာလည်း တုန်လှုပ်ခြောက်ခြားကာ ကားနောက်ခန်းသို့ လှည့်ကြည့်လိုက်ရင်း..

"ဘာ...ဘာဖြစ်လို့လဲ...ညီမ..."

"ပူ...ပူလို့...။ ဘာကြီးမှန်း..မသိဘူး..."

သွားပြီ။ သူ ခေါင်းနပန်းကြီးသွားရလေပြီ..။

ကောင်မလေးရဲ့ အတ္တာအောက်ရောက်နေသည်မှာ အနှိပ်ပြင်းလှတဲ့ သူ့ရဲ့ အာလူးပူတီကလွှဲလို့ ဘာများဖြစ်နိုင်ဦးတော့မည်လဲ...။

ဒီကြားထဲ ကားဆရာက တမှောင့်..။

www.burmeseclassic.com

www.burmeseclassic.com



သူ ထိုသို့ ထူပူနေစဉ် ကားဆရာက သူ့ဘက်လှည့်ကြည့် လိုက်ရင်း....

"ဟော့လူ...ခင်ဗျား...ဘာနဲ့ တို့လိုက်တာလဲ.."

"ကြံ့ကြံ့ဖန်ဖန်...ကျုပ်က ဘာနဲ့တို့ရမှာလဲ..."

"ဟင်..."

ဒီတစ်ခါ 'လေ'သွားရသူက ကောင်မလေးပင်...။

ဘာတွေလဲ..။ ဒီကားပေါ်ကလူတွေ ဘာတွေဖြစ်နေကြ တာလဲ...။ စိတ်မှ နှံ့ကြသေးရဲ့လား...။

"မနေ့က ကျုပ် အတို့ခံထားရတယ်လေ..။ ဒီနေ့ ဒါမျိုး လုံးဝ ထပ်အဖြစ်မခံနိုင်ဘူး။ ရဲစခန်းမောင်းသင့်ရင် မောင်းရ လိမ့်မယ်"

"အောင်မာ...ခင်ဗျားစကားက ရိုက်ပေါက်ကြီးပါလား။ ဒီကားကို မတန်တဆဈေးဆစ်ပြီး ဘတ်(စ်)ကားလို ငှားလာတာ မဟုတ်ဘူးနော်။ တန်ရာတန်ကြေးပေးပြီး စီးလုံးငှားလာတာ။ ဒီအခြေအနေကို ကျုပ်ဖန်တီးတာမဟုတ်ဘူး။ ခင်ဗျားဖန်တီးတာ သူ ပူတဲ့ကိစ္စ ခင်ဗျားမှာလည်း တာဝန်ရှိတယ်"

"အဲ..."

ကားဆရာ နည်းနည်းတော့ ငြိမ်ကျသွားရသည်။

ဒီစကားက ကားဆရာကိုရော မတန်တဆဈေးဆစ်ပြီး ချစ်တီးငှားငှားလာတဲ့ ကောင်မလေးကိုပါ ထိသွားစေတဲ့ စကား မဟုတ်ပါလား။

သူနဲ့ ကားဆရာ အခြေအတင် စကားများနေတဲ့အခိုက်



မှာပဲ ကောင်မလေးဟာ သူမဖင်အောက်က ပူကျက်နေတဲ့ အထုပ်တစ်ခုကို ဆွဲထုတ်လိုက်ပြီး မျက်နှာတစ်ပြင်လုံး ရှုံ့တွသွား ရတော့...။

"အာ...အာလူးပူတီထုပ်ကြီး...ဒါဘယ်သူ့ဟာလဲ... ရှင့်ဟာလား..."

ဟိုက်...တရားခံ စတင်ဖမ်းလေပြီ။

ဝန်မခံ၍ မရတော့...။

"အဟဲ...ဟဲဟဲ..."

ဒီလိုနဲ့ပဲ အေးချမ်းညွန့်အောင်တစ်ယောက် ကောင်မလေး နှင့် မျက်လုံးချင်း ဆုံဆည်းသွားရလေတော့၏။

အဲ...ချစ်စရာလေးပါလား။ ဝင်းမွတ်ဖြူနုနေတဲ့ မျက်နှာလေးမှာ ဒေါသနဲ့ နီမြန်းနေလင့်ကစား ကြည့်လို့ ကောင်းနေသည်။

နှုတ်ခမ်းကို ဖိကိုက်ပြီး လူကို စွေစောင်းကြည့်နေပုံ လေးမှာလည်း..ကျားသစ်နက်ပေါက်စလေး တစ်ကောင်လိုပင်..။

"မေးနေတယ်လေ...ရှင့်ဟာလားလို့..."

"ဩော်...ဟုတ်.."

"ရော့...ယူ...ကိုင်ထား..."

လက်ထဲထိုးပေးလာသဖြင့် သူ ကမန်းကတန်း လှမ်းယူလိုက်ရလေတော့၏။ တော်ကြာဘုတ်ကနဲ ပေါက်ကွဲ သွား ပစ်ထည့်ကာ မကျေပွဲနွဲ့လိုက်မှ ဒုက္ခရောက်ဦးမည်။

အနံ့မခံနိုင်ရတဲ့အထဲ အာလူးပူတီထုပ်က (စောစော က

www.burmeseclassic.com

www.burmeseclassic.com



ဖိအားကြောင့်လားတော့မသိ) ကြွပ်ကြွပ်အိတ်အတွင်းမှ ပေါက်ပြဲကာ သူ့လက်ပေါ် အာလူးရည်တွေ စီးကျလာသည်။ ကိုယ်ချင်းစာပါတယ်ကွယ်…သူ့ဖင်ကလေးတော့ ပူသွားရှာပြီ ထင်ပါရဲ့…။

"ဘယ်လိုလူတွေမှန်းမသိဘူး…။ သိပ်ကျက်သရေတုံးတာပဲ…"

ခံပေ…။ ကိုယ့်အပြစ်နဲ့ကိုယ်ဆိုတော့ ဒီလိုပဲ မကြားချင်ယောင်ဆောင်လိုက်ရလေသတည်းပေါ့။

သူမရဲ့ ပွစိပွစိ စကားကို ဒုက္ခခံပြီး နားထောင်နေရတဲ့ကြားထဲ ကားဆရာကလည်း လှည့်ကြည့် လှည့်ကြည့်နဲ့…

"ရလား…ညီမ…အဆင်ပြေလား…"

"အဆင်မပြေဘူးဆိုတော့ ရှင်က ဘာလုပ်ပေးနိုင်လို့လဲ"

"ဩော်…မသမာတဲ့ကိစ္စဆို ရဲစခန်းမောင်းသင့်မောင်း…"

ကားဆရာစကားမဆုံးခင် လေကာမှန်ရှေ့က မြင်ကွင်းတစ်ခုကြောင့် သူ့မျက်လုံးပြူးသွားရပြီး…။

"ကားဆရာ…ဘရိတ်အုပ်…ရှေ့ကြည့်…ရှေ့ကြည့်"

"ကျွိ…"

လူသုံးယောက် သုံးမျိုး ဆိုသလို ကားတစ်စီးလုံးပွဲတွေကို ပျက်လို့။

ကယ်တင်ရှင်ကြီးလုပ်ပြီး ရှေ့မကြည့်ဘဲ နောက်လှည့်



ကြည့် လှည့်ကြည့်နဲ့ မောင်းနေတဲ့ ကားဆရာ၊ သူသာ ဝင်မဟန့်လိုက်ရင် ခုလောက်ဆို လူကူးမျဉ်းကျားဖြတ်ကူးနေတဲ့ ချာတိတ်ကလေးတစ်ယောက်လောက်တော့ မလွဲမသွေ ဝင်တိုက်မိပြီပဲ။

အဆိုးထဲက အကောင်းဆိုသလို လူတစ်ယောက်ကားနဲ့တိုက်မိသွားပေမယ့်လည်း အရှိန်ပြင်းပြင်းမောင်းနှင်နေရာကနေရုတ်တရက် ဘရိတ်ဆောင့်အုပ်လိုက်တာမို့ သူရော၊ ဖင်ပူ သွားတဲ့ တိမရော ရှေ့က ထိုင်ခုံကုရှင်နဲ့ ခေါင်းတွေဝင်ဆောင့် မိကြပြန်ရော…။

"အား…"

"အဲ…ရလား…ရလား…"

"ခင်ဗျားရဲ့ ရလား…ရလားနဲ့ ကျုပ်တို့လည်း ထိန်ပင်ကုန်းရောက်တော့မယ်…"

စိတ်အချဉ်ပေါက်စွာ သူရယ်ပဲ ရယ်ချင်နေမိတော့သည်။

မရှေ့ချောခမျာမှာလည်း ကားပေါ်တက်စကလို ဆင်မယဉ်သာ ဣန္ဒြေကြီး တစ်ခွဲသားဟန်မပေါက်တော့…။

ဖင်တွေပူ၊ ဒေါသတွေနဲ့မျက်နှာတွေနီမြန်း၊ ဒီကြားထဲရှေ့က ကုရှင်က ခေါင်းနဲ့ပြေးဆောင့်ထားတာကြောင့် ဆံပင်တွေ ဖွာရကျဲနေပြီး သရဲမချောချောလေးနှင့်ပင် တူလာလေတော့သည်။

ဒီလိုနဲ့ လူစွမ်းကောင်း ဝင်လုပ်သည့် ကားဆရာတော့ သူ့အပြစ်နဲ့သူ နှုတ်ဆိတ်သွားလေပြီ။ အရင်လို နောက်လည်း လှည့်မကြည့်တော့။ ဘေးဘယ်ညာလည်း လှည့်မကြည့်တော့ဘဲ

www.burmeseclassic.com

www.burmeseclassic.com



ရှေ့သို့သာ အာရုံရောက် မောင်းနှင်နေတော့၏။

သူကတော့ ကောင်မလေးကို ခိုးကြည့်လိုက်သေးသည်။

မရွှေချောကလည်း မျက်စောင်းကြီးပစ်ထည့်လိုက်တာ ဒိုင်းကနဲပဲ…။

နောက်တော့ လေသံခပ်တိုးတိုးနှင့်…။

"သိပ်ပူသွားလားဟင်…ဆေးခန်းလိုက်ပို့ပေးရမလား"

"လဲ‥သေ‥လိုက်…"

သူခေါင်းပဲ ညိတ်ပြလိုက်မိ၏။

ဟုတ်တော့လည်း ဟုတ်သည်။

ဒီကိစ္စကြီးနဲ့ပတ်သက်ပြီး ဘယ်လို လောကွတ်ပြုရတော့မည်မှန်း သူ မသိတော့။

အဲဒီနေ့က သူလည်း မနက်စာ လွတ်ခဲ့ရသလို သူမသည်လည်း ဖင်ပူခဲ့ရလေတော့၏။

ပြန်တွေးကြည့်လျှင် နည်းနည်းလေးမှကို ကဗျာမဆန် ရင်ခုန်စရာမကောင်းခဲ့ချေ။

(2)

"ဟိတ်ကောင်‥လာဦး အေးချမ်း…မင်း ဖေ့ဘုတ်ပေါ်မှာ ဘာအရူးထ,ထားတာတုံး‥"

ဆုံနေကြ လက်ဖက်ရည်ဆိုင်ကလေးမှာ သူငယ်ချင်းများဆုံခိုက်၊ သူ့ကို မြင်မြင်ချင်း မေးလိုက်တဲ့ သတိုးမောင်ရဲ့အမေးစကားကြောင့် သူ မချိသွားဖြဲ ပြုံးလိုက်၍

"အေး‥အဟီး…"

ဉက္ကာလင်းက ဘာမှ သိသေးပုံမပေါ်…။

"နေပါဦး…ဒီကောင်က ဖေ့ဘုတ်ပေါ် ဘာတက်အရူးထ ထားလို့တုန်း‥"

"ခေါက်ထီးတစ်ချောင်း ပုံတင်ထားတယ်ကွ။ ခေါက်ထီးတစ်ချောင်း ကောက်ရထားသည်။ ပိုင်ရှင်ကိုယ်တိုင် အမြန်ဆက်သွယ်ပါ‥တဲ့"

သတိုးမောင် ပြောလိုက်တော့မှ တက္ကစီပေါ်မှာ ဆုံခဲ့ရသည့် ခပ်စွာစွာကောင်မလေးကို သူလွမ်းသွားရသည်။

သူ့ကြောင့် ဖင်မှာ အလူးပူတီတွေ ပေသွားခဲ့ရတဲ့

www.burmeseclassic.com



ကောင်မလေး…။

"ဒီလိုကွ…"

သူငယ်ချင်းများကို ထိုနေ့က ကိစ္စသူရှင်းပြတော့ သတိုးမောင်ရော၊ ဉက္ကာလင်းပါ ခေါင်းတယမ်းယမ်းနှင့်…။

"မင်းက ဖြစ်လိုက်ရင် အသည်းအသန်ချည်းပဲ.."

"သူက အရမ်းလှတယ်ကွ။ ကားပေါ်တက်တက်လာချင်းကို ငါ အရမ်းရင်ခုန်သွားတာ…။ ဒီလို မိန်းကလေးမျိုးနဲ့မှ ဒီလိုကိစ္စမျိုးလာဖြစ်ရလို့။ ငါ မျက်နှာတွေလည်း ပူတာပေါ့ကွာ…"

"သေချာတယ်။ မင်းကို စတွေ့ကတည်းက သူ မှင်နိုပြီးသား…"

သတိုးမောင်စကားကြောင့် သူ ရှုံ့မဲ့သွားရပြီး….

"ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ ကားပေါ်က ဆင်းတဲ့အထိကို ငါ့ကို ရန်လုပ်သွားတာ။ ရှင့်မျက်နှာကို ဟိုဘက်လှည့်ပေးထား…တဲ့။ ကျွန်မနောက်ကို ကြည့်တာ မိလို့ကတော့ အသေပဲ…တဲ့။

သုံးယောက်သား ရယ်မိကြပြန်၏။

"အေးနော်…ကောင်မလေး တော်တော်တော့ အရှက်ကွဲသွားမှာပဲ။ မင်းက နည်းနည်းလေးမှ မတောင်းပန်လိုက်ဘူးလား"

"ဒီကိစ္စကြီးက တောင်းပန်လေ ပိုဆိုးလေ ကိစ္စကြီးမင်းပဲ စဉ်းစားကြည့်။ ငါလည်း အမျိုးမျိုး မျက်နှာလုပ်ကြည့်ပါသေးတယ်။ ခက်တာက ငါ မျက်နှာလုပ်လေ..ပိုဆိုးလေပဲ.."



"မင်းက ဘယ်လို မျက်နှာလုပ်လိုက်လို့လဲ…"

"ဪကွာ…။ သိပ်ပူသွားသလား တို့ ဆေးခန်းလိုက်မလား တို့ဘာတို့ပေါ့ကွာ…"

"ခွီး…."

သတိုးမောင်ရော၊ ဉက္ကာလင်းပါ သူ့စကားကြောင့် အူနေအောင် ရယ်လိုက်ကြပြီး…။

"တော်သေးတယ်။ ပါးရိုက်မသွားလို့။ မင်းဟာကလေပြလေ ကြီးပါလား"

သူ စိတ်အချဉ်ပေါက်စွာနှင့်သာ ခေါင်းတစ်ချက်ယမ်းမိတော့၏။

"တကယ်ဆို အဲဒီကောင်မလေးကို ငါ မေ့ပစ်လိုက်သင့်ပြီ။ ခက်တာက ရာသီဥတုက ငါ့ဘက်မှာ ငါးဆယ်ရာခိုင်နှုန်းပြန်တယ်။ ငါ သူ့ကို မျှော်လင့်လို့ ရနေသေးတယ်…"

"ဘာလဲ…ကားပေါ်က ဆင်းခါနီးမင်းကို သူ့ လိပ်စာသွားလို့လား…"

ဉက္ကာလင်းရဲ့စကားက ရွဲ့ပြောနေမှန်းသိသာလှပေမယ့် ခေါင်းတစ်ချက်ညိတ်လိုက်ရင်း…။

"ဟုတ်တယ်။ သူငါ့ကို လိပ်စာပေးသွားတယ်။ သူ့စာကတော့ ထီးကလေးတစ်ချောင်းပဲ။ သတိုးမောင်ကတော့ထီးကလေးကို ဖေ့ဘုတ်ပေါ်မှာ တွေ့ပြီး သွားပါပြီ…"

ဘယ်အချိန်ကတည်းက စာပွဲထိုးကလေးချပေးသွားမှန်းတဲ့ အေးစက်စက် လက်ဖက်ရည်ကို တစ်ငုံ မော့သောက်

www.burmeseclassic.com



လိုက်ပြီး…။

"သူ ဆင်းသွားပြီး သိပ်မကြာခင် ကားခြေနင်းခုံပေါ်ကနေ အဲဒီ ထီးကလေး တွေ့ခဲ့တာ။ ကားဆရာ ဘရိတ်ဆောင့်အုပ်တုန်း ထီးကလေး ပြုတ်ကျ ကျန်ခဲ့တယ်ထင်တာပဲ"

"သြော်…"

ဒီတစ်ခါတော့ သူငယ်ချင်းများ စောစောကလို မနောက်ပြောင်ကြတော့။

"သူနဲ့ငါနဲ့က လုံးဝ ဝေးကွာသွားကြတာမျိုးတော့ မဟုတ်ဘူး။ နောင်ကြိုးအဖြစ် ထီးကလေးတစ်ချောင်းတော့ ကျန်နေခဲ့သေးတယ်။ အဲဒီ ထီးကလေးမြင်တိုင်း သူ့ကိုငါ အရမ်းသတိရတယ်။ အိုကွာ…အဲဒီ ထီးကလေး မမြင်တိုင်းလည်း သူ့ကို ငါ လွမ်းတယ်…"

"ဟင်း…သွားပြီ…"

"ရောဂါ…"

"အဲဒါကြောင့်ငါလည်း ဖေ့ဘုတ်ပေါ်တက်ပြီး ဆင်ကြဲကြဲလိုက်တာ…။ ခက်တာက ငါကလည်း celebrity တစ်ယောက်မဟုတ်တော့ ငါ့ status ကို Like ပေးမယ့်သူလည်း မရှိ။ share မယ့်သူလည်း မရှိနဲ့ ဗျူဟာက မအောင်မြင်ဘူး ဖြစ်နေတာ။ ငါ့ရဲ့ အတွေးထဲမှာတော့ အဲဒီ ထီးဓာတ်ပုံကလေးကို လူတွေမြင်သွားကြပြီး sharing တွေ ရာ၊ ထောင်ချီလုပ်ရင်း လုပ်ရင်းကနေ ကောင်မလေးကတွေ့။ ငါ့ကို ဆက်သွယ်ငါကလည်း ထီးကလေးလိုချင်ရင် ကျွန်တော်နဲ့အတူ ကော်ဖီလိုက်



သောက်ရမယ်။ ကျွန်တော်ဒကာခံမှာပါ ဘာညာလုပ်ပြီး ရင်းနှီးမှုမှု…။ နောက်…ချစ်သူတွေဖြစ်သွား…။ အဲလိုပေါ့ကွာ… အဲလိုတွေးထားတာ…။ ကိုယ့်ဇာတ်လမ်းမှာတော့ ကိုယ်က ဇာတ်လိုက်ကြီး ပေါ့။

"ဖြစ်ရလေ…အေးချမ်းရယ်…"

ဥက္ကာလင်းရဲ့ စကားအဆုံးမှာတင် သတိုးမောင်က သူ့ဖုန်းရဲ့ မျက်နှာပြင်ကို ကြည့်လိုက်ရင်း…။

"ဟိတ်ကောင်…ထူးခြားပြီကွ…အေးချမ်းရ…"

"ဟေ…ဘယ်လိုဖြစ်လို့ တုံး…"

"မင်းရဲ့ အဲဒီ ထီးဓာတ်ပုံရဲ့အောက်မှာ လူတစ်ယောက် စာဝင်ရေး ပေးသွားတယ်။ ဟောဒီမှာ 1 comment …တဲ့"

"ဘာ…ပြစမ်း…"

သူ နည်းနည်းတော့ ရင်ခုန်သွားရပြီး သတိုးမောင်ဖုန်းကို ယူကြည့်လိုက်တော့ ဟုတ်သည်။ 1 comment ..တဲ့…။

"သြော်…အရေးထဲ ကွန်နက်ရှင်ဆိုတဲ့ လိုင်းက တမှောက်…"

ဘယ်သူ မှတ်ချက်ရေးပေးသွားသလဲဆိုတာ သိချင်၍ ဖွင့်ဖတ်ကြည့်ရာ တော်တော်နှင့် ပွင့်မလာဘဲ။ မြန်မာပြည်က အင်တာနက်သုံးစွဲသူတိုင်း မြင်ဖူးနေကြ အဝိုင်းပြားကလေးသာ ဒီအတိုင်းကလေး လည်နေသည်မို့ ကြာတော့ သူ စိတ်ညစ်လာ၏။

သူငယ်ချင်းတွေ ဒီလိုပဲ ရောက်တတ်ရာရာတွေ ပြောဆိုကာကြရင်း နာရီဝက်လောက်နေတော့ သူ မြင်ချင်သည့်

www.burmeseclassic.com



comment က ကျလာသည်။

"ဟယ်…အဲဒီ ထီးကလေး လွှန်ခဲ့တဲ့ တစ်ပတ်လောက်က တို့ပျောက်သွားတာ ယူဆီရောက်နေတာလား။ သိမ်းပေးထားတာ သင့်ခယူးနော်…တို့ သူနဲ့လာတွေ့ ပါဦးမယ်…"

ဆင်ထားသည့် ပွင်ကတော့ ကွက်တိကို ဝင်လာခဲ့ပါသည်။

သို့သော်ရောက် လာစေချင်တဲ့ ကောင်မလေးဆီကတော့ မဟုတ်။

သူ့ကို တစ်ဖက်သတ်ကြိုက်နေသည့် ဆိုင်က အကောင့်တန့် (accountant)အပျိုကြီးမမ ထားသစ္စာနွယ် ဆီမှဖြစ်နေလေတော့၏။

"သေဟ!…ငါတော့ ရွာလည်ပြီ…"

မှန်၏။ သူ့ နဖူးသူသာ ထုပြီး အော်ငိုချင်စိတ်များ ပေါက်လာရလေတော့သည်။

***

## (2-a)

"ညွန့်အောင်.."

အဲဒီခေါ်သံကြားလိုက်ကတည်းက သူ ဝမ်းပျက်ချင်သလို ဝမ်းလျှောချင်သလို ဖြစ်လာရသည်။

အဲလို နာမည်မျိုးခေါ်တဲ့သူဆိုလို့ ဒီကမ္ဘာပေါ်မှာ သူ့ကို တစ်ဖက်သတ် ကြိုက်နေသည့် အပျိုကြီး ဒေါ်ထားသစ္စာနွယ် တစ်ယောက်သာ ရှိ၏။

မထားကြည့်ရတာ အချစ်ဝတ္ထုတော်တော်များများလည်း ဖတ်ထားပုံပေါ်သည်။ လူတိုင်းက အေးချမ်းလို့ ခေါ်နေတဲ့အချိန် သူမက တစ်ကမ္ဘာလုံးနဲ့တစ်ယောက် ဆိုသလိုတမူထူးပြီး ညွန့်အောင်လို့ ခေါ်ပစ်လိုက်မယ်ဟဲ့ ဆိုတဲ့ ရွှေဉာဏ်တော်မျိုးကို သူမ ဖတ်သည့် အချစ်ဝတ္ထုတွေထဲက ရထားဟန်တူ၏။

"မထားရယ်…အဲဒီ နာမည်ကြီး မခေါ်စမ်းပါနဲ့…စိတ်ဆင်းရဲလွန်းလို့…"

"ဟယ်..ဘာဖြစ်လို့လဲ…"

www.burmeseclassic.com

www.burmeseclassic.com



"အေးချမ်းဆိုလည်း အေးချမ်းပေါ့ဗျာ။ အေးချမ်းအောင်ဆိုလည်း အေးချမ်းအောင်ပေါ့။ ခုဟာက အေးတာရော၊ ချမ်းတာရော ညွန့်တာရော အောင်တာရော။ ဟာ ဘာတွေမှန်းကို မသိဘူး။ အဲဒါကြောင့် ညွန့်အောင်ဆိုတဲ့နှစ်လုံးကို တတ်နိုင်သလောက်ကို မေ့ထားတယ်။ စိတ်ပျက်လို့...။"

"တို့ကတော့ ကြိုက်တယ်.."

မထားက ပီချွဲပတ်ချွဲနှင့် သူ့မျက်နှာတည့်တည့် စိုက်ကြည့်ပြီးပြောတော့ သူ အော်ငိုချင်သွားရပြီ။ မတတ်နိုင်တော့။ အခုမှ စလုံးရေ စပဲ ရှိသေးသည်။ ထိုးကိစ္စအထိ ရောက်မလာသေး။ လူတော့ ကျွတ်စကီးပြနေလေပြီ။

"ဒီလိုလေ..ချာတိတ်ရဲ့...။ ယူတတ်ရင် အဲဒါ အောင်အတိတ်အောင်နမိတ်ကွ။ ညွန့်ဆိုတာက အညွန့်တလူလူ၊ အောင်ကတော့ အောင်မြင်ကျော်ကြားခြင်းပေါ့။ အဲဒါကြောင့်တို့က ယူ့နာမည်လေးကို အဖျားစွတ်ခေါ်ရတာ သိပ်ကြိုက်တယ်"

သူ စိတ်ပျက်လက်ပျက်နဲ့ သက်ပြင်းအရှည်ကြီးကို ချလိုက်ပြီး..။

"ဟင်း...ဘယ်လို ပြောရမလဲ...။ တကယ်တော့ အဲဒီနာမည်ကြီးက ဘာအဓိပ္ပာယ်ရယ်မှ မဟုတ်ပါဘူး။ အမေ့ အမေ ထ,ချကြရင်းကနေ ရသွားတာ။ အဘိုးဖြစ်တဲ့ ဦးချမ်းငြိမ်းက သူ့နာမည်ပါစေချင်။ အဘွားဖြစ်တဲ့ ဒေါ်အေးအေးဖြူကလည်း မြေးဖြစ်သူနာမည်ထဲမှာ သူ့နာမည်ပါစေချင် အဲ...။ အဖေဖြစ်တဲ့ ဦးညွန့်ဇော်ငြိမ်းကလည်း သားဖြစ်သူရဲ့ နာမည်ထဲ



မှာ သူ့နာမည် ပါစေချင်...အာ..တစ်ခါ...အမေဖြစ်တဲ့ ဒေါ်ဖြူဖြူအောင်ကလည်း သူ့နာမည် ပါစေချင်။ အဲလို့နဲ့ လင်မယားရော၊ သမီးယောက္ခမတွေပါ ထ,ချကြရင်းနဲ့ ကျွန်တော့်မှာ အဲလောက် ပြည့်များပြည့်စုံလှတဲ့ အေးချမ်းညွန့်အောင်ဆိုတဲ့ နာမည်ကြီး မှည့်ခဲ့ရတာပါဗျာ။ ဒါကြောင့်လည်း နာမည်ကြီးက သိပ်ကြီးကျယ်နေလွန်းလို့လားမသိဘူး။ လူက နာမည်အောက် ရောက်နေပြီး ဘာမှကို ဖြစ်မလာဘူး..."

"ခစ်ခစ်...ရယ်ရတယ်...ခစ်ခစ်..."

မထားက ဆယ်ကျော်သက်မလေးတွေ အိုက်တင်အတိုင်း ကိုယ်လေးတသိမ့်သိမ့်တုန်နေအောင် ရယ်နေလေ၏။ သူ့မျက်စိထဲမှာတော့ မျောက်အိုမကြီး ပုရွက်ဆိတ်အကိုက်ခံနေရတဲ့အတိုင်း မြင်နေမိသည်။

"ကျွန်တော်တော့ ကျွန်တော့်နာမည် သိပ်မုန်းတာပဲ..."

"အဲ...တို့ကတော့ ချစ်တယ်..."

"ဟင်...ဗျာ..."

"ဪ...အေးချမ်းညွန့်အောင်ဆိုတဲ့ နာမည်ကို ပြောတာလေ။ ယူ့နာမည်ရော ထားသစ္စာနွယ်ဆိုတဲ့ တို့နာမည်ရော မြင့်မြတ်တယ်။ အဓိပ္ပာယ်ပြည့်ဝတယ်။ အိုကွာ ကုန်ကုန်ပြောရမယ်ဆိုရင် နာမည်နှစ်ခုစလုံးဟာ တစ်ခုနဲ့တစ်ခုတောင် ဆက်စပ်နွယ်နေသလိုပဲ။ လူတွေ ဘုရားမှာ ဆုတောင်းကြတဲ့ ဆုတွေ အများစုက ယူနဲ့မထား နာမည်ထဲက စကားလုံးတွေ ချည်းပဲ..."

www.burmeseclassic.com



"သြော်…"

အပျိုကြီးတွေများ အားအားယားယား…။

အင်း…ဘာပဲပြောပြော…သူ ပြောလိုက်တော့လည်း ဟုတ်တုတ်တုတ် နာမည်ချင်း ပတ်သက်ဆက်နွှယ်နေရုံတင်မက …လူချင်းပါ ပတ်သက်ဆက်နွှယ်နေရသည် မဟုတ်ပါလား။

အေးချမ်းအလုပ်ဝင်နေသည့် Orchid ရတနာဆိုင်ကြီးရဲ့ ဖွဲ့စည်းမှုက အတော်ကြီး၏။ ရန်ကုန်တစ်မြို့ထဲမှာတင် ဆိုင်ခွဲ ငါးဆိုင်ရှိပြီး၊ နေပြည်တော် မန္တလေး၊ တောင်ကြီးမြို့များတွင် လည်း ဆိုင်ခွဲများရှိပြန်သည်။

အရောင်းဆိုင်ခွဲတွေ များသလို၊ ရတနာပစ္စည်းထုတ်လုပ်မှုမှာလည်း ကိုယ်ပိုင်ကျောက်မျက်တွင်းများစွာ ရှိပြီး၊ စက်ပန်းထိမ်ဌာနခွဲများ၊ ဒီဇိုင်းနှင့် အရေအသွေးထိန်းချုပ်ဌာနများ သူ့ အဆင့်နှင့်သူ ရှိကြရာ…။

အေးချမ်းမှာလည်း လုပ်သက်ရင့်လာသည်နှင့်အမျှ ယခုအခါမှာတော့ ဆိုင်ခွဲတစ်ခုရဲ့ အငယ်တန်းကြီးကြပ်ရေးမှူး တစ်ယောက် (Junior Supervisor)ဖြစ်လာရလေပြီ။ အပျိုကြီး မထားကတော့ အေးချမ်းနဲ့တစ်ဆိုင်တည်းမှာ တာဝန်ကျတဲ့ စာရင်းကိုင်(အကောင့်တန့်)တစ်ယောက်…

ပညတ်သွားရာ ဓာတ်သက်ပါဆိုသလိုပဲ အကောင့်တန့် ဖြစ်လေတဲ့ မထားတစ်ယောက် အကောင်တွေပါ ရပ်တန့်ပြီး အပျိုကြီးဖြစ်နေရလေသလားတော့ မသိပါ။ သူ လာပြီး သဖွယ် အူလိမ်တိုင်း အေးချမ်းစိတ်ရှုပ်ရ၏။



"ဒီညနေ ရုံးဆင်းရင် ညွန့်အောင်ကို မထားဒင်နာလိုက် ကျွေးမယ်။ မငြင်းရဘူးနော်"

"ဟောဗျာ…ဘာကိစ္စတုန်း…"

"ဟယ်…မထား ထီးလေးကျကျန်ခဲ့တာကို သိမ်းပေး ထားတဲ့အတွက် အမှတ်တရပေါ့။ ထီး ဓာတ်ပုံလေး ဖေ့ဘုတ် ပေါ် တင်တော့မှပဲ…ပျောက်နေတဲ့ မထားထီး အေးချမ်းဆီ ရောက်နေမှန်း သိတော့တယ်"

"အာ…အဲဒီ ထီးပိုင်ရှင်က သက်သက်ဗျ။ မထား ထီး မဟုတ်ဘူး…"

"ဟယ်…မထားထီးမှ မထားထီးစစ်စစ်ပါ ညွန့်အောင် ရယ်… အဆင်ရော၊ အရောင်ပါ ချွတ်စွပ်နော်။ ကဲပါလေ.. ညွန့်အောင် သိမ်းထားချင်တယ်ဆိုရင်လည်း သဘောပါပဲ..။ အမှတ်တရပေါ့…"

"မဟုတ်ဘူး…မဟုတ်ဘူး…"

အပျိုကြီးနဲ့ သူ ထိုသို့ တိုင်ပတ်နေစဉ်မှာပဲ…

"ကျောက်မျက်ကျွမ်းကျင် အရောင်းဝန်ထမ်း လျှောက် [illegible]ခေါ်ထားလို့လေ…အဲဒီ အင်တာဗျူးအတွက် ဘယ်သူ့ဆီသွား ရမလဲ…"

ဖျတ်…ကနဲ ရောက်လာလေတဲ့ မိန်းကလေးတစ် ယောက်ရဲ့ စကားသံကြောင့် သူ သူ အသံလာရာကို ကြည့်လိုက် တော့…

"ဟင်…"

www.burmeseclassic.com

www.burmeseclassic.com



သူ လုံးဝ အံ့သြသွားရလေပြီ။

အိမ်မက်များ မက်နေတာလား။

အရောင်းကျွမ်းကျင်ဝန်ထမ်းမလေးတွေ ထပ်ခေါ်မယ်လို့ သိထားခဲ့ပေမယ့် လာလျှောက်တဲ့အထဲမှာ သူမလေးပါလာလိမ့်မယ်လို့ သူ လုံးဝမှ တွေးမထား…။

ဟာ…။ ပျော်လိုက်တာ…။ ပျော်လိုက်တာ..။

ကြည့်စမ်း…ငါတို့ ဇာတ်လမ်းတွေ မပြီးဆုံးသေးဘူး။ ငါတို့ အိပ်မက်တွေ မပြီးဆုံးသေးဘူး။

သူ အံ့သြသွားရသလို တစ်ဖက် မိန်းကလေးမှာလည်း သူ့ကိုမြင်လိုက်သည်နှင့် အံ့အားသင့်သွားရပြီး…

"အဲ…ကို အာလူးပူတီ…"

"အဲ…ဟို..ဟို…မဖင်ပူ..အာ..မဟုတ်သေးပါဘူး"

ပျော်ရလွန်းလို့ ထခုန်မိမတတ် ဖြစ်သွားရလေပြီ။ ကြည့်စမ်း တက္ကစီကားပေါ်မှာ သူနဲ့အတူ စီးခဲ့ဖူးလေတဲ့ ကောင်မလေး။

"အလုပ်လာလျှောက်တာလား…ဝမ်း… ဝမ်းသာလိုက်တာ…"

မထားကတော့ အာလူးပူတီလို့ ယောင်ယမ်းခေါ်လိုက်မိတဲ့ ကောင်မလေးကိုရော၊ မှုန်ကုပ်နေရာကနေ ကောင်မလေးလည်းမြင်ရော ရုတ်တရက် ဝင်းပသွားရလေတဲ့ သူ့ကိုပါ မနာလိုတို့ ရှည်ဖြစ်သွားရပြီး…

"ဟို..ရှေ့တည့်တည့်ကိုကြွ။ ပြီးရင် ညာဘက်ချိုး။ အဲဒါ MD ရုံးခန်းပဲ…။ စွပ်ဆက်ပြီး တံခါးဖွင့်ဝင်မသွားနဲ့။



ခေါ်လိမ့်မယ်။ အဲဒီကျမှ ဝင်…"

မျက်နှာရှစ်ခေါက်ချိုးနဲ့ ဆရာမကြီး လုပ်ပြောလေတော့…။

ကောင်မလေး ထွက်သွားတော့မှ အေးချမ်းက…။

"မထား..ကျွန်တော် ဒီည ဒင်နာပေးမယ်ဗျာ…"

"ဟယ်…တကယ်.."

"တကယ်ပေါ့ဗျ…။ ကျွန်တော်ပျော်လွန်းလို့ပါ။ ပျော်ရ… ကျွန်တော်ရှာနေတဲ့ ကောင်မလေး အခုပဲ တွေ့လိုက်ရလို့လေ။ အင်တာနက်မှာ ကျွန်တော်တင်ထားတဲ့ ထီးက သူ့ထီးပေါ့"

အပျိုကြီးမမ သူ့စကားကြောင့် မချိုမချဉ်ဖြစ်သွားရပြီး..

"သြော်..ဒီလိုတွေလား…တော်ပါပြီ..မစားတော့ပါဘူး…"

ဖြစ်ရပြန်ပြီ။ အပျိုကြီးတွေများ အပြောင်းအလဲကများမှများ…

www.burmeseclassic.com

www.burmeseclassic.com

(3)

ချစ်စရာကောင်းတဲ့ မုန့်တိုင်းမလေး…။

ခုတော့ သူမအရှိန် နည်းနည်းလျော့စပြုနေပါပြီ။

ခိုးကြည့်တဲ့ ကိုယ့်အကြည့်တွေကို သူမလေး မိသွားတဲ့ အခါတိုင်း နှုတ်ခမ်းလေးမဲ့ကာ ပြုံးတတ်၏။

နာမည်လေးက ကြည်သွန်းဖြူ…တဲ့။

ဘယ့်နှာလေးမှန်းလည်း မသိ။

ကြက်သွန်ဖြူဆိုလည်း ကြက်သွန်ဖြူပေါ့။

သူကတော့ ကောင်မလေးကို ချစ်စနိုးနဲ့ ကြက်သွန်ဖြူ လို့သာ ခေါ်ချင်နေမိသည်။ သူလေးကလည်း ကိုယ့်ကို အာလူး ပူတီလို့ ခေါ်တယ်မို့လား…။ ချစ်စနိုးနဲ့တော့ ဟုတ်ပုံမပေါ်။

ခုလည်း ဆိုင်မှာ မျက်လုံးချင်းဆုံစည်းသွားရသဖြင့် သူ ကမန်းကတန်း ပြုံးပြလိုက်ရသည်။ ဒီနေ့ဟာ သူမ အလုပ် ဝင်တဲ့ နှစ်ရက်မြောက်နေ့…။



"ဒီဆိုင်မှာ သူရှိမှန်းသိရင်…ဒီအလုပ်ကို လျှောက်ဖြစ်ခဲ့ ခထင်ဘူး…"

အတည်ပေါက်ကြီး ပြောနေတာ မဟုတ်မှန်းတော့ သာသည်။

သူကတော့ ရယ်ကျဲကျဲနှင့်…။

"ငါက မင်းကို ကုန်းအဆုံးရေအဆုံး လိုက်ရှာနေတာ …"

"အယ်…ဘာဖြစ်လို့လဲ…"

"မင်းနဲ့တွေ့မှ ဖြစ်မှာမို့လို့ပေါ့…"

ကြည်သွန်းဖြူက နှာခေါင်းရှုံ့ကာ ခေါင်းယမ်းပြ၏။

"တကယ်…မင်း မယုံဘူးလား…"

နေ့လယ်နေ့ခင်း ဆိုင်မှာလူပါးသည်။ နောက်… ဆိုင်ရှင် ရှေ့မှာ ကိုယ်တိုင် လာမထိုင်သည့်ဆိုင်မို့ ကိုယ့်အထက်က ထူးမြင့်လူတစ်ယောက် အလုပ်ရှုပ်နေလျှင် ဆိုင်မှ ဝန်ထမ်းအ ချင်းချင်း ဒီလိုပဲ စကားပြောခွင့်သာသည်မို့ အေးချမ်းက…

"တကယ်…ဖေ့ဘုတ်ပေါ်မှာတောင် မင်းကို ငါရှာနေ အကြောင်း ကြော်ငြာထားသေးတယ်"

"ဟမ်…"

"ဟောဒီမှာ…"

ကြည်သွန်းဖြူက အေးချမ်းပြလာသည့် ဖုန်းပေါ်က သူမ ဓာတ်ပုံလေးကို ကြည့်လိုက်ရင်း…

"အယ်…အဲဒါ ငါ့ထီးလေး။ ပျောက်လို့ ငါရှာနေတာ

www.burmeseclassic.com

www.burmeseclassic.com



ကြာပြီ။ နင့်ဆီရောက်နေတာကိုး…”

“တက္ကစီပေါ်မှာ နင်မေ့ကျန်ခဲ့တာပါ..”

“နင်က ဒီလိုကျတော့လည်း လူအကောင်း အတိုင်းပါလား…”

“ဟင်…အစကတည်းက ငါက လူဆိုးမှ မဟုတ်တာ..”

“ခစ်ခစ်..ထားပါတော့..”

“နင့် ထီးလေး ငါပြန်ပေးမယ်။ ဒါပေမယ့် နင်ငါ့ကို သူငယ်ချင်းတော်ရမယ်နော်”

ကြည်သွန်းဖြူက ပြုံးသည်။

နောက်…ခေါင်းညိတ်ပြသည်။

အစိမ်းရောင် သမ်းခဲ့ဖူးတဲ့ အကြည့်တချို့ ပန်းရောင်ပြေပြေလေး ဖြစ်သွားသလို သူခံစားလိုက်ရ၏။

(4)

ပြာလွင်သည့် ကောင်းကင်မှာ ဆက်ရက်ကလေးနှစ်ကောင် ပျံသန်းသွားကြ၏။ One for sorrow, two for joy ဆိုသလိုပင် သူ အူမြူးနေသည်မှာ ဆက်ရက်ကလေးနှစ်ကောင်ကြောင့်လားတော့ မသိပါ။

“ကြက်သွန်ဖြူ..”

ကြက်သွန်ဖြူလို့ ချစ်စနိုးနဲ့ ခေါ်လေတိုင်း သွန်းက ခပ်မဲ့မဲ့လေး ပြုံးကာ ဘောက်ဆတ်ဆတ် ကြည့်တတ်၏။

“ပြောလေ…ဘာပြောမလို့လဲ…အာလူးပူတီ..”

“အာ..အဲဒီနာမည်ကြီး မခေါ်ပါနဲ့..။ ကိုယ့်ကို အချစ်း လို့ပဲ ခေါ်…နော်…”

မြက်ပင်နုနုရဲ့ ထိပ်ဖျားမှာ နားနေသည့် ပုဇင်းကလေးတစ်ကောင် ထ,ပျံသွား၏။ ဒီအချိန်ဟာ ကောင်မလေးကို ချစ်စကားပြောဖို့ အကောင်းဆုံးအချိန်လို့ သူ့ဘာသာနားလည်ပစ်လိုက်ရင်း…

www.burmeseclassic.com

www.burmeseclassic.com



"ဟိုမှာ…တိမ်တွေ မလှဘူးလား‥"

သူမက ဘာမှမပြော။ တိမ်တွေကိုသာ ငေးမောကြည့်နေလေ၏။

သူလည်း လူတတ်ကြီးလုပ်ပြီး တောင်စဉ်ရေမရတွေ လျှောက်ပြောနေမိပြန်သည်။

"မိုးရွာတော့မဲ့။ တိမ်တွေဟာ ဖြူရိုးထုံးစံမရှိဘူး။ တိမ်တွေဟာ မိုးရွာတော့မှ သူတို့အရောင်ကို ညစ်ထေးပစ်လေ့ရှိကြတယ်။ တိမ်တွေ မျက်နှာများကြတယ်လို့ ထင်သလား။ ဘယ်လိုသဘောရသလဲ သွန်း…"

တယ်ဟုတ်တဲ့ငါလို့ ကိုယ့်ကိုယ်ကို တွေးမိနေချိန် သူမသည်လည်း တယ်ပေါတာပဲလို့ တွေးမိနေနိုင်သေးတာပဲလေ။

ထားပါ…ခုတော့ ဘာကိုမှ သိပ်မခံစားတတ်တဲ့ပုံစံမျိုး (တကယ်က သူမရင်ခုန်နေတာပါ)နဲ့…

"ဘယ်သိမှာလဲ…ကျွန်မ ကဗျာမဆန်တတ်ဘူး‥"

"ကိုယ်ကတော့ ကဗျာဆန်တတ်နေပြီ…"

"ဘယ်တုန်းက စပြီးလဲ‥"

"ခု‥"

"ဟင်…"

"ကိုယ်ကဗျာဆန်တတ်လာတာ မင်းနဲ့ တွေ့ပြီးနောက်ပိုင်းမှာပါ သွန်းရယ်‥"

သွန်းက ခပ်မော့မော့လေးရယ်တော့ သူ အတင့်ရဲသွားပြီး….။



"ကိုယ်မင်းကို အရမ်းချစ်နေမိပြီ သွန်း…ကိုယ့်ကိုပြန်ချစ်ပါလားဟင်…"

သူ့ရဲ့ ချစ်စကားကြောင့် မိုးကောင်းကင်ကြီးပင် ရုတ်ချည်းဆိုသလို အရည်တွေပျော်ကျလာပြီး…။

"ဂျုံး…ဝုန်း‥"

မိုးတွေသည်းသည်းမဲမဲ ရွာလာလေသည်။

သွန်းက ရုတ်တရက် ရွာချလာသည့်မိုးကို ကြောင်အမ်းအမ်း ငေးကြည့်နေစဉ် သူ သွန်းကို တင်းကျပ်စွာ ဖက်ပွေ့ထားလိုက်လေ၏။

"ချစ်တယ်…သွန်းရယ်…။ အရမ်းကိုချစ်တယ်"

"အို…လွှတ်ပါ‥"

သူတို့ နှစ်ယောက်လုံး မိုးရေတွေ ရွှဲစိုကုန်လေပြီ။ နှင်းသွန်းလို့ နှုတ်ခမ်းများပင် တဆတ်ဆတ်တုန်နေလေပြီ။

"ဒိန်း…ဒလိမ်း…ဝုန်း…"

ရုပ်ရှင်ထဲမှာဆိုရင်တော့ ဒီအခန်းက ဇာတ်ရှိန်အမြင့်ဆုံးအခန်းတစ်ခုဆိုပါတော့…။ ဇာတ်ရှိန်က အထွဋ်အထိပ်ရောက်ပြီဆိုကာမှ အနားနားကပ်ပြီး ပစ်ထည့်လိုက်တဲ့ မိုးကြိုးကြောင့်…။

"အား…အမလေး…"

ဆံပင်မွေးများ ထောင်တက်သွားရပြီး ခုတင်ပေါ်ကနေ မြောက်လက်မလောက် မြောက်တက်သွားရလေတော့သည်။

ဟာ…။ အိပ်မက်…။ ငါ အိပ်မက်မက်နေတာပါလား။

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်…ပြတင်းပေါက် ပိတ်အိပ်ဖို့ ငါမေ့သွားပြီ…"

မှန်သည်။

သူ့တစ်ကိုယ်လုံးရော၊ ခုတင်ပေါ်က မွေ့ယာတွေပါ ပြတင်းပေါက်က ပက်သည့် မိုးရေတွေကြောင့် ရွဲရွဲစို…။

"ဟာ…သွန်းထင်ပြီး ငါဖက်ထားတာကြီးက ခွလုံးကြီးပါလား…"

ဟူး…။

အဲဒီလို ကမောက်ကမ အိပ်မက်တွေနဲ့ မိုးလင်းရပေါင်းများလာတော့ အပြင်မှာတွေ့တဲ့အခါ သွန်းကို ဖွင့်ပြောလိုက်ချင်ပြီ။

Orchid တစ်ဆိုင်လုံးလည်း သွန်းကို သူ ရင်ခုန်နေကြောင်း သိတန်သလောက် သိနေကြပြီ။ သွန်းကတော့ မသိဟန်သာ ဆောင်နေ၏။

သိပ်စိတ်ပုပ်တဲ့ ကောင်မလေး။

နေ့လယ် ထမင်းစားချိန်တိုင်း သူမန်ဘေး ကိုယ်က ကပ်ထိုင်ဖို့ ကြိုးစားရသလို။ ကိုယ့်နံဘေးကပ်ထိုင်ဖို့ ကြိုးစားမည့် မထားနှင့်မဆုံဆည်းအောင် ရှောင်ရသည်မှာလည်း အလုပ်တစ်လုပ်။

ဒီနေ့ နေ့လယ်တော့ သူ ကံကောင်းပြီး ထမင်းစားနားသည့်အခါ သွန်းနံဘေးမှာ ထိုင်ခွင့်ရရှိသွား၏။

သူမ ထမင်းချိုင့်ဖွင့်တဲ့အချိန် သူ မသိမသာ မျက်လုံးဝဲ စပ်စုကြည့်လိုက်ရင်း



"အင်း…မင်း ဟင်းက ဒါပဲလား…"

"ဒါပဲပေါ့…မနက်က မိုးတွေအရမ်းသည်းတော့ ဈေးသွားနိုင်ဘူး။ ဖြစ်သလို ထည့်လာတာ"

ကြက်ဥမွှေကြော်၊ ငါးခြောက်ကြော်နဲ့ ပဲဟင်းချိုသာပါသည့် ထမင်းချိုင့်လေးကို ကြည့်ကာ သူ သက်ပြင်းအသာအယာချလိုက်ရင်း…။

"ကြက်အသည်းအမြစ်ဟင်း ကြိုက်ရင် ယူစားပါလား။ ကိုယ့်ကို ကြက်ဥမွှေကြော် ပြန်ပေးလေ…ဘယ်လိုလဲ.."

"မစားတော့ပါဘူး…စားပါ…ကိုယ့်ဟာကို…"

"ကြက်အသည်းအမြစ် သိပ်မကြိုက်လို့ပါ…လဲလိုက်ပါလား…။ ကြက်ဥမွှေကြော်နဲ့…"

တကယ်တော့ သူညာနေပြောနေခြင်းဖြစ်ပြီး၊ သွန်းကိုယ်တိုင်ကလည်း သူမကို စားစေချင်သည့် စေတနာနှင့် ညာပြောနေမှန်း ရိပ်မိလေသည်။

အင်း…ဒီလူဟာ သူမကို သိပ်ပြီး ဖေဖာပေးတာပဲ…

တွေ့စက ကမောက်ကမနိုင်ခဲ့သလောက်…ခုလိုကျတော့လည်း ချစ်စရာကောင်းပါလားလို့ တွေးမိရင်း…

"ကြက်အသည်းအမြစ်ကို သွန်းလည်း မကြိုက်လို့ပါ။ အေးချမ်းပဲ စားလိုက်ပါ။ မကြိုက်ဘဲ ဘယ်သူမှ ထည့်မလာပါဘူး စားပါ…"

"ဟာ…မဟုတ်ဘူး..။ ကိုယ့်ထမင်းဗူးကို ကိုယ့်အမေထည့်ပေးလိုက်တာ မဟုတ်ဘူး။ ကိုယ့်အကြောင်းသိတဲ့ အဒေါ်

www.burmeseclassic.com

www.burmeseclassic.com



က ထည့်ပေး…”

ဒီတစ်ချီမှာလည်း ရုပ်ရှင်တွေထဲကအတိုင်း ဇာတ်ရှိန်က မြင့်တော့လာခဲ့သည်။ သို့သော် ဇာတ်ရှိန်မြင့်လာသည့်အချိန်ရောက်တော့မှ အနှောင့်အယှက်ပေးလာသူက အိပ်မက်ထဲကလိုမိုးကြိုးတစ်စင်းမဟုတ်ဘဲ အပျိုကြီးမထားဖြစ်နေလေတော့၏။

“ဟယ်…ဒါဆို မထားဆီက ကြက်ဥကြော် ယူစားလေ‥။ ညွန့်အောင်က အသည်းအမြစ်မကြိုက်ဘူးလား…အိုကေ…။ အိုကေ…။ ညွန့်အောင် အသည်းလေး မထားယူစားလိုက်ပါ့မယ်…”

ဟိုက်‥အပျိုကြီးကတော့ လုပ်ပြီ။ သူများ သားသမီးတွေပြေလည်နေကြတာကို လာနှောင့်ယှက်တဲ့အပျိုကြီး၊ အသည်းအမြစ်ဟင်းလို ဒယ်အိုးထဲထည့်ပြီးပဲ အေးချမ်း ဆီပြန်ဟင်းချက်ပစ်ချင်လိုက်တော့၏‥။

မဖြစ်။ ဒီကိစ္စက ခုရုပ်မှနှောင်ရှင်း။

အစောကတည်းက ပြတ်ပြတ်သားသား ကိုင်တွယ်ထားမှ ဖြစ်ချေမည်။

“မထား…ဘာလုပ်တာတုံး…။ ကျွန်တော့်အသည်းထသွန်းအတွက်ဟာ‥”

အေးချမ်းစကားကြောင့် မထား ‘ကွက်’ကနဲ မျက်နှာပျက်သွားရကာ…

“အဲ…မသိပါဘူးတော်။ အဲဒီအသည်းကို သူ့ပေးလိုက်ကိုယ့်ပေးလိုက်နဲ့ နှစ်ယောက်စလုံး အသည်းမကြိုက်ဘူး ထင်လို့



…”

“အသည်းအမြစ်ဟင်း‥ကျွန်တော်ကြိုက်တယ်ဗျ‥သူ ချင်လို့ မကြိုက်ဘူး ဟန်ဆောင်နေတာ‥အဟီး‥စိတ်မ နော်…။ ကျွန်တော့်ဟင်း ကျွန်တော်ပြန်ယူလိုက်ပြီ”

ပြောပြောဆိုဆိုနဲ့ လက်ရဲဇက်ရဲ ယူသွားတဲ့ မထားချိုင့် ကြက်အသည်းအမြစ်ဟင်းကို ဇွန်းနဲ့ ပြန်ခပ်လေတော့ ည်သွန်းဖြူတို့ ရယ်ချင်စိတ်ကို မနည်း ကြိတ်မှိတ်မျိုသိပ်ထား သတော့၏။

“ဘာသိလို့လဲ…အဲဒီ အပျိုကြီးက ဇွတ်‥”

မထားမကြားနိုင်လောက်တော့မှ သူ လေသံဖွဖွနှင့် ရလေ၏။

“အဲလို ပြန်ယူတော့ သူရှက်သွားမှာပေါ့…ရှင်လည်း ပဲ…”

“ဇွတ်ဆိုလည်း ဇွတ်ပေါ့…။ ကိုယ့်အသည်းက အတွက်ပဲ။ မင်းမယူလို့လည်း တခြားလူလက်ထဲ အရောက် ဘူး။ ဒါ့ကြောင့် ကိုယ့်အသည်းကိုယ်ပြန်သိမ်းလိုက် တာ”

ဟာ…ဟ။

ဆီပြန်ဟင်းတစ်ခွက်နဲ့ လူကို ရည်းစားစကားပြောတော့ နဲ့ တူတယ်။

ကြည်သွန်းဖြူ မချိုမချဉ်ပြုံးနေမိစဉ် အေးချမ်းမှာလည်း ပြောချင်နေသည့် စိတ်ကို မနည်းကြိတ်မှိတ်ထိန်းချုပ်ထားရ သည်။

www.burmeseclassic.com

www.burmeseclassic.com



တော်ပါပြီ..။

ထမင်းစားနေတုန်းကြီးတော့ မပြောချင်ပါဘူး။

ကိုယ် ချစ်နေတာ သူသိနေပြီပဲ။

မသကာ...ဒီညနေ အလုပ်ဆင်းတော့မှ ဘတ်(စ်)ကား မှတ်တိုင်မှာ ကားစောင့်ရင်း ပြောကြတာပေါ့...။

သူရော၊ ကိုယ်ပါ စောင့်ရသည့် ရွှေဘိုသည် အ က နာရီဝက်လောက်နေမှ တစ်စီးလောက်လာတာမို့၊ စကားပြော ချိန် အများကြီး ရဦးမည်။

ဒီလိုနဲ့ အိပ်မက်ထဲမှာ ချစ်သူဖြစ်ခဲ့ရသည့်သူမ အပြင်မှာ ရည်းစားစကားပြောရန် ရုံးဆင်းချိန် စောင့်ရပြန်သည်။

တကယ်တမ်း ရုံးဆင်းချိန်ရောက်တော့ လူတိုင်းလို နွမ်းလျှညှိုးလျော်နေပေမယ့် အေးချမ်းကတော့ အချစ်စိတ်တွေ တက်ကြွဖျတ်လတ်နေတော့၏။

"သွန်း..ဒီမှာ အလုပ်လုပ်ရတာ ပျော်လား"

"ဘယ်လိုခေါ်မလဲ...။ အဆင်ပြေတယ်ပေါ့။ ဒီအလုပ် မလျှောက်ခင်ကတည်းက ကျောက်မျက်သင်တန်းဆင်းထားတာ ဆိုတော့လေ။ တကယ်လုပ်ငန်းခွင်ဝင်တဲ့အခါ ဘာမှ အခက်အခဲ မရှိဘူးပေါ့။ ရတဲ့လစာကလည်း မများပေမယ့် မနည်းဘူးဆို တော့ ကိုယ့်အလုပ် ကိုယ်ကျေနပ်တယ်ပြောရမှာပေါ့။ ရှင်ရော-- ရှင့်အလုပ် ရှင့်ရာထူးအပေါ် ကျေနပ်ရဲ့လား"

"ပွင့်ပွင့်လင်းလင်းပြောရရင် ကိုယ်က သာမာန်အညတြ လူတစ်ယောက်ပဲ။ ဘဝက ရွေးချယ်ခွင့် အရမ်းနည်းလွန်းတယ်



လား။ ဆယ်တန်းအောင်ပြီးကတည်းက management & niess သင်တန်းတွေ တစ်ဆင့်ပြီးတစ်ဆင့် တက်လာခဲ့ ည်း ဒီလို ရာထူးလိုချင်လို့ပဲ။ ကိုယ် ဒီဆိုင်မှာ အလုပ်စ န်းက သာမန်အောက်ခြေဝန်ထမ်းကပါပဲ။ ကိုယ့်လုပ်သက် လောက်ရှိပြီထင်လဲ..."

"ဘယ်လောက်လဲ.."

"ခြောက်နှစ်ရှိပြီ..."

"အိုး...ရထားတဲ့ ရာထူးက လုပ်သက်နဲ့ ယှဉ်လိုက် တော့ သိပ်အံ့သြစရာတော့ မရှိလှဘူး..."

"ဒါပေါ့...ဒါပေါ့...နောက်ထပ်တစ်ဆင့်ရာထူး တိုး ရင် ခုလို ဘတ်(စ်)ကား စောင့်စီးစရာမလိုတော့ဘူးလေ...။ င်နံးသုံး ပစ်ကပ်တစ်စီး အလုပ်ချိန်မှာ ယူထားလို့ရပြီ..."

"အလို့.."

"အဲဒီအခါကျရင် မင်းကိုလည်း ခုလို ဘတ်(စ်)ကား အစီးမခိုင်းပါဘူး။ ကိုယ် အကြိုအပို့လုပ်ပေးမယ်.."

"အဟားဟားဟားဟား...."

"တကယ်ပြောတာ...ဘာရယ်တာလဲ..."

"ရှင်က အရမ်းစိတ်ကူးယဉ် တတ်လို့လေ.."

"ဘယ်အလုပ်မဆို စိတ်ကူးစိတ်သန်းကနေပဲ စကြရတာ ကလေးမရယ်..."

"ထားပါတော့..."

"ထားပါတယ်..."

www.burmeseclassic.com

www.burmeseclassic.com



ဘတ်(စ်)ကား မှတ်တိုင်မှာ လည်တဆန့်ဆန့်နဲ့ ရွှေညှော်သည်အလာကို မျှော်ရင်း ပြောဖြစ်ကြတဲ့ စကားတွေ။

အိမ်အပြန်နောက်ကျမည်စိုးသဖြင့် သူမကတော့ ရွှေချည့်သည်ကို အမြန်လာစေချင်နေပြီး၊ ရည်းစားစကားပြောချင်နေသော သူကတော့ ရွှေချည့်သည်ကို မလာစေချင်သေးပါ။

ကြည်သွန်းဖြူကို သူ ခပ်တိုးတိုးလေး ခေါ်လိုက်မိပြန်သည်။

"သွန်း…"

"အင်း…ပြော…"

"နေ့လယ်က အသည်းအကြောင်း ဆက်ပြောရအောင်-.."

"အဲဒီ အသည်းက ရှင့်ဗိုက်ထဲရောက်သွားပြီ မဟုတ်လား…"

"ဟုတ်တယ်လေ…အမျိုးကြီး ရန်ကြောက်လို့…"

ဘာရယ်မဟုတ် နှစ်ယောက်သား ရယ်မိကြပြန်၏။

ပြာလွင်သည့် ကောင်းကင်မှာ ဆက်ရက်ကလေးနှစ်ကောင် ပျံသန်းသွားကြသည်ကို သူ မြင်ဖြစ်အောင် မြင်သွားလိုက်ပြန်သေးသည်။

One for sorrow, two for Joy....အို… အဲဒီ ဆက်ရက်ကလေးနှစ်ကောင်ကြောင့် ငါပျော်ရွှင်ကံကောင်းပါရစေလား…

ညနေခင်းမှာ တိမ်တွေလှနေလိုက်ကြတာလဲ အိပ်မက်



ထဲကအတိုင်းပါပဲလား…။

"ဟိုမှာ‥တိမ်တွေမလှဘူးလား…"

သူ စတင်ပြီး အိပ်မက်အကွက် တချို့ နင်းမိပြန်သည်။

"မိုးရွာတော့မယ့် တိမ်တွေဟာ ဖြူရိုးထုံးစံမရှိဘူး။ တိမ်တွေဟာ မိုးရွာတော့မှ သူတို့အရောင်ကို ညစ်ထေးပစ်လေ့ရှိကြတယ်။ တိမ်တွေ မျက်နှာများကြတယ်လို့ ထင်သလား၊ ဘယ်လို သဘောရလဲ သွန်း…"

"ဘယ်သိမှာလဲ…ကျွန်မ ကဗျာမဆန်တတ်ဘူး"

"ကိုယ်ကတော့ ကဗျာဆန်တတ်နေပြီ‥"

"ဘယ်တုန်းက စပြီးလဲ…"

"ခု…"

"ဟင်…"

"ကိုယ်ကဗျာဆန်တတ်တာတော့ မင်းနဲ့တွေ့ပြီးနောက်ပိုင်းကျမှပါ သွန်းရယ်…"

အရာရာဟာ အိပ်မက်နဲ့ ကွက်တိကြီးပါပဲလား…။

ခုအချိန် ပါးစပ်က မောင်းတံဖြုတ်ချလိုက်တာနဲ့ အချစ်ဆိုတဲ့ ကျည်တစ်တောင့်က သူမရင်ဘတ်ကို လှလှပပဖောက်ထွင်းဝင်ရောက်သွားတော့မည်လေ…။

"သွန်း…မင်းကိုလေ…ငါ…"

"ဟာ…ရွှေချည့်သည်လာပြီ…ကြည့်စမ်း‥ဒီနေ့ ဘယ်မီနှစ်တောင် စောတယ်"

ဟား….။

www.burmeseclassic.com

www.burmeseclassic.com



"တံတားဖြူ၊ မာလာ၊ လှည်းတန်း၊ မြေနီကုန်း မရောက်ဘူး။ ကြည့်မြင်တိုင်ဘက်က ပတ်သွားမှာ ရောက်တယ်၊ ရောက်တယ်။ ယုဇန ပလာဇာ၊ မင်္ဂလာဈေး၊ မင်္ဂလာဈေး"

ဒီမှတ်တိုင် မရောက်ခင် ချီးကားနဲ့ဝင်တိုက်ပြီး ဆယ့်ငါးမိနစ်လောက် နောက်ကျလိုက်တော့ ဘာဖြစ်မှာမို့လဲ ရွှေညို သည်ရယ်။

အဲဒီလို ကျိန်ဆဲလိုက်ရုံကလွဲပြီး သူဘာမှ မတတ်နိုင်ခဲ့…။

(5)

လယ်ကွင်းစိမ်းစိမ်းများက လေတစ်ချက် ဝှေ့တိုက်လိုက်သည်နှင့် ထ,ပျံတော့မတတ် ယိမ်းနွဲ့နေသည်။

တောင်စဉ်တောင်တန်း မှိုင်းညို့ညို့တွေက ဟိုး… ·အဝေးမှာ…။

အနက်ရောင် အမောက်ကလေးများနှင့် ရင်အုပ်နီနီ အွတ်ကလုံငှက်ကလေးများ၊ ဓာတ်ကြိုးတွေပေါ်မှာ နားနေကြသည်ကို ဖျတ်ကနဲ ဖျတ်ကနဲနှင့် ခဏခဏ တွေ့နေရသည်။

သူက ကားကို အရှိန်ပြင်းပြင်းမောင်းနှင်လျက်ရှိပြီး ကြည်သွန်းဖြူက နံဘေးမှ ထိုင်လိုက်လျက်ရှိ၏။ ကားတစ်စီးမှာ သူတို့နှစ်ယောက်တည်း နောက်ပြီး ဟိုင်းဝေးလမ်းမကြီးပေါ်မှာ။

ကျိုးပြီး ပြောထားပါရစေ။ အိပ်မက်ထင်ပြီး သင်တို့ရယ်မောကြပါနှင့်။

ဒါဟာ တကယ့်အဖြစ်အပျက်ပါ။

www.burmeseclassic.com

www.burmeseclassic.com



သွန်းကို ချစ်မိနေကြောင်း ဖွင့်ပြောဖို့ ကြံတိုင်း၊ အနှောက်အယှက်တစ်ခုမဟုတ် တစ်ခုဝင်တတ်သည့် သူ့အဖြစ်ကို မိုးနတ်မင်းကြီး သနားသွားရပြီ ထင်ပါ၏။

တစ်ရက်မှာတော့ ကြုံတောင့်ကြုံခဲ အခွင့်အရေးကြီးတစ်ခုဟာ အတောင်ပံပေါက်ပြီး သူ့ဆီတည့်တည့် ရောက်ရှိလာရလေပြီ…။

"မင်းတို့ နှစ်ယောက်…။ အေးချမ်းညွန့်အောင်နဲ့ ကြည်သွန်းဖြူပေါ့။ နေပြည်တော်မှာ လုပ်မယ့် ဈေးပွဲတော်မှာ တို့ Orchid လည်း ပါမယ်။ မင်းတို့နှစ်ယောက် နေပြည်တော် သွားရမယ်"

"ဟုတ်…"

ချစ်ရသူနဲ့ အတူခရီးထွက်ရမှာမို့ အပျော်လွန်ပြီး သူ အတော်မျက်နှာပိုးသတ်ထားရသည်။ ကြည်သွန်းဖြူကတော့ အလုပ်ဝင်ပြီး သိပ်မကြာခင် နယ်ဆင်းရ၍ သိပ်တော့မကြိုက်လှ။

"ဟိုမှာ တို့ အရောင်းမြှင့်တင်မယ်။ တစ်ပတ်တိတိပေါ့။ အသေးစိပ် ပရိုဂရမ်ကို ပြီးမှ ထပ်တိုင်ပင်မယ်။ အသွားကိုတော့ မင်းတို့ အိတ်(စ်)ပရက်စီးပြီးသွားရမယ်။ မင်းတို့အပြင် ရန်ကုန်က တခြားဆိုင်ခွဲက ဝန်ထမ်းတွေပါ ပါလိမ့်မယ်။ အဲ…အပြန်ကိုတော့…"

MD ဦးမင်းပိုင်က စကားကို ခဏရပ်လိုက်ပြီး အေးချမ်းကို ခပ်နက်နက်ကလေး စိုက်ကြည့်ကာ…

"ကိုယ် ကားတစ်စီး စီစဉ်ပေးမယ်။ အေးချမ်း ကိုယ်တိုင် မောင်းရမယ်။ နောက်…ဆက်သွယ်ရမယ့် လိပ်စာ တစ်ခု ကိုယ်ပေးလိုက်မယ်။ အဲဒီကို ဝင်ပြီး သူတို့ထည့်ပေး လိုက်တဲ့ ပစ္စည်းတွေကို ယူ၊ ရန်ကုန်ကိုတစ်ခါတည်း မောင်းပြီး ပြန်ခဲ့။ အေးချမ်းနဲ့အတူ ကြည်သွန်းဖြူပါ အဲဒီကားနဲ့ ပြန်လိုက်ခဲ့…။ ဖြစ်မလား…"



အောင်မလေး။ ပျော်ရလွန်းလို့ အေးချမ်း၊ MD ကို ပြေးဖက်ပြီး အာဘွားကြီးတောင် ပေးပစ်လိုက်ချင်တော့သည်။

"ဖြစ်တယ် အန်ကယ်…။ ဖြစ်တယ်…ဖြစ်တယ်…ဟုတ်ကဲ့…"

"ဟိုကလေးမ ငြိမ်နေတယ်။ ညည်းရော…"

"ဟုတ်ကဲ့…ရပါတယ်…ဆရာ…"

မရလို့ ဘယ်ဖြစ်မတုံး။ သူတို့က အလုပ်ရှင်ကိုး…။

ကြည့် ဦး…။ မိုင်နှစ်ရာလောက် ခရီးကို ယောကျ်ားတစ်ယောက်နဲ့အတူ သွားရမတဲ့…။

အေးချမ်းနေရာမှာ တခြား အခွင့်အရေးယူတတ်တဲ့ အကြံသမားဆို ဘယ်လိုလုပ်မလဲ…။

အို…အေးချမ်းကရော…ဘာထူးလဲ။ အဲဒီ အပြန်လမ်းမှာ ကိုယ့်ကို ရည်းစားစကားပြောကို ပြောမှာ…။ သိနေသလိုကြီး…။ ကိုယ်ကရော…သူ့ကို ချစ်နေမိပြီလား…အိုး…စိတ်ရှုပ်လိုက်တာ…။

"ကောင်းပြီ…ဒီကိစ္စကို မင်းကို ရွေးပြီးခိုင်းရတာက အကြောင်းရှိတယ်။ မင်းက သိပ်ကို ရိုးသားလို့ပါ အေးချမ်း"

www.burmeseclassic.com



MD ရဲ့ စကားက ကားနှင့်သွားယူရမယ့် ပစ္စည်းကို အထူးတလည်စောင့်ရှောက်ဖို့ ဖိအားပေးလိုက်တဲ့စကားမှန်း သွန်းရော အေးချမ်းပါ ရိပ်မိကြပါသည်။

ဒါကြောင့် သူ လျင်မြန်စွာ ခေါင်းညိတ်ပြလိုက်ပြီ..။

''စိတ်ချပါအန်ကယ်...အန်ကယ်ခိုင်းတဲ့ တာဝန်ကို ကျွန်တော် ကျေအောင်လုပ်ခဲ့ပါ့မယ်။ စိတ်ချပါ...''

အဲဒီလိုနဲ့ သူနဲ့ကြည်သွန်းဖြူ နေပြည်တော်သို့ ပရိုးမိုး ရှင်းကိစ္စနှင့် တစ်ပတ်တိတိ ရောက်ခဲ့ကြသည်။

ရတနာပစ္စည်း ဆိုတာက သိတဲ့အတိုင်း တန်ဖိုးကလည်း ကြီး၊ တာဝန်ကလည်းကြီးနှင့် ဒီကြားထဲ အေးချမ်းကို အလုံးစုံ တာဝန်ပေးအပ်ထားသဖြင့် နေပြည်တော်ရောက်နေသည့် တစ် ပတ်လုံးလုံး ကြည်သွန်းဖြူ ဖြူသလား၊ မည်းသလားပင် အေး ချမ်း ဂရုမစိုက်နိုင်ပါ။

သိန်းပေါင်း ရာထောင်ချီနေသည့် ငွေများ အလေအ လွင့်၊ အပျောက်အရှ၊ အမှားအယွင်းမရှိရလေအောင် သတိထား ကိုင်တွယ်ရင်း၊ ပရိုမိုးရှင်းပွဲပြီးသည်နှင့် ဘဏ်ကနေ ငွေလွှဲပေး ပြီးတော့မှ သူ အသက်ရှူ ချောင်သွားရလေ၏။

ကဲ...ဒီနေ့ကတော့ဖြင့် အားလုံး သာသာယာယာပင်။

ရတနာသူဌေး စီစဉ်ပေးထားသည့် လိုက်ထရပ်ပစ်ကပ် ကို မောင်းကာသွားရမည့် လိပ်စာအတိုင်း သွားပြီး၊ ပေးလိုက် သည့် အထုပ်များ တင်ဆောင်လျက် ချစ်ရသူကို ခေါ်ဆောင် ပြီး ရန်ကုန်ဒိုးခဲ့ ချေပြီ..။



အိပ်မက်ထဲက မိုးကြိုးကိုလည်း ကြောက်စရာ မလိုတော့။

အဖျိုကြီးမထားနဲ့ စိတ်ပုပ်တဲ့ ကားကြီး ရွှေခြည့်သည် အခါကိုလည်း ကြောက်စရာမလိုတော့....။

ကဲ...မင်း ဘယ်ပြေးမလဲ မိရွှေသဲ...။

www.burmeseclassic.com

www.burmeseclassic.com

## (5-a)

"ရှင်မောင်းမယ့်ကား စီးရမယ်ဆိုတာ စသိတုန်းက သွန်းတွေးပြီးကြောက်မိတယ်"

"ဟင်...ဘာလို့လဲ..."

"သွန်း အသက်ကို ရှင့်လက် ပေးထားရတာလေ...ရှင်ဒီလောက် ကားမောင်းကျွမ်းကျင်လိမ့်မယ်လို့ မထင်ထားခဲ့မိဘူး။"

ကြည်သွန်းဖြူစကားကြောင့် အေးချမ်းခပ်ဟက်ဟက်ကလေး ရယ်လိုက်ကာ

"ကိုယ် ကားမောင်းတတ်တာ ကြာပြီကွ။ ငါးနှစ်လောက်ရှိပြီ။ Orchid ကပဲ သင်ပေးထားတာလေ..."

"ဟယ်..ဟုတ်လား..ကျွန်မတို့ အလုပ်ရှင်သူဌေးက အရမ်းသဘောကောင်းတာပဲနော်"

"ဟားဟားဟား..မင်းက အဲလိုထင်နေတာလား သွန်းရယ်..."



"ဟင်..အဲလို မဟုတ်ဘူးလား.."

"စီးပွားရေးသမားဆိုတာ ကိုယ့်အကျိုးအမြတ်မရှိဘဲ ...သူ့အပေါ်မှ သဘောကောင်းပြလေ့မရှိဘူး။ အရည်အချင်း ...တဲ့သူတွေကို ကားမောင်းသင်ပေးတာ ဟုတ်တယ်။ လစာ ...တိုးပေးတာလည်း ဟုတ်တယ်။ တစ်ဖက်မှာ သီးသန့်ခန့် ...တဲ့ ဒရိုင်ဘာတွေကို ဖြုတ်ပစ်လိုက်တယ်လေ"

"အဲ...ဘာအဓိပ္ပာယ်လဲဟင်.."

"ချစ်တီးကျတာပေါ့ကွာ..။ ဒရိုင်ဘာကို အလုပ်ကိစ္စ ...သင်ပေးလို့ရမှာမဟုတ်ဘူးလေ။ ဒါ့ကြောင့် အလုပ်က ...ကျင်ဝန်ထမ်းကိုပဲ ကားမောင်းသင်ပေးပြီး ဒရိုင်ဘာတစ်ပိုင်း ...ထမ်းတစ်ပိုင်း ခန့်ပစ်လိုက်တဲ့သဘော။ အလုပ်ကိစ္စနဲ့ ရုံးတွေ ...တွေသွားရတဲ့အခါ စိတ်ချရတဲ့ဝန်ထမ်းကို ကားမောင်းခိုင်း ...လေ။ ဒရိုင်ဘာတွေကို ဖြုတ်ပစ်လိုက်ကြတယ်"

"ဪ..."

"ခုလို ကိစ္စမျိုးဆိုလည်း ကြည့်လေ။ ကိုယ့်ပဲ ကား ...မောင်းခိုင်းလိုက်တော့ ဒရိုင်ဘာကို ပေးရမယ့် လုပ်အားခ ...သက်သာသွားဘူးလား။ ဒါပေမယ့် ပြဿနာ မရှိပါဘူး။ ...ယ်လည်း ကားမောင်းတတ်သွားတာပေါ့။ နိုင်ငံရေးမှာသုံးတဲ့ ...in Win solution ဆိုတာ ဒါမျိုးကို ခေါ်တယ် ထင်တာပဲ"

ဘာရယ်မဟုတ်..။ နှစ်ယောက်သား ရယ်မိကြသည်။

"သွန်း"

ဒီအသံက ပါးစပ်ဖျားက လာခြင်းမဟုတ် နှလုံးသား

www.burmeseclassic.com

www.burmeseclassic.com



ထဲက လာနေခြင်းဖြစ်မှန်း သူမ သဘောပေါက်ပါသည်။

သူ့ကို သူမလည်း နှစ်သက်နေမိပြီ။ ပိုက်ဆံအချမ်းသာကြီး မဟုတ်သော်ငြား ရိုးသားကြိုးစားသည့် လူငယ်လေးတစ်ယောက်၊ နောက်…ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်နေနိုင်သည့် လူငယ်တစ်ယောက် မဟုတ်ပါလား…။

"ဘာလဲဟင်.."

အမှတ်မထင် ဆုံစည်းသွားကြတဲ့ အကြည်နှစ်ခုနဲ့တင် တစ်ယောက်ကို တစ်ယောက် နားလည်နေကြပြီ…။

"ခုလို…ကိုယ့်နံဘေးမှာ တစ်သက်လုံး သွန်းရှိနေမေပါလားဟင်…"

သူမ မသိမသာ ခေါင်းကလေး ငုံ့သွား၏။

"တကယ်ပါ…။ သွန်း.. ကိုယ့်နံဘေးမှာ ရှိနေတာကိုက ဘဝရဲ့ ပြည့်စုံမှုတစ်ခုလို့ ကိုယ်ထင်နေမိတယ်။ ဒီလိုခံစားချက်မျိုး ဘယ်မိန်းကလေးနဲ့မှ ကိုယ် မဖြစ်ဖူးသေးဘူး"

"…. …. …."

"သွန်း… … …"

"… … …"

"သွန်းကို ကိုယ်ချစ်တယ်…"

သွန်းက ဘာမှမပြော။ နှုတ်ခမ်းကလေးသာ ဖိကိုက်ပြီး ကားပြတင်းပေါက်မှတစ်ဆင့် အဝေးက ရှုခင်းများကိုသာငေးမောနေရာ သူ အသည်းယားလာပြီး…။

"သွန်း တစ်ခုခုပြောဦးလေ…ကျောက်ရုပ်ကြီးဖြစ်သွားပြီလား…"



"ကျောက်ရုပ်ကြီး မဖြစ်ပါဘူး…အရင်ဆုံး စ,ပြောချင်တာက ရှင်ဟာလူလည်ဆိုတာပဲ…"

"ဟောဗျာ…"

"ဟုတ်တယ်လေ။ ကျွန်မ ဘယ်ကိုမှ ရှောင်လို့ ထွက်ပြေးလို့ မရတဲ့နေရာ၊ အချိန်ကို ရောက်တော့မှ ဒီစကားကို ပြောတယ်"

"ဟင်…အဲလို မရည်ရွယ်ပါဘူး သွန်းရယ်။ သွန်း ပြောလိုက်တော့မှတောင် ကိုယ်အကြံပေါက်သွားပြီ…။ ဟုတ်တယ်နော်…။ ရန်ကုန်ရောက်ဖို့ မိုင်တစ်ရာကျော်တောင် ကျန်သေးတယ်။ ပြောစမ်း…ကြိုက်သလောက်..။ အဖြေမပေးချင်း မိုင်တစ်ရာကျော် တောက်လျှောက် အဖြေတောင်းသွားမှာ[illegible]တယ်…အဟီး…"

"သွားပါ…"

"သွားနေတာပါပဲဗျာ..။ မော်တော်ကားကြီး ပြောပါတယ်"

ချစ်ရသူရဲ့ မျက်စောင်းဝင့်ဝင့်လေးက ရှန်ပိန်တစ်ခွက်လို ရင်ထဲ အသည်းထဲရှိန်းကနဲ ဆင်းသွားရ၏…။

သူ ကလေးတစ်ယောက်လို ကြည်သွန်းဖြူဆီမှ အချစ်ကို တပူပူတစာစာသာလုပ်ပြီး တောင်းနေမိတော့သည်။

"ကိုယ့်ကို ပြန်ချစ်ပါလား။ သွန်းရာ…နော်။ သွန်းကို တက္ကစီပေါ်မှာ စတွေ့ကတည်းက ကိုယ့်စိတ်လှုပ်ရှားမိခဲ့တာ

www.burmeseclassic.com

www.burmeseclassic.com



ပါ။ သွန်းခေါက်ထီးကလေး ကိုယ့်ဆီမှာကျန်ခဲ့တုန်းကဆို ကိုယ့်မှာ မျှော်လင့်ချက်ရှိသေးတာပဲဆိုပြီး ကိုယ်ဘယ်လို *ပျော်မိမှန်းမသိဘူး။ အဲဒီ ခေါက်ထီးကလေးကို မအိပ်ခင်* ခုတင်ပေါ်မှာ သုံးခါ လောက်နမ်းပြီးမှ အိပ်ပါတယ်။ သွန်းရယ် ...တကယ်ပါ...''

ယောကျ်ားလေးတွေဆိုတာကတော့ ဒီလိုပဲ...ဟုတ်တာတွေရော...မဟုတ်တာတွေပါ စကားလုံးလှလှလေးတွေသုံးပြီး ရောချတတ်စမြဲ။

သူ့စကားတွေကြောင့် သွန်းရယ်လည်းရယ်ချင်သလို၊ ရင်လည်း ခုန်နေမိပြန်သည်။

''စဉ်းစားဦးမယ်ကွာ..နော်...''

''သဘောပါ။ ကိုယ်ကတော့ အခု တစ်ထိုင်တည်းပဲ ချစ်လိုက်စေချင်တယ်။ အဖြေပေးလိုက်စေချင်တယ်။ စဉ်းစားနေရင်း ခေါင်းတွေခြောက်ပြီး သွန်းဆံပင်တွေ ဖြူကုန်မှာစိုးလို့ ကိုယ်ဆိုတဲ့ အေးချမ်းညွန့်အောင်ဟာ ဘယ်ဘက်ကလှည့် စဉ်းစားစဉ်းစား ငြင်းစရာ အကွက်တစ်ကွက်မှ မရှိဘူးဆိုတာ ရဲရဲကြီး အာမခံပါတယ်။ ဘယ်လိုလဲ...''

ထိန်းချုပ်နေရင်းကြားမှ သူမ ရယ်ချင်လာသည်။ နောက် တစ်ကိုယ်လုံး တသိမ့်သိမ့်တုန်နေအောင် ခပ်တိုးတိုးလေး ရယ်မိလေ၏။

''ယုံပါသွန်းရယ်...။ တကယ်ပြောနေတာပါ..''

အဲလိုနဲ့သူ အရဲကိုးပြီး သူမ ညာလက်ဖဝါးကလေးကို



ခပ်ဖွဖွကလေး ဆုပ်ကိုင်ရင်း ကားဂီယာတံပေါ် တင်လိုက်၏။

ဂီယာတစ်ခုကနေ တစ်ခုချိန်းတိုင်း သူမလက်ဖဝါးလေးကို ဆုပ်ကိုင်ရင်း အတူတူချိန်းဖြစ်ကြသည်။ သူမကတော့ မရုန်းတာပဲလား၊ ရုန်းဖို့ခွန်အားမရှိတာပဲလားတော့ မသိပါ။ ဒါမှမဟုတ် ကားမမောင်းဘဲ ဘေးကနေ ဂီယာဝင်ထိုးနေရတာပဲ သဘောတွေ့နေသလား မပြောတတ်။

သူ့ လက်ဖဝါးထဲမှာ သူမလက်ဖဝါးလေး နွေးနွေးစွာ တည်ရှိနေလေ၏..။

''သွန်း...ကြည်စမ်း..ခု ကိုယ်နဲ့သွန်းနဲ့ ကားတစ်စီးတည်းကို အတူတူမောင်းနေကြတာနော်။ ကိုယ့်ကို မချစ်ဘူးဆိုရင် ဂီယာတံကိုကိုင်ထားတဲ့ သွန်းလက်တွေကို ဖယ်ပစ်လိုက် ကိုယ် အတင်းကြီး သွန်းလက်တွေကို ဆုပ်ကိုင်မထားဘူး ခရီးကို ကိုယ့်ဘာသာ ဆက်မောင်းမယ်..ဘယ်လိုလဲ..''

သူ့စကားကြောင့် သူမ တုန်ယင်သွားလေပြီ...။ သူ့ကို သူမ ချစ်နေလေပြီ။ ဒီခံစားချက် ဒီလို အတူတကွ မောင်းနှင်ခြင်းကို သူမဘက်က စတင်ဖျက်ဆီးမပစ်ချင်တော့။

အာ...ဘယ်လိုလုပ်ရမလဲ..။ သူ အကျပ်ကိုင်နေပြီ။

သူ့ စက်ကွင်းအောက်မှာ သူမ လှုပ်ပပိတ်မိနေလေပြီ။

''ခုပဲ ရည်းစားစကားပြောပြီး ဘာလို့ခုပဲ ရန်စကားပြောရတာလဲ။ ကျွန်မ ရှင်နဲ့အတူ ခရီးတစ်ခုကို ကျော်ကျော်နပ်နပ် မောင်းနှင်နေတဲ့ဟာကို...''

www.burmeseclassic.com

www.burmeseclassic.com



"ဟာ…တကယ်..တကယ်လားသွန်း…ဒါ…သွန်း အဖြေလားဟင်…"

"အင်းပေါ့လို့…"

ခန္ဓာကိုယ်တစ်ခုလုံး ဓာတ်အလိုက်ခံလိုက်ရသလို အထူ ထူ အပူပူနှင့် ပျော်လိုက်ရတာ။ ဆယ်တန်းအောင်တုန်းကတောင် ဒီလောက်မပျော်ဘူး။

"ဒါဆို..ကိုယ်တို့ ချစ်သူတွေ ဖြစ်သွားကြပြီပေါ့နော် အိုး..ပျော်လိုက်တာ..။ ကိုယ့်ကို ချစ်တယ်လို့ ပြောပါလား သွန်းရယ်နော်…ချစ်တယ်လို့…"

"အင်း…ချစ်တယ်.."

"ဟား …"

အခွင့်အရေးတစ်ခုကို ရဖို့ စောင့်ဆိုင်းရတာသာ ခက် တာ…အခွင့်အရေးကို အပြည့်အဝ အသုံးချတတ်ဖို့ဆိုတာ ကိုယ့်အရည်အချင်းပေါ်ပဲ မူတည်တယ်။ ကိုယ်တော်ရင်ေ သလို ဘာမဆို ဖြစ်ခွင့်ရှိတယ်။

ပျော်လိုက်တာ အိပ်မက်ထဲက ချစ်သူရယ်။

"အေးချမ်း..ကားသေသေချာချာ ဂရုစိုက်ပြီးမောင်း နော်။ သိတယ်မို့လား။ ဒါအမြန်လမ်းမကြီး…"

"သိပါတယ်။ ကိုယ့်ပခုံးလေးပေါ် ဖြစ်ဖြစ် မှီထား ပေးပါလား..။ ကားမောင်းနေရတာဆိုတော့ ရုပ်ရှင်ရုံတွေ ခြံတွေထဲမှာလို ပြေးဖက်လို့က မရဘူး…"

"အဟိ..ဟိ…သနားပါတယ်ကွာ.."



အချစ်…။

နှစ်လုံးတည်းနဲ့ အင်မတန် ထိမိလေတဲ့ မဟာအင်အား…

တစ်လမ်းလုံး ကားမောင်းလာရလို့ ပင်ပန်းနွမ်းနယ်စိတ် တွေ ဘယ်ရောက်သွားလေတယ်မသိ..။

မိုးပေါ်က အဖြူရောင်တိမ်တိုက်တွေပင် ရတ်ချည်းဆို သလို ရွှေအိုရောင်အဆင်း ပြောင်းလို့။

တိုက်ခတ်နေတဲ့ လေထုထဲမှာ ချစ်ခြင်းရဲ့ရနံ့တွေက မွှေးနေရောင်အိပ်မက်ဆန်ဆန်…။

သြော်…အချစ်။

တိမ်တွေကြားမှာ ပုန်းပြီး အချစ်ဖွက်တမ်းကစားကြ …။

ကိုယ်ထင် ခုတင်ရွှေနန်းပေါ့ အချစ်ရယ်…။

တို့ နှစ်ယောက်တည်း တိတ်တဆိတ် ဖြတ်သန်းနေတဲ့ ကရစ်လမ်းမကြီးကိုတောင် စိန်စီတဲ့လမ်းလို့ မြင်ယောင်နေ တယ်။

ကိုယ့်ရဲ့ စိတ်ကူးယဉ် နိုင်ငံတော်မှာ မင်းဟာ ကေရာဇ် …တစ်ပါးပါ သွန်းရဲ့၊ ဒါတို့ရဲ့ စိတ်ကူးယဉ်နိုင်ငံတော် …။

ဟုတ်ရဲ့လား။ ငွေစက္ကူဆိုတာ မြေမှုန်တစ်မှုန်လောက် င် အရေးမပါတဲ့အရာ။ ကြည့်စမ်း။ တို့ရဲ့ စိတ်ကူးယဉ် င်တော်မှာ ငွေစက္ကူဆိုတာ လေထဲမျောချင်သလို မျောနေ တဲ့ သစ်ခြောက်ကလေးတွေလို ပေါမှပေါပဲ။

www.burmeseclassic.com

www.burmeseclassic.com



"သွန်း ကို့ကို အရမ်းကို ချစ်ပါတယ်"

"ထပ်တူပါ သွန်းရယ်..။ သွန်းကိုလည်း ကို အရမ်းကို ချစ်ပါတယ်ကွာ"

သူ့ပခုံးမှာ ခေါင်းလေးမှီနွဲ့ထားလေတဲ့ သွန်းနဲ့သူ ထိုသို့ ကြည်နူးနေခိုက် သိပ်မကြာခင် သွန်းကိုယ်လေး မတ်ကနဲဖြစ်သွားရလေတော့၏။

"ဟင်..."

"ဘာလဲ သွန်း..."

"လေထဲမှာ ပိုက်ဆံတွေ လွင့်နေတာ တွေ့ရတယ်"

"အဲလိုဖြစ်ခဲ့ရင် အကောင်းဆုံးပေါ့ကွာ။ ရဲတိုက်ကြီး ချက်ချင်းဆောက်ပြီးတော့ သွန်းကို ကိုယ့်ဘဝရဲ့ ဧကရာဇ်မလေး ခန့်ပစ်လိုက်မိမယ် ထင်တယ်.."

"အဲလို..မဟုတ်ဘူး။ အဲလို မဟုတ်ဘူး အေးချမ်းရဲ့"

"ဒါဆို ဘယ်လိုလဲဟင်"

"ငွေစက္ကူ အစစ်တွေ။ ငါးထောင်တန်တွေရော၊ တစ်သောင်းတန်တွေပါ လေထဲလွင့်နေတာ။ ဘယ်ဘက်နောက်ကြည့်မှန်ကနေ ကျွန်မ သေသေချာချာ မြင်လိုက်ရတယ်"

"ဒါဆို မှတ်ဆိတ်ပျားစွဲတာပဲ။ ဘယ်သူ့ငွေးက စတန့်ထွင်ပြီး ဟိုင်းဝေးလမ်းမပေါ် ငါးထောင်တန် တစ်သောင်းတန်တွေ ကားနဲ့လိုက်ကြဲနေလဲမသိဘူး။ ဆင်းကောက်ဦးမှ..."

"ရှင် ရူးနေသလား အေးချမ်းရယ်။ ဘယ်သူက ဟိုင်းဝေးလမ်းပေါ် ငါးထောင်တန်၊ တစ်သောင်းတန်တွေ လိုက်ကြဲ



မှာလဲ။ လိုက်ကောက်တဲ့သူ မသာပေါ်ကုန်မှာပေါ့။ ကျွန်မတို့ ကားနောက်ခန်းက သူ့ငွေးယူခိုင်းလိုက်တဲ့ ဆာလာအိတ်သုံးအိတ်ထဲက ဘာတွေလဲဟင်။ ရှင်သိလား။ ငွေထုပ်တွေဖြစ်နိုင်သလား။ ဒါမှမဟုတ် အဲဒီ ငွေထုပ်တွေ ကြိုးတွေလျော့၊ ပေါက်ပြဲပြီး ပိုက်ဆံတွေ လေနဲ့လွင့်ကျကုန်တာလား"

"ဟင်...ဘာ.."

"ကျွိ..."

ကားကတော့ လမ်းမကြီးရဲ့ ညာဘက်နဘေးသို့ အရှိန်ပြင်းစွာ ထိုးရပ်သွားရလေပြီ။ သူမစကားကြောင့် အေးချမ်းခမျာ မိုးကြိုးဆယ်စင်းလောက် ပစ်ချခံလိုက်သလို ခေါင်းနပန်းကြီးလျက် ရှိချေ၏။

"ပြဿနာပဲ..ဘာအထုပ်တွေလဲ။ ကိုယ်လည်းမသိဘူး။ သူ့ငွေးက သွားယူဆိုလို့ ယူလာခဲ့တာပဲရှိတယ်။ အရင်တုန်းက ဘဏ်ပိုက်ဆံထုတ်တဲ့အခါ ကားမောင်းပေးရရင်တော့ နောက်ခန်းမှာ ဘာအထုပ်ထည့်လာသလဲဆိုတာ ကိုယ်သိပါတယ်။ ခုဟာက ကိုယ်လည်း ဘာမှမသိဘူး ဖြစ်နေတယ်။

"ဒုက္ခပါပဲ အေးချမ်းရယ်။ ပိုက်ဆံထုပ်တွေဖြစ်နေရင် ဘယ်လိုလုပ်မလဲ။ လေထဲမှာ ဝဲနေတဲ့ ပိုက်ဆံတွေ အရကတော့ နောက်ခန်းက အထုပ်တွေက ပိုက်ဆံထုပ်တွေ ဖြစ်နိုင်တယ်။ ပိုက်ဆံထုပ်တွေ လေတိုက်လွန်းလို့ ပေါက်ပြဲပြီး ပိုက်ဆံတွေ လွင့်ထွက်ကုန်တာလားမသိဘူး။ အီး...ဟီး..."

ပူပူနွေးနွေးရထားတဲ့ ချစ်သူလေးက ရုတ်တရက် ငိုအော

www.burmeseclassic.com



သူ ဘာလုပ်လို့ ဘာကိုင်ရမှန်း မသိအောင်ပင် ဖြစ်သွား၏။

"မငိုပါနဲ့…မငိုပါနဲ့ သွန်းရယ်။ သူ့ဒြေးမှာ ဦးနှောက်ရှိပါတယ်။ ပိုက်ဆံထုတ်တွေဆို ဒီလိုပုံစံမျိုး သယ်ခိုင်းမယ်မထင်ပါဘူး။ လာ…။ နောက်ခန်းသွားကြည့်ရအောင်…"

ဒီလိုနဲ့ သူရောသွန်းပါ ကားပေါ်က ဆင်းပြီး နောက်ခန်းသို့ သွားကြည့်မိလေသောအခါ….

⁂

(5-b)

"ဟာ… …"

"အို… …"

တွေ့လိုက်ရတဲ့ မြင်ကွင်းတစ်ခုကြောင့် ချစ်သူနှစ်ဦး ပါးစပ်အဟောင်းသား မျက်လုံးအဝိုင်းသား၊ အေးစက်တုန်ယင်နေသည့် လက်များနှင့် တစ်ယောက်ကို တစ်ယောက်ကြောက်လန့်တကြား ဖက်ထားမိကြပါသည်။

"ဘယ်လိုလုပ်ကြမလဲဟင်…"

"ပြဿနာပဲ…"

"ငယ်ထိပ်တည့်တည့် မြွေပွေးပေါက်ပြီး သေသွားတာကမှ လူ့လောကထဲကနေ ဂုဏ်သိက္ခာရှိရှိ ထွက်သွားနိုင်ဦးမယ်အေးချမ်းရယ်။ ခုတော့…အဟင့်…ဒီကိစ္စ သွန်းတို့ ဘယ်လိုတာဝန်ယူပြီး ဖြေရှင်းကြမလဲ…။ ဘယ်လိုတာဝန်ယူပြီး ဖြေရှင်းကြမလဲ…"

မှန်သည်။

www.burmeseclassic.com

www.burmeseclassic.com



ကားအနောက်ခန်းဆီ ရောက်သွားချိန်မှာတော့။ သူတို့လုံးဝမမြင်ချင်ဆုံး မြင်ကွင်းတစ်ခုက လှိုက်လှဲစွာ ဆီးကြိုနှုတ်ဆက်နေလေတော့၏။

လေတိုက်နှုန်း ကြမ်းသည့်အတွက်ကြောင့်လား။ ဒါမှမဟုတ် ပစ္စည်းထုပ်ပိုးပေးတဲ့သူက လျော့တိလျော့ရဲ ထုတ်ပိုးပေးလိုက်၍လား မပြောတတ်တော့။

ဆာလာအိတ် သုံးအိတ်အနက် တစ်အိတ်မှာ ပေါက်ပြဲ၍ ချုပ်ထားသည့်ကြိုးများ ပြေလျော့ကာ အထဲက ပစ္စည်းများ ထွက်လျက်ရှိသည်။

ပစ္စည်းများ ထွက်နေရုံနှင့်မက၊ လေအတိုက်မှာ ကားပေါ်ကနေ တစ်ထုပ်ပြီးတစ်ထုပ် ပြုတ်ကျကျန်ရစ်ခဲ့ရာ၊ ယခုအေးချမ်းတို့ ဆင်းအကြည့်မှာတော့ လေးပေမီးနီးရှိသည့် ဆာလာအိတ်ကြီးမှာ တစ်ဝက်မျှပင် မကျန်တော့ချေ။

ဒါဆို…ထွက်ကျသွားသည့် အထုပ်များမှာ ဘာ အထုပ်တွေများ ဖြစ်လေမလဲလို့ သင်တို့ ထင်ကြပါသနည်း။

ပိုက်ဆံထုပ်၊ ငွေထုပ်တွေရယ်ပါ‥။

မှန်သည်။

လမ်းတစ်လမ်းလုံး ငွေတွေ အထုပ်လိုက်၊ အစီးလိုက် ကားပေါ်က ထွက်ကျခဲ့လေသည်။

"ဟယ်…အေးချမ်း…ဖမ်းဦး…"

ခုလေးတင် လေတစ်ချက်ဝှေ့တိုက်လိုက်ရာ အစီးပြေနေသည့် ငါးထောင်တန်အုပ်မှ ငါးထောင်တန်များ ပိုက်ဆံကြဲလိုက်



သည့်အလား ကားပေါ်မှ အတောင်ပံပေါက်၍ လေထဲဝဲလွင့်လျက်ရှိရာ သွန်းမှာ အရူးတစ်ယောက်လို လိုက်ဖမ်းလျက်ရှိချေ၏။

သူ စိတ်ညစ်စွာနှင့် ခေါင်းတွင်တွင်ယမ်းနေမိတော့သည်။

စောစောလေးကတင် သူမနှင့်ချစ်သူတွေ ဖြစ်ခဲ့ကြသည်။ ခုတော့ အပျော်တွေအားလုံး ဘယ်ဆီဘယ်ဝယ် ရောက်ရှိသွားလေတယ်မသိ။

ဪ‥အချစ်‥။

ကိုယ်လည်း အချစ်စိတ်တွေ ရီဝေမူးနေ၍ ဒီကိစ္စမှာ ဒီလောက်အထိ အကိုင်အတွယ် ညံ့ဖျင်းခဲ့ရတာ ဝန်ခံပါသည်။

"တကယ်ဆို သူဌေးကိုယ်တိုင်က ဒါဟာ ပိုက်ဆံထုပ်တွေဆိုတာ ဖွင့်ပြောခဲ့ဖို့ ကောင်းပါတယ် ကိုရယ်နော်…"

"သူတို့တွေ ကိုယ့်ထက်လည်ပါတယ်။ ဖွင့်မပြောတာကဆိုးကျိုးထက် ကောင်းကျိုးတွေများနေလို့ပါ"

"ဒါပေမယ့် ဒီကိစ္စမှာ မယောင်မလည်နဲ့ ကြားညပ်ခဲ့ကြတာက ကိုနဲ့သွန်းလေ…မဟုတ်ဘူးလား…"

ချစ်သူက အေးချမ်းလို့ ခေါ်နေရာကနေ ကောက်ခါငင်ခါနှင့် 'ကို'ဟု ခေါ်လာသဖြင့် စိတ်ညစ်နေသည့်ကြားမှ သူတစ်ချက်တော့ ကြည်နူးသွားမိရင်း…

"ဒါပေါ့…။ ဒီလိုဖြစ်လာခဲ့ပြီပဲ။ ဘာတတ်နိုင်မလဲ"

"ပိုက်ဆံ ဘယ်လောက် လောက် ကျကျန်ခဲ့လဲ မသိဘူးနော်ကို…"

www.burmeseclassic.com

www.burmeseclassic.com



"အင်း…သိန်းတော့ ရာချီလိမ့်မယ်ကွ။ ဟင်း…"

"ဘုရား…ဘုရား။ ခု ဒီလိုလုပ်ရအောင်လေ။ ဒီပိုက်ဆံထုပ်တွေကို ကြိုးတွေနဲ့ အသစ်ပြန်စီးပြီး လာရာလမ်းအတိုင်း ပြန်လှည့်ရှာကြရင် မကောင်းဘူးလား…ရသလောက်ပေါ့.."

"သွန်း စိတ်ဆန္ဒရှိရင် ကိုယ်နောက်ကြောင်း ပြန်လှည့်ပေးမယ်။ ဒီကိစ္စဟာလည်း ကောင်းကျိုးထက် ဆိုးကျိုးပိုများတယ်သွန်း။ ဟိုင်းဝေးလမ်းဆိုတာ လူတကာသွားလာနေတာ။ ငွေထုပ်ကောက်ရရင် ပိုင်ရှင်ရောက်လာလေမလား စောင့်ပေးမယ့်သူထက် ကောက်ပြီးထွက်သွားမယ့်သူများတယ်။ နောက်တစ်ခုက ဒီလမ်းမကြီးတစ်လျှောက်မှာ ငွေတွေ ဒီလောက်များများ ကျကျန်ခဲ့ပြီဆိုကတည်းက ဒီလမ်းကြောနဲ့ မစိမ်းတဲ့ ရွာနီးချုပ်စပ်က လူတွေအားလုံး ဒီကိစ္စကို သိပြီးနှင့်ပြီ။ ဒါကို ကိုယ်တို့က နောက်ကြောင်းပြန်လှည့်ပြီး တောင်စမ်းစမ်း၊ မြောက်စမ်းစမ်း လျှောက်ရှာနေရင် ကံကောင်းလို့ တွေ့ချင်ရင်တော့ တွေ့မယ်။ တစ်သိန်းအုပ်တို့ နှစ်သိန်းအုပ်တို့။ အဲ..ကံဆိုးပြီး လုယက်တဲ့သူတွေနဲ့တွေ့ပြီး ကိုယ်တို့နှစ်ယောက်အသက်ကို ရန်ရှာ၊ ကားပေါ်မှာပါလာတဲ့ သိန်းရာပေါင်းများစွာ ထပ်အလုခံရမှ အခြေအနေတွေ ပိုဆိုးကုန်လိမ့်မယ်။ ကိုယ်ပြောတာ သဘောပေါက်လား"

"အို… ဟုတ်ပါရဲ့နော်..။ သွန်း အဲဒါမစဉ်းစားမိဘူး ဟိုင်းဝေးလမ်းဆိုတာ အရှိန်မှန်မှန်လေးနဲ့ သွားနေရတာပဲ ဘေးကင်းလုံခြုံတယ်။ စည်းချက်တွေ ကမောက်ကမဖြစ်ပြီး ကားကို



လမ်းဘေးထိုးရပ် ဟိုလျှောက်ရှာ ဒီလျှောက်ရှာလုပ်လို့ မတော် လူယုတ်မာတွေနဲ့ တွေ့ရင်… အမလေးကိုရယ်…။ ကားပေါ်မှာလည်း ငွေထုပ်တွေနဲ့…ဘုရား…ဘုရား.."

ဟိုင်းဝေးလမ်း တစ်နေရာမှာ စောစောလေးကမှ လောလောလတ်လတ် ချစ်သူဖြစ်ခဲ့ကြသည့်သူနှစ်ယောက် ကမ္ဘာပျက်လျက်ရှိချေသည်။

သိန်း တစ်ရာလား…။ သိန်းနှစ်ရာလား..။ သိန်းဘယ်နှစ်ရာလောက် ပြုတ်ကျလွင့်စင်ခဲ့ရပြီလဲ။

ဒီကိစ္စကို သူဌေးဆီ ဘယ်လို အစီအရင်ခံကြမလဲ။

သူဌေးကရော သူတို့နှစ်ယောက် ပြောသမျှစကားကို ယုံတော့လား။ ဒီပိုက်ဆံတွေကို ဘယ်လိုပြန်လျော်ကြမလဲ..။

နှစ်ယောက်စလုံးရဲ့ စုဆောင်းထားတဲ့ငွေပေါင်းကြည့်ရင် တောင် သိန်းရာကျော်ဖို့မပြောနဲ့…။ ဆယ်သိန်းပင် ပြည့်ဖို့မလွယ်။

အေးချမ်းက အကြံကုန်စိတ်ရှုပ်နေရင်းမှ ပေါက်ပြဲကြီး ပြဲနေသည့် ဆာလာအိတ်ကို ကြိုးအထပ်ထပ်စည်းနှောင်လိုက်ရင်း….

"ဖြစ်ပြီးမှတော့ သိက္ခာရှိရှိနဲ့ အတတ်နိုင်ဆုံး တာဝန်ယူဖြေရှင်းကြတာပေါ့။ ဒီကိစ္စမှာ ကိုယ်တို့အပြစ်ရှိတယ်ဆိုရင်တောင်၊ ကိုယ်တို့နှစ်ယောက်မှာချည်း အပြစ်ကရှိတာမဟုတ်ဘူး။ ငွေထုပ်တွေ ထုပ်ပိုးပေးလိုက်တဲ့ သူမှာရော ငွေထုပ်ဆိုတာကို ဘာမှ မပြောဘဲအသယ်ခိုင်းခဲ့တဲ့ သူဌေးမှာပါ အပြစ်ကိုယ်စီ

www.burmeseclassic.com

ရှိတယ်''

''ဟယ်…ဒါပေမယ့် ကိုရယ်..။ ငွေတွေက သွန်းတို့လက်ထဲရောက်မှ ပျောက်သွားတာလေ။ အဖြစ်အပျက်အမှန်ကို ယုံကြည်လက်ခံပေးရင် ကိစ္စမရှိဘူး။ သွန်းတို့နှစ်ယောက်က ငွေတွေသိန်းရာချီခိုးပြီး လိမ်ဆင်တွေ လျှောက်ပြောတယ် ထင်ခံရရင် မကောင်းဘူး''

''ကိုယ်သိတယ်..။ ကံဆိုးရင် ကိုယ်တို့ ခိုးမှုတို့၊ ဖိုးတွမ်တီးတို့နဲ့ ထောင်ကျချင်တောင် ကျဦးမှာ..''

''ဟာ…ပြဿနာပဲကွာ…အီး…ဟီး…''

ချစ်သူက ပြောပြောဆိုဆိုနှင့် ချုံးပွဲချ ငိုကြွေးနေသဖြင့် သူ ချော့ရသေးသည်။

''မငိုပါနဲ့..။ လူ့ဘဝဆိုတာ ဒီလိုပဲ သွန်းရဲ့..။ မကောင်းတာတွေ လုပ်ပြီး ချမ်းသာနေတဲ့ မှောင်ခိုသူဌေးကျတော့ ထောင်ကျဖူးချင်မှ ကျဖူးတာ။ ကိုယ့်ဟာကို ရိုးရိုးသားသားနဲ့ အလုပ်လုပ်နေတဲ့ သူကျမှ ကံဆိုးမိုးမှောင်ကျမှုက ခြေထောက်ပေါက်ပြီး ရောက်ချင်ရောက်လာတတ်တာ..

ပြဿနာတွေကို ရင်ဆိုင်ဖို့ ကြောက်နေမယ်ဆိုရင် လူရယ်လို့ ဖြစ်လာကတည်းက ကိုယ့်ကိုယ်ကိုယ် သတ်သေပစ်လိုက်တာပဲကောင်းပါတယ်။ အဲ…လူတန်းစေ့နေချင်တယ်ဆိုရင်တော့ ဘယ် ပြဿနာကိုမှ ရှောင်မပြေးနဲ့။ ထိပ်တိုက်ရင်ဆိုင်နိုင်အောင်သာ ကြိုးစား..။ ဒါပဲ…''

သြော်…။ ဒီလိုကျတော့လည်း ရှင်ဟာ လေးစားထိုက်



တဲ့ချစ်သူပဲ အေးချမ်းရယ် သွန်းတစ်ယောက်တည်းသာ ဒီလိုပြဿနာမျိုးရင်ဆိုင်ခဲ့ရရင် အကြောက်လွန်ပြီး ထွက်ပြေးမိရင် ထွက်ပြေးမိမှာ။

ခု..သွန်းနံဘေးမှာ ပြဿနာကို ထိပ်တိုက်ရင်ဆိုင်ဖြေရှင်းပေးမယ့် ချစ်သူတစ်ယောက် ရှိနေပြီ။

အဆိုးဆုံးအနေအထားကနေ အကောင်းဆုံးရလဒ်ရအောင် အတူတူ ရင်ဆိုင်ကြရုံပေါ့။ ဘယ်တတ်နိုင်မလဲကွယ်။

www.burmeseclassic.com

# (6)

အရင်ဆုံး သတိထားလိုက်မိသည်က ရုတ်ချည်းပြောင်းလဲသွားကြတဲ့ အလုပ်က ဝန်ထမ်းတွေရဲ့ အကြည့်နဲ့ ပြုမူဆက်ဆံပုံတွေ။

မျက်လုံးချင်းဆုံမိသည်နှင့် ပြုံးတော့ပြကြသည်။ ဖော်ဖော်ရွေရွေပင်။ သို့သော် ထိုအပြုံးတွေက အရင်လို ပေါ့ပေါ့ပါးပါး ဖြူဖြူစင်စင် မဟုတ်တော့။ ပဟေဠိပေါင်းများစွာ ပါဝင်နေပြီမှန်း အေးချမ်းရော သွန်းပါ သဘောပေါက်ပါသည်။

"အေးချမ်းက မှန်နေပြီလေ။ ကြည်သွန်းဖြူကို ကြိုက်နေတာကြာပြီပဲ။ နေပြည်တော်ကအပြန် လမ်းမှာ ရည်းစားတွေဖြစ်ပြီး လုပ်မိလုပ်ရာ လျှောက်လုပ်သွားကြတယ် ထင်တယ်"

"အရင် ဝန်ထမ်းတွေတုန်းကလည်း ဒီလိုကိစ္စမျိုးတွေ အခိုင်းခံခဲ့ရဖူးတာပဲ။ ကျောက်မျက်ရတနာဆိုင်မှာ အလုပ်လုပ်တယ်ဆိုတာက အရမ်းတာဝန်ကြီးတယ်။ နောက်… သူကိုယ်



တိုင်က ကြီးကြပ်ရေးမှူးပဲလေ…။ ရထားတဲ့လစာကလည်း အများကြီးပဲ..။ ဒီကိစ္စမှာ အေးချမ်းလွန်တာ။ သူမှာ အပြစ်အရှိဆုံးပဲ.."

"ဟဲ့..နင်တို့ ဘယ်လို ထင်ကြလဲဟင်…"

"ငွေထုပ်တွေ ပေါက်ပြဲပြီး သိန်းပေါင်းရာနဲ့ချီတဲ့ ပိုက်ဆံထုပ်တွေ လမ်းပေါ်ပြုတ်ကျကျန်ရစ်ခဲ့တယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်တဲ့ဟာ။ အဲဒီစကားကို ယုံတဲ့သူဟာ ရူးတဲ့သူပဲ။ ငါကတော့ ကြည်သွန်းဖြူရော၊ အေးချမ်းပါ ငွေတွေသိန်းနဲ့ရာချီပြီး ခိုးလိုက်တယ်လို့ပဲ ထင်တယ်။

သူတို့ နှစ်ယောက်လစ်သည်နှင့် အလုပ်မှာ ပြောကြသည့် အတင်းအဖျင်းများကတော့ ဒီစကားများပင်။ အမှိုကြီး မထားသည်လည်း "ငါမကြိုက်ဘဲ ကြည်သွန်းဖြူကို ကျော်ကြိုက်မှတော့ ဖြစ်တာနည်းတောင်နည်းသေးလို့ တွေးနေမိ၏။

အေးချမ်းဘက်က ထိုငွေမတော်တဆဖြစ်မှုကို MD ဦးမင်းပိုင်ထံ တင်ပြခဲ့ပြီးလေပြီ။

အခင်းဖြစ်ဖြစ်ချင်း တယ်လီဖုန်းနှင့်ရိုက်ကူးထားတဲ့ မှတ်တမ်းဓာတ်ပုံများနှင့် ပူးတွဲတင်ပြခဲ့ခြင်းပါ။

MD ဦးမင်းပိုင်ဆိုတာ Orchid ကျောက်မျက်သူဌေးများအနက်မှ အငယ်ဆုံးသား…။

ဒီကိစ္စကို မှားတယ်၊ မှန်တယ်။ ဘယ်လို အပြစ်ဒဏ်ချမယ်ဆိုတာ သူတစ်ယောက်တည်း ဆုံးဖြတ်၍မရ။

သူ့အထက်မှာ Orchid ရဲ့ နာယကကြီး ဦးငွေဟန်ရှိ

www.burmeseclassic.com

www.burmeseclassic.com



နေသေးသည်။

ရန်ကုန်ရောက်ရောက်ချင်း MD ဦးမင်းပိုင်ကို ထိုကိစ္စ အစီအရင်ခံခဲ့သောအခါ အေးချမ်းတို့နှစ်ယောက်သား ကြုံခွေ့ ပျက်နေကြပေမယ့် သူဌေးဦးမင်းပိုင်ကတော့ သိပ်ဟန်မပျက်..။

"အေးလေ...။ ဒီကိစ္စအန်ကယ်မင်းကို တာဝန်ပေးခဲ့ တယ်ဆိုတာတော့ ဟုတ်တယ်။ ဒါပေမယ့် ဒီလောက် error အကြီးကြီး တက်သွားတဲ့အခါမှာတော့ အန်ကယ်တစ်ယောက် တည်း ဆုံးဖြတ်လို့မရတော့ဘူး။ အန်ကယ့်အဖေ Orchid ရဲ့ နာယကကြီး ကိုယ်တိုင်ဆုံးဖြတ်ချက်ချလိမ့်မယ်။ မင်းတို့နှစ် ယောက် ဘယ်လိုအကြောင်းပြချက်နဲ့မှ အလုပ်ထွက်သည်ဖြစ်စေ၊ ရန်ကုန်ကနေ ထွက်သွားသည်ဖြစ်စေ လုံးဝလုပ်လို့မရတော့ဘူး နော်..။ ဟုတ်ပြီလား.."

"ဟာ...အန်ကယ်ရယ်။ ကျွန်တော်တို့လိပ်စာတွေ အန်ကယ့်ဆီမှာ ရှိတာပဲ။ ကျွန်တော်တို့ မိဘတွေဆီ အန်ကယ် အချိန်မရွေး လာတွေ့လို့ရတာပဲ။ ကျွန်တော်တို့အဲလို ကိုယ်လွတ် မရုန်းတတ်ပါဘူးဗျာ..."

ဦးမင်းပိုင်က အေးချမ်းမျက်လုံးများကို စူးစိုက်စွာ ကြည့်လိုက်ရင်း...

"ကြည်သွန်းဖြူကိုတော့ ငါဒီလောက် မပြောချင်ဘူး။ မင်းကိုတော့ ငါပြောချင်တယ် အေးချမ်း"

"ဟုတ်ကဲ့..."

"ရတနာဆိုင်မှာ အလုပ်လုပ်တယ်ဆိုတာ အရမ်းတာဝန်



ကြီးတယ်။ တာဝန်ကြီးတာနဲ့အမျှ ထိုက်သင့်တဲ့လစာပေးထား တာလည်း မင်းတို့ ကျေနပ်သလောက်ပဲ.."

အေးချမ်း အံတင်းတင်းကြိတ်ရင်းသာ ပြောသမျှကို ခေါင်းငုံ့ခံလျက် ရှိချေတော့၏။

"ဒီလို တာဝန်မျိုး မင်းရဲ့အရင် စီနီယာဝန်ထမ်းတွေ တည်း ခိုင်းခဲ့ဖူးတယ်။ ဘာပြဿနာမှ မတက်ခဲ့ဘူး။ ထည့်ပေး လိုက်တဲ့ပစ္စည်းတွေကို ဂရုတစိုက်သယ်ခဲ့ ဆိုကတည်းက အသက် နဲ့လဲပြီး ကာကွယ်မယ့် ဝန်ထမ်းတွေချည်းပဲ..."

စကားပြော ပညာသားပါလွန်းလှချည်းလား သူဌေး မင်းရယ်။ သူဌေးရဲ့စကားတွေက မင်းရှက်တတ်ရင် လဲသေလိုက် ရင် ကောင်းတယ်လို့ သွယ်ဝိုက်ပြောနေသလိုပင်။

"တို့ မြန်မာစကားပုံမှာ သိသာသိစေ မမြင်စေနဲ့ဆိုတဲ့ စကားရှိတယ်မဟုတ်လား။ ဒါ့ကြောင့် ဒီအထုပ်တွေဟာ ငွေထုပ် တွေပါလို့ မင်းတို့ကို မပြောခဲ့တာ။ မလွဲမရှောင်သာလွန်းလို့သာ ဒီလိုကိစ္စမျိုးကို ခိုင်းရတာ။ မင်းတို့ ပြန်စဉ်းစားရင် သိလိမ့် မယ်

အဲဒီနေ့က စနေ၊ တနင်္ဂနွေတော့မဟုတ်ဘူး။ ဒါပေမယ့် အစိုးရရုံးပိတ်ရက် ဟုတ်တယ်နော်..."

"ဟုတ်ပါတယ်..."

"ဘဏ်ကနေ ငွေလွှဲခိုင်းလို့မရဘူး။ ဖြစ်ချင်တော့ တို့...ဒီဘက်မှာကလည်း ငွေချေစရာကိစ္စတစ်ခုက ရှိနေပြန် တယ်။ တို့လုပ်ငန်းရှင်တွေရဲ့ တစ်နှစ်တာ ကာလမှာ နေကြတ်သ

www.burmeseclassic.com

www.burmeseclassic.com



လို၊ လကြတ်သလို ကြုံတောင့်ကြုံခဲ ကိစ္စတွေက နှစ်ခါ၊ သုံးခါ ဆိုသလို ဖြစ်တတ်တယ် အေးချမ်းရဲ့။ ဒါကြောင့် ဒီတာဝန်ကို မင်းကို ပုံအပ်ခဲ့တာ..''

''ကျွန်တော်ပေါ့ ဆသွားတယ်ဆိုတာ ဝန်ခံပါတယ် အန်ကယ်။ ဆိုလိုတာက ဆာလာအိတ်ထဲမှာ ငွေတစ်ဝက်လောက် ကျိုးတော့မှ အဖြစ်မှန်ကို ရိပ်မိခဲ့တယ်။ ဒါပေမယ့် ဒီငွေထုပ်တွေကို ထုပ်ပိုးပေးလိုက်တဲ့သူမှာရော တာဝန်မရှိဘူးလားဗျာ။ ဟိုင်းဝေးလမ်းပေါ် ထွက်မယ့်ကိစ္စ ဘာ့ကြောင့် လျော့တိလျော့ရဲ လုပ်ပေးလိုက်ရတာလဲ''

အေးချမ်းစကားကြောင့် MD ဦးမင်းပိုင်က အေးချမ်းကို သနားစရာ သတ္တဝါတစ်ကောင်လို မျက်လုံးမှေးစင်းပြီး ကြည့်လိုက်ရင်း...။

''အဲဒီစကားကို မပြောတာကမှ မင်းကို အထင်ကြီးဦးမယ်။ အဲဒီစကားကို ပြောလိုက်လို့ မင်းကို ပိုတောင် ငါ အထင်သေးမိတယ် အေးချမ်း...''

''ဗျာ...''

''ရုံးအလုပ်တွေနဲ့ပတ်သက်ပြီး မင်းဘဏ်တွေ ခဏခဏ ရောက်ဖူးမှာပေါ့..''

''ဟုတ်ကဲ့...ရောက်ဖူးပါတယ်''

''ဘဏ်ရဲ့ နံရံတွေမှာ အများဆုံးရေးထားတဲ့ စာတန်းက ဘာလဲ''

သူ အသည်းအသန် စဉ်းစားကြည့်မိသည်။ အရေးဟယ်



အကြောင်းဟယ်ဆို ဦးနှောက်က မထွက်။

ဘာစာတမ်းများပါလိမ့်။

စာစောင်များ ဖတ်ပြီးပါက နေရာတကျ ပြန်ထားပါ ---။ အဲဒါလည်း မဖြစ်နိုင်ပါဘူး။

No Camera , No Video ...။ အဲဒါလည်း မဟုတ်သေးပါဘူး။

''သိလား...ကြည်သွန်းဖြူ...''

''ဟုတ်ကဲ့...သိပါတယ်...''

''အေး...ပြော...''

''ကောင်တာမှ မထွက်ခွာခင် ငွေများကို သေချာစွာ စစ်ဆေးပါ..''

ဦးမင်းပိုင်က သွန်းစကားကို နှစ်သက်စွာ ခေါင်းညိတ်ပြီး အေးချမ်းကိုတော့ဖြင့် 'ဘယ်လိုလဲ' ဆိုတဲ့ အမူအယာနဲ့ မေးဆတ်ပြလေသည်။

သူ ရှက်လွန်း၍ မျက်နှာတစ်ပြင်လုံး စပ်ဖျဉ်းဖျဉ်း ဖြစ်နေမိသည်။

''ထုပ်ပိုးပေးလိုက်တာ သူတို့တာဝန်..။ အေး...။ ဆာလာအိတ်တွေကို စစ်ဆေးပြီးမှ ကားပေါ်တင်ရမှာလည်း မင်းတာဝန်ပဲကွ...''

သူဌေးရဲ့ အဲဒီစကားက သူ့ရင်ထဲအသည်းထဲကို ထိပါသည်။ ထိတာမှ ရက်ရက်စက်စက်ပင်။

မှန်သည်။ အေးချမ်းဟာ အလုပ်ကို ဘယ်တုန်းကမှ

www.burmeseclassic.com

www.burmeseclassic.com



ပေါ့ဆခဲ့ဖူးသူ မဟုတ်။ ဒါကြောင့်လည်း သူဌေးက မဟာတာ
ကို ထမ်းဆောင်ရန် အေးချမ်းကို ရွေးချယ်ခဲ့ခြင်းဖြစ်ပေလိ
မည်။

သို့သော် ထိုနေ့ကတော့ အမှန်တကယ်ပေါ့ဆခဲ့မိပေ
သည်။ ဘာ့ကြောင့်လဲဆိုတော့ 'အချစ်'ကြောင့်ပါ။ ဟိုင်းဝေး
လမ်းပေါ်မှာ ချစ်ရသူကို ချစ်ခွင့်တောင်းဖို့ စိတ်စောနေသည့်
အတွက် အရာရာ ကသောင်းကနင်း ဖြစ်ခဲ့ရလေသည်။

မှန်သည်။ သူ့မှာသာ အပြစ်အရှိဆုံးပင်။ သူလုံး
လက်ခံသွားရပြီ။

"နောက်တစ်ချက်ကို ပွင့်ပွင့်လင်းလင်းပဲ ပြောမယ် ကွာ။
လူသားချင်း စာနာထောက်ထားတဲ့အနေနဲ့ ဒီကိစ္စဟာ
မင်းတို့ပြောသလို မတော်တဆဖြစ်ရပ်သာ တကယ်မှန်တယ်ဆို
ရင် ငါတို့ခွင့်လွှတ်ပေးလိုက်မယ်။ ဒါပေမယ့် ဘယ်မှာလဲ
သက်သေ။ ဒီကိစ္စတကယ် ဟုတ်မဟုတ်သိတာဆိုလို့ မင်းတို့
နှစ်ယောက်ပဲရှိတယ်။ မင်းတို့နှစ်ယောက်စလုံးကို ငါယုံပါတယ်။
ဒါပေမယ့် အခြေအနေနဲ့ အချိန်အခါကို ငါမယုံဘူး"

ကြာတော့ အေးချမ်းမည်သို့မျှ ဆက်လက်နားထောင်
နိုင်စွမ်းမရှိတော့။ သူဌေးပြောတာတွေက မှန်ပါသည်။ သွေးထွက်
အောင် မှန်ကန်လွန်းသည်မို့ သူ သတ်သေချင်လောက်သည်အထိ
ခံပြင်းဒေါသထွက်နေမိ၏။

"ဒီလိုလုပ်ပါ အန်ကယ်..."

"အေး..ပြောလေ..."



"ကျွန်တော့်ကို လစာမဲ့ခွင့်တစ်လ အန်ကယ်ပေးနိုင်
မလား"

"မင်းက ဘာလုပ်ချင်လို့လဲ..."

"ကျွန်တော် အဲဒီနေရာတွေဆီ နောက်တစ်ကြိမ်သွား
မယ်။ ဒီငွေတွေကို ဘယ်သူတွေရသွားသလဲဆိုတာ စုံစမ်းမယ်။
အမှန်ကို ရှင်းပြပြီး ကျွန်တော်ပြန်တောင်းခဲ့မယ်။ တကယ်
လို့ ကျွန်တော်ရခဲ့တဲ့ ငွေပမာဏက အန်ကယ်တို့ ဆုံးရှုံးခဲ့ရတဲ့
ငွေပမာဏထက် နည်းနေရင် အကြွေးမကျေမချင်း ကျွန်တော်
လစာမဲ့ အန်ကယ်တို့ဆီမှာ လုပ်အားနဲ့ ပြန်ဆပ်ပေးပါ့မယ်"

ချစ်သူရဲ့ ရဲဝံ့ပြတ်သားလှတဲ့စကားကြောင့် သွန်း မသိ
သော ဖျားသွားရလေပြီ။ ချစ်သူအကြောင်းကို သူမသာသိသည်။
ကိုယ်ကျင့်သိက္ခာကို ထိပါးလာပါက လုံးဝဆတ်ဆတ်ထိမခံတတ်
သည့် မြွေဟောက်ပေါက်စလေးလိုပဲ...။

MD ကတော့ သူ့စကားကြောင့် အူတက်အောင်သာ
ရယ်နေပြီး...။

" 'ကိုပေါ'ဆိုတဲ့ သီချင်းကြားဖူးလား။ အေး မင်းတို့
နှစ်ယောက်စလုံး မောင်ပေါနဲ့ မပေါလို ဖြစ်နေပြီ..."

အမလေး သူဌေးရယ်။ 'ကိုပေါရဲ့ အုတ်ဂူလေး...တို့
ရွာပြင်မှာရှိတယ်'ဆိုသလို ကျွန်မတို့ ဒီပိုက်ဆံအတွက်နဲ့တော့
မသေပါရစေနဲ့။ ကျွန်မတို့ မချမ်းသာပေမယ့် လူညွန့်တွေတော့
တလူလူနဲ့ပါရှင်။

"ဟိုလေ..အန်ကယ်...ကျွန်မတစ်ခုလောက် မေးချင်

www.burmeseclassic.com

www.burmeseclassic.com



လို့ပါ…''

''ပြော…''

''လွှင့်ကျခဲ့တဲ့ ငွေပမာဏက ဘယ်လောက်ရှိသလဲဟင်''

''မင်းတို့နှစ်ယောက် ပြန်လျော်ကြမလား…''

''ကျွန်တော်တို့ အတတ်နိုင်ဆုံး ငွေပြန်ရအောင် လုပ်ပေးမှာပါ အန်ကယ်''

''ကြည်သွန်းဖြူ ကရော…''

''ကျွန်မလည်း အေးချမ်းပြောတဲ့ စကားအတိုင်းပါပဲ''

''ကောင်းပြီ…။ မင်းတို့ နှစ်ယောက်စလုံးကို လစာမဲ့ခွင့်တစ်လပေးလိုက်မယ်။ လိုအပ်ရင် လစာမဲ့ ခွင့်နှစ်လအထိယူနိုင်တယ်။ ပျောက်သွားတဲ့ငွေတွေကို ပြန်ရှာလာခဲ့ပါ။ ငွေပြန်မအပ်ခဲ့နိုင်ရင်တော့ ရဲစခန်းမှာ တိုင်ချက်ဖွင့်ရလိမ့်မယ်''

''လောလောဆယ်တော့ ရဲစခန်းမှာ တိုင်ချက်ဖွင့်မယ့်ကိစ္စကိုတော့ ဆိုင်းငံ့ပေးထားပါ အန်ကယ်ရယ်။ ကျွန်မတို့က လူငယ်တွေပါ။ အညွန့်တလူလူနဲ့ပါ။ ကျွန်မတို့နှစ်ယောက် ရိုးသားခဲ့ကြပါရက်နဲ့ သူခိုးကြမ်းပိုးလို အစစ်ဆေးမခံနိုင်လို့ပါ''

''ကောင်းပြီလေ။ စောစောက ငါပြောတဲ့ အပေးအယူကိစ္စကို သဘောတူလား…''

အေးချမ်းရော သွန်းပါ သူဌေးစကားကို ခေါင်းတွင်တွင် ညိတ်လိုက်ရင်း…။

''တူပါတယ်…အန်ကယ်။ ကျွန်မတို့ အဲဒီနေရာကို



အတတ်တစ်ကြိမ်ပြန်သွားပြီး ရတဲ့နည်းနဲ့ ငွေတွေ ပြန်တောင်းခဲ့မှာပါ..''

''အိုကေ..ကောင်းပြီ။ ဩော်..မင်းတို့နှစ်ယောက်ကို ပျောက်ဆုံးသွားတဲ့ငွေပမာဏ မပြောရသေးဘူး။ ငွေအလေအလွင့်ပမာဏက…''

သူဌေးက အေးချမ်းကိုရော ကြည်သွန်းဖြူကိုပါ တစ်ချက် လေးနက်စွာ ကြည့်လိုက်ပြီး…။

''သိန်း နှစ်ရာ…''

''ဟယ်..''

''အာ…''

www.burmeseclassic.com

www.burmeseclassic.com

တောင်လေတိုက်ခတ်ရာအတိုင်း
လိုက်ခဲ့ကြပြီး
'ဘဲဥအစရှာ' ရှာပုံတော်ခရီး ထွက်ခဲ့ကြတယ်။

ဘာပဲပြောပြော
ကိုယ့်ဇာတ်လမ်းမှာ
ကိုယ်သာ ဇာတ်လိုက်ပဲ…။

BURMESE CLASSIC

(6)

ဘဲဥအစရှာ ရှာပုံတော်…။

ဇာတ်လမ်းက အခုမှ စပါသည်။

အိတ်စ်ပရက်(စ်)ကားကြီးတစ်စီးပေါ်တွင် ချစ်သူနှစ်ယောက် တိုးတိုးတိတ်တိတ်နှင့် ရန်ဖြစ်လျက်ရှိ၏။

"သေချာ ပြန်စဉ်းစားပါဦး…"

"လုံးဝ မလွဲဘူး…။ မိုင်တိုင် ၆ဝ…"

"ဟုတ်ပါ့မလား… ကိုယ့်အထင်တော့ မိုင်တိုင် ၉ဝနားလောက်ထင်တာပဲ"

"၆ဝပါရှင်…၆ဝပါ..။ ၆ဝ ဝန်းကျင်မှာ ဖြစ်ခဲ့တာပါ…"

"၉ဝ ဖြစ်လိမ့်မယ်နော်..။ ဟာ…နေဦး..ဆောရီး..ဆောရီး…၁၉ဝကို ပြောတာ"

"ကိုရယ်…ရှင်ပြောလိုက်မှတောင် ကျွန်မ ဇဝေဇဝါ

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ကုန်ပြီ..'၆'တော့ပါတယ်။ ၆၀ ဖြစ်မလား။ ၁၆၀ ဖြစ်မလား မသိဘူး..''

''ဟင်း... ...''

''ဟာ...ဒုက္ခပဲ..''

''စိတ်ဆင်းရဲလိုက်တာနော်...''

''ဟင်း... ...''

နှစ်ယောက်စလုံး သက်ပြင်းကို ပြိုင်တူချမိကြ၏။

ကသောင်းကနင်း ခရီးစဉ်ကြီး စပါပြီ။

ပိုပြီး တိတိကျကျ ပြောရမည်ဆိုပါမူ 'ဘဲဥအစရှာ' ရှာပုံတော်ကြီးရဲ့ ကသောင်းကနင်း ခရီးစဉ်ကြီး စတင်လိုက်ပါပြီ။

အေးချမ်းနှင့်သွန်း အခုငြင်းခုံနေသည့် ကိစ္စမှာ လေ့ထဲမှာ ပိုက်ဆံတွေ ပျံ့ဝဲနေသည်ကို သတိထားမိ၍ ကားရပ်ခဲ့သည့်နေရာဟာ မိုင်တိုင် ၆၀ လိုလို၊ မိုင်တိုင် ၉၀ လိုလို မရေမရာဖြစ်နေသည့် ကိစ္စပင်။

၆၀ လိုလို၊ ၉၀ လိုလို ဖြစ်နေရသည့်ကြား နှစ်ဦးစလုံးက ရှေ့ဂဏာန်း '၁'ပါသလို မပါသလို ထပ် ဖြစ်နေကြပြန်သည်။

ကဲ...စ,ထွက်လာကတည်းက ဘာမှ မရေရာ..။

''တကယ်ဆို ကျွန်မတို့ ပြဿနာဖြစ်ဖြစ်ချင်း၊ ဘယ်နေရာမှာ ဖြစ်ခဲ့တယ်ဆိုတာ သိရအောင် မိုင်တိုင်ကို သေသေချာချာမှတ်ထားခဲ့ဖို့တော့ ကောင်းပါတယ်။ ခုဟာက အမှားက တစ်ခု မကဘူး။ နှစ်ခု၊ သုံးခု ကျူးလွန်ခဲ့သလို ဖြစ်ကုန်တာ။



ခုထိပါပဲ။ ပိုက်ဆံပျောက်ရှာဖို့ ကားကို ဘယ်နေရာရပ်ခိုင်းရမှန်းတောင် မသိတော့ဘူး''

''၁ ရော၊ ၆ ရော ၉ရော ပါအောင် ညီမျှခြင်းချကြည့်မယ်ဆိုရင်တော့ အခင်းဖြစ်ခဲ့တဲ့ နေရာဟာ မိုင်တိုင် ၆၀ ကနေ ၁၉၀ ဝန်းကျင်လို့ သတ်မှတ်ရတော့မှာပေါ့။ မဟုတ်ဘူး လား''

ရှားလော့ဟုမ်းလေသံနှင့် ပြောနေသည့် အေးချမ်းကို သွန်း မျက်စောင်းတစ်ချက်တော့ ထိုးလိုက်မိသည်။

ဒင်း..။ ဒင်းကို ချစ်မိလို့ ငါ ငါးပါးမှောက်တာ။ သူဟာ ဘာလုပ်လုပ် နမော်နမဲ့ချည်းပဲ။ သူ့ကို စတွေ့တည်းက ငါဖင်ပူခဲ့ရတာကို သတိရခဲ့မယ်ဆိုရင် ငါသူ့ကို အဖြေပေးခဲ့မိမယ် မထင်ဘူး။ ခုတော့ သူချစ်သူဖြစ်ခဲ့ရလို့ ဒီကိစ္စမှာ ငါဟာ ကြံ့ရာပါလို ဖြစ်ခဲ့ရပြီ..ဟင်း..။

ခုတော့ ဘာမှမတတ်နိုင်တော့။

''အဲလို..မျက်စောင်းကြီး မထိုးပါနဲ့ကွာ။ တစ်လှေတည်းစီး တစ်ခရီးတည်းအတူသွားနေကြတဲ့ ချစ်သူတွေပဲဟာ...နော်..''

''ဘာလဲ...အဲဒီ လက်က...''

''ကျားဗိုလ်ဆွဲရအောင်..''

''ဟင်..ကျားဗိုလ်ဆွဲပြီး နိုင်တော့ကိုက ဘာလုပ်ချင်လို့လဲ''

''ကိုယ်တော့ ကားကို ဒီနားမှာပဲ ရပ်ခိုင်းပြီး ဆင်းလိုက်ချင်တယ်''

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်…ဘာမှလည်း မရေရာဘဲနဲ့…"

"အေးလေ…စထွက်လာကတည်းက ကိုယ်တို့ခရီးက ရေမှ မရေရာတာ…"

"ဟား..ကဲ…လုပ်လုပ်.. ဆွဲမယ်.."

မတတ်နိုင်တော့။ အရှုံးကို ချစ်သူတော်မိမှတော့ အရှုံးပြုသမျှ နုကြရုံပေါ့။

ထိုသို့ ကားပေါ်မှာ ကျားဖိုလ် သုံးခါစီဆွဲကြရာ အေးချမ်းက နိုင်သွားသဖြင့်

"ဟိုး…ကားဆရာ၊ ရပ်။ ရပ်။ ဒီမှာတင် ဆင်းမယ်"

ကားကတော့ ရပ်သွားသည်။ သို့သော် ကားဆရာပါးစပ်ကတော့ဖြင့် မရပ်။

"ဒီနေရာက မြို့တွေ ရွာတွေနဲ့ မနီးဘူးနော်။ ဒီမှာ ဆင်းမှသေချာလို့လား"

"သေချာတယ်..သေချာတယ် ဒီမှာ ဆင်းမှာ"

အထုပ်တွေ၊ အပိုးတွေ ဆွဲပြီး ကားပေါ်ကဆင်းဖို့ ရှေ့ခန်းအထိ လျှောက်ခဲ့ကြရာ ကားဆရာထိုင်သည့်နား အရောက်မှာတော့…။

"ဟင်…"

"အဲ…"

"မြင်ဖူးသလိုပဲ…"

"အဲ…ကိုအာလူးပူတီနဲ့ မဖင်ပူ"

"ဩ… တို့ဆေးမိ ကားဆရာ"



စိတ်ရှုပ်ရတဲ့ကြား မိတ်ဟောင်းဆွေဟောင်းတွေနဲ့ ကြုံကြုံဖန်ဖန် လာတွေ့နေရသေးတယ်။

"အဟဲဟဲဟဲ…အဟဲဟဲဟဲ…"

သွန်းနဲ့ စတင်ဆုံဆည်းစဉ်က အေးချမ်းငှားစီးခဲ့ဖူးတဲ့ တက္ကစီကားဆရာပါ။ အဲဒီတုန်းကအထိတော့ ထိုကားဆရာမှာ သွန်းနဲ့အေးချမ်းကို သူစိမ်းတွေလို့ သိထားဖူးရာ၊ ခုလို အထုပ်အပိုးတွေနှင့် နှစ်ယောက်အတူ တွေ့လိုက်ချိန်မှာတော့ အံ့အားသင့်ကာ မျက်နှာပိုးသတ်မရ ဖြစ်နေလေတော့၏။

"ဘာရယ်တာတုံး ခင်ဗျားက…"

"ဩော်…ခင်ဗျားတို့ နှစ်ယောက်ရဲ့ ဖူးစာက ဖန်ရေးတာလား။ ကျွန်တော်ရေးခဲ့တာလားလို့…တွေးမိလို့ပါ.."

"အောင်မာ…"

"မဟုတ်လို့လား..။ တနယ်တကျေးကို အထုပ်အပိုးကိုယ်စီနဲ့ သွားတာ လက်ပူးလက်ကြပ်တွေ့ထားပြီးတာကို.."

"ထားပါတော့..ထားပါတော့…"

"စပ်စုတယ် မထင်နဲ့နော်…။ ခုကရော ဘာကိစ္စ ဒီမှာဆင်းကြတာတုံးဟင်"

"ဖင်ပူတာထက်ဆိုးတဲ့ ကိစ္စ ဖြေရှင်းဖို့ဗျ။ ကျုပ်တို့ နှစ်ယောက် သောက်ပြဿနာအကြီးကြီးတစ်ခု တက်ထားလို့.."

"အာ…ကိုကလဲ..။ ဒီမှာ ကားဆရာ ကိုယ့်ဟာကို တို့ဆေးမမိအောင် ဂရုစိုက်..ဒါပဲ.."

"ဟောဗျာ.."

www.burmeseclassic.com

ကားပေါ်က နှစ်ယောက်စလုံးသာ ဆင်းသွားကြသည်။ တစ်ယောက်မှ အချိုးမပြေကြချေ။

(7)

ကားပေါ်က ဆင်းလာသည်နှင့် ဩကာသလောကကြီး သာ ထင်ထားတာထက်တောင် ပိုပြီး ကျယ်ပြောနေသလိုပင်။

ကောင်းကင်ပြာကြီးကတော့ ဟိုးအဝေးဆီကို ခုံးနိမ့် သွားပြီး လယ်ကွင်းတွေ၊ တောင်တန်းတွေနဲ့ ထိစပ်သွားသယောင် ဆင်ရလေ၏။

'ဘဲဥအစရှာ' ရှာပုံတော်ခရီးက မိုးကုပ်စက်ဝိုင်းအထိ ထင် .ခရီးဆက်ရဦးလေမည်လား မသိ။

''ဒီမှာ ဆင်းတာကတော့ ဟုတ်ပါပြီ။ ဘယ် ဆက်သွား ကြမှာလဲ..''

သူမ အသံက မသိမသာနှင့် ငိုသံပေါက်နေ၏။ ဒီခရီး စဉ်ကို မိဘများက သိပ်လွှတ်ချင်လှ၍ လွှတ်လိုက်သည်မဟုတ်။ ပျောက်ဆုံးသွားသည့် သိန်းပေါင်းနှစ်ရာကို မည်သို့မျှ ထိမ်ဆပ် နိုင်၍သာ သမီးကညာကို ယောကျ်ားစိမ်းတစ်ယောက် နှင့်အတူ ခရီးထွက်ရန် သဘောတူလိုက်ရခြင်း ဖြစ်လေသည်။

www.burmeseclassic.com

www.burmeseclassic.com



"ငါ့ သမီး ကြည်သွန်းဖြူရယ်···။ သိန်းနှစ်ရာ မပျောက်ဘဲ ငါဘဲလောကကြီးထဲကနေ ပျောက်သွားချင် တော့တယ်။ အလုပ်ဝင်တာကမှ လပိုင်းပဲရှိသေးတယ်။ ရာဇဝတ်အိုး တုတ်နဲ့ထိုး···။ သိန်းပေါင်း နှစ်ရာကြီးတောင် ပျောက်ခဲ့ရသလား အေ့··"

ရုတ်တရက် မိခင်ဖြစ်သူ၏ စကားကို ကြားယောင်ရင်း သူမ မျက်ရည်ဝဲလာရ၏။

အေးချမ်းကျတော့ သူမလိုမဟုတ်။ ဖြစ်သမျှအကြောင်း အကောင်းလို့ ယူဆထားသည့်သူ။ သူကတော့ ယောက်ျားလေးကိုး၊ ခုလို ပူပူနွေးနွေးရည်းစားလေးနှင့် ညအိပ်ညနေ ခရီးရှည် တစ်ခု ထွက်လာရသည်ကိုပင် တစ်ခါတလေတွေးမိတိုင်း ပျော်သလိုလို ရှိနေ၏။

"ကို··· မေးနေတယ်လေ။ ဘယ် ဆက်သွားကြမှာလဲ လို့"

ဆရာကြီးအေးချမ်းက ချစ်သူစကားကို မေးဆက်ဖြ လိုက်ပြီး အရပ်ရှစ်မျက်နှာကို မုဆိုးတစ်ယောက်လို ကြည့်ရှု စစ်ဆေးနေလေ၏။

"ခဏလေးပါကွာ။ ပလိ(စ်)။ ကို သဲလွန်စရှာနေတယ်"

"ဟင်··သဲလွန်စ။ ဘယ်က သဲလွန်စလဲ··။ ကွာ···။ သွန်း လိုက်လာမိတာတောင် မှားပြီ ထင်တာပဲ။ ရဲစခန်းသွား ပြီး အဖမ်းခံလိုက်တာမှ အာရုံနောက် သက်သာဦးမယ်"

သူမ စကားကြောင့် အေးချမ်း သဘောကျစွာ ရယ်လိုက်



ပြီး···

"အဟားဟား··လွယ်လွယ်နဲ့ ဖွဲ့မလျှော့ကြေးလေ ချစ်သူရဲ့···။ Life is full of challenge ··။ ဘဝဆိုတာ ခေါ်မှုတွေ အပြည့်နဲ့ပါ။ ရဲရဲ ရင်ဆိုင်ကြရုံပေါ့"

"ဟုတ်ပါပြီ··ဟုတ်ပါပြီ··အခု··တွေ့ပြီလား··။ အဲဒီ သဲလွန်စ··"

"တွေ့ပြီ··"

"ဟင်··· "

ဟုတ်လှချည်လား··။ ခုပဲ ဘဲဥအစရှာခရီးထွက်လာ တယ်။ အခုပဲ သဲလွန်စတွေ့တယ်ဆို၍ သွန်း အံ့အားသင့်သွား ရ၏···

"ဘယ်မလဲ···အဲဒီ သဲလွန်စ··"

"ခု···ဘယ်အရပ်ကို လေတိုက်နေသလဲ တွေ့လား··"

အေးချမ်းက မြေကြီးပေါ်မှ သဲမှုန်လေးများကို လက်ခုပ် လိုက်ရင်း ဖြည်းဖြည်းချင်းနှင့် သဲများကို အောက်ဘက်သို့ နေလေရာ···။ လေတိုက်ခတ်ရာအရပ်သို့ သဲများ လွင့်စင်နေ သည်ကို သွန်း သတိထားမိသွား၏··။

"တောင်လေ တိုက်နေတာ သွန်းရဲ့···"

"အဲဒီတော့ ဘာဖြစ်သလဲ။ ဘယ်ဟာက သဲလွန်စလဲ"

"လေက သဲလွန်စ··"

"ဘာ··· ···"

"သွန်း စဉ်းစားကြည့်လေ။ ကိုယ်တို့ နှစ်ယောက်ကို

www.burmeseclassic.com

www.burmeseclassic.com



ပြဿနာတွေတက်၊ ဒုက္ခတွေရောက်အောင် ဘယ်အရာက လုပ်ခဲ့တာလဲ။ တကယ်လို့သာ အဲဒီနေ့က ကိုယ်ကားမောင်းနေ တုန်း လေတွေ ခပ်ကြမ်းကြမ်းမတိုက်ခဲ့ရင် ပိုက်ဆံအိတ်တွေ ပေါက်ပြဲပြီးလေနဲ့ ရောလွင့်ထွက်သွားပါ့မလား။ ဒါကြောင့် 'လေ' ဟာ ကိုယ်တို့ကို ဒုက္ခပေးခဲ့တဲ့ တရားခံပဲ။ ခု နောက်တစ်ကြိမ် ကိုယ်တို့ ဒီကိုပြန်လာတဲ့အခါ ပိုက်ဆံတွေ ပြန်ရှာဖို့ 'လေ'ကိုပဲ အားကိုးရလိမ့်မယ်။ 'လေ'ကပဲ ကိုယ်တို့ကို ကူညီလိမ့်မယ် လို့ ကိုယ်ယုံကြည်တယ်"

"ဘုရားရေ…ရှင် ရူးနေပြီလား…။ ရူးနေပြီလားဟင်"

ချစ်သူစကားကြောင့် သူ ပခုံးတွန့်ပြလိုက်ပြီး…။

"ကိုယ်တို့မှ ရွေးချယ်စရာ သိပ်လမ်းမရှိဘူး။ လာ… လေသယ်ဆောင်ရာအတိုင်း လေတိုက်တဲ့ဘက် သွားကြမယ်.."

"မြတ်စွာဘုရား…"

အကူအညီတောင်းစရာဆို၍လည်း လမ်းခရီးမှာ ခွေးတစ်ကောင် ကြောင်တစ်မြီးမှ မတွေ့။ လူအရိပ်လူအယောင် ဆိုလို့ ကတော့ ဝေး…။

သွန်းကတော့ ချစ်သူရဲ့ အတွေးအခေါ်ကိုရော လုပ်ရပ် ကိုပါ လက်ဖျားခါ၍ မဆုံးတော့..။

ကြည့်ဦး…။

အများက သူခိုးကြမ်းပိုးတွေလို့ သတ်မှတ်လိုက်ကြပြီး ကိုယ့်ရိုးဖြောင့်မှုကို ကိုယ်သာသိကြတဲ့ လူငယ်စုံတွဲလေးတစ်တွဲ ဟာ ဟိုင်းဝေးလမ်းမကြီးပေါ်ကနေ ခွဲထွက်လိုက်ကြပြီး





လေတိုက်ခတ်ရာအရပ်အတိုင်း အဆုံးအစမရှိတဲ့ လမ်းကို ချီတက် ခဲ့ကြပါပြီ။

သူတို့ လျှောက်လှမ်းနေသည်မှာ ပန်းခင်းလမ်းလည်း မဟုတ်။

စပါးခင်းတွေ၊ လယ်တော၊ ထန်းတောတွေ၊ မြေမညီ ညာဖြစ်နေသည့် တောင်ပူစာလေးတွေကို နာရီအတော်ကြာ ဖြတ်သန်းခဲ့ကြရသည်။

"ကို…ကျွန်မ ဆက်မလိုက်နိုင်တော့ဘူး။ အရမ်း ညောင်းနေပြီ.."

"လာ…ကိုယ် ကုန်းပိုးပြီး ခေါ်မယ်.."

"ဟင်.. …"

သွန်း မျက်လုံးပြူးသွားရပြန်သည်။

"ဟင့်အင်း..မလိုက်ချင်တော့ဘူးကွာ..။ ဒီခရီးက တွက်ကတည်းက လုံးဝ အဓိပ္ပာယ်မရှိတဲ့ ခရီးကြီး။ သွန်း နောက်ကြောင်း ပြန်လှည့်ချင်တယ်။ သူဌေးတွေ စိတ်ကျေနပ်သွား အောင် ရဲစခန်းမှာ အဖမ်းခံလိုက်ချင်တယ်"

သွန်းက သူ့နောက်ကျောပေါ်တက်ပြီး ကုန်းပိုးမလိုက် ဘို။ ဒါမျိုးတွေ ကိုရီးယားဇာတ်လမ်းတွဲတွေထဲမှာ မြင်ဖူးပေမယ့် အထင်လည်းမကြီး။ အတုခိုးဖို့ကလည်း စိတ်မဝင်စား။ ချစ်သူ ရဲ့ နောက်ကျောပေါ် ခိုစီးပြီး စတန့်ထွင်၍လည်း မလိုက်လို။

အေးချမ်းကတော့ သွန်းလို မတွေးမိ..။ ဆက်လက် လမ်း မလျှောက်နိုင်တော့သည့် ချစ်သူကို နောက်ကျောမှာ

www.burmeseclassic.com

www.burmeseclassic.com



ထမ်းပိုးပြီး ခရီးဆက်လိုသည်။

လမ်းဆုံးသည့်အခါ ရွာတစ်ရွာတော့ တွေ့ရစမြဲ မဟုတ်ပါလား။

"ဘာလဲ…သွန်းက ကိုယ့်ကို မယုံလို့လား…"

"အို…မဟုတ်ပါဘူး။ ကိုရဲ့…သုံးလေးလလောက် ကြာခဲ့ပြီးတော့မှ ပိုက်ဆံပျောက်လိုက်ရတာတယ်ဆိုတာ ဘယ်လိုမှ မဖြစ်နိုင်ဘူး ထင်လို့ပါ"

"ဥစ္စာမှန်ရင် ပြန်တွေ့မှာပေါ့ သွန်းရဲ့…။ လမ်းဆုံးရင် ရွာတစ်ရွာရောက်ရစမြဲပါ…။ ကိုယ့် ကျောကုန်းပေါ်ကနေ အေးအေးဆေးဆေးသာ လိုက်လာခဲ့စမ်းပါ‥။ မကြာခင် ထူးခြားတာတွေ့စေရမယ်"

"အို… "

အေးချမ်းက မပြောမဆိုနှင့် သွန်းကို ပွေ့ချီလိုက်ရင်း နောက်ကျောမှာ ကုန်းပိုးခေါ်သည့်အခါ အပျိုမလေး ထိတ်ကနဲ ရင်ခုန်သွားရသလို ရှက်လည်းသွားရ၏။

"ကိုကလည်း …ရှက်စရာကြီးကွာ‥"

"ဘာရှက်စရာရှိလဲ…လမ်းမလျှောက်နိုင်တဲ့ ကလေးတွေ အဘိုးအဘွားတွေလည်း ဒီလိုပဲ ကုန်းပိုးခေါ်ရတာပဲ မဟုတ်လား။ ကုန်းပိုးတဲ့ ယဉ်ကျေးမှုက ကိုရီးယားကရင်စခဲ့တာ မဟုတ်ပါဘူး။ တို့မြန်မာမှာ တို့မွေးခင်ကတည်းက ရှိနှင့်ပြီးသားတွေပါ"

ကြည့်…။



ပေါင်တစ်ရာကျော် အလေးချိန်ရှိတဲ့ သူမကို သူ ဘယ်လောက်အကြာကြီး ကုန်းပိုးခေါ်နိုင်မှာမို့လဲ…။ အလကား စိတ်ကူးတွေ လျှောက်ယဉ်ပြီး ပေါက်တတ်ကရတွေ လျှောက်လုပ်နေတာ။

ခုပဲ‥သူ့ နဖူးမှာ ချွေးတွေစို့တက်လာပြီ မဟုတ်ပါလား။

"ချပါကွာ‥သွန်း လမ်းလျှောက်ပါ့မယ်။ ကို မောနေမှာပေါ့"

"မောတော့ မောတယ်။ ဒါပေမယ့်‥အပင်း‥"

သိပ်ချစ်စရာကောင်းတဲ့ ချစ်သူ‥။

သူ့လုပ်ရပ်တွေဟာ မှားသလား၊ မှန်သလား ဝေဖန်ခွဲခြားဖို့ စောလွန်းနေသေးပေမယ့် မိန်းကလေးတစ်ယောက်အပေါ် ဘယ်လို ညှာတာရမယ်ဆိုတဲ့အသိ သူ့မှာရှိတယ်။

အသားချင်း ထိကပ်၊ ပူးကပ်နေရတဲ့အခါ နှစ်ယောက်သားရဲ့ ရင်ခုန်သံတွေကလည်း ကျယ်လောင်လာခဲ့တယ်။

"သိန်းနှစ်ရာကိစ္စသာ ဝင်မရှုပ်ခဲ့ရင် အခု ခရီးစဉ်ဟာ ပေါက်တတ်ကရ အနိုင်ဆုံးနဲ့ ဟန်းနီးမွန်းထွက်ရင် တောင် ဟန်းနီးမွန်းထက် ပိုရင်ခုန်စရာကောင်းတဲ့ ခရီးတစ်ခုပဲ သွန်း…။ သွန်းရော အဲလို တွေးမိရဲ့လား"

"တွေးမိတာပေါ့လို့…"

"ကို့ကို မချစ်ဘူးလားလို့‥"

"ချစ်တာပေါ့လို့…"

ဒုက္ခရောက်နေသည့်ကြားပင် ချစ်သူနှစ်ယောက် ဆွတ်

www.burmeseclassic.com

www.burmeseclassic.com



ပျံ့ရင်ခုန်လျက်ရှိကြ၏။

တကယ်တော့ သူ မောပန်းနွမ်းနယ်နေပြီ။

အိမ်က ခုတင်ကြီးကို ပြေးမြင်ယောင်ပြီး ပစ်လှဲပစ်လိုက်ချင်ပြီ။

ဒီပုံစံအတိုင်းသာ ခရီးနှင်ရမည်ဆိုလျှင် သေချာတယ်။ နောက်ထပ် ဆယ့်ငါးမိနစ်နေလျှင် သူ ဖလက်ပြပြီ။

"သွန်း…"

"ရှင်…"

"ကိုယ့်ကို သီချင်းဆိုပြပါလား…။ ကိုယ်မောနေလို့"

"အိုကေ…ဆိုမယ်လေ‥ဘာသီချင်းဆိုပြရမလဲ‥"

" any songs …။ ကြိုက်ရာပေါ့‥"

"ဟုတ်ပြီ‥ဟုတ်ပြီ‥။ ခု အနေအထားနဲ့ ကွက်တိလည်းကျသွားအောင် ဟိုသီချင်းဆိုမယ်လေ"

"ဘယ်သီချင်းလဲ‥"

"အဲဒီ သီချင်းက ကြာတော့ကြာပြီကွ။ အက်စစ်တို့ သီအိုရီတို့ ပေါ်ပြီးသိပ်မကြာဘူး ပေါ်လာတာ။ အဖွဲ့နာမည်တော့ မေ့နေပြီ။ ဆိုတဲ့ ကောင်မလေးကတော့ ချိုသဲ တဲ့‥။ မုန့်လုံးစက္ကူကပ် သီချင်းလေ‥"

"အဟားဟား‥ဟုတ်ပါပြီကွာ‥"

~မုန့်လုံးကို စက္ကူကပ်လို့ ~ကြာကလပ်နဲ့ဆွမ်းတော်တင် ~ ပုလ္လင်ပေါ်ကမျောက်ကလေး ဆင်းသက်လို့ပြေး ~ဂျာအေး ဂျာအေးကို သူ့အမေရိုက်လို့ ~ မှောင်မိုက်မှာငို ~ ကိုလူပျို



…ရုံပေါက်က ခြေထောက်ကိုဆွဲ ~တွဲလဲ ~တွဲလဲရယ်နေပါဦး ~မိုးတောင်က ချိုး ~မုန့်လုံး ~မုန့်လုံး ~မုန့်လုံး ~~~

ချစ်သူနှစ်ယောက်က လိုက်ဖက်ညီသလို ကိုယ့်တာဝန်ကိုယ်လည်း ကျေကြပါသည်။

တစ်ယောက်က ခရီးဆက်ဖို့ လမ်းလျှောက်နေသလို၊ တစ်ယောက်ကလည်း အမောပြေအောင် သီချင်းဆိုလျက်ရှိရာ‥

ငါးဖာလုံလောက် အရောက်မှာပင် အေးချမ်း မျက်လုံးများ ပြာဝေလာရလေတော့၏။ လူကလည်း ဒယီးဒယိုင်‥။ ခုဝင်…ပစ်လှဲတော့မည့် သူလို ယိမ်းထိုးနေစဉ်…။

"ကို…ကို…ထူးခြားမှုတစ်ခု စ,တွေ့ပြီ။ ဟိုရှေ့မှာ ချုံပုတ်ကြီးလှုပ်နေတယ်။ ဟိုရှေ့မှာ ချုံပုတ်ကြီး လှုပ်နေတယ်"

www.burmeseclassic.com

www.burmeseclassic.com

(7-a)

သွန်းစကားမှာ အမှန်ပင်ဖြစ်၏။

ညီညာပြန့်ပြူးသည့် လွင်ပြင်တစ်ခုမှာ သူတို့လမ်းလျှောက်နေစဉ် ဟိုးခပ်လှမ်းလှမ်းမှ ချုံပုတ်ကြီးတစ်ခုမှာ တဝိုးဝိုးလှုပ်လျက်ရှိသည်မို့ ကျောပေါ်ထမ်းပိုးထားသည့် သွန်းကို အောက်ချပြီး…။

"ရှူး…"

အသံမထွက်စေရန် နှုတ်ခမ်းပေါ် လက်ညှိုးတင်ပြီး အချက်ပြလိုက်ရသည်။ သွန်းက ခေါင်းညိတ်လျက် လေသံခပ်တိုးတိုးနှင့်…။

"ကျားတွေ၊ ခြင်္သေ့တွေများလား မသိဘူးနော်‥"

"အာ‥ …"

ချစ်သူရဲ့ ခပ်ကြောင်ကြောင်စကားကြောင့် သူ ခေါင်းယမ်းလိုက်ရပြီး‥။



"ဒီနေရာက တောကြီးမျက်မည်းမှ မဟုတ်တာ ဘာတွေလျှောက်ပြောနေတာလဲ"

"မသိဘူးလေ‥ဟိုမှာ လှုပ်နေတာ ကြည့်ပါလား။ကြောက်စရာကြီး‥"

"အဲ…သွန်းပြောတာလည်း ဖြစ်နိုင်တယ်။ ကျား၊ ခြင်္သေ့လို့တော့ မထင်ဘူး။ ဂျီတွေ၊ ဆတ်တွေများလား။ ဒါမှမဟုတ် ယုန်နှစ်ကောင် မိတ်လိုက်နေတာလည်း ဖြစ်နိုင်တယ်‥"

ပြောရင်း အေးချမ်း ဗိုက်ပင် ဆာလာရသည်။

ဒီလို ခရီးလမ်းကြမ်းမယ်မှန်းသိရင်၊ ဒီလို တောကောင်တွေ ပေါမယ်မှန်းသိခဲ့ရင် တစ်ပိုင်တစ်နိုင် အမဲလိုက်ဖို့ ဓားမြှောင်တွေ၊ ဒူးလေးတွေ သယ်လာခဲ့ပါတယ်။

"တောက်‥ဒူးလေးနဲ့ ဆော်ချင်တာကွာ‥ချုံပုတ်ထဲဝင်ပြီး ယုန်နှစ်ကောင် မိတ်လိုက်နေတာ ဖြစ်မှာ‥"

"အရေးထဲ‥သူက တစ်မျိုး‥"

"ဗိုး‥ဗိုး‥ဗိုး‥ဗိုး‥"

ချုံပုတ်ကြီးမှာ လေမတိုက်ပါဘဲ တဝိုးဝိုးထ 'မည်'နေလေရာ အေးချမ်းလည်း အထဲမှာ ဘာရှိနေလေမယ်ရယ်သိလိုဇောကို ဆက်လက်အောင့်အီး မထားနိုင်တော့တဲ့အဆုံး…

"ကဲ…ဘာထွက်လာမလဲတော့ မသိဘူးဟေ့‥ဒါတော်သူ့ခေါင်းပဲ။ ငါတော့ ခဲနဲ့ထုပြီ…"

ကျောက်ခဲကြီးကြီးတစ်လုံးကို ကောက်ယူလိုက်ပြီး ချုံပုတ်ကြီးထဲ အားပြင်းပြင်းနှင့် ထု ထည့်လိုက်လေရာ‥။

www.burmeseclassic.com

www.burmeseclassic.com



"ဒုတ်..."

ခပ်အုပ်အုပ် ထွက်လာတဲ့ အသံနဲ့အတူ လှုပ်နေသည့် ချုံပုတ်ကြီး ရုတ်တရက် ငြိမ်ကျသွားပြီးတဲ့နောက်...

"အား... ...."

ကျယ်လောင်စူးရှပြင်းထန်လှသည့် အသံနက်ကြီးတစ်ခု ချုံပုတ်ထဲက ထွက်ပေါ်လာသည်။

အေးချမ်းနှင့်သွန်းမှာ တစ်ယောက်ကိုတစ်ယောက် မျက်လုံးအဝိုင်းသားနှင့် ကြောင်လျက်ကြည့်နေကြပြီး...

"သွားပြီ..ဒါ လူသံကြီး..."

"ဘာသောက် ပြဿနာ ထပ်တက်ဦးမလဲမသိဘူး"

"ရှင်ပြောသလို ရဲရဲရင်ဆိုင်ကြရုံပေါ့.."

သူမ ပါးစပ်မှ ထိုသို့ ပြောလိုက်စဉ်၊ သူမစိတ်ထဲမှလည်း 'ဝက်ဖြစ်မှတော့ ချီးကြောက်နေလို့ မရတော့သလို ရှင်နဲ့ချစ်သူဖြစ်မှတော့ ပြဿနာတွေတက်မှာ ကြောက်နေလို့ မရတော့ဘူးပေါ့'လို့ တွေးလို့မှ မဆုံးသေး။

"ဘယ် ဒကာလည်းကွ။ ဘုန်းကြီးကို ခဲနဲ့ပေါက်တာ ယော...."

"ဟိုက်..."

"မြတ်စွာဘုရား"

ချုံပုတ်ထဲမှ ဘုန်းကြီးတစ်ပါး ကုန်းကုန်းကွကွနှင့် မိန့်မိန့်ကြီးထွက်လာလေတော့၏။

ထို ဘုန်းကြီးအား သင်တို့နှင့် အထူးတလည် မိတ်ဆက်



ပေးစရာလိုမည် မထင်တော့ပါ။

လူဝတ်ကြောင်တုန်းက လူတစ်ယောက်ကို ဆေးမှင်ကြောင် ထိုးပေးရာ ဘီလူးရုပ်မှာ နေကာမျက်မှန် တပ်ပေးလိုက်သည့် ဆရာလေး(တနည်း မိုက်ကယ်ချက်ကြီးရဲ့ ဘကြီးတော်သူ လေသည်ရှုပ်ကြီးပင်)

ချစ်မျိုးသေခဲ့ရတာ သူ့ကြောင့်လို့ တစ်ရွာလုံးက စွပ်စွဲခဲ့ကြဖူးသည်။ ယခုတစ်ခါ မြို့ပေါ်က ရှော့(ခ်)စုံတွဲနှင့် ထိပ်တိုက်တိုးပြန်လေပြီ။

-ပွတ်ကြီးရွာတော့ ဘာတွေ ကြမ္မာငင်ဦးမည်ရယ် မသိ။

ဘုန်းဘုန်းကို တွေ့သည်နှင့် ချစ်သူနှစ်ဦးစလုံး ကဗျာကယာ လက်အုပ်ချီလိုက်ကြပြီး...

"ဘုန်းကြီးကို ခဲနဲ့ပေါက်တာ ဘယ်သူလဲ...။ ဒကာလား.."

"ကန်တော့ပါ ဘုရား..။ ကန်တော့ပါ။ တပည့်တော်က ချုံပုတ်ကြီးလှုပ်နေလို့ ယုန်နှစ်ကောင် မိတ်...အဲလေ..ချုံထဲမှာ သားကောင်ရှိတယ်ထင်လို့ ခဲနဲ့ထုလိုက်မိတာပါဘုရား"

"တင်ပါ့...တပည့်တော်မတို့ အရှင်ဘုရားကို မရည်ရွယ်ပါဘူး ဘုရား.."

မရည်ရွယ်ပေလို့ပဲ...

ကိုယ်တော် ငယ်ထိပ်မှာတော့ ချက်ချင်းဆိုသလို ရောက်လာပြီ။ အာလူးသီးလို ဖုကြီးတစ်ခု တဖြည်းဖြည်းနှင့် စူထွက်လာပြီ။

www.burmeseclassic.com

www.burmeseclassic.com



"အရိပ်သုံးပါး နားမလည်တဲ့ ဒကာတွေပဲ··။ မင်းတို့ ဒီနယ်သားတွေတော့ ဟုတ်ပုံမပေါ်ဘူး။ ဧည့်သည်တွေလား··"

"တင်ပါ့··ရန်ကုန်ကပါ ဘုရား··။ ဒါနဲ့ စကားမစပ်·· စောစောက အရှင်ဘုရားက ချုံပုတ်ထဲ ဘာဝင်လုပ်နေတာလဲ ဘုရား···"

"အဲ···အင်း···"

အေးချမ်း အမေးကြောင့် ဘုန်းဘုန်းမှာ အဖြေရခက်သွားပြီး···

"အန္တရာယ် မလွယ်နိုင်လို့ ချုံတောတိုးတာပေါ့ ဒကာ။ ဒါ တောလေ မြို့ကြီးပြကြီးတွေမှာလို အိမ်သာက အလွယ်တကူ ရှိနိုင်ပါ့မလား။ ဒီလိုပဲ ကျုတ်ကျက်လိရတာပေါ့ ဒကာရဲ့···"

အယ့်···။ ဘုန်းဘုန်းကလည်း ဗန်းစကားသုံးတယ်ဟ··။

"ကန်တော့ပါဘုရား။ ဘုန်းဘုန်း အခင်းသွားနေမှန်း မသိလို့ပါ။ တပည့်တော်တို့က ချုံပုတ်ထဲ သားကောင်ရှိတယ် ထင်ပြီး အမဲလိုက်ကြည့်လိုက်တာပါ။ ဗိုက်ကလည်း ဆာနေပြီကိုး ဘုရာ့···"

"ပေါက်တီး ပေါက်ရှာ···။ ဒီလို မြေပြန့်လွင်ပြင်မှာ အမဲလိုက်စရာ သားကောင်းရှိမတဲ့လား··။ အဲ···မြွေပွေးတော့ ပေါတယ်ဟေ့။ လူကို သားကောင်ထင်ပြီး ခဲနဲ့ထုခဲ့သမျှ မြွေ အပေါက်ခံရမှ ပုရွက်ဆိတ်ကိုက်တယ် မထင်နဲ့။ လိုရာခရီး မရောက်ခင် တစ်ခါတည်း ရှောသွားမယ်··"

"အဲ···"



"အမလေး··"

ကြက်သီး ထ,စရာကြီးပါလား···။

ဘုန်းဘုန်းက ထိုသို့မိန့်ပြီး ထွက်သွားလေပြီ··။

အေးချမ်းနှင့် သွန်း တစ်ယောက်ကို တစ်ယောက် စိတ်[...]ကြလက်ပျက် ကြည့်နေစဉ်။ ဘုန်းဘုန်းမှာ တစ်ခုခု သတိရ[...]သွားလိုဟန်နှင့်···

"ဒကာတို့က ဘယ်ခရီးဆက်ကြမှာလဲ···"

"ဘယ်သွားရမှန်းကို မသိသေးပါဘူး··ဘုရား··"

"ဟော···"

အေးချမ်း အပြောနဲ့တင် ဘုန်းကြီး ကြွသွားရလေပြီ။

အေးချမ်း လက်စွမ်းပြထည့်လိုက်လို့ ခေါင်းပေါ်က [...]အလုံးသီးဘုကြီးနာကျင်နေစဉ် ဘုန်းဘုန်းမှာ မေးစေ့ပွတ်၍ [...]ခုလို စဉ်းစားနေမိ၏။

ဘုန်းကြီးဆိုတာ လောကီရေးရာတွေနဲ့ ခပ်ကင်းကင်းနေ[...]ရတယ်ဆိုတာ ဝိနည်းတော်ထဲမှာပဲ ဖတ်လို့ကောင်းတယ်။ [...]ဘုန်းဘုန်းတို့ရဲ့ ဆွမ်း၊ ကွမ်းကိစ္စဆိုတာ ဒကာ၊ ဒကာမတွေအပေါ် [...] မှီခိုနေရတာ မဟုတ်ပါလား။

ဒီတော့ ဒကာ၊ ဒကာမတွေရဲ့ အပူဆိုတာ ဘုန်းဘုန်းတို့ [...]အပူပဲပေါ့···။ ဒီစုံတွဲကို ကြည့်ရတာ ခိုးရာလိုက်ပြေးကြရင်း [...]ဖက်မိဘတွေရဲ့ အဝေးကို ရှောင်ရင်းတိမ်းရင်းနဲ့ ဒီလိုမြို့ကြီး [...]ကြီးနဲ့ ဝေးတဲ့နေရာတစ်ခုဆီကိုများ ရောက်လာခဲ့လေသလား။

ခေတ္တခိုနားဖို့ တပြွတ်ကြီးက ငါ့ကျောင်းတိုက်ကို ခေါ်

www.burmeseclassic.com



သွားလိုက်ရမလား စသဖြင့် စဉ်းစားလိုက်ရင်း....

"ဒကာတို့ နေစရာ အခက်အခဲများ ရှိသလား။ ဒုက္ခရောက်နေတဲ့ အခိုက်အတန့် ဘုန်းဘုန်းတို့ရွာက ကျောင်းတိုက်မှာ ခေတ္တခဏ လာခိုချင်သလား..."

"အို...တပည့်တော်တို့ အမှန်တကယ် ဒုက္ခရောက်နေကြသူတွေပါဘုရား။ ခိုနားဖို့ နေရာတစ်ခု ပေးမယ်ဆိုရင် ဘုန်းဘုန်းတို့ရွာ လိုက်တည်းပါရစေဘုရား.."

"ကျေးဇူးကြီးလှပါပေတယ် ဘုရား.."

နှစ်ခါ မြွက်ပင့်ပေးလိုက်စရာ မလို။ ဘုန်းကြီးမှာများစွာ ကျေနပ်သဘောခွေ့သွားရပြီး ဒီဒကာနှစ်ယောက်ငါမကယ် သေဖွယ်ပဲရှိတယ်လို့ နှလုံးသွင်းလိုက်ရင်း (တကယ်တော့ ကိုယ်တော်ဟာ တမြွတ်ကြီးတစ်ရွာလုံးကို သေတွင်းတူးပေးလိုက်သလို ဖြစ်သွားတာကို မသိလိုက်တာပါ)

"နေပါဦး..ဒကာတို့က ဘာတွေလဲ..."

"အပူသည်တွေပါ ဘုရား..."

"ဟေ ... ..."

"တပည့်တော်တို့မှာ ပြဿနာအကြီးကြီးတစ်ခုကလည်း တက်ထားတာမို့ အဲဒီကိစ္စစုံစမ်းစရာလေးရှိသေးလို့ ဒီအထိရောက်လာခဲ့ကြတာပါ.."

"ကောင်းပြီလေ..။ ကိုယ်တော့် ကျောင်းတိုက်ကိုဒကာတို့ကို ခေါ်သွားပါ့မယ်။ ဒါပေမယ့် လွယ်လွယ်တော့မရဘူး ဒကာ။ ကိုယ်တော်က ပဟေဠိဖွက်ရတာ အင်မတန်



ဝါသနာပါ တယ်။ ကိုယ်တော် စကားထာတစ်ခု ဖွက်ခဲ့မယ်။ အဲဒီ စကားထာကို ဖြေနိုင်ရင် ညနေငါးနာရီတိတိ အဲဒီအရပ်က စောင့်ပါဒကာ"

"ဗျာ ..."

"ရှင်..."

အောင်မလေး။ ရက်စက်ပါပေ့ ဘုန်းကြီးရယ်။

ဒုက္ခရောက်နေပါတယ်ဆိုမှ ပဟေဠိဖွက်ဦးမလို့.. တဲ့.. ကြည့်ရတာ လူငယ်စာရေးဆရာ ညီတို့၊ သူးထံတို့ရဲ့ စာဖတ်ပရိသတ်များလား မသိဘူး။ ရှော့(ခ်)တွေ။ ရှော့(ခ်)တွေ။

"တင်ပါ့ဘုရား...။ တင်ပါ့...။ စကားထာလေး မိန့်ပါဦး ဘုရား"

"အေး...။ ဘုန်းဘုန်းက အခု ဟိုဘက်ရွာသွားစရာရှိတယ်။ မင်းတို့ကို မခေါ်နိုင်သေးဘူး။ ဒါ့ကြောင့် ညနေ ငါးနာရီတိတိမှာ ဘုန်းဘုန်းဖွက်တဲ့ စကားထာထဲက အရပ်ကိုလာခဲ့ကြ။ စကားထာကို ဖြေနိုင်ရင်တော့ ဘုန်းဘုန်းနဲ့ဒကာတို့ ပြန်ဆုံကြဦးမှာပေါ့။ ဘုန်းဘုန်းရဲ့ စကားထာက တစ်ချောင်းဝင်လည်း အရည်ထွက်၊ နှစ်ချောင်းဝင်လည်း အရည်ထွက်၊ ကြိုက်သလောက်လာသွင်း...သံမဏိပါးစပ်...တဲ့"

"ငင် ...."

"ရှင် ..."

သေရောဗျာ...။

ငိုရမလို၊ ရယ်ရမလိုကြီးပါလား..။

www.burmeseclassic.com

www.burmeseclassic.com



ဘုန်းဘုန်းရဲ့ စကားထာကြောင့် သွန်းရော၊ အေးချမ်းပါ မျက်လုံးပြူး၊ မျက်ဆံပြူးဖြစ်သွားကြရလေတော့၏။

(7-b)

ဘုန်းဘုန်းက မရှိတော့။

ပဟေဠိထဲမှာ ယောင်ချာချာ ကျန်ရစ်ခဲ့ရသူဆိုလို့ အေးချမ်းနှင့်သွန်းပင်။

"ဘုန်းကြီးကျောင်း လိုက်တည်းရမယ်ဆိုလို့ ပျော်သွားသကွာ။ အထွက်ခတ်က ခတ်သွားလိုက်သေးတယ်"

"အေးလေ..ကြည့်ဦး စကားထာကလည်း တစ်ချောင်းဝင်လည်း အရည်ထွက်၊ နှစ်ချောင်းဝင်လည်း အရည်ထွက်၊ ကြိုက်သလောက် လာသွင်း သံမဏိပါးစပ်တဲ့။ အဲဒီပါးစပ်ကြီးပိုင်ရှင်တို့က ဘယ်သွားရှာရမှာတုံး.."

"လေပါတယ်ကွာ..."

အေးချမ်းနှင့်သွန်း တစ်ယောက်ကို တစ်ယောက်ကြည့်ပြီး စိတ်အချဉ်ပေါက်စွာ ရယ်မိကြပြန်သည်။

"ဗိုက်ဆာနေပြီ မဟုတ်လား။ နေ့လယ်စာကတော့ သူတွေလို စားလို့ရဦးမယ်။ ညစာတော့ မပြောတတ်ဘူး..အဟီး"

www.burmeseclassic.com

www.burmeseclassic.com



အဲလိုနဲ့ ရန်ကုန်က ဝယ်ယူခဲ့တဲ့ ဟမ်ဘာဂါများစားပြီး ထန်းပင်ခြေရင်းတစ်ခုမှာ သူတို့ခေတ္တနားကြပြန်သည်။ နောက်-- တောင်လေ တိုက်ခတ်ရာအတိုင်း လမ်းလျှောက်လာကြရာ ဆယ့်ငါးမိနစ်အကြာမှာပင်...။

"ကို...ဟိုမှာကြည့်စမ်း...။ မီးခိုးတွေ အူနေတယ်နော် ...။ အဲဒီမှာ လူတွေရှိတာတော့ သေချာတယ်။ အဲဒီအရောက် သွားရအောင်.."

"အိုကေ...အိုကေ.."

အဲဒီလိုနဲ့ သူတို့ မီးခိုးအူရာ အရပ်သို့ ခရီးဆက်ခဲ့ကြပြန် သည်။

ထိုနေရာသို့ ရောက်သွားချိန်မှာတော့...

"အယ်...ဒီနေရာလေးက ဈေးတန်းလေးလိုပဲနော်.."

မှန်ပေသည်။ အကြော်ဆိုင်လေးတွေ၊ ကြံရည်ဆိုင်ကလေး တွေ၊ ထမင်းဆိုင်ကလေးတွေ တွေ့ရ၏။

သူတို့ စောစောက တွေ့မြင်ခဲ့ရသည့် မီးခိုးများမှာ အကြော်တဲလေးတစ်ခုမှ အူထွက်နေသည့် မီးခိုးများဖြစ်ပုံပေါ်လေ သည်။

"တပြွတ်ကြီး၊ တရွက်လှ၊ စိန်ပန်း၊ ဒေါက်ကြီး... ဘယ်သွားမလဲ...အစ်ကို.."

သူတို့နှစ်ယောက်ကို တွေ့လိုက်သည်နှင့် ဆိုင်ကယ် ကယ်ရီတချို့က အလုအယက် လာမေးကြသည်။

မြင်တွေ့နေရသည်မှာ သီးသန့်ကမ္ဘာလေးတစ်ခုလိုပဲ၊



"နေပါဦး..ဒီနေရာကို ဘာလို့ခေါ်သလဲဟင်.."

"ဒါ...လမ်းဆုံဗျ...။ ရွာကြီး လေးရွာကို ခရီးဆက် ဖို့ တစ်ထောက်နားတဲ့ နေရာပေါ့။ အရင်တုန်းကတော့ ကယ်ရီ တွေ မရှိခင် နွားလှည်းတွေနဲ့ သွားကြရတယ်။ ပြောလေ... စိန်ပန်းလား၊ ဒေါက်ကြီးလား၊ တရွက်လှလား...တပြွတ်ကြီး လား...တစ်ယောက်မှ နှစ်ထောင်တည်းရယ်.."

"ဟုတ်ပါပြီဗျာ...ကျွန်တော်တို့လိုတော့ ခေါ်တာပေါ့။ အခုတော့ ဗိုက်ဆာနေလို့ စားသောက်ဆိုင် ဝင်လိုက်ဦးမယ်.."

အေးချမ်းနှင့်သွန်း ထိုသို့ တက္ကစီသမားများကို မျက်ခြေ ပြတ်ထားခဲ့ရလေသည်။

"ရွာလေးရွာကတော့ ဟုတ်ပါပြီ ဘယ်ရွာသွားကြမှာ လဲ"

"စောစောက ဘုန်းကြီးနဲ့သာ မတွေ့ခဲ့ရင် ကိုယ်တို့ အစီအစဉ်တွေ တစ်မျိုးတစ်ဖုံဖြစ်ချင်ဖြစ်သွားလိမ့်မယ်။ ခု... ဘုန်းကြီးနဲ့တွေ့ပြီးပြီဆိုတော့ ဘုန်းကြီးနောက်ကိုပဲ ကိုယ်မှိန်း ပြီးလိုက်သွားချင်တယ်"

"ဟုတ်တယ်နော်...ဒီနေရာမှာ ငွေတွေသိန်းရာနဲ့ချီပြီး ထွက်ကျခဲ့လို့ လိုက်ရှာတယ်ဆိုတဲ့အကြောင်းကို မပြောကြတာ ကောင်းတယ်"

"ဒါပေါ့..ကိုယ်တို့နှစ်ယောက်ရဲ့ အသက်လုံခြုံရေးက ရှိသေးတယ်။ ပါးပါးနပ်နပ်ကိုင်တွယ်ရလိမ့်မယ်"

"ခက်တာက ဘုန်းကြီးက ပဟေဠိကြီးဖွက်သွားတဲ့

www.burmeseclassic.com

www.burmeseclassic.com



ကိစ္စပဲ…။ သူ့ စကားထာက ဘယ်လို ဖြေရမှာမှန်း မသိဘူး

"ခုမှ ညနေ သုံးနာရီကျော်ကျော်ပဲ ရှိသေးတယ်။ ငါး နာရီ မထိုးမချင်းကိုယ်တို့ ကြိုးစားခွင့်ရှိသေးတယ်"

"ကြံရည်ဆိုင် ထိုင်ရအောင် ကိုရယ်။ အမောပြေ ကြံ ရည် အေးအေးလေး သောက်ရအောင်"

အဲဒီလိုနဲ့ ကြံရည်ဆိုင် ရောက်ခဲ့ကြရသည်။

ဆိုင်ကယ်တွေ၊ ထော်လာဂျီတွေ နွားလှည်းတွေ ဖြတ် သွားတိုင်း ဖုန်တွေက တလိမ့်လိမ့်၊ ယင်ကောင်တွေက တရုန်း ရုန်း…။ အဲဒီကြားထဲမှာမှ ကြံရည်ကြိတ်စက်ကြီးရဲ့ သံပြား လျှာကြီးထဲက ထွက်လာမည့် ကြံရည်များကို သောက်ရမည်က ကျောစိမ့်စရာ…။

မြန်မာပြည်မှာနေရတာ ကျန်းမာရေးနှင့်ညီညွတ်သည့် အစားအသောက်များ သုံးစွဲခွင့်ကို ဘယ်တော့များမှ ရလိမ့်မည် လည်း မသိ။

ခုတော့…ဘာမှ မတတ်နိုင်တော့။

ကြံကြံဖန်ဖန် တွေးတတ်နိုင်လွန်းတဲ့ ကိုယ့်အတွေးများ ကိုသာ အမြန်ဆုံး အဆုံးသတ်ပစ်လိုက်ဖို့သာ ရှိ၏။

"ဘာ သောက်ကြမလဲ…"

"ကြံရည် အေးအေးလေး နှစ်ခွက်ချဗျာ…"

ကြိမ်နှင့်ဝါး ပြုလုပ်ထားသည့် ထိုင်ခုံကလေးများမှာ ထိုင်လိုက်ကြရင်း အေးချမ်း ဘုန်းကြီးအကြောင်း တွေးနေမိ၏။

"တစ်ချောင်းဝင်လို့ အရည်ထွက်တာ ဘာဖြစ်နိုင်မလဲ



ဟင် သွန်း…"

ဘာဖြစ်နိုင်မှန်း မသိပေမယ့် သွန်းမျက်နှာမှာ့ကနဲတော့ ဖြစ်သွားရ၏။

"အို…ပေါက်တီးပေါက်ရှာ…ဘယ်သိမလဲ…"

"မသိလို့မရဘူး…။ ဒီညနေ ငါးနာရီမထိုးခင်သိမှ ဘုန်းကြီးကျောင်းမှာ အချောင်လိုက်တည်းလို့ရမှာ…"

"အဲဒီ ဘုန်းကြီးကလည်း ရှာရှာပေါက်ပေါက်…"

"အေးကွာ…စတွေ့ကတည်းက ဇော်နဲ့လာတွေ့တာ…"

"အဲဒီ ဇော်ခများလည်း သနားပါတယ်။ ရှင်လက်စွမ်း ပြလိုက်လို့ ခေါင်းမှာ အာလူးသီးထသွားတယ်လေ…"

သွန်း ပြောတော့မှ အေးချမ်း ဘုန်းဘုန်းကို ပြန်လည် မြင်ယောင်ရင်း ရယ်ချင်လာရ၏။

"ဘုန်းကြီးကြည့်ရတာ ကိုယ်တို့နှစ်ယောက်ကို ခိုးရာ လိုက်ပြေးလာတဲ့ စုံတွဲလို့ ထင်သွားပုံပေါ်တယ်"

"ဖြစ်တော့ ဖြစ်နိုင်ပါတယ်။ သူ့ စိတ်ထဲမှာ နှစ်ဖက် မိဘတွေရဲ့ ဝေးရာကို ထွက်ပြေးလာရင်း ဒီနေရာအထိ ရောက် လာပြီး နေစရာ အခက်အခဲကြုံနေတဲ့ စုံတွဲလို့ ထင်သွားပုံပေါ် တယ်"

"အဲလို ထင်သွားလို့ ကူညီချင်စိတ်ပေါက်သွားတာ ဖြစ်လိမ့်မယ်ကွ။ သူ့စကားထာကို သိလိုက်ရင် ပွဲက ပြီးပြီ။ ခုလိုအချိန် ဘုန်းဘုန်းထင်ထားသလို သမီးရည်းစားစုံကလေး နဲ့ ရွာက ဘုန်းကြီးကျောင်းအထိ မှိန်းပြီးလိုက်သွားလိုက်။ ရွာ

www.burmeseclassic.com

www.burmeseclassic.com



ရောက်တော့မှ ကိုယ်တို့ နှစ်ယောက်က မောင်နှမပါလို့ ညာ ပြော…”

“ဟမ်…ဘာဖြစ်လို့ မောင်နှမလို့ ညာပြောရမှာလဲ”

“ကိုယ်တို့ အခု ဘာကိစ္စ ဒီခရီးကို ထွက်လာကြတာလဲ။ ငွေပျောက်လာရှာကြတာ မဟုတ်ဘူးလား။ ပရိယာယ်သုံးသင့်ရင် သုံးရမှာပဲ သွန်းရဲ့…။ တောသားတွေဆိုတာ သိတယ်မို့လား။ ကြွေမိရင် စွတ်ကြွေသွားတာ။ အားအားယားယားနဲ့ကတော့ ခုမှရောက်လာတဲ့ ဘယ်သမီးရည်းစားကိုမှ လိုက်မကူညီဘူး။ ကိုယ်တို့ နှစ်ယောက်ကို မောင်နှမတွေလို့သာ ပြောကြည့်လိုက်။ သွန်းနဘေးမှာ ကိုကိုကာလသားတွေ ဝိုင်းလာလိမ့်မယ်”

“ရှင့် နံဘေးမှာလည်း ကွမ်းတောင်ကိုင် မမ ကာလသမီးတွေ ဝိုင်းလာမှာပဲ..”

“ဒါပေါ့…အဲဒီ ဂွင်ထဲကို ဝင်လာပြီဆိုတော့မှ ကိုယ်တို့ ပြဿနာတွေကို ဖွင့်ပြောပြကြတာပေါ့။ သဲလွန်စတွေကတော့ ဝိုထွက်လာမှာပဲ..”

“ဟင်း….”

အေးချမ်းစကားကြောင့် ချစ်သူဖြစ်သည့် သွန်းမှာ သက်ပြင်းကိုသာ တွင်တွင်ချနေမိတော့သည်။

ငါ့ ချစ်သူ အေးချမ်းညွန့်အောင် ဆိုတာ စ,တွေ့ကတည်းက ရာဇဝင်အိုးတုတ်ထိုးကြီး။ ချစ်သူမဖြစ်ခင် ငါ ဖင်အပူလောင်ခဲ့ရပြီးပြီ။ သူ့အချစ်ကိုလည်း လက်ခံပြီးရော ထောင်၊ တန်း၊ အချုပ် ကျမယ့် ကိန်းက ဆိုက်ရော…။



ခုလည်း ကြည့်…။

သူ့မှာ မဖြစ်ညစ်ကျယ် စိတ်ကူးတွေနှင့်…။

မိမိတို့ကို တည်းခိုဖို့ လက်ခံလိုက်မည့် ဘယ်ရွာ အကုသိုလ်တွေ အတုံးလိုက်၊ အတစ်လိုက် ဝင်ဦးမည်လဲ မသိ။

သွန်းက ထိုသို့ ချစ်သူရဲ့ဂုဏ်သတ္တိတွေ ပျစ်ပျစ်နှစ်နှစ် တွေးနေစဉ် အေးချမ်းမှာ ကြောင်ကြီးတွမ်ကို နိုင်ကွက်တွေ့သွားသည့် ကြွက်ကလေး ဂျယ်ရီရဲ့ မျှော်လင့်ချက် မျက်နှာတစ်မျိုးနှင့်…။

“ဟာ…သွန်း…ကိုယ်သိပြီ..။ ဘုန်းကြီးပြောသွားတဲ့ စကားထာကို ကိုယ်သိပြီ…”

“ဟင်…ဟုတ်လား…ဘယ်လိုလဲ…။ ဘာတဲ့လဲ ဟင်…”

“အဟားဟား…တော်တော်နောက်တဲ့ ကိုယ်တော်…။ သူစောင့်ခိုင်းတာက ဒီကြံ့ရည်ဆိုင်က စောင့်ခိုင်းလိုက်တာကွ..”

“ဘယ်လို…”

“ဟုတ်တယ် သွန်းရဲ့…။ ဟို…ကြံ့ရည်ကြိတ်စက်ကြီးကို ကြည့်စမ်း..”

ဖုန်တထောင်းထောင်း ထ,ရာ နေရာမှာ ချထားတဲ့၊ ဆင်တလောင်းလောင်းအုံနေသည့် ကြံ့ရည်ကြိတ်စက်ကြီးကို သွန်း သေတိစွာ တစ်ချက်ကြည့်လိုက်မိသည်။

“တွေ့လား…တစ်ချောင်း ဝင်သွားတာ။ အရည်တွေ ထွက်လာပြီ..”

www.burmeseclassic.com

www.burmeseclassic.com



"ဟမ်…"

အေးချမ်း ပြောတော့လည်း ဟုတ်သလိုလိုတော့ ရှိ၏။

ဝင်သွားတဲ့ တစ်ချောင်းဆိုတာက ကြံချောင်းကို ဆိုလို ခြင်းပါ။

"တစ်ချောင်းဝင်လည်း အရည်ထွက်မှာပဲ။ နှစ်ချောင်း ဝင်လည်း အရည်ထွက်မှာပဲ…။ သူက ကြံရည်ကြိတ်စက်ကြီး ကိုး…"

"ဒါဆို သံမဏိပါးစပ်ဆိုတာကြီး ကရော…"

"ကြံရည်ကြိတ်စက်ကိုပဲ ပြောတာပေါ့ကွ။ ဟိုမှာ တွေ့လား။ ကြံရည်ကြိတ်စက်ကြီးရဲ့ သံပြားလျှာကြီးထဲက ကြံရည်တွေထွက်နေပြီ…"

"မှတ်သားလောက်ပါပေတယ် ဘုန်းဘုန်းရယ်။ ကြံ ရည်ဆိုင်က စောင့်နေပါဆိုလည်း ပြီးရမယ့် ကိစ္စကို…"

"ပညာစမ်းတာလေကွာ။ သူ့ကျောင်းတိုက်ကို ပညာ တတ်မှ ရွေးခေါ်ချင်တဲ့ သဘောနေမှာပေါ့"

"ဟင်း…ဘုန်းကြီးကျောင်း မကြာခင် ရှော့(ခ်)လိုက် တော့မှာတော့ မမြင်ဘူး…"

"သွန်းနော်…"

ချစ်သူက သူ့ကို ရိသည့်အတွက် အသည်းယားလာ၍ သွန်းရဲ့ ခါးလေးကို တင်းတင်းကျပ်ကျပ် ဖက်ပွေ့ပစ်လိုက်သည်။

"ဆင်ခြင်ဦး…။ ရှင့်ကိုရှင် အင်းယားကန်ဘောင်များ ရောက်နေတယ် ထင်လား…"



"အဟားဟား…ကို ပျော်သွားလို့ပါကွာ။ ကိုယ်တို့ရဲ့ ဘဲဥအစရှာ ရှာပုံတော်ခရီးက အရင်ကထက်စာရင်တော့ နီးလာ ပါပြီ သွန်းရဲ့…"

သွန်းကတော့ နှုတ်ခမ်းကလေးသာ မဲ့နေမိတော့၏။

အေးချမ်း၏ ဟောကိန်းမှာ မလွဲ။

သူတို့ နှစ်ယောက် ကြံရည်သောက်အပြီး မိနစ်အနည်း ငယ်မှာပင် ခေါင်းမှာ အာလူးသီးဘုကြီးထနေသည့် ဘုန်းကြီး နွားလှည်းကြီးနှင့် ကြွချလာတော့၏။

"ဒကာတို့ တယ်လည်း တော်ကြပေသကိုး။ ကြည့် စမ်း…ဘုန်းဘုန်းဖွက်ခဲ့တဲ့ စကားထာကို ဖြည်နိုင်ကြတယ်။ မြို့သားတွေ နာမည်ကြီးကြတယ်ဆိုတာ ဒါကြောင့် ထင်ပ…"

ကြက်ကန်း ဆန်အိုးတိုးတာပါ ဘုန်းဘုန်းရယ်…။

"ကဲ…လာလာ…တက်။ နွားလှည်းပေါ်တက်ကြ။ အချိန်မရှိဘူး။ နွားလှည်းက တစ်နာရီလောက် စီးရဦးမှာ…"

"တင်ပါ့ ဘုရား…"

အဲလိုနှင့် အေးချမ်းနှင့်သူမ နွားလှည်းကြီးနဲ့ ခရီးဆက် ခဲ့ကြရတော့၏။

အရာရာဟာ အိပ်မက်ဆန်ဆန်ပင်။

တစ်နေ့ ဒီလို ကသောင်းကနင်း ခရီးရှည်ကြီးတစ်ခုကို ထွက်ရလိမ့်မည်ဟု နှစ်ဦးသား တွေးမထား။

မြို့ပြနှင့်ဝေး၍ ဝေး၍ လာတိုင်း၊ တိုက်ခတ်သည့်လေရဲ့ သာသတ်မှုနှင့်အတူ ရွာအငွေ့အသက်ကလေးများ စတင်ခံစား

www.burmeseclassic.com

www.burmeseclassic.com



လာရလေပြီ။

သိန်း ၂၀၀ အရှုပ်ထုပ်သာ မပါခဲ့ရင် ဘယ်လောက် ပျော်စရာကောင်းလိမ့်မလဲ‥။

တစ်နေ့ကုန် ပင်ပန်းနွမ်းနယ်လာ၍ သူမ မှေးကနဲ အိပ်ပျော်သွားလေတော့ အေးချမ်းက သူ့ ပုခုံးလေးနှင့်ထိန်းထားပေးပြန်သည်။

နောက်တော့ သူမ ဘာမှမသိတော့။

ဘယ်တွေရောက်နေပြီမှန်းလည်း မသိတော့။

ဖျတ်ကနဲ နိုးလာချိန်မှာတော့ သူမကို ပွေ့ဖက်ထားသည့် ချစ်သူပင် ထိုင်လျက်နှင့် အိပ်ပျော်နေလေပြီ။

"ဒကာမကြီးတို့ ရောက်တော့မယ်နော်။ ဒါဘုန်းဘုန်းတို့ ရွာပဲလေ"

"ရှင်‥‥သြော်‥‥ဟုတ်‥‥တင်ပါ့ ဘုရား‥"

ရွာ အဝင်လမ်းကလေးသို့ ရောက်လေပြီ‥။

လှည်းလမ်းကြောင်းတစ်လျှောက် ငုဝါပွင့်တို့ ဝေနေပြီး စိန်ပန်းပွင့်တွေ ကြွေကျလျက်ရှိချေ၏။

သာယာလိုက်တဲ့ ရွာကလေး တစ်ရွာပါလား‥‥။

"ဟင် ‥‥"

ရွာအဝင်လမ်းကလေး၏ ရှုခင်းများကို တစိမ့်စိမ့် ခံစားစီးမျောနေလေတဲ့ သူမ၊ ရွာနာမည်ကို ကမ္ပည်းထိုးထားလေတဲ့ ဆိုင်းဘုတ်ကို ဖတ်အပြီးမှာတော့ မျက်လုံးများက ထန်းသီးလုံးလောက် ပြူးကျယ်သွားရလေတော့၏။



သူမ လေသံတိုးတိုးနှင့် ချစ်သူကို ခေါ်လိုက်သည်။

"ကို‥‥ကို‥‥ဟိုမှာ ကြည့်စမ်း‥‥"

"ဘာလဲ‥သွန်း‥‥ဟင်‥‥"

ချစ်သူနှစ်ဦးစလုံး အသက်ရှူဖို့ပင် မေ့လျော့သွားရချေပြီတကား။

သူတို့နှစ်ယောက် ပြိုင်တူ ရေရွတ်လိုက်မိသည်ကတော့

"-ပွတ်ကြီးရွာဆိုပဲ‥။ ဘုရား‥‥ဘုရား‥"

"-ပွတ်ကြီးရွာဆိုပဲ‥‥။ ဘုရား‥‥ဘုရား‥"

www.burmeseclassic.com

www.burmeseclassic.com

# (8)

အဲဒီမှာ စတွေ့လေပြီ‥။

မြို့ပြက ရှော့(ခ်)စုံတွဲနှင့်ရွာက တစ်ဗိုလ်တစ်မင်းအုပ်ရ ဘုန်းကြီးကျောင်းမှာ စတင်တွေ့ဆုံလေပြီ။

ရွာနာမည်နဲ့တင် မျက်လုံးပြူးခဲ့ကြရသည့် ချစ်သူနှစ်ဦး ဘုန်းကြီးကျောင်းအရောက် ထပ်မံ မျက်လုံးပြူးခဲ့ရသည့်အရာက တော့ မိုက်ကယ်ချက်ကြီးဆိုသူကို တွေ့လိုက်ရတဲ့အတွက်ကြောင့် ပဲ‥‥။

မိုက်ကယ်ချက်ကြီး ဝတ်စားထားပုံကိုလည်း ရှုပါ။

မိုက်ကယ်ဂျက်ဆင် ဝတ်လေ့ရှိသည့် အဝတ်အစားများ အတိုင်း အပြာရင့်ခေါ်မလား အမည်းရောင်ခေါ်မလား suit ကို ဟန်ကျပန်ကျခေါ်မလား ကပိုကရိုခေါ်မလား ဝတ်ဆင်ထား ပြီး‥။

ဆံပင်တွေကိုလည်း စုတ်တီးစုတ်ဖွာ စည်းနှောင်ထား ကာ ဦးထုပ်ကို ခပ်ငိုက်ငိုက်ဆောင်းထားသေး၏။



လက်မှာလည်း ပတ်တီးအဖြူတွေ ရစ်ပတ်ကာထားပြီး ထက်မောင်းမှာလည်း အဝတ်စအဖြူ စည်းနှောင်ထားသေးရာ သွန်းမှာ ချက်ကြီးကို တွေ့လိုက်သည်နှင့် တစ္ဆေသရဲကို တွေ့လိုက် သည်နှင့်အခြား ကြောက်လန့်တကြား ထခုန်မိသွားလေတော့၏။

"အမလေး‥အဲဒါ ဘာကြီးတုန်း‥‥"

"အဲ ‥‥"

မိုက်ကယ်ချက်ကြီး အနည်းငယ်တော့ ရှက်သွားရလေ ပြီ။

ဘကြီးဘုန်းကြီးက မြို့က ညည့်သည်တွေ ဒုက္ခရောက်နေ ၍ လမ်းမှာတွေ့၍ ခေါ်လာသည်ဟု ပြောထားသည်။

ထို့ကြောင့် သူ လာရှီးရခြင်းပါ။

"မကြောက်ပါနဲ့ ကျွန်တော့်နာမည် မိုက်ကယ်ချက်ကြီး ပါ ခင်ဗျားတို့ကို ခေါ်လာခဲ့တဲ့ ဘုန်းကြီးက ကျုပ်ဘကြီးလေ‥‥ ကျုပ်လည်း ဒီကျောင်းတိုက်မှာပဲ တည်းတယ်‥"

"သြော်‥‥ဟုတ်ပါပြီ။ ကျွန်တော့်နာမည်က အေးချမ်း ပါ ဒါ ကျွန်တော့်နမလေး‥‥ကြည်သွန်းဖြူ‥‥။ ခင်ဗျား နာမည်က မိုက်ကယ်ချက်ကြီးဟုတ်လား။ ကြည့်ရတာ မိုက်ကယ် ဂျက်ဆင် crazy နဲ့တူတယ်‥‥"

ချက်ကြီးမှာ အေးချမ်းစကားကြောင့် မျက်လုံးလေး ပြူးလတွတ် ပြာလတွတ်နှင့် စဉ်းစားလိုက်ရင်း‥‥

"ခွေးဗီး‥‥ဟုတ်လား‥။ ခွေးဗီးဆိုတော့ ကျုပ်ကို အဲလို ပြောတာပေါ့နော်။ မြို့သား‥။ ကျုပ်တို့ကို အထာတော့

www.burmeseclassic.com

www.burmeseclassic.com



လာမကိုင်နဲ့။ ကျုပ်တို့ တောသားတွေက အရိုးခံတွေ။ ဒါပေမယ့် ပညာတတ်ကြတယ်ဗျ။ လေးတန်းအထိ ဘုန်းကြီးကျောင်းမှာ စာသင်ဖူးတယ်..''

''အာ..မဟုတ်ဘူး။ အဲလို မဟုတ်ဘူး..''

ချက်ကြီးမှာ ခရေးဇီးဟု ဗီသအောင် မရွတ်နိုင်ဘဲ ခွေးဇီးဟု ဆိုကာ ခရေးဇီးကို အရူးဟု တိုက်ရိုက်ဘာသာပြန်ပေး လိုက်ပြီး သူ့ကို အရူးဟု နှိမ်၍ပြောသည် ထင်သွားလေပြီ။

အေးချမ်းတို့ ငိုအားထက်ရယ်အားပင် သန်လာလေတော့ ၏။

''ခရေဇီးဆိုတိုင်း အရူးလို့ ဘာသာပြန်လို့ မရဘူးလေ ဗျာ။ ဒီနေရာမှာ ခရေးဇီးဆိုတာက အရူးအမူးကို ဆိုလိုတာ။ ခင်ဗျားကို မိုက်ကယ်ဂျက်ဆင်ရဲ့ အရူးအမူးပရိသတ်လားလို့ မေးတာပါဗျ...''

''သြော်...ဒီလိုလား...''

''ဟုတ်တယ်...ဟုတ်တယ်...''

''အေးဗျာ..။ မြို့သားတွေနဲ့ အခုလို အမှတ်မထင် မိတ်ဆွေဖြစ်ရတာ ဝမ်းသာသဗျ။ ဒါပေမယ့် မြို့ကြီးပြကြီးတော့ ကြောက်ပါရဲ့...''

''ဟမ်...ဘာဖြစ်လို့ တုန်း...''

''အလိမ်ခံလိုက်ရလို့...''

ပြောပြီး ချက်ကြီးသူ့ ပါးစပ်သူ ပိတ်ရိုက်ပစ်ချင်သွား သည်။ ဒီပါးစပ်...။ ဒီပါးစပ်..။ ရိုက်မစစ်ရသေးဘူး။ အကုန်



တော့ ပေါ်တော့မယ်...။

''ဟမ်...ဘယ်လို...''

''ထားလိုက်ပါဗျာ..။ ခင်ဗျားတို့တွေ ခရီးပန်းလာကြ မှာပေါ့။ စောစောက ပြောတာကြားလိုက်ပါတယ်။ ဘာတဲ့...။ သူက ခင်ဗျားနှမလေးဆိုလား..။ အဟဲ...။ ကျုပ်တို့ တောသား တွေက ပွင့်လင်းတယ်ဗျ။ စိတ်ထဲရှိရင် ရှိတဲ့အတိုင်း ဝုန်းဝုန်း ဒိုင်းဒိုင်း ပြောချပစ်လိုက်တာပဲ..''

''ဟင်...ခင်ဗျားက ကျုပ်နှမကို ဘာပြောချင်လို့ တုန်း..''

စ,တွေ့ကတည်းက မိုက်ကယ်ချက်ကြီး ကြောင်ပုံနဲ့ အေးချမ်းတို့ ရွှတ်ပုံကို ကြည့်ပြီး သွန်းရယ်ချင်စိတ်ကို မနည်း အရိုတ်အုပ်ထားရလေတော့၏။

''သြော်...ခင်ဗျားနှမ ချောချက်က ခင်ဝင့်ဝါလိုလို စိုးမုန်ရတီလိုလို လို့ ပြောမလို့ပါဗျ..''

''ကျေးဇူးတင်ပါတယ်ရှင်..''

ကြည်သွန်းဖြူစကားကြောင့် ချက်ကြီး ကြွေသွားရပြန် သည်။

''ဟင်..ကျုပ်တို့ ဒီက တောသူတွေကျတော့ လှတယ် အညာပြောလိုက်ရင် ရှက်သွားကြတာဗျ။ တချို့ဆို ရှက်ရွံ့ ရှိန်းပြီး မသာကြီး၊ သေနာကြီးလို့ ပြောပြီး ကော်ဆဲသွားကြသေး တာ။ ခင်ဗျားတို့ကျတော့ မဆဲတဲ့အပြင် ကျေးဇူးတောင် တင်လိုက်ကြသေးတယ်နော်... ဘယ်နှာတွေတုန်း..''

www.burmeseclassic.com

www.burmeseclassic.com



"ငင်..."

စတွေ့ကတည်းက ဟာသမြောက်ချက်ကတော့ ပါးစပ်ကို မပိတ်ရ။

မိုက်ကယ်ချက်ကြီးမှာတော့ မြို့သူချောချောလေးတို့ ဂေါ်ရတော့မည်မို့ အပျော်ကြီးပျော်လျက်ရှိချေ၏။

"လာဗျာ...ကျုပ်တို့ ထမင်းစားကြရအောင်။ ဟင်းတွေကောင်းတယ်ဗျ.."

"ဟုတ်ပြီဟေ့..။ မိုက်ဆာလာတာနဲ့အတော်ပဲ။ ဟင်းတွေကောင်းတယ်ဆိုတော့ ဘာတွေတုံး.."

"တောကြွက်ကင်။ ဖားဟင်းနဲ့ မြွေဆီပြန်..."

"ဝေါ့..."

ကြည်သွန်းဖြူ မည်သို့မျှ ဟန်မဆောင်နိုင်ဘဲ ပျို့တက်လာရတော့၏။

ချက်ကြီးကတော့ ထုံးစံအတိုင်း ဆောက်မှန်းကန်းမှန်း မသိ။

"ညီမ ဘာဖြစ်လို့လဲ...ဘာဖြစ်လို့လဲ...နေမကောင်းဘူးလား...။ ကျုပ်ကို တွဲလေ.."

အရေးထဲ...။

"နေပါ...သူ့အစ်ကို တစ်ယောက်လုံး ရှိတယ်.."

မယောင်မလည်နဲ့ ချစ်သူနား ဝင်ကပ်လေတဲ့ချက်ကြီးကို အေးချမ်းက ဘတ်ကနဲ တစ်ချက်ရိုက်ရင်း ဆိုလေ၏။

မသိရင် ဟာသကားများ ရိုက်နေသလားပင်..။



"အာ...ကျုပ်က နေမကောင်းဘူးထင်လို့ မေးမိတာပါဗျာ။ ကျုပ်တို့ ရွာမှာဒေါက်တာရှိတယ်ဗျ.."

"ဒေါက်တာ..ဟာ..တယ်ဟုတ်ပါလား.."

"ဒေါက်တာဆိုပေမယ့်...ဒေါက်တာရမ်းကုပါ.."

"ဟင်..."

"သူ့နာမည်ကြားရင် ခင်ဗျားတို့ သွားချင်မှာ မဟုတ်ဘူးဗျ။ တပ္ပွတ်ကြီးဆရာတုတ်..တဲ့.."

"ဟိုက်.."

"မြတ်စွာဘုရား.."

စတွေ့ကတည်းက ပွဲကတော့ ကျလေပြီ။

ကြည်သွန်းဖြူမှာ ဟင်းနာမည်ကြားရုံနှင့် ပျို့ချင်သလိုဖြစ်နေရတဲ့အထဲ တပ္ပွတ်ကြီးဆရာတုတ်ဆို၍ ရယ်ချင်စိတ်ကိုနည်းကြိတ်မှိတ်မျိုသိပ်ထားရကာ...

"အဲဒီဟင်းတွေတော့ မစားတတ်ဘူးရှင့်..။ ကျွန်မကို ကြက်ဥလေးတစ်လုံးလောက် ကြော်ပေးပါလား.."

"ရတယ်..ရတယ်...စိတ်ချ..။ အရီးမြကို ကြော်ခိုင်းလိုက်မယ်။ အရီးမြဆိုတာလည်း ဒီကျောင်းတိုက်မှာ ဝေယျာဝစ္စလုပ်ရင်း ကပ်နေနေတဲ့ အဘွားကြီးပေါ့ဗျာ။ ညီမလေး ညအိပ်ရင် စိတ်မပူနဲ့နော်။ ကိုချက်ကြီး အရီးမြနဲ့ အတူအိပ်ဖို့ ပြောပေးမယ်"

"ကျေးဇူးပါဗျာ.."

"ခင်ဗျားတို့ မြို့သားတွေက တစ်ခုခုဆို ကျေးဇူးတင်

www.burmeseclassic.com



ပါတယ် ပြောလိုက်ကြတာပဲနော်။ ဒီမှာတော့ မပြောကြဘူးဗျ။ ကျေးဇူးလို့ ပြောရမှာ အရှမ်းရှက်ကြတာ..''

''ဟုတ်ပါပြီ..ကဲ..ကဲ..ကိုချက်ကြီး...ညစာ စားရအောင် ဘုန်းဘုန်းကို ပင့်ဦးလေ..''

''အင်း...သွားပင့်လိုက်ဦးမယ်..ဟမ်...အာ...ခင်ဗျားတော်တော်နောက်တဲ့လူပဲ...။ ဘုန်းကြီးက ညစာ စားလို့ရမတဲ့လားဗျ...''

''ဟင်...ဒါလည်း ဟုတ်တာပဲ..''

ဘာပဲပြောပြော..။

'ဘဲဥအစရှာ' ရှာပုံတော်ခရီးက ခရီးစဉ်အစမှာပင် တည်းဖို့ နိုဖို့၊ စားဖို့၊ သောက်ဖို့ အစစအရာရာ အဆင်ပြေခဲ့လေပြီ။

ချက်ကြီးကို ပိုင်အောင်လုံးပြီး လှူပ်ရှားရမှာက ကြည်သွန်းဖြူ အပိုင်းပင်...။

(9)

အေးချမ်းရော၊ ကြည်သွန်းဖြူပါ ရိပ်မိနေတာ တစ်ခုရှိ၏။ အဲဒါကတော့ ချက်ကြီးဆိုသူ ပေါတောတောလူမှာ သိပ်ယိန်နယ်ရရတော့ မဟုတ်..။

LCD တီဗီအကြီးက တစ်လုံး၊ ဒီဗီဒီစက်ကတစ်လုံးနှင့် သူ့လည်ပင်းမှာ ဆွဲထားသည့် ရွှေဆွဲကြိုးကြီးကလည်း သည်းနည်းနောနော မဟုတ်။

''အဲဒါ 'ကို' သတိထားမိလား..''

''အင်း...ထားမိတယ်။ သူ ဝယ်ထားတဲ့ တီဗီရော၊ ဒီဗီဒီပါက နောက်ဆုံးပေါ် Latest တွေကွ..''

''နောက်...သူ့လည်ပင်းက ရွှေဆွဲကြိုးကလည်း အတုတ်ကြီးနော်..''

''ဒါတွေ ဝယ်ဖို့ ငွေတွေ ဘယ်ကများ ချက်ကြီးရပါလိမ့်...''

''သွန်းတို့ ပျောက်ခဲ့တဲ့ ငွေသိန်းနှစ်ရာကို ဒီရွာက

www.burmeseclassic.com

www.burmeseclassic.com



လူတွေရသွားတာရော…မဖြစ်နိုင်ဘူးလား‥”

“လျှော့တွက်လို့တော့ မရဘူးပေါ့။ ပြီးမှ ရှာထဲစနည်းနာ ထွက်ရမှာပဲ”

ငွေပျောက်ဆုံးမှုအတွက် သူတို့နှစ်ယောက် ချက်ကြီးကို ဗဟိုပြုပြီး စဉ်းစားနေစဉ် ချက်ကြီးမှာ သူတို့အိမ်ရောက်လာလေတော့၏။

အကြောင်းတိုက်ဆိုင်ပြီး ရောက်လာခဲ့ခြင်းတော့ မဟုတ်။ မြို့သူလေး ကြည်သွန်းဖြူကို မရဲတရဲရင်ခုန်ကာ၊ မျက်နှာလုပ်ပြီး တောပန်းတချို့ပေးရန် ရောက်လာခဲ့ခြင်း ဖြစ်လေသည်။

“သွန်းလေးရေ…”

အောင်မာ‥။ ခေါ်ပုံကိုက သွန်းလေးရေ ဆိုပဲ‥။

“အယ်‥”

“ဟောဒီမှာ…ကိုကြီးချက်‥သွန်းလေးအတွက် တောပန်းတွေ ခူးလာတယ်။ ယူပါဦး သွန်းရယ်‥”

အေးချမ်းမှာ ချစ်သူကို ချက်ကြီးဖွန်ကြောင်သမျှ သီသီကြီးနှင့် ကြိတ်မှိတ်သီးခံနေရတော့၏။

သူ့ကိုယ်သူများ ကိုချက်ကြီးလို့တောင် မသုံး။ ကိုကြီးချက်ဆိုပဲ။ ဆေးလိပ်မီးနဲ့သာ ဖင်ပြေးထိုးပစ်လိုက်ချင်တော့ သည်။

“သင့်ခယူး ကိုကြီးချက်‥”

“ဝဲကန်းပါ သွန်းရယ်‥ဝဲကန်းပါ‥”

“ဟင်…”

“ရှင်…”



“သြော…သိပ် အံ့သြသွားကြသလား။ မြို့သူမြို့သားတွေနဲ့ စကားပြောတဲ့အခါ လေပေးဖြောင့်အောင် မနေ့ညက ကိုကြီးချက် အင်္ဂလိပ်စကားပြောစာအုပ်တွေ ပြန်ဖတ်တာ ညလုံးပေါက်ပဲ။ ဒါကြောင့် သိုင်းကျူးလို့ သွန်းက ပြောတာနဲ့ ဝဲကန်းလို့ ကိုကြီးချက် ပြောနိုင်တာပေါ့။ အင်္ဂလိပ်စကားကလည်း နည်းနည်းတော့ မိုက်ရိုင်းတယ်နော်…တချို့စကားတွေ ပြောရမှာ စိတ်မရဲဘူး”

“ဘယ်လို စကားတွေက မိုက်ရိုင်းတာလဲဗျ…”

“ဟိုဟာကွာ‥ဝဲကန်းရဲ့ရှေ့မှာ…ဘာဆိုလား ပါသေးတယ်။ ပြောရမှာ ရှက်တယ်‥”

“ဟာ…ရှက်စရာ မရှိပါဘူး‥ပြောပါ‥”

“ဘာတဲ့…။ ဝမ်းမ,က,လီးဖြစ်တယ်ဆိုလား‥”

“ဝမ်းမလီး(warmly)ပါဗျ‥”

စိတ်ညစ်ညစ်နှင့် ရယ်ရသေးတော့သည်။

ချက်ကြီး လာတိုင်း ရယ်စရာတစ်ခုမဟုတ် တစ်ခုက ပါတတ်စမြဲ။ ပါးစပ်ကို ပိတ်မနေရ…။

“ကဲ‥ပြောပါဦး…ဒီ မောင်နှမ ဘာတွေ တိုင်ပင်နေကြတာလဲ‥”

“တိုင်ပင်နေတာကတော့ ကိုကြီးချက်ရယ်‥ဟင်း‥”

သွန်းက သက်ပြင်းရှည်ကြီးကို ဆွဲဆွဲငင်ငင်နှင့်ချလိုက်သေး၏။ ချက်ကြီးကြွေလောက်အောင်အထိ တိုက်စစ်တင်ဖွင့်တော့မည် မဟုတ်ပါလား။ ကိုယ့်ဘက်အရှုံးပါလာအောင်

www.burmeseclassic.com

www.burmeseclassic.com



သိမ်းသွင်းယူရမည်။ အပျော့ဆွဲနဲ့ ချော့မြှူပြီး စကားလုံးလှလှသုံးပြီး ချုပ်ရတော့မည် မဟုတ်ပါလား..။

"သွန်းတို့ မောင်နှမတွေ သိပ်ကို စိတ်ညစ်နေရပြီ ကိုကြီးချက်ရဲ့ အဟင့်.."

"အို...မငိုပါနဲ့ သွန်းလေးရယ်...။ မငိုပါနဲ့...။ ကိုကြီးချက်တို့က တောသားတွေဗျ။ စိတ်နှလုံးဖြူစင်ရိုးသားတယ်။ လိုအပ်တဲ့ အကူအညီမှန်သမျှတောင်း...။ လုပ်နိုင်တာမှန်သမျှ အားလုံး လုပ်ပေးမယ်။

"ဟင်...တကယ်လားဟင်...ကိုကြီးချက်..."

"သြော်..တောသားပါဗျာ...။ တောသားပါ။ မြို့သားတွေလို ပလီစိခြောက်ချက် မလုပ်တတ်ပါဘူး"

လာ..လာချေသေး။ သူ့ကိုယ်သူ အမွန်းတင်တာပဲ မြို့သားက ထိနိုက်ရသေးတယ်။

"ဟုတ်ပါပြီတဲ့ရှင်..။ ဟုတ်ပါပြီတဲ့။ သွန်း...ကိုကြီးချက်ကို အားလည်းကိုးပါတယ်။ ယုံလည်း ယုံကြည်ပါတယ်။ မဖြစ်နိုင်တဲ့ အကူအညီဆိုရင်လည်း သွန်း မတောင်းဆိုပါဘူး။ အခုဟာက စုံစမ်းစရာလေး တစ်ခုရှိလို့ပါ.."

စုံစမ်းစရာဆို၍ ချက်ကြီး တွန့်ကနဲ ဖြစ်သွားလိုက်ရပြီး--

"ပြောလေ..သွန်းကလေး... ဘာများစုံစမ်းချင်လို့လဲ"

"ဒီလိုပါ..ကိုကြီးချက်...။ လွန်ခဲ့တဲ့ သုံးလက ဒီလို အချိန်ပေါ့လေ။ သွန်းတို့ မောင်နှမနှစ်ယောက်ဟာ အလုပ်ရှင် ခိုင်းလိုက်တဲ့အတိုင်း အလုပ်က ကားကို ဘုမသိဘမသိနဲ့ မောင်း



ခဲ့ကြရတယ်။ ကားနောက်ခန်းထဲမှာ ဘာပစ္စည်းတွေ ပါတယ်ဆိုတာ သွန်းတို့ တကယ်မသိကြပါဘူး။ ပစ္စည်းတွေက သူတို့ထည့်ပေးလိုက်တဲ့အတိုင်းပါပဲ။ အဲဒါ...ဟိုင်းဝေးလမ်း ဆိုတော့ လေကတအားကြမ်း၊ ပစ္စည်းထုပ်တွေက ကြိုးတွေ ပြေပြီး လမ်းတစ်လျှောက် ပစ္စည်းတွေ ထွက်ကြခဲ့ပါတယ်"

"ဟင်.."

"အဲဒီပစ္စည်းတွေဟာ ပိုက်ဆံတွေပါ ကိုကြီးချက်။ ပိုက်ဆံတွေမှ ငါးသိန်းထုပ်၊ ဆယ်သိန်းထုပ်တွေ အဝေးပြေးလမ်းပေါ် ပြုတ်ကျကျန်ရစ်ခဲ့တာပါ။ ခန့်မှန်းခြေတန်ဖိုးက စုစုပေါင်း သိန်း နှစ်ရာကျော်ပါတယ်"

ချက်ကြီးမှာ ဟန်ဆောင်မျိုသိပ်နေရင်းမှ ခြေဖျားလက်ဖျားတွေ အေးစက်လာရကာ ဓာချွေးများပြန်လာ လေပြီ။ တစင် တည်းမှာပင် လူဝတ်ကြောင်တုန်းက မလည်ရှုပ်ကြီးဖြစ်ခဲ့ဖူးသူ ဘကြီး ဘုန်းကြီးကိုလည်း မေတ္တာတွေပို့သနေမိ၏။

ဘကြီးဘုန်းကြီးရေ...မွှေလှချည်လားဗျ။

ဒီမောင်နှမရောက်လာတာထက် စာရင် သေမင်းရောက်လာတာကမှ ကောင်းဦးမယ်။ ဘယ့်နှယ့်...ရာဇဝင်အိုး တုတ်ထိုးမယ့်သူတွေကို ရွာကို တည့်တည့်ကြီး ခေါ်လာခဲ့ရတာတုံးဗျ။

"ဒါပေမယ့် အလုပ်ရှင်က အဖြစ်အပျက် အမှန်ကို ယုံ ကြည်ပါဘူး"

ငွေတွေကို သွန်းတို့ မောင်နှမခိုးတယ်လို့ ထင်နေပါ

www.burmeseclassic.com



တယ်။ ဒါကြောင့် ပျောက်သွားတဲ့ သိန်းနှစ်ရာ ပြန်ရလိုရငြား သွန်းတို့ မောင်နှမ အရဲစွန့်ပြီး ဒီနေရာအထိ လိုက်လာရတာပါ"

"ဟုတ်ပါတယ် ကိုချက်ကြီး။ ကျွန်တော်တို့ ပိုက်ဆံ သိန်းနှစ်ရာပြန်ရဖို့ လိုက်ရှာနေကြတာပါ.."

"သြော်...အင်း..အဲ...ဟုတ်...အဟင်း..."

ချက်ကြီး မူပျက်နေပြီမှန်း သွန်းတို့ချစ်သူနှစ်ယောက် ကောင်းကောင်းရိပ်မိသွားကြလေပြီ။ သေချာပြီ...။ ပျောက်သွား တဲ့ သိန်းနှစ်ရာနီးပါး ဒီ အနီးတစ်ဝိုက်က ရွာသားတွေ ရသွား ကြတာ လုံးဝသေချာသလောက် ဖြစ်နေပြီ။ ဒါတောင် ရွာထဲ ထွက်ပြီး စနည်းမနာရသေး။

"ဒါနဲ့...ကိုချက်ကြီး..ခင်ဗျားလည်ပင်းက ဆွဲကြိုးကြီး က လုလုချည်လား နှစ်ကျပ်သားလောက်ရှိမယ် ထင်ပါရဲ့နော်။ ရွှေဈေးက ဒီလောက်ကောင်းနေတာဆိုတော့ ခင်ဗျား ဆယ့်ငါး သိန်းလောက်တော့ ပေး ဝယ်ရလိမ့်မယ် ထင်တာပဲ..."

"ဒါ...ဒါ...ဒါလား..။ ဘာရယ်မဟုတ်ပါဘူးကွာ။ ငါက မင်းတို့ပြောသလို မိုက်ကယ်ဂျက်ဆင် ခွေးဖိုးဆိုတော့ တူမလားဆိုပြီး အတုခိုးရင်းခိုရင်းနဲ့ အဲလို ဆွဲကြိုးအတုတ်ကြီး တွေ၊ လက်ပတ်တွေလျှောက်ဝတ်ဖြစ်နေတယ်။ ဒါ့ထက်မင်းတို့ မောင်နှမနှစ်ယောက် မိုက်ကယ်ဂျက်ဆင်ရဲ့ ဘရိတ်ဒန့်တွေ ကြည့်ကြမလားဟင်။ ငါ ကောင်းကောင်း ကပြတတ်တယ်ကွ"

"ဟင်..."

စကားလွှဲသွားပြီမှန်း အေးချမ်းတို့ သဘောပေါက်လိုက်



ကြ၏။

"နေဦး..ငါ...အခွေဖွင့်လိုက်ဦးမယ်...အဟေးဟေး.."

ဒီလိုနဲ့...သီချင်တဲ့ အကြောင်းတော့ အသေးစိပ်မစုံစမ်း လိုက်ရ။ ချက်ကြီးရဲ့ ကပေါက်တိကပေါက်ချာ ဘရိတ်ဒန့်(စ်) ထဲ ချစ်သူနှစ်ဦးမျောသွားကြလေတော့၏။

ချက်ကြီး ဖွင့်ကနေသည့် သီချင်းက နယ်နယ်ရရ မဟုတ်။

မိုက်ကယ်ဂျက်ဆင်ရဲ့ ကမ္ဘာကျော်သီချင်း ဘီလီဂျင်း (Billie Jean)ပင်။

~ Billie Jean is not my lover ~ she's just a girl ~ who claims ~ that I am the one ~ But the kid is not my son ~~~

ချက်ကြီးက အင်္ဂလိပ်သီချင်းတော့ မဆိုတတ်..။

သံပြိုင်ပိုဒ်အပြီးမှာတော့ မိုက်ကယ်ဂျက်ဆင် လေသံ အတိုင်း (အင်း...သုက်ကြောင်နေတဲ့ အရူးတစ်ယောက် အသံ အတိုင်း)"ဟီး...ဟီး...ဟီး..."နှင့် ထ,ထအော်ပြီး အကြောဆွဲ အက ကပြလျက်ရှိချေ၏။

သွန်းနှင့်အေးချမ်းဆိုတာ မျက်တောင်ပင် မခတ်နိုင်ကြ။

"ဟာ...ဟုတ်တယ်ဟ..ကိုချက်ကြီး...ဟုတ်တယ်ဟ"

"ဟီး...ဟီး...ဟီး...အာဝု...ဟီး...ဟီး...ဟီး.."

အဲဒီလို "ဟီးဟီးဟီ 'အာဝု'နှင့် အရူးကွက်များ အာရုံ ပြောင်းပြီးတဲ့နောက် ဘီလီဂျင်းသီချင်းလည်း ပြီးသွားရော။

www.burmeseclassic.com

www.burmeseclassic.com



ချက်ကြီးရဲ့ ကိုယ်နေဟန်ရောမျက်နှာဘေးပါ တစ်မျိုးပြောင်း သွားသည်။

သူ ဘာအက ကတော့မည်သင်ထင်ပါသနည်း။

မိုက်ကယ်ဂျက်ဆင်…ကျားနက်ကြီးကနေ လူဖြစ်သွားပြီး လူသူကင်းမဲ့တဲ့ မြို့ပြည်မှာ ကသည့်(ဘောင်းဘီဇစ်ကို ဆွဲတပ် ပြသည့်)အက ကပါလေတော့၏။

"ဖလွတ်…ဖလွတ်…ဖလွတ်…ဘတ်…ဖလွတ်… ဖလွတ်…ဖလွတ်…ဘတ်.."

တစ်မျိုးမတွေးပါနှင့် မိတ်ဆွေ။

ချက်ကြီး ဘွတ်ဖိနပ်မှ ထွက်သည့် အသံများသာဖြစ်ပါ ၏။

"ဟိုး…။ ဒု…ဒု…ဘချီ..ဘချီ…ဘချီ…ဟား.."

တီးလုံးတွေကလည်း စုံပါသည်။ ပါးစပ်ကလည်း ဝူးဝူး ဝါးဝါးတွေရွတ်ပါသည်။

မိုက်ကယ်ဂျက်ဆင်ကကွက်အတိုင်း middle east (အရှေ့အလယ်ပိုင်း) နေရာကြီးမှာ ကော့ကော့လာသဖြင့် သွန်း နေရထိုင်ရခက်နေ၏။ အဲဒီဟာကြီးကိုလည်း ခဏခဏ ကိုင်ပြန် သည်။ အေးချမ်းဆိုတာ သာရေကွင်းနဲ့ ပစ်ချင်နေတာ အသည်း ကိုယားလို့…။

"အို …"

"ဗျစ်…"

ချက်ကြီးဘဝ ဇာတ်ကနာပါသည်။



ညည့်သည်တွေကို စိတ်ပြောင်းသွားရန် အကနှင့်ဖျော်ဖြေ နေသော် မိုက်ကယ်ဂျက်ဆင်အက အတိုင်းဘောင်းဘီဇစ်ကို ဆွဲပိတ် နေသည့်နေရာ မရောက်ခင်၊ ဇစ်ဆွဲပိတ်ရန်အတွက် ဇစ်ကိုဆွဲဖွင့် လိုက်ရလေရာ ကြည့်သွန်းဖြူ 'အို'ကနည်း ဖြစ်သွားရ၏။

အေးချမ်းမှာလည်း ချက်ကြီးဖင် ဆေးလိပ်မီးနဲ့ ပြေးတို့ ချင်စိတ်မှာ မနည်းထိန်းထားရသည်။

"ဘလု..ဘဒု…ဘချီ…ဘလု…ဘဒု…ဘချီ.."

ဘုန်းကြီးကျောင်း၏ ကျက်သရေဆောင်တွင် အပွိုယချက် ကြီးတစ်ယောက် ဖြစ်ချင်တိုင်း ဖြစ်နေသည်။

ကကွက်ထဲမှာ မိုက်ကယ်ဂျက်ဆင်က ကားတစ်စီးပေါ် ခုန်တက်သွားပြီး မှန်တွေရိုက်ခွဲ၊ ကားစတီယာရင်ကို ဆွဲဖြုတ် ပြီး အဝေးကို လွှင့်ပစ်လိုက်သည့် ပုံစံအတိုင်း ချက်ကြီးမှာလည်း ဘုန်းကြီးထိုင်သည့် ကျွန်းကနုတ်ထိုင်ခုံကြီးပေါ် လွှားကနဲပြေး တက်၊ ကွမ်းအစ်ကို အဝေးသို့ လှမ်းပေါက်ခွဲ…

"ချလွင်…ခလွမ်…ခလွမ်.."

တစ်ခါ ကွမ်းရွက်များ ထည့်ထားသည့် သစ်သား သေတ္တာလေးကို ဖျက်ဆီး၊ အဲဒီနောက်မှာတော့ ပွင့်နေတဲ့ ဇစ်ကိုဆွဲတပ်ရန် ဟန်ပါပါနှင့်ကော့ကော့ကြီး ရပ်လိုက်ပြီး…။

"ဇွိ….. ….."

မဟုတ်တရုတ်နေရာက ဘောင်းဘီဇစ်ကို ဆွဲတပ်ပစ် လိုက်သည်။

ချက်ကြီးလုံးဝ မကနိုင်တော့ဘဲ ဘျောက်ရပ်ကြီးလို

www.burmeseclassic.com

www.burmeseclassic.com



ဖြစ်သွားရ၏။

"ဘာဖြစ်သွားတာလဲဟင်..."

"မသိဘူးလေ..."

အေးချမ်းရော၊ သွန်းပါ ကျောက်ရုပ်တစ်ရုပ်လို ရပ်တန့်သွားရသည့် ချက်ကြီးအပေါ် နားမလည်ခြင်းကြီးစွာ ဖြစ်သွားစဉ်...။

"အောင် .... မ .... လေး .... ဗျ ..."

ချက်ကြီး၏ ခုနစ်သံချီ အသံဗြဲကြီးကြောင့် ဘုန်းကြီးကျောင်းဆောင်ကြီးတစ်ခုလုံး သိမ့်သိမ့်တုန်သွား၏။

သွန်းမှာ ထိုမျှကျယ်လောင်လှသည့် အသံနက်ကြီးကို တခါမှ မကြားဖူးရာ ရင်တွေတုန်လာသဖြင့် နှလုံးနေရာကို မှန်းပြီး လက်နှင့်ဖိထားစဉ် အေးချမ်းက....

"ကိုချက်ကြီး ခင်ဗျားဘာဖြစ်သွားတာတုံး..."

"ညပ်သွားပြီ...ညပ်သွားပြီ..."

"ဟင်... "

"ငါ့ အတ္တာနေရာ ဇစ်ညပ်သွားပြီ...။ ဇစ်ထဲ အရေပြားပါသွားပြီ..."

ချက်ကြီး အရှူးမီးဝိုင်းရလေပြီ။

အေးချမ်းလည်း အဲလိုနေရာမျိုးဆို အသည်းငယ်၏။ ဘာမှ မလုပ်တတ်။

ဒါနဲ့ ဘုန်းကြီးကျောင်းဝင်းထဲ ပတ်ပြေးပြီး...။

"ကိုယ်တော်...ကိုယ်တော်...အရီးမြ...ကိုရင်လေး



ဆွေ..လုပ်ကြပါဦး ချက်ကြီးဟိုဟာ ဇစ်ညပ်သွားလို့...ချက်ကြီး ဟိုဟာ..ဇစ်ညပ်သွားလို့..."

ဘုန်းကြီးကျောင်းတစ်ကျောင်းလုံး ရုတ်ရုတ်သဲသဲ ဖြစ်သွားရချေပြီတကား။

"ချက်ကြီး...ဟန်ရဲ့လား...လမ်းလျှောက်နိုင်ရဲ့လား။ နွားလှည်းပြင်။ နွားလှည်းပြင်..။ ဆရာတုတ်ဆီ ပြေးဖို့လုပ်.."

www.burmeseclassic.com

## (10)

ဘုန်းကြီးကျောင်းရှေ့က ကွပ်ပျစ်တွင် ခေါင်းမှာ အာလူးသီးဘုကြီးထနေသည့် ဘကြီးဘုန်းကြီးနှင့် မဟုတ်တဲ့နေရာဆန္ဒင်းနဲ့မုန့်ညှင်းဆီ ရောလိမ်းပြီး ပတ်တီးစည်းထားရသည့် မိုက်ကယ်ချက်ကြီးတို့ ထိုင်နေကြသည်။

"ကိုယ်တော် မြို့က ဧည့်သည် မောင်နှမကို နှင်ထုတ်သင့်ပြီ.."

ကိုယ်တော်က စိတ်မဝင်စား..။

စာရေးဆရာ ညို ရေးသည့် (သချာ်အခြေခံထားသည့် ပဟေဠိ)ဝတ္ထုကြီးကို သဲကြီးမဲကြီး ဖတ်နေ၏။

"ကိုယ်တော်... ကြားလားလို့..."

"အေး...ကြားတယ်..ဘုန်းဘုန်းလည်း ဘာရယ် ညာရယ်သိလို့ မဟုတ်ဘူး။ ခိုးရာလိုက်ပြေးလာကြတဲ့ သမီးရည်းစားစုံတွဲ လမ်းမှာ ဒုက္ခရောက်နေကြတယ်ထင်လို့ ခေါ်လာခဲ့တာ။ ခေါ်တာလည်း ရိုးရိုးလာခဲ့ဆိုပြီး ခေါ်လာခဲ့တာမဟုတ်



ဘူး။ ဘုန်းဘုန်း မေးတဲ့ ဉာဏ်စမ်းပဟေဠိကို ဖြေနိုင်ခဲ့ကြလို့ ခေါ်လာခဲ့တာ.."

"ဘုန်းဘုန်းလည်း အဲဒီပဟေဠိရောဂါနဲ့ ပျံလွန်တော်မူမှာပဲ..."

"ဟော..."

"ကိုယ်တော် စဉ်းစားကြည့်လေ...ဘယ်လိုမှ လာခြင်းကောင်းတဲ့ မောင်နှမနှစ်ယောက် စ,တွေ့ကတည်းက ကိုယ်တော့ခေါင်းဘုထွက်ခဲ့ရတယ်။ တပည့်တော် ဟိုဟာလည်း စည်ပ်ခဲ့ရတယ်။ အား..ကျွတ်...ကျွတ်.."

ပြောရင်းဆိုရင်းမှာ မကျက်သေးသည့် အနာက ဆစ်ကနဲ ကိုက်တက်လာ၏။

"ချက်ကြီး ဘယ့်နှယ့်နေတုံး...ဟာန်ရဲ့လား..."

"ဘုန်းဘုန်းရာ...ဆန္ဒင်းမှုန့်သိပ်၊ မုန့်ညှင်းဆီလိမ်းပြီး ပတ်တီးစီးထားရတာကို ဟာန်ရဲ့လား မေးနေ...။ တပည့်တော်က ဘယ်လို လျှောက်ရမှာတုံး ဖျ"

"ကိုယ်ကမြင်းကြောဆွဲတာလည်း ထည့်ပြောဦးလေ ဘယ်သူက မင်းကို သွက်ချာပါဒအကာ ကခိုင်းလို့လဲ..."

"ဟာ...တပည့်တော် အာရုံပြောင်းရတာလေ ဘုရား"

ပြောရင်းဆိုရင်း ချက်ကြီးတစ်ယောက် ဟိုး...လွန်ခဲ့တဲ့ သုံးလလောက်က အဖြစ်အပျက်ကို ပြန်ပြောင်းမြင်ယောင်လာမိလေတော့သည်။

အဲဒီနေ့က တကယ့်ကို မိုးပေါ်ကနေ ပိုက်ဆံတွေ ကျခဲ့

www.burmeseclassic.com

www.burmeseclassic.com



တဲ့ တစ်နေ့ပေါ့။ ဖြစ်ပုံက ဒီလိုပါ…။

စိန်ပန်းရွာမှာ အလှူရှိသည်ဆို၍ ရွာသူကြီး ဦးစိန်သောင်း၊ ဆေးဆရာတုတ်ကြီး၊ တာလပတ်မင်းဝေ၊ အပျိုကြီးအရီးမငွေးတင့်၊ ဘကြီးဘုန်းကြီးနှင့် ချက်ကြီးတို့ ကိုဆန်းအေးကြီးမောင်းသည့် ထော်လာဂျီစီးပြီး တစ်ဖက်ရွာကို သွားခဲ့ကြသည်။

ရွာအလှူက အပြန် ဟိုင်းဝေးလမ်းမကြီးပေါ် ရောက်ပြီးဆယ်မိနစ်၊ မိနစ် နှစ်ဆယ်ခန့် အကြာမှာတော့…

“အလို…ပိုက်ဆံတွေ၊ ပိုက်ဆံထုပ်တွေပါလား… ဘုရား..ဘုရား..”

ကတ္တရာလမ်းမထက်မှာ မြင်မကောင်းအောင် ကြဲပြန့်နေသည့် ပိုက်ဆံများကို စတင်မြင်သွားသူက အချစ်ရှူးသမားကြီး အရီးမငွေးတင့်ပင်။

“ဟဲ့..ဆန်းအေး…ထော်လာဂျီရပ်စမ်း…။ ပိုက်ဆံ တွေ အများကြီးပဲတော့်…ဆင်းကောက်မယ်..ဆင်း ကောက် မယ်.. အဟေးဟေး”

“ဟာ..ဟုတ်တယ်ဟေ့…။ ဟုတ်တယ်ဟေ့..။ ပိုက်ဆံတွေ…”

“မြို့တက်ပြီး စာရေးဆရာလုပ်ချင်နေတာနဲ့ အတော်ပဲ။ ကိုယ့်ပိုက်ဆံနဲ့ ကိုယ့်ဟာကို စာအုပ်ထုတ်မယ်ဟ…”

— တာလပတ်မင်းဝေရဲ့ နှစ်ထောင်းအားရ စကား…။

“ဒါဆို ကျုပ်လည်း ကောက်မယ်..။ ကျုပ်လည်း



မိုက်ကယ်ဂျက်ဆင်လို စီးရီးထုတ်ချင်နေတာနဲ့ အတော်ပဲ..”

ထော်လာဂျီပေါ်ကနေ ဝမ်းသာအားရ အပြေးအလွှားဆင်းကြရာ၊ ခြေခံထိုးလို့ မှောက်ယက်ဟတ်ထိုးလဲတဲ့သူနဲ့…။ ချိတ်သမီးနဲ့ ထော်လာဂျီနဲ့ ငြိပြီး လုံချည်ကျွတ်တဲ့သူနဲ့ ….

ဘာပဲပြောပြော ပိုက်ဆံတွေ အမြောက်အမြားတော့ သူတို့ကောက်နိုင်ခဲ့ကြသည်။

ကတ္တရာလမ်းမပေါ် ကျကျန်ခဲ့သည့် ငွေပမာဏက သိန်းနှစ်ရာလား ဘာလားတော့ သူတို့မသိကြ။

ငွေပမာဏဘယ်လောက် ရခဲ့ကြသည်ဆိုတာလည်း တစ်ယောက်ကို တစ်ယောက် ပွင့်ပွင့်လင်းလင်း အသိမပေးခဲ့ကြ။

သေချာတာတစ်ခုကတော့ အကြမ်းဖျဉ်းတွက်ကြည့်လျှင် တစ်ယောက်ကို သိန်းသုံးဆယ်နဲ့လေးဆယ်ကြား ရခဲ့ကြသည်ကတော့ မငြင်းနိုင်။

သူတို့အတွက်တော့ ပိုက်ဆံတွေက များလွန်းလှ၍ ဝတ်ထားသည့် ပုဆိုးတွေ၊ ထမီတွေထဲထည့်ကာ နေ့စေ့လစေ့ဗိုက်ကြီးသည်ကြီးများလို ပွေ့ဖက်သယ်လာခဲ့ရလေတော့၏။

“အတော်ပါပဲတော်…ကျုပ် သာသနာပြုချင်နေတာနဲ့…။ ကျုပ်သာသနာပြုချင်နေတာနဲ့ ငွေတွေလိုချင်နေတာ အတော်ပါ ပဲတော်။

အရီးမငွေးတင့်ရဲ့ လှူကြားကောင်းအောင် ပြောလေသောစကား။

တကယ်က ထိုသို့မဟုတ်။

www.burmeseclassic.com

www.burmeseclassic.com



အင်ဒိုနီးရှားပါတိတ်တွေ ဝတ်ပြီး၊ စိန်နားကပ်ဝယ်ရှ ဖြစ်လေ၏။

"ညက ကိုကြီးကျော် အိပ်မက်ပေးတယ်ဗျ။ လမ်းဘေးမှာ ငွေတွေ ကြဲပြန့်နေတာ တွေ့လိမ့်မယ်။ ကိုယ်ထိုက်လို့ ကိုယ်ရတာ ယူပါ...တဲ့ဗျ' အလှူကြီး အတန်းကြီး လုပ်ဦးမယ်ဗျာ"

သူကြီး ဦးစိန်သောင်းရဲ့ လိဗယ်လုပ်ကြံစကား၊ တကယ်တော့ ဘယ်ကိုကြီးကျော်ကမှ အိပ်မက်လာပေးသွားသည်ရယ် မဟုတ်။ ထိုငွေများမှာလည်း ယခုအခါ သူကြီးသား၊ ရွာလူမိုက်ဘိုကီး ဖြန့်နေ၍ ကုန်သလောက် ဖြစ်နေလေပြီ။

"ကျုပ်က မြို့တက်ပြီး စာရေးဆရာလုပ်မှာဗျ..."

"ကိုမင်းဝေ...။ မြို့တက်ရင် ကျုပ်ရောခေါ်ဗျာ...။ အတူတူတက်ကြတာပေါ့...။ ကျုပ်လည်း စီးရီးထုတ်ချင်လို့"

တာလပတ်မင်းဝေနဲ့ မိုက်ကယ်ချက်ကြီးတို့ရဲ့ စကား။

တောသားတွေများ ရယ်စရာကောင်းချက် ပြောပါတယ်။

ငွေလေး သိန်းဆယ်ဂဏာန်းလောက်နဲ့များ မြို့တက်ပြီး စာအုပ်ထုတ်မတဲ့။ စီးရီးထုတ်မတဲ့...။

ထို ငွေလေးလောက်နှင့်ကတော့ ဆင့်ပါးစပ်နမ်းပက် သလောက်ပင် မရှိ။

သူတို့အတွက် မြို့ပြမှာ နေစရာ၊ စားစရာ စီစဥ်ပေးမယ့် ကျောထောက်နောက်ခံလူကလည်း ရှိတာမဟုတ်။

စီးရီးတစ်ခွေထုတ်လျှင် သိန်းရာချီကုန်ကျသည်။ စာအုပ်



တစ်အုပ်ကို ကြော်ငြာအားကောင်းကောင်းနှင့် ပရိုမိုးရှင်းပွဲများဖြင့်ကာ မိတ်ဆက်ပြီးမှထုတ်လျှင် ချဲ့လျှင်ချဲ့သလို သိန်းပေါင်းများစွာ ကုန်ကျသည်ဆိုခြင်းကို သူတို့မသိကြ။

လွန်ခဲ့တဲ့ သုံးလခန့်က သူတို့ဘဝတွေ မျိုးစုံပြောင်းလဲခဲ့ကြသည်။

မြို့တက်ပြီး သိပ်မကြာ။ လူလိမ်တစ်ဦးနှင့်တွေ့ပြီး ငါသမျှပိုက်ဆံ တက်တက်ပြောင်ပြီး ရွာပြန်ခဲ့ကြရသည်။

တပွတ်ကြီးဆရာတုတ်လည်း ထိုနည်းလည်းကောင်းပင်။

သူ့ရဲ့ တပွတ်ကြီးဆရာတုတ် သံပုရာသီး ဝမ်းအပုပ်ချဆေးကြီးကို ထုတ်လုပ်ဖြန့်ချီနိုင်ရန် မြို့တက်လေသည်။

ငွေလေး သိန်း သုံးလေးဆယ်နှင့်မြေကွက်တစ်ကွက်ဝယ်ပြီး စက်ရုံထောင်ဦး မတဲ့...။

"မြောက်ဒဂုံနားမှာဆိုရင် ပေ လေးဆယ်၊ ခြောက်ဆယ် မြေကွက်တစ်ကွက်ကို ငါးသိန်းဆယ်သိန်းလောက်နဲ့ ရတယ်ဗျ။ စက်ရုံဆောက်ဖို့ကလည်း မပူနဲ့ ကျုပ်အသိတွေထဲမှာ ဆယ့်ငါးသိန်း သိန်းနှစ်ဆယ်လောက်နဲ့ ဆေးဝါးစက်ရုံဆောက်နိုင်တဲ့သူတွေ ရှိတယ်။ ကျုပ်အားလုံး လိုက်လုပ်ပေးမယ်။ ဒါပေမယ့် ခင်ဗျား ကျုပ်ကို ယုံကြည်ဖို့တော့ လိုမယ်နော်..."

ဆရာတုတ်ကို လူလိမ်တစ်ဦး ပြောဆိုခဲ့သည့်စကား...။

ဆရာတုတ်မှာ ခေါင်းစားမခံလို့၍ (သိလည်းမသိ၍) လူလိမ်ကို ပိုက်ဆံပုံအပ်ခဲ့မိလေရာ၊ မြောက်ဒဂုံမှာ လေးလက်မ၊ ခြောက်လက်မ မြေကွက်ပင် မပိုင်ဆိုင်လိုက်ရဘဲ၊ "လမ်းစရိတ်

ကလေး မရှိလို့ သနားကြပါခင်ဗျာပြောပြီး ပြန်ဖို့လမ်းစရိတ်ကိုပင် တောင်းခံခဲ့ရသည့် ယာယီသူတောင်းစားဘဝနှင့် ရွာပြန်ခဲ့ရလေပြီ..။

အဖြစ်အပျက်က အိပ်မက်ဆန်လွန်းသည် ပြောနိုင်သော်လည်း ထိုသို့ အစီအစဉ်တကျ ဖြစ်ပျက်ခဲ့လေသည်။

တပွတ်ကြီးရွာသားတွေ၊ သိန်းရာချီပြီး ကောက်ရခဲ့ကြသည်။ တပွတ်ကြီးရွာသားတွေ သိန်းရာချီပြီး အလိမ်ခံရ၍ လက်ထဲမှာ ငွေခြူတစ်ပြားမှ မရှိကြတော့။

အခု...ပျောက်ဆုံးခဲ့သည့် ငွေများကို ပြန်လည်ရှာဖွေဖို့ မြို့က မောင်နှမနှစ်ယောက် ရောက်လာလေပြီ။

ဘာဆက်လုပ်ကြမည်နည်း။ ဘာဆက်လုပ်ကြမည်နည်း။

"ဘာဆက်လုပ်မှာတုန်း...ဘုန်းဘုန်း.."

"ဟေ..အေး..ဘာဆက်လုပ်မလဲဆိုတော့ ဘယ်လိုလုပ်ချင်ကြတုံး"

"ဟာ..ဗျာ..."

မိုက်ကယ်ချက်ကြီးမှာ ဘကြီးဘုန်းကြီးကို ကြည့်ပြီး မချင့်မရဲဖြစ်လာမိ၏။

ဘကြီးဘုန်းကြီးမှာ ယခုရွာမှာ တက်တော့မည့် ပြဿနာအကြီးကြီးထက်၊ သူဖတ်နေသည့် ပဟေဠိဝတ္ထုစာအုပ်ကို ပို၍ စိတ်ဝင်စားနေလေတော့၏။

"ခု..အဲဒီမောင်နှမက သူတို့ ပျောက်ခဲ့တဲ့ ပိုက်ဆံတွေကို ပြန်တောင်းရင် တပည့်တော်တို့မှာ လျော်စရာ ပိုက်ဆံမရှိတော့



ဘူး။ ငွေတော်တော်များများ လူလိမ်ခံလိုက်ရတာ ကိုယ်တော်သည်း အသိပဲဗျ။ အဲဒီတော့ ဘယ်လိုလုပ်ကြမတုံး.."

"အေး..အဲဒါလည်း ဟုတ်တာပဲ.."

"အာ...ဘုန်းဘုန်းက ဟုတ်တာပဲ လုပ်နေ။ မကြာခင်ရွာတော့ မိုးမီးလောင်တော့မယ်။ ဘုန်းဘုန်းလူဝတ်ကြောင်တုန်းကလည်း ချစ်မျိုးကို ထိုးပေးတဲ့ ဘီလူးပုံတက်တူးမှာ မျက်မှန်ကြီးတပ်ပေးခဲ့လို့ ချစ်မျိုး ခိုက်ပြီး သေခဲ့ရသလို၊ ဘုန်းဘုန်းထောင်ကျခဲ့ရပြီးပြီ။ အခုကိစ္စမှာရော ဘုန်းဘုန်းအပါအဝင် ရွာကလူတွေငွေလိမ်လည်ရယူမှုနဲ့ ထောင်မကျနိုင်ပါဘူးလို့ ဘယ်သူပြောနိုင်မှာတဲ့တုံး.."

"ဟ...ချက်ကြီးရ။ ငွေလိမ်လည်ရယူတာမှ မဟုတ်ဘဲ လမ်းပေါ်ကျနေလို့ သန့်သန့်ရှင်းရှင်း ကောက်ယူခဲ့ကြတာပဲ"

"ပြောရတာ လက်ဝင်လိုက်တာ ဘုန်းဘုန်းရယ်။ ကောက်ယူခဲ့တာကတော့ ဟုတ်တယ်။ အခု ပိုင်ရှင်ပြန်လာတောင်းနေပြီ။ တပည့်တော်တို့မှာ ပြန်ပေးစရာ ပိုက်ဆံ ဘယ်နှစ်ပြား ကျန်တော့လို့တုန်း.."

"အေး...အဲဒါလည်း ဟုတ်တာပဲ.."

ချက်ကြီးမှာ ဘကြီးဘုန်းကြီးကို အားမလိုအားမရဖြစ်နေစဉ် ဘုန်းကြီးကျောင်းရှေ့သို့ ဟစ်ဟော့အဆိုတော်ရှုး ဂျန်နစ်တယ် ရောက်ချလာလေတော့၏။

ဤနေရာတွင် ဂျန်နစ်တယ်ဆိုသည့် နာမည်နှင့်ပတ်သက်ပြီး ပြောစရာ အနည်းငယ်ရှိလာ၏။

www.burmeseclassic.com

www.burmeseclassic.com



သူ့ကိုယ်သူ ဂျန်နစ်တယ်လို့ နာမည်မပေးခင်က သူ့နာမည်က ဖိုးညှပ်ပါ…။

သူ့ခများလည်း အခုခေတ် လူငယ်ဘာသာဘာဝအတိုင်း ဟစ်ဟော့အဆိုတော် ဖြစ်ချင်နေရှာ၏။ သို့သော် လက်ထဲမှာ ခြူးတစ်ပြားမှ မရှိရှာ။

တတ်သလောက်၊ မှတ်သလောက် ဂီတစာစောင်ကလေးများ ဖတ်ရင်း ဂဲလ်ဂျန်နရေးရှင်း(girl generation) အဖွဲ့တို့ new generation တို့ စသဖြင့် အဆိုတော်အဖွဲ့ကလေးများ ကြားသိလာရရာ သူ့ကိုယ်သူ ဂျန်နစ်တယ်ရယ် ဆိုပြီး နာမည်ပြောင်းပစ်လိုက်လေတော့၏။

တကယ်ကတော့ ဂျန်နစ်တယ်လ် genitals ဆိုသည်မှာ မြန်မာလိုဘာသာပြန်ရမည်ဆိုရင်ဖြင့် လိင်အင်္ဂါဇာတ်ဟု အဓိပ္ပာယ်ရကြောင်း ဟစ်ဟော့အရူးလေး ဖိုးညှပ်မသိရှာပါ။

"ဗျို့…ကိုချက်…"

"ဝေး…လာပြီဝေး…စိတ်ရှုပ်နေတာနဲ့ အတော်ပဲ ငါ့ကောင်ရ…"

● ● ●

# (11)

~ယိုး ~ပေါက်ပန်းလေးဆယ် ~အခြောက်ငမ်းသေးတယ် ~စောက်ရမ်းလေးတယ် ~မေးမယ် မေးမယ် ~မင်းဘာကောင်လဲ ~~မေးမယ် မေးမယ် ~မင်းဘာလာကြောင်တာလဲ ~come on~ ဟက် ~~

"အာ…မင်း သီချင်းတွေက ဘာတွေတုံး ဟ"

"အဟီး…သိဘူးလေ…။ ကျွန်တော်လည်း ကာရန်ညီပြီးရော ဆိုပြီး ညက သီချင်းတစ်ပုဒ် စပ်လာတာ"

ဒီရွာမှာ မိုက်ကယ်ချက်ကြီး လက်မြှောက်ရသူဆို၍ ဂျန်နစ်တယ် တစ်ယောက်သာရှိ၏။ ပါးစပ်ကလည်း စက်သေနတ် ပစ်နေသလို တစ်စက်ကလေးမှ အငြိမ်မနေ။ လက်နဲ့ ခြေထောက် အငြိမ်နေသလားဆိုလည်း ဆောရီးပင်။

သွားရင်း လာရင်း သစ်ပင်ပေါ်မှာ ပုတ်သင်ညိုတွေ့လျှင် ဘာရေကွင်းနှင့်ပစ်ပြီးသား။ ငှက်တွေ့လျှင် ဒူနှင့်ဆော်ပြီးသား။ အိမ်တိုင်တွေ့လျှင် နပ်ချေးနှင့်သုတ်ပြီးသား…။ ဓာတ်တိုင်တွေ့

www.burmeseclassic.com

www.burmeseclassic.com



လျှင်ပင် သေးနှင့်ပန်းချင်ပန်းနေလိမ့်ဦးမည်။

ယခုတခါ…ပါးစပ်က ဗလွတ်ရွတ်သနတွေ ရွတ်နေဆဲမှာပင် ကောက်ရိုးပုံမှာ အိပ်နေသည့် ခွေးအား ခဲနှင့်ထုလိုက်လေရာ…

"ဂဲ…ဂယား…ဂယား..ရှီး…"

"ဟကောင်..သောက်ခွေး…သူ့ဟာသူ အိပ်နေတာ ခဲနဲ့ထုရသလားဟ…"

"သွေးပူလေ့ကျင့်ခန်းပေါ့ ကိုကြီးချက်ရာ..အဟဲ…ဟဲ…ပြေး..ပြေး"

ခွေးလိုက်ဆွဲရာ ရွာရိုးကိုးပေါက် ခြေတိုအောင် ပြေးခဲ့ရလေတော့၏။

မိုက်ကယ်ချက်ကြီးမှာ စိတ်ရှုပ်ရတဲ့အထဲ ချွေးသံတွေက တရွဲရွဲ။

ဒီကြားထဲ တတ်သလောက် မှတ်သလောက်နှင့် ရမ်းတုတ်နေကြသည့် ဂီတအကြောင်းအရာများကလည်း သောက်တလွဲတွေပင်။

"ခုနောက်ပိုင်း ထွက်တဲ့ အဖွဲ့တွေထဲမှာ ဘောဘီစွာစွာအဖွဲ့ တော်တော်မိုက်တယ်နော် ကိုကြီးချက်.."

"ဟားဟား…ဂျန်နစ်တယ်ရယ်…။ အသံထွက်ကို မှန်အောင်ထွက်စမ်းပါဟ…ဘောဘီစွာစွာ မဟုတ်ပါဘူး။ ဘော်လီစွာစွာ…ပါ…"

ချက်ကြီးစကားကြောင့် လိင်အင်္ဂါဇာတ်(ဂျန်နစ်တယ်)မှာ



မဲ့ကာ ရွဲ့ကာနှင့်

"အေးပေါ့ဗျာ…ခင်ဗျားတို့လိုမှ မြို့မတက်ဘူးတာ ပြောထားပေါ့.."

တကယ်တော့ သူတို့ပြောနေကြသည့် အဖွဲ့အကြောင်းမှာ ဘောဘီစွာစွာလည်း မဟုတ်ရသလို၊ ဘော်လီစွာစွာလည်း မဟုတ်ရပါ။ လွှမ်းပိုင်နှင့်ထက်ထက်တို့ ပါဝင်တဲ့ ဘော်ဒီဆက်ဆာ (Body soxer)အဖွဲ့ အကြောင်းပြောနေခြင်းပါ။

"ဂျပ်စတင်ဘီဘာလည်း သူ့စော်နဲ့ ပြတ်သွားပြီဆိုပဲ။ ဟုတ်လား ကိုကြီးချက်.."

"သူက စော်တွေများတယ်လေ။ ဘယ်စော်ကိုပြောတာတုံး"

"နာမည် ခပ်ရိုင်းရိုင်းနဲ့ ကောင်မလေးလေဗျာ…ဘာတဲ့ သူ့နာမည်က"

"သြော်..ငါသိပြီ..။ ဆင်လီးနာ ဂုဏ်မက်"

"ဟုတ်ပါ့..။ ဟုတ်ပါ့။ အဲဒီတစ်ယောက် ပေးစရာနာမည်ရှားလို့။ ဂုဏ်မက်တဲ့ဆင်က အတွာလည်း နာနေရတယ်လို့…"

တကယ်တော့ သူတို့ပြောနေကြသူမှာ ဆယ်ကျော်သက်အဆိုတော်မလေး ဆလီနာဂိုမက်ဇ်ပါ။

တပြွတ်ကြီးရွာသားတွေ ပါးစပ်ထဲအရောက်မှာတော့ ဆလီနာ ဂိုမက်ဇ်လည်း ကြွရချေပြီ။

"မျက်နှာဖြူတွေများ အတော်လေးရိုင်းပြတာပဲနော်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါပေါ့..နယ်ချဲ့ အင်္ဂလိပ်ဆိုတာ နာမည်ပေးတာက အစ သိပ်ရိုင်းတယ်..."

ဂျန်နစ်တယ်မှာ အရင်က ချက်ကြီးကို ဆရာတင်လှသည်မဟုတ်။ ငွေထုပ်ကောက်ရသည့်အထဲမှာ ဂျန်နစ်တယ် မပါ၍၊ အဆိုတော်လုပ်မည်ဆိုပြီး မြို့တက်သွားလေတဲ့ချက်ကြီးကို ခုနောက်ပိုင်းမှ တစ တစ ဆရာတင်လာခဲ့ခြင်း ဖြစ်လေ၏။

"တကယ်တော့ ငါက ငွေအလိမ်ခံလိုက်ရတယ်တော့ မဟုတ်ပါဘူး။ ဘယ်လိုခေါ်မလဲ။ လုပ်ရင်းကိုင်ရင်းနဲ့ ငွေခါး ပြုတ်သွားတယ် ခေါ်မှာပေါ့။ တေးရေးခတွေ၊ စတူဒီယိုခတွေ တီးဝိုင်းခတွေ ရှင်းအပြီး မလောက်မငနဲ့ ငွေပြတ်သွားလို့ ရှေ့ဆက်မတိုးနိုင်တော့ဘဲ ရွာပြန်လာခဲ့ရတာ.."

ချက်ကြီး အရှက်ပြေ စကား

"မြို့တက်လိုက်တာ တစ်ခုတော့ ကောင်းတယ်ကွ။ စိုင်းစိုင်းခမ်းလှိုင်နဲ့ လည်ပင်းဖက်ပေါင်းတဲ့အဆင့် ရောက်သွားတယ်။ ရဲလေးဆိုတာတော့ ပြောမနေနဲ့တော့။ စားသောက်ဆိုင်မှာ ငါစားသမျှ သောက်သမျှ သူချည်းဒိုင်ခံရှင်းတာ။ ရောက်ဂျက်တွေ၊ တောက်တဲ့တွေဆိုတာလည်း မြူးဇစ်နဲ့ပတ်သက်ပြီး ငါ့လောက် တတ်ကြတာ မဟုတ်ပါဘူး..."

လူလိမ်ခံရ၍ မြို့ပေါ်ကနေ ဖင်ပိတ် ပြန်လာခဲ့ရတာတောင် ချက်ကြီးက ထိုသို့ ချဲ့ကာ နွှီးထားတတ်သေးပြန်ရာ... လိင်အင်္ဂါဇာတ်ကြီးခမျာ တကယ်ထင် အဟုတ်မှတ်၍ ချက်ကြီး



သီမှ မြို့အတွေ့အကြုံများ နားထောင်ရန် သူ့အားသည့်အခါတိုင်း တကူးတကန့် လာရောက်တွေ့ဆုံတတ်ပြန်၏။

ဒီနေ့တော့ ချက်ကြီး ဝဋ်လည်လေပြီ။

ငွေပျောက်ရှာရန် မြို့က မောင်နှမ လိုက်လာပြီးသည့်နောက် အရင်လိုလည်း ဟန်ဆောင်ဖုံးဖိ လိမ်ညာမနေချင်တော့။

မိမိတို့ငွေ အလိမ်ခံရသည်ကို မိမိတို့ ငွေအလိမ်ခံရသည့်အတိုင်း ဂျန်နစ်တယ်ကို ရင်ဖွင့်ပစ်လိုက်ချင်သည်။

ဂျန်နစ်တယ်မှတစ်ဆင့် ရွာထဲက ငွေထုပ်ကောက်ရထားသူများထံ ငွေရှင်လိုက်လာပြီဖြစ်ကြောင်း သတင်းဦးအောင် ပေးထားလိုက်လျှင် ပိုကောင်းမည် မဟုတ်ပါလား...။

"ဟား...ဘဝအမောတွေများတယ်ကွ...လာ..။ ဟိုဇာခြောက်ရပ်နားသွားထိုင်ကြရအောင်.."

လယ်ကွင်းတွေက စိမ်းစိုယိမ်းနွဲ့လျက်ရှိချေ၏။

ဒီနေရာလေးက ရှုခင်းလေးလည်း ကောင်းလေသည်။ တောတန်းစိမ်းညို့ညို့လေးတွေ မပီဝိုးတဝါးတွေ့မြင်နေရပြီး ထုံးဖြူဖြူစေတီတော်တွေ တောင်ရိုးတလျှောက် ညီညာဖြိုးဖြစွာ တွေ့မြင်နေရသည်။

ဥဩတွန်သံ၊ ဂျိုးကူသံလေးများ ရံဖန်ရံခါကြားရတတ်ပြီး နွားကျောင်းသားတို့၏ ပုလွေသံမှာလည်း လွမ်းမောဆွတ်ပျံ့ဖွယ်ရာ...။

မိုက်ကယ်ချက်ကြီးနှင့် ဂျန်နစ်တယ်တို့မှာ သူတို့ထိုင်နေကြ သောက်ရေအိုးခေါင်းစွပ်ထားသည့် ဇာခြောက်ရပ်ကြီး

www.burmeseclassic.com

www.burmeseclassic.com

အနား ထိုင်လိုက်ရင်း…။

"ဒီလိုဟ…ဖြစ်ပုံက…"

(11-a)

မိုက်ကယ်ချက်ကြီးသည် မြို့ပေါ်မှာ သူ ငွေအလိမ်ခံလိုက်ရသည့်ကိစ္စများကို ဆရာစားမချန် မကြွင်းမကျန် ပြောပြလိုက်လေရာ။ တစ်လျှောက်လုံး အထင်တွေစွတ်ကြီးလာသည့် ချိန်နစ်တယ် အံ့အားသင့်သွားရလေတော့၏။

"အဲဒါပါပဲကွာ‥။ တကယ့်တကယ် အဝေးပြေးလမ်းမှာ ငါကောက်ရလိုက်တဲ့ ပိုက်ဆံက သိန်းအစိတ်လောက်ပါ"

"အာ…သိန်း အစိတ်လည်း နည်းလား ကိုချက်ကြီးရ--"

"နည်းတယ်ကွ။ မြို့တက်ပြီး စီးရီးတစ်ခွေထုတ်ဖို့အတွက်ကျ တော်တော့်ကို နည်းတာ။ ငါလည်း မသိဘူးလေ။ သိန်း နှစ်ဆယ်လောက်နဲ့ စီးရီးထုတ်လို့ရမယ်ထင်ခဲ့တာကိုး"

"ဒါနဲ့ လူလိမ်နဲ့က ဘယ်မှာ တွေ့ခဲ့တာတုံး‥"

"အနောက်ရထား ဆိုတဲ့လမ်းမှာ…အဲဒီလမ်းပေါ်မှာ အသံသွင်းဆိုင်တွေ တော်တော်များများရှိတယ်။ ငါတို့လည်း

www.burmeseclassic.com



တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် စုံစမ်းနေတုန်း လူလိမ်က ဘာဖြစ်ချင်တာလဲ ဘာလုပ်ချင်တာလဲ မေးရောကွာ…။ ငါနဲ့ တာလပတ်မင်းဝေဆိုတာ အမေပျောက်တဲ့ခွေးလေးတွေလိုပဲ…။ လူလိမ်ကို ပြေးမဖက်ရုံတစ်မယ် အားကိုးခဲ့ကြတာ…"

ရန်ကုန်က အနော်ရထာလမ်းကို ခုထိ ချက်ကြီးက အနောက်ရထားလမ်းဟု မှားပြီး မှတ်မိနေဆဲ။

"နေပါဦး…ဒါဆို စိုင်းစိုင်းခမ်းလှိုင်တို့၊ ရဲလေးတို့ ရောက်ဂျက်တို့နဲ့ ခင်ခဲ့တယ်ဆိုတာကြတော့ရော‥"

"ဂျန်နစ်တယ်ရာ…ငါမင်းကို ပွင့်ပွင့်လင်းလင်း ဝန်ခံနေပြီပဲ။ ငါတို့တွေ ရန်ကုန်ရောက်တာနဲ့ ငွေအလိမ်ခံလိုက်ရတယ်။ ပြန်စရာတောင် လမ်းစရိတ်မရှိလို့ သူတောင်းစားလို ငါးဆယ်တစ်ရာ တောင်းပြီး ပြန်လာခဲ့ကြရတယ်။ စိုင်းစိုင်းခမ်းလှိုင်နဲ့ ခင်ဖို့မပြောနဲ့။ သူ့ အိမ်နံ့တောင် မရှူခဲ့ရဘူး ရှင်းပြီလား"

"အောင်မလေးဗျာ…ခင်ဗျား‥ဥပမာကြီးကလည်း"

ဂျန်နစ်တယ်က ချက်ကြီးစကားကြောင့် ရှုံ့မဲ့သွားရပြီး ချက်ကြီးမှာတော့ အရှိကိုအရှိအတိုင်း ဖွင့်ပြောလိုက်ရ၍ ရင်ပေါ့သွားရ၏။

"ငွေအလိမ်ခံရတာ ခင်ဗျားတစ်ယောက်ပဲလား…ကို ချက်ကြီး။ ဟို မော်ဒန်စာရေးဆရာ တာလပတ်မင်းဝေကရော‥ သူပြောတော့ ဘာတဲ့…ကတ္တရာလမ်းရဲ့အော်သံတွေထဲမှာ ငွေကြေးပွတ်တိုက်သံတွေ ကျယ်လောင်နေလို့ ဆိုလား…။ နောက်



ပြီး…ဘာတဲ့…ချုပ်ရိုးတစ်ချောင်း ပြေနေရာကနေ စိမ့်ထွက်နေတဲ့ ယဉ်ကျေးမှု စီးသံတွေ မခံစားနိုင်တော့လို့တဲ့…အာ‥ကျန်ပါသေးတယ်‥ဘာတဲ့…ရင်ခွင်အလွဲနဲ့ ဆားပေါ့နေတဲ့ ညနေခင်းတွေ…"

"ဂျန်နစ်တယ်ရာ…မင်းမို့လို့…သူလို သောက်ပေါပြောတဲ့စကားတွေ အကုန်လိုက်ကျက်ထားရတယ်လို့။ တာလပတ်မင်းဝေရော ငါပါ ငွေအလိမ်ခံလိုက်ရလို့ ဖင်ပိတ်ပြေးပြီး ရွာပြန်ရောက်လာကြတာ။ မင်းကို အခုမှ ဒီအကြောင်းတွေ ရင်ဖွင့်ရတာကလည်း ပွင့်ပွင့်လင်းလင်းပြောရရင် ငါ သိပ်ပြီး တရားရသွားလို့မဟုတ်ဘူး။ ငါတို့ ရခဲ့ကြတဲ့ ငွေတွေကို လိုက်တောင်းမယ့် ငွေပိုင်ရှင်မောင်နှမ ခု ဒီရွာရောက်နေတယ်…"

"ဘယ်လို…ဗျာ…"

"ဟုတ်တယ်‥။ ဂျန်နစ်တယ်‥ကြွေးရှင်တွေ လိုက်လာကြပြီ‥"

"ဘယ်‥ဘယ်လိုလုပ်ပြီး သူတို့က ဒီရွာကလူတွေ ဝိုက်ဆံတွေရသွားမှန်း သိသွားကြတာလဲဟင်…"

"ဘယ်လိုမှ မသိဘူး။ ငါ့ ဦးလေး မလည်ရှုပ်ကြီးလေး ရဲ့ သက်န်းဝတ်နေတဲ့ ဘကြီးဘုန်းကြီး ခေါ်လာတာ‥"

"ငင်…ခု…သူတို့ ဘယ်မှာလဲ…"

"ငါ‥နေတဲ့ ဘုန်းကြီးကျောင်းမှာ…"

"ဗျာ…"

"ငါနဲ့ အခန်းချင်းကပ်ရက်‥"

www.burmeseclassic.com

www.burmeseclassic.com



"ဟာ..."

"ပြောရရင် ဒီထက်တောင် ပိုပြီး အသည်းယားစရာကောင်းသေးတယ်။ ကြွေးရှင်က မောင်နှမနှစ်ယောက်လေ။ အစ်ကိုလုပ်တဲ့သူရဲ့ ရုပ်က တစ်စက်ကလေးမှ ကျက်သရေမရှိဘူး။ ညီမလေးကျတော့ ချောတယ်ကွ။ ငါတောင် သူတို့ကို ကြွေးရှင်မှန်းမသိခင်က အဲဒီကောင်မလေးကို မသိမသာ လှမ်းလှည့်လိုက်သေးတယ် အဟေး.."

"လုပ်ပြီ..."

"ထားလိုက်ပါတော့ကွာ။ အခုတော့ ကြောက်လို့ရှောင်နေပါတယ်။ အစ်ကိုလုပ်တဲ့ကောင်က လေည် ဘဒိန်း ရှိတယ်"

"ဘဒိန်း ဆိုတာ ဘာကြီးတုံး.."

"ဦးနှောက်ကိုပြောတာ.."

"သြော်...ဘဒိန်း..ဦးနှောက်။ ဘဒိန်း...ဦးနှောက်အင်းဆက်ပြော..."

"ငါ့လည်ပင်းက ဆွဲကြိုးကြီးကိုမြင်တော့ နောက် ငါဝယ်ထားတဲ့ တီဗီတွေ၊ ဒီဗွီဒီတွေမြင်တော့ အဲဒီပိုက်ဆံဟာ ငါ့ချေးနည်းစာ မဖြစ်နိုင်ဘူးဆိုတာ ရိပ်မိပြီး ငါ့ကို စစ်လားဆေးလားလုပ်ကြတယ်..."

"အမလေး...ဘုရား..ဘုရား..။ ဒီလိုဆို ရွာထဲကပိုက်ဆံထုပ်တွေ ကောက်ရထားတဲ့သူတွေကို သူတို့အမြန်ဆုံးခြေရာခံလိုက်နိုင်တော့မှာပေါ့..."



"အေးပေါ့...အားလုံး ခုနစ်ယောက်တိတိလေ..အဲလေခြောက်ယောက်နဲ့ တစ်ပါး.."

"ရွာသူကြီး ဦးစိန်သောင်းဗျာ။ တပြွတ်ကြီးဆရာတုတ်ဗျာ၊ ကိုဆန်းအေးကြီးဗျာ။ အရီးမငွေးတင့်ဗျာ။ နောက်ဘယ်သူတွေရှိဦးမတုံး..."

"ငါနဲ့ စာရေးဆရာရူး တာလပတ်မင်းဝေကွာ။ ပြီးတော့ဒီပြဿနာမီးကို မွေးသွားတဲ့ ငါ့ ဘကြီးဘုန်းကြီးကွာ.."

"ဘုန်းဘုန်းကတော့ဗျာ...။ လူဝတ်ကြောင်တုန်းကလည်း ချစ်မျိုးကို နေကာမျက်မှန်တပ်ထားတဲ့ ဘီလူးဘက်တူးပုံထိုးပေး လို့ ခိုက်ပြီး ချစ်မျိုးသေပြီးရပြီ"

"အေးလေ..အဲဒီကိစ္စကြောင့် ထောင်ကျတာတောင်မမှတ်သေးဘူး။ အခုတစ်ခါ ရွာကို မွှေမယ့်ကြွေးရှင်မောင်နှမခေါ်ချလာပြန်ပြီ..."

"ဒီတော့ ဘယ့်နှယ့်လုပ်ကြမတုံး..."

"ဘယ့်နှယ့်လုပ်ရမှာတုံး...။ တပြွတ်ကြီးရွာသားတွေက အရေးဟယ်အကြောင်းဟယ်ဆို လူညီပါတယ်။ မင်းကခြေမြန်တော်ဆက်သားလုပ်ပြီး ငွေရထားတဲ့သူတွေကို လက်ဦးမှုယူပြီး သွားပြောထား။ တို့ရွာကို ကြွေးရှင်တွေလိုက်လာပြီ။ ဆပ်နိုင်တဲ့သူ ဆပ်ဖို့ ပိုက်ဆံရှာထား။ မဆပ်နိုင်တဲ့သူ အစောကတည်းက ပိုက်ဆံတွေ ကောက်မရခဲ့သယောင်နဲ့ မျက်နှာပြောင်ပြောင် ငြင်းဖို့ အခုကတည်းက ပြင်ဆင်ထားလို့.."

"အိုကေ..ဒါဆို...ခုပဲ..ရွာထဲသွားပြောကြတာပေါ့.."

www.burmeseclassic.com



နေဦး…ကိုချက်ကြီးရဲ့…"

"ပြော..ဘာတုံး.."

"ခင်ဗျားပါ လိုက်ခဲ့ပါလား..။ ကျုပ်တစ်ယောက်တည်း ဆို ရွာကလူတွေက သိပ် အယုံအကြည်ရှိမှာမဟုတ်ဘူး။ လာ 'ကျုပ်'နေတယ် ထင်နေမှာ.."

"အေးလေ..ခေါ်တော့လည်း လိုက်ရတာပေါ့…"

ဒီလိုနဲ့ ချက်ကြီးနဲ့ဂျန်နစ်တယ် ထိုင်ရာက ထ,ဖို့ အ ကြောအချဉ်တွေ ဆန့်လိုက်ကြသည်။

ဂျန်နစ်တယ်မှာက သောက်ကျင့်တစ်ခုရှိ၏။

ဒီနေရာလေးမှာ ချက်ကြီးနဲ့ ရောက်တတ်ရာရာတွေ ထိုင်ပြောပြီးလို့ ပြန်မယ်ကြံတိုင်း၊ အထမှာ အနောက်က စာ ခြောက်ရပ်ရဲ့ လက်ဖျံကို နှပ်ချေးနဲ့ သုတ်နေကြ။

ခုလည်း စာခြောက်ရပ်ရဲ့ လက်ကို နှပ်ချေးနဲ့သုတ်ရင်း နှာခေါင်းကို ပယ်ပယ်နယ်နယ် ကလော်လျက်ရှိချေ၏။

ထွက်လာတဲ့ အတုံးလိုက်၊ အတစ်လိုက် နှပ်ချေးဖတ်ကို လှလှလေး လုံးလျက်ရှိရာ ချက်ကြီးမှာ ဂျန်နစ်တယ်ရဲ့ ထောင့် မကျိုးမှုကို နှုတ်ဆိတ်ရင်းသာ စိတ်မသက်မသာ ကြည့်နေရလေ တော့၏။

"လာ..ကိုချက်ကြီး.."

"အေး…လစ်စို့…"

အဲဒီလိုနဲ့ သူတို့ နှစ်ယောက် ထိုင်ရာကအထ, ဂျန်နစ် တယ်က လုပ်နေကျအတိုင်း စာခြောက်ရပ်ရဲ့ လက်ကို နောက်



လှည့်ကြည့်စရာ မလိုဘဲ နှပ်ချေးနဲ့ ကျွမ်းကျွမ်းကျင်ကျင် သုတ်လိုက်ပြီး ခြေတစ်လှမ်း နှစ်လှမ်း လှမ်းအပြီးမှာတင်…

ဂျန်နစ်တယ်ခမျာ ကျောက်ရုပ်ကြီးလို နေရာမှာတင် မတ်တပ်ရပ်လျက် တစ်ကိုယ်လုံး အေးစက်တောင့်တင်းသွားရ ချေပြီ။

နောက်…သူ့တစ်ကိုယ်လုံး ကြက်သီးများ ထ,လာကာ ခေါင်းမွေးတွေ ရုတ်ချည်းထောင်တက်လာရ၏။

"ဟိတ်ကောင်…ဘာဖြစ်သွားရတာတုံး.."

လိင်အင်္ဂါဇာတ်ကြီး(ဂျန်နစ်တယ်)တုန်တုန်ယင်ယင်ဖြစ်နေ ရလေပြီ။ နောက်လည်း လှည့်မကြည့်ရဲ။ သေမင်းက လိပ်ပြာ ကို ဆတ်ကနဲ ဆွဲနှုတ်လိုက်သလို အခုပဲ မျက်ခွံတွေ လှန်တက် တော့မလိုလိုနဲ့…

"ကို…ကို….ကို…ချက်…ချ…ချက်ကြီး…"

"ဘာ…ဘာ…ဘာ…တုန်းဟင်…"

"ကျွန်…ကျွန်တော့်ကို သရဲအခြောက်…ခြောက်ခံရ ပြီနဲ့တူတယ်"

"ဟေ…"

"စာ..စာခြောက်ရုပ်ကို နှပ်…နှပ်ချေးနဲ့သုတ်လိုက် တာ…အ…အရင်လို ကောက်ရိုးတွေ…မဟုတ်ဘူး…လ..လူ့ အရေပြားလို အေး…စက်ကြီး..ကျွန်…ကျွန်တော်..လှည့် မကြည့်..ရဲ..ရဲဘူး..။ လိပ်ပြာ..လွင့်သွားမှာ..စိုးလို့…"

"မ..မကြည့်လို့…ဘယ်ဖြစ်မလဲ…လှည့်..လှည့်တော့

www.burmeseclassic.com



ကြည့်မယ်။ ဖြိုင်..ဖြိုင်တူ...လေ။ နော်...ငါ ၁,၂,၃ ရေလိုက်မယ်''

မြင်ကွင်းက ကျောစိမ့်ချင်စရာ။

ချက်ကြီးမှာ အသက်ကို ပြင်းပြင်းရှိုက်ရှူလိုက်ပြီး သူ့ရဲ့ အောင်မြင်ခန့်ညားတဲ့ အသံနက်ကြီးနဲ့...

''၁...၂...၃...''

နောက်က စာခြောက်ရုပ်ကို ဖြိုင်တူလှည့်အကြည့်---

''ဟတ်..ချိုး...''

အမြဲတစေ လက်များဆန့်တန်းလျက် မတ်မတ်ရပ်နေသည့် စာခြောက်ရုပ်ဆီမှ ဟတ်ချိုးဆိုသည့် အသံနက်ကြီးနဲ့အတူ ကိုယ်နေဟန်ထားမှာလည်း သွေးဆာနေသည့် တစ္ဆေတစ်ကောင်လို ကုန်းကုန်းကွကွနှင့်လက်ချောင်း ခြေချောင်းများ ကွေးဆန့်လိမ်ကော့သွားရာ...

အမျိုးကောင်းသား ချက်ကြီးနှင့်ဂျန်နစ်တယ်တို့မှာ လွှင့်ထွက်တော့မတတ် လိပ်ပြာကို မနည်းဆယ်ယူရင်း...

''တ...တစ္ဆေ...စာခြောက်ရုပ်ကို တစ္ဆေဝင်ပူးတယ်။ အောင်မလေး စာခြောက်ရုပ်ကို တစ္ဆေ...ဝင်ပူးတယ်ဗျ...''

''အောင်မလေး..စာခြောက်ရုပ်သရဲ...စာခြောက်ရုပ်သရဲ...ပြေး...ပြေး...ဖို့...''

## (12)

သွန်းမှာ ချစ်သူရဲ့ စကားကို နားထောင်ရင်း မျက်လုံးအဝိုင်းသား ဖြစ်သွားရလေတော့၏။

အေးချမ်းမှာ 'ရွာထဲ စနည်းနာထွက်ဦးမယ်' ဆို၍ ထွက်သွားရာ သူမတစ်ယောက်တည်း ဘုန်းကြီးကျောင်းထဲ တုန်ရစ်ပြီး နာရီ အနည်းငယ်အကြာမှာပင် ချက်ကြီးမှာ အတုန်တုန်အယင်ယင် ရောက်လာပြီး...

''ကျုပ်တို့..ကျုပ်တို့ရွာမှာ သရဲရှိတယ်ဗျို့...။ ကျုပ်တို့ရွာမှာ သရဲရှိတယ်ဗျ။ သရဲက စာခြောက်ရုပ်ထဲ ဝင်ပူးပြီး ကျုပ်နဲ့ ဂျန်နစ်တယ်ကို လိုက်ခြောက်တာ။ ဘုရား...ဘုရား..ဖကောင်းလို့...လိပ်ပြာလွင့်ပြီး မသေတယ်''

ချက်ကြီးရဲ့ ကတုန်ကယင်စကားများကြောင့် ဘုန်းကြီးကျောင်းတစ်ကျောင်းလုံး ပွက်လောရိုက်ခဲ့ရသလို ကြည်သွန်းဖြူမှာလည်း 'သရဲ' ဆို၍ အထိတ်ထိတ်အလန့်လန့်နှင့်

ခုတော့ အဖြစ်အပျက်အမှန်ကို ရှင်းလင်းစွာ သဘော

www.burmeseclassic.com



ပေါက်သွားရလေပြီ။

"ကို..တော်တော်နှောက်တာပဲ။ စာခြောက်ရုပ်ကြီးလို တကယ်ပဲ တောင့်တောင့်ကြီး ရပ်နေနိုင်သလား။ ရေအိုးကြီး ခေါင်းစွပ်ပြီးတော့ အကြာကြီးလေ.."

"သိန်း နှစ်ရာ အပူရှိနေမှတော့ ဘာမဆို လုပ်ရဲရတော့မှာပေါ့ သွန်းရယ်။ ကိုယ်လည်း စာခြောက်ရုပ်လုပ် ဖို့ စိတ်ကူး မရှိခဲ့ပါဘူး။ ရွာထဲအသွား လမ်းခုလတ်မှာတင် ချက်ကြီးနဲ့ သူ့သူငယ်ချင်းတစ်ယောက်ကို တွေ့တာနဲ့ စာခြောက် ရုပ်ကို အမြန်ပစ်လှဲပစ်လိုက်ပြီး ရေအိုးခေါင်းစွပ်ပြီး ရပ်နေလိုက် တာ။ ကံကောင်းချင်တော့ တိုက်တိုက်ဆိုင်ဆိုင် ကိုရပ်နေတဲ့ရှေ့ သကောင့်သားနှစ်ကောင် ငုတ်တုပ်လာထိုင်ပြီး ရိုက်စစ်စရာမလို လောက်အောင် အဖြစ်မှန်တွေ ပြောသွားကြတာ...။

သွန်းမှာ စာခြောက်ရုပ်လုပ်ဝံ့သည့် ချစ်သူရဲ့ 'ဇ'ကို လှော့မတွက်ရဲတော့ဘဲ ရယ်ချင်လျက်ရှိသလို စိတ်လှုပ်ရှားလျက် လည်း ရှိချေ၏။

"ဒါဆို...သွန်းတို့ရဲ့ ဘဲဥအစရှာ ရှာပုံတော်က တောင် လေတိုက်ခတ်ရာအတိုင်း ရှူးကြောင်မူးကြောင် လိုက်လာရင်းက နေ တဖြည်းဖြည်း ပီပြင်ထင်ရှားလာပြီလို့ ပြောရမယ်ထင်ပါရဲ့ နော်...။ သွန်းတို့ ပျောက်သွားတဲ့ သိန်းနှစ်ရာကို ဒီရွာက လူတွေရသွားကြတယ်ဆိုတာ တကယ်ပဲလား.."

"သိပ်သေချာတာပေါ့ သွန်းရယ်။ ကိုယ် တိတိကျကျ ကို မှတ်ထားတယ်။ ဒီရွာကလူတွေက ရယ်လည်းရယ်ရတယ်



ကွ။ မိုက်ကယ်ဂျက်ဆင်ကို အားကျနေတဲ့ မိုက်ကယ်ချက်ကြီး ရှိသလို တာရာမင်းဝေကို အားကျနေတဲ့ စာရေးဆရာရှူး တာလ ပတ်မင်းဝေ ဆိုတာလည်း ရှိသတဲ့.."

"အို...ပေါက်ပေါက်ရှာရှာ..တာလပတ်မင်းဝေ..တဲ့"

"ဒါပေမယ့်..သွန်း...ကိုယ် အခုပြောမယ့်စကားအ တွက် စိတ်ဓာတ်တော့ မကျနဲ့နော်"

"အို...ကောက်ရိုးပုံထဲကနေတောင် အပ်တိုတစ်ချောင်း ကို တွေ့အောင် ရှာပြီးပြီပဲ။ စိတ်ဓာတ်တော့ မကျပါဘူး။ ပြောပါ..."

"ဒီလိုလေ။ ကိုယ်တို့ ပိုက်ဆံကိုရသွားတာ အားလုံး ခုနစ်ယောက်တိတိရှိတယ်။ အဲ...တိတိကျကျပြောရရင်တော့ ခြောက်ယောက်နဲ့တစ်ပါးပေါ့..."

"ဟင်..တစ်ပါးက ဘယ်သူလဲ.."

"ကိုယ်တို့ကို ပယောဂဖွက်ပြီး ခေါ်လာခဲ့တဲ့ ဘုန်းဘုန်း"

"ဟင်..."

"နေဦး..အဲဒီဘုန်းဘုန်းအကြောင်းလဲ နောက်မှပြောပြ မယ်။ သူလည်း ရာဇဝင်က တော်တော်ကြီးတာ။ ထားပါတော့။ ကိုယ် အခုသိရသလောက်ကတော့ ပိုက်ဆံတွေရသွားကြတဲ့ သူတွေအားလုံး ပိုက်ဆံတွေ သုံးပြီးသွားကြပြီ.."

"ဟင်..."

"တချို့က မြို့တက်ရင်း အလိမ်ခံလိုက်ရတာ။ ငွေကို ရှိုးရိုးတန်းတန်းတောင်းယူနေလို့ကတော့ ရမယ်မထင်ဘူး။ ကိုယ်

www.burmeseclassic.com



တို့ force သုံးပြီး တောင်းတတ်ဖို့လိုတယ်''

''ဘုရားရေ…ကိုရယ်။ သူများမြို့ရွာလာပြီး ဘယ်လို force သုံးပြီး တောင်းကြမလဲ…''

''လွယ်ပါတယ်။ ကို့မှာ ပေါက်တတ်ကရ အကြံအစည်တွေ အများကြီးရှိတယ်။ ခုတောင် ရွာထဲမှာ စာခြောက်ရုပ် တစ္ဆေရှိတယ်လို့ ထင်သွားတဲ့လူတွေ မနည်းဘူးသွန်း။ ကိုယ်တို့ ပိုက်ဆံကို ကိုယ်တို့ ခြိမ်းခြောက်ပြီး တောင်းနိုင်ရလိမ့်မယ်''

''ဟင်…အေးချမ်း…ရှင်…ရှင်…ဘာတွေ မလည်ရှုပ် ထပ်လုပ်ဦးမလို့လဲဟင်…''

အေးချမ်းမှာ ချစ်သူစကားကြောင့် ဝါရန်ဘီတီလိုလို ကျော့(ချ်)ကလူးနီလိုလို သမ္မာပြုံး ပြုံးလိုက်ရင်း…

''ဒီ တစ်ပတ်တည်း ရွာသူကြီး ဦးစိန်သောင်းအိမ်မှာ နတ်ကန္နားပွဲရှိတယ်…တဲ့…''

''ဟင်…အဲဒီတော့…''

''သွန်းက အမေဂျမ်း ဘယ်လိုဝင်စီးသလဲဆိုတာ ပိုင်ပိုင်နိုင်နိုင်ကျင့်ထား''

''မြတ်စွာဘုရား…''

ချစ်သူရဲ့ စကားက နောက်ပြောင်နေခြင်းတော့ မဟုတ်။ အတည်ပေါက်မှ လုံးဝ အတည်ပေါက်ပင်။

ကြည့်လေ။ သူ့ဟာသူတောင် စာခြောက်ရုပ်လို ဟန်ဆောင်ခဲ့သေးတဲ့ အာဂကောင်လေးတစ်ယောက် မဟုတ်ပါလား။

မဖြစ်။ ချစ်သူရဲ့ ခြေလှမ်းကို အပီလိုက်နိုင်မှ ဖြစ်ချေ



မည်။

ဒီတစ်ပတ်အတွင်း အမေဂျမ်းလို ကြမ်းကြမ်းရမ်းရမ်း နတ်ဝင်ပူးသည့် နတ်ချင်းများ၊ ဟုတ်ဟုတ်မဟုတ်ဟုတ် ဖိန့်ပြီး ကျင့်ထားရမည်။

''ကိုက ကိုကြီးကျော်ဝင်ပူးတဲ့အက ကျင့်ထားမယ်။ ပြီးရင် ရွာသူကြီးဦးစိန်သောင်းရဲ့ ကန္နားကို လိုက်သွားပြီး အမေဂျမ်းနဲ့ ကိုကြီးကျော် ဝင်ပူး။ အပြတ်သောင်းကျန်းကြမ်းရမ်း ဆဲဆိုပြီး ကိုယ်တို့ပိုက်ဆံတွေ ယူထားတဲ့လူတစ်ယောက်ချင်းဆီရဲ့ နာမည်တွေရွတ်ပြီး ပိုက်ဆံပြန်တောင်းကြမယ်''

''ဖြစ်…ဖြစ်…ဖြစ်ပါ့မလား…ကိုရယ်…။ တော်ကြာ…အပမိုတယ်ဆိုပြီး ပယောဂဆရာခေါ်လိုက်တော့မှ ဆေးကြိမ်လုံးနဲ့ အဆော်ခံနေရပါဦးမယ်''

''အာ…မီးကုန်ယမ်းကုန်သာ ကြမ်းရမ်းပြလိုက်။ ပြီးတော့ တိတိကျကျသာ ဘယ်သူဘယ်လောက် လာဆပ်လို့ ဖိန့်ပြီးသာ တောင်းလိုက်။ ကြောက်ပြီး ပိုက်ဆံတွေ ထွက်လာလိမ့်မယ်။ ကိုယ်လည်း ဒီတစ်ပတ်အတွင်း ရွာထဲထွက်ပြီး စနည်းနာဦးမှာလေ…''

အဲလိုနဲ့…အဲလိုနဲ့…။

တစ်ရက်မှာတော့…။

www.burmeseclassic.com

www.burmeseclassic.com

## (13)

နတ်ကန္နားပွဲကြီးက ခြိမ့်ခြိမ့်သဲ စည်ကားခမ်းနားလှပေသည်။

ရွှာသူကြီး ဦးစိန်သောင်းရဲ့ ကန္နားပွဲပေတည်း။ ဆိုင်းသံ ဗုံသံတွေကလည်း ကိုယ့်ရိုးရာမို့ တော်,တော်ချေသေးတော့၏။ နိုင်ငံရပ်ခြားက လူတစ်ယောက်အတွက်ဆိုပါမူ နားကွဲ၍ပင် သေလောက်၏။

~မြောင်းတူးကို လျှောက်ပါလို့ ~ပိတောက်တဲ့ ရွှေဂုဏ် သင်းပျံ့ခဲ့ပြီ ~ညနေ ညနေဆီ နွယ်နီတဲ့ သောင်ဖွန်း ~ကိုကြီး ကျော် ပလီလွှန်း ~ဘိန်းစိုက်တဲ့ကျွန်း ~

အေးချမ်းသည် သွန်းလက်ကို တင်းတင်းဆုပ်လျက် စိတ်ကို အသားကုန် မောင်းတင်ပစ်လိုက်ရင်း နတ်ကတော်တို့ ကခုန်နေသည့် နေရာသို့ (dancing floor ဟု ခေါ်ရမလားမသိ) ချည်းကပ်ကာ…

~ ကြက်ကလေးငယ် ဆူ ဆူပါလွှန်း ~ဝတ်တဲ့



ဝက်သားပြွမ်း ~ ဝက်သားပြွမ်းနဲ့အရက် သောက်ချိန့်တန်ချည့် လေ ~

နတ်ဒိုးတစ်ပုဒ်ကို သူ့အသံပြဲကြီးနှင့် သီဆိုလိုက်ရင်း ကြမ်းကြမ်းရမ်းရမ်း က,လေတော့၏။

သွန်းကလည်း လည်၏။ စင်မြင့်ထက်မှာ တင်ထားသည့် အရက်ပုလင်းနှင့်ကြက်ကြော်အား အေးချမ်းကို ပေးလိုက်ကာ၊ သူမကိုယ်တိုင်လည်း ဝီစကီပုလင်းကြီးကိုင်လျက် အစွမ်းကုန် ဝိုင်းဒိုင်းကြဲ ကခုန်လေတော့၏။

~ဆူစနိုး ချိုးငှက်ကင်နဲ့ ငါးကင်ဆီလူး ~ပျို့တို့မောင် လူထောက်ခေါင် မပြောင်ဘဲ မပြည်ဘူးဟေ့~~

အေးချမ်းနှင့်သွန်းတို့၏ နတ်ပျော်အကများမှာ ရွှာက နတ်ကတော်များထက် ထူးကဲကြမ်းရမ်းလွန်းလှသမို့၊ ရွှာသားများ ပင် ပါးစပ်အဟောင်းသား ငေးမောကုန်ရ၏။ ရွှာက နတ်ကတော် များ ဆိုတာလည်း ဘေးသို့ ရှဲကုန်ရလေ၏။

“ကဲ…အား‥လုံး…တိတ်‥”

အလွှန်တရာ အောင်မြင်လှသည့် ကြည်သွန်းဖြူ၏ ခုနစ်သံချီ အမိန့်ပေးမှုအဆုံးမှာပင် နတ်ကန္နားပွဲကြီးတစ်ခုလုံး stop ခလုတ်ကို နှိပ်လိုက်သည့်အလား လုံးဝတိတ်ဆိတ်သွားရ လေတော့၏။

“နင့်အမေ $ # ဖေတစ်ရာမောင်တစ်ကျိပ် @& ကိုယ် မေကိုယ် + ¥ ဟမ်…ငါ ကလော်တုတ်ရရင် နင်တို့ ~ ± x ÷ ဟာတွေ %@$ ဖြစ်လား…ပြော…”

www.burmeseclassic.com

www.burmeseclassic.com



"ဟယ်..အမေဂျမ်း..အမေဂျမ်း ဝင်လာပြီ.."

"အေး...ဟုတ်တယ်..ငါ ဝင်လာပြီ..ငါဝင်လာပြီ.. ဒီရွာမှာ မသမာမှုကြီးတစ်ခု ရှိနေလို့ ငါဝင်လာပြီ..."

"နေပါဦး...ဒီရွာမှာ အမေဂျမ်းဝင်ရင် ထန်းရည်သောက်တယ်။ ဘယ့်နှယ့်ခင်ဗျားကျမှ ဝီစကီပုလင်းကြီး ကိုင်ထားရတာတုံး.."

"ဟမ်..."

ကန္နားပွဲရောက်နေတဲ့ တာလပတ်မင်းဝေစကားကြောင့် သွန်း ရုတ်တရက် ကြောင်သွားရပြီး...

"လျှာမရှည်နဲ့... စောက် # $ ကောင်...ထန်းရည်ကြိုက်တဲ့ အမေဂျမ်း...ခု ဝီစကီကြိုက်တာ ဘာဆန်းလဲ...နင့်အသည်းတွေ အူတွေ ငါ ဆွဲထုတ်လိုက်ရမလား...ထုတ်စမ်း ...အချောင်နှိုက်ထားတဲ့ ပိုက်ဆံတွေ အားလုံးထုတ်...နင်ရထားတာ သိန်းအစိတ်ရှိတယ်...ငါ မိုးကြိုးပစ်ချလိုက်ရမလား..."

ထိုအချိန်ပင် အမှန်တကယ် အပြင်မှာလည်း မိုးချုန်းသွားလေရာ...

"ဟယ်..."

"အို..."

"ဟင်..."

တပွဲ့ကြီးရွာသားများ အံ့အားသင့်ရလေပြီ တကား။

ကန္နားပွဲသို့ ရောက်မယ့် ရောက်လာတော့ မတွေ့ချင်မမြင်ချင်သည့် ငွေရှင်မောင်နှမ။ ပူးမယ့်ပူးတော့ အမေဂျမ်းက



ရှေ့ရှင်ကိုမှ ဝင်ပူးရတယ်လို့။ တောင်းသွားတဲ့ ပိုက်ဆံကလည်း လုံးဝ ကွက်တိပင်...။

တပွဲ့ကြီး ရွာသားများ ကြောက်စိတ်နှင့် အံ့အားသင့်သွားခိုက် အေးချမ်းမှာလည်း ဝီစကီတကျိုက် မော့သောက်လိုက်ပြီး ရုတ်တရက် ကိုကြီးကျော် ဝင်ပူးသွားရကာ..

"သယ်..ရိုင်းလိုက်လေ...ရာဇဝင်ရိုင်းလိုက်လေ..မောင်မင်းတို့... ငါကိုယ်တော်မြတ် မ,စထားတာတောင် မထောက်"

အေးချမ်းစကားပင် မဆုံးလိုက်ရ။ နတ်ပွဲသို့ ရောက်ရှိနေသည့် တပွဲ့ကြီးဆရာတုတ်က ထ,၍...

"ပြောတဲ့စကားတွေကလည်း ဇာတ်ထဲက ရေမြေရှင်ခင်းတရားကြီး မိန့်တော်မူနေတာကြနေတာဘဲ။ ဒါမျိုးတော့ တပွဲ့ကြီးရွာသားတွေကို လာဖိန့်လို့မရဘူး။ ခင်ဗျားဝင်ပူးနေတာ ဘာနတ်တုံး.."

အေးချမ်း ဟိုက်ကနဲတော့ ဖြစ်သွားရလေ၏။ သို့သော်လည်း မြို့သားဆိုတာ အရာရာ ပိပိရိရိရှိ၏...။

"နတ်ကျား လွှတ်အကိုက်ခိုင်းရမလား...။ မိုးကြိုးပစ်ချလိုက်ရမလား...။ ပခန်းနယ်တပိုက်က ဗိုလ်မှူးကျော်စွာ.. ခင်းကျော်စွာ..ကိုကြီးကျော်ဟဲ့..ငမိုက်ရဲ့...။ ဒီတစ်ခါ နတ်ကန္နားကို ဖေကြီးကျော်လာတာ နင်တို့ရွာ ကလိမ်ကကျစ်ကျထားတဲ့ ငွေတွေကို ပြန်တောင်းဖို့ဟေ့...။ စိန်သောင်း... ထွက်ခဲ့...။ တုတ်ကြီး...ဌေးတင့်..မင်းဝေ...ချက်ကြီး... အားလုံးထွက်ခဲ့..."

www.burmeseclassic.com

www.burmeseclassic.com

“ဟာ…”

“ဟင်…”

“နင်တို့ မတရားယူထားတဲ့ ပိုက်ဆံတွေ မြို့က တက်လာတဲ့ မောင်နှမနှစ်ယောက်ကို ပေးလှည့်။ မပေးလို့ကတော့ သွေးပွက်ပွက်အန် သေစေမယ်။ အမေဂျမ်း…တဲ့။ ဘာ ထင်နေလဲ။ စောက် # $ နင့်အမေ % ± ÷ ပစ်လိုက်မယ်။ ဆန်းအေးပါ ထွက်ခဲ့…။ ရွာက ဘုန်းကြီး။ ဘုန်းကြီး ဘယ်ရောက်နေသတုံး”

ရွာသားများမှာ ချက်ကြီးနဲ့ဂျန်နစ်တယ် ပြောစကားများကြောင့် ငွေရသွားသူများကို အေးချမ်း ခြေရာခံသိရှိသွားပြီမှန်း မသိဘဲ…။ နာမည်အတိအကျတပ်၍ ငွေပြန်လည်တောင်းဆိုလာမှုကြောင့် အမှန်တကယ်ပင် ကိုကြီးကျော်နှင့်အမေဂျမ်း ဝင်ပူးလာပြီ အထင်နှင့် လန့်ဖျပ်ကာ တချို့ဆိုလျှင် ငိုဟယ်၊ ရီဟယ် တွေပင် ဖြစ်လာကြတော့လေ၏…။

“ဂျိမ်း…”

“ဒိန်း…တလိန်း…လိန်း…”

“ဒုန်း… ဝုန်း…”

ပွဲက ကြည့်ကောင်းလေပြီ…။

အပြင်မှာလည်း စောစောကပင် နေသာလျက်ရှိရာမှ ယခုတော့ မိုးများအုံ့ဆိုင်းလာရကာ မိုးဖွဲဖွဲကျလာလေပြီ…။ (နေပူနေရာမှ ရုတ်တရက် မိုးအုံ့ပြီး မိုးရွာချလေတိုင်း လျှပ်စီးကြောင်းများထကာ မိုးချုန်းခြင်း၊ မိုးကြိုးပစ်ခြင်းများ ရှိကြောင်း အထူးပြောစရာ လိုမည်မထင်)။



ဦးစိန်သောင်းမှာလည်း မျက်နှာအပျက်ပျက်နှင့်…

“ဖေကျော်တို့ မေဂျမ်းတို့ရယ်…။ သားတော်သမီးတော်တွေ မိုက်လုံးကြီးခဲ့သမျှ ခွင့်လွှတ်ပေးကြပါဦး။ ရွာမှာ မိုးက ဆက်တိုက်ခေါင်တော့ ကောက်ပဲသီးနှံတွေ မဖြစ်ထွန်းလို့ သားတော်သမီးတော်တွေမှာ စားရသောက်ရဖို့တောင် အနိုင်နိုင်ပါ..”

သွန်းနဲ့အေးချမ်းမှာ လူအများ ကြောက်ရွံ့တုန်လှုပ်လာသည်အထိ ပျစ်ပျစ်နှစ်နှစ် ခွ ဆဲနေရသည်ကို လုံးဝ သဘောကျသွား၏။

ဒီနည်းလမ်းက ပေါက်တတ်ကရ ဆန်ပေမယ့် မိမိတို့ငွေ တရားသဖြင့် ပြန်လည်ရရှိရေးက အဓိက ကျသည် မဟုတ်ပါလား..။

အခွင့်အရေးဟူသည် နှစ်ခါပြန်လာရိုး ထုံးစံမရှိ။

ဒီလိုအချိန်၊ ဒီလိုနေရာ၊ ဒီလိုဝွင်မှာ ဒီလို အကြမ်းအရမ်း အခြိမ်းအခြောက်နှင့် ညစ်ညစ်ပတ်ပတ် ပျစ်ပျစ်နှစ်နှစ်ဆဲတောင်းနိုင်မှ တော်ကာကျလိမ့်မည်။

အဲဒီလိုနဲ့…ရွာသူရွာသားများ ငိုလိုက်ရယ်လိုက်ဖြစ်နေစဉ်၊ အေးချမ်းတို့မှာလည်း ပို၍ ဒီဂရီမြင့်ပြီး ကလော်တုတ်လျက်ရှိရာ…တချိန်မှာတော့…။

“ဂျိမ်း… …”

“ဒိုင်း … …”

“အောင်မလေးဗျ…သောက်ပလုတ်သုတ်…”

မှန်သည်။ ပွဲပျက်လျက်ရှိသည့် ကန္တာရပွဲကို မိုးနတ်မင်း

www.burmeseclassic.com

www.burmeseclassic.com



ပင် သောက်ညင်ကပ်သွားသည်လားမသိ။

ကန္နားပွဲရှေ့က ရာဇမတ်ကာထားရာ အောက်ခြေတည့်တည့်သို့ မိုးကြိုးပစ်ချလိုက်လေရာ…

ပက်လက်လန်လဲသူ လဲ၊ ခေါင်းမွေးထောင်ပြီး မျက်ဖြူစိုက်သူ စိုက်၊ ဆိုင်းဝိုင်းသမားများ ထ,ပြေးသူပြေး၊ တချို့တွေလည်း ပုဆိုးတွေ ကျွတ်၊ တချို့အင်္ကျီကြယ်သီးပြုတ်လျက်…၊ တချို့ကလေးများကျတော့ လူအလစ် ကြက်ကြော်တွေ သုတ်ပြေးကြ…။

"မိုးကြိုး…မိုးကြိုးကြီးပစ်ချလိုက်ပြီဟေ့…ပြေး…ပြေး…"

"အောင်မလေး…ကိုကြီးကျော် ကိုင်ပြီတော့…"

ကိုကြီးကျော် ဘယ်ကိုင်လိုက်လေတယ်ရယ်တော့ မသိ။

ကန္နားပွဲက မဏ္ဍပ်ကြီးမှာတော့ ရုတ်ရုတ်သဲသဲဖြစ်ကာ ပြိုကျသွားရလေတော့၏။

သွန်းနှင့်အေးချမ်းမှာလည်း မဏ္ဍပ်ထဲက ထွက်ပြေးကြတာ ဖနောင့်နဲ့တင်ပါး တစ်သားထဲကို ကျလို့…။

ရရမည့် ပိုက်ဆံတို့က မရလိုက်ရ။

တစ်ရွာလုံး မိုးကြိုးပစ်၊ နားကွဲမသေကြတာပင် တော်တော်ချေ သေးတော့၏။ အဖြစ်အပျက်ကတော့ သိမ်မွေ့စွာပင် ပိုရှုပ်ထွေးလာခဲ့လေပြီ။

(14)

"ဘုန်း…ဘုန်း…ဖျ…"

"ဟေ…အေး…ဆို…ဒကာလေး…"

ကိုယ်တော်မှာ ဘုန်းကြီးလက်စွဲ ကျမ်းတစ်စောင်ကိုရှုနေစဉ် အေးချမ်းမှာ လက်အုပ်ကလေးချီလျက် ရှိရှိကျိုးကျိုးနှင့် ကိုယ်တော့်အနား ရောက်သွားလေတော့၏။

"တပည့်တော်…တစ်ခု လျှောက်ထားချင်လို့ ဖျ…"

"ဆို…ဒကာ…"

အေးချမ်းမှာ အသင့်ပါလာသည့် I pad ကို ထုတ်ယူကာ ဘုန်းဘုန်းကို ပြသလိုက်ပြီး…။

"ဟောဒါ အိုင်ပက်လို့ ခေါ်ပါတယ် ဖျ…"

"ဟေ…ဘာပက်…"

"အိုင်ပက်…ဖျ…အိုင်ပက်…"

ကိုယ်တော်မှာ မျက်လုံးပုတ်ခတ် ပုတ်ခတ်နှင့် အိုင်ပက်ဆိုသော ကျောက်သင်ပုန်းလို အချပ်ကြီးကို ငေးကြည့်နေစဉ်

www.burmeseclassic.com

www.burmeseclassic.com



အေးချမ်းက…

"ကိုယ်တော်က စာပေဝါသနာထုံမှန်းသိလို့ တပည့်တော် ဒီရွာမှာရှိတုန်း ဟောဒီအိုင်ပက်ကို ကိုယ်တော့် ခဏပေးထားတာ ပါ။ ဒီလိုပါ ကိုယ်တော်…ဒီအိုင်ပက်ထဲမှာလေ ပိဋကတ်သုံး က စလို့ ဘုန်းကြီးလက်စွဲကျမ်းစာအုပ်တွေ အလယ်၊ ကိုယ်တော့် အကြိုက် ညိတို့သူးထံတို့ ဝတ္ထုတွေ ထောင်နဲ့သောင်းနဲ့ချီပြီး ပါပါတယ်ဖျား…"

"ဘာ‥စာအုပ်တွေ ထောင်နဲ့သောင်းနဲ့ချီပြီး ဒီဘာ အပတ်"

"အိုင်ပတ် ဖျ…အိုင်ပတ်‥"

"အေး‥အေး…အဲဒီ ကျောက်သင်ပုန်းအချပ်ကြီးထဲ ပါတယ် ဟုတ်စ‥။ ဒကာ‥"

"ဟုတ်တာမှ…ဟိုဘက်တောင် လွန်ပါသေးတယ် ဖျား…။ ကြည့်ပါ ဘုရား…။ စ,စချင်း အိုင်ပက်ကို ဟောဒီ ပွတ်ရပါတယ်‥"

ဦးပဍ္ဍင်း လွတ် အံ့သြသွားရလေပြီ…။ အစိတ်သား လောက်တောင် အလေးချိန်မစီးတဲ့ ကျောက်သင်ပုန်းချပ်ထဲမှာ စာအုပ်တွေ ထောင်နဲ့သောင်းနဲ့ချီပြီး ရှိ ဆိုပဲ။

"ဟာ…ဒကာ မင်းဟာတယ်ဟုတ်ပါလား…"

"လက်ညှိုးကလေး တစ်ချက်ဖိလိုက်တာနဲ့ ကိုယ်ကြိုက် တဲ့ စာအုပ်ဖတ်လို့ရပြီဖျား။ တပည့်တော်တို့ ဒီကျောင်းမှာ ခေတ္တခဏ နိုနေတုန်း အရှင်ဘုရား ဟောဒီအိုင်ပက်ကို ယူသာ



သုံးပါဖျား…"

ဘုန်းဘုန်းကြွေသွားရလေပြီ။ ဖြစ်နိုင်ရင် ဟောဒီအိုင်ပက် ကြီးကို တစ်သက်လုံး သိမ်းထားချင်စမ်းပါဘိ။

"ဟေ‥ဒီစကားလျှောက်ရအောင် ဒကာ့ကို ဘုန်းကြီး က ကျောင်းကနေ နှင်ထုတ်နေလို့လား…"

"ဒါဆို‥ဘုန်းဘုန်းက တပည့်တော်တို့ ဘယ်နှစ်ရက် တည်းတည်း ခွင့်ပြုမယ်ပေါ့‥"

အေးချမ်းစိတ်ထဲမှာလည်း ကလိနေအောင် ရယ်ချနေမိ တယ်။ စာအုပ်စာပေ ဝါသနာကြီးလွန်းတဲ့ ဘုန်းဘုန်းလက်ထဲ အိုင်ပက်ထည့်လိုက်မှတော့။ ပွဲက ပြတ်ပြီပေါ့။ အေးချမ်းတို့ ရွာမှာ ဘယ်လောက်ပွေးပွေး ပွေးပေတော့…။

"ဒါပေါ့…နေကြ‥ကြိုက်သလောက်‥"

"တင်ပါ့…။ တင်ပါ့…။ ကျေးဇူးကြီးလှပါတယ် ဖျ‥"

ဘုန်းဘုန်း မျက်ကွယ်ရောက်တော့မှ ချစ်သူနှစ်ဦး တက်ဝါးချင်းရိုက်ကာ 'ဟေး' ကနဲ အော်မိတော့၏။ နေစရာ အရာအတွက်က ပူစရာမလိုတော့‥။ တောင်းစရာပိုက်ဆံပဲ မျိုးစုံ သုံးပြီး တောင်းဖို့ပဲ ကျန်တော့၏။

ထိုနေ့မှစ၍ ဘုန်းဘုန်းခမျာလည်း အိုင်ပက်ကြီးကို ခြေဖျားထိတိုင် တစ်နေကုန် ထိုင်ပြီး တစိမ့်စိမ့်ကြည့်တော့ ၏။

"ဟောဗျာ…ကျုပ်နှိပ်လိုက်တာ ဘယ်ရောက်သွားပြီ

www.burmeseclassic.com



တုံး...''

နှိပ်တာတွေ၊ ပွတ်တာတွေ များရင်း များရင်းနဲ့ ဘုန်းကြီး လက်စွဲကျမ်းများကနေ လူငယ်စာရေးဆရာများဖြစ်ကြတဲ့ သူ တို့ ညီတို့ စာအုပ်တွေထဲ ဘုန်းဘုန်း မျောသွားရလေပြီ။

ဖတ်လို့ကလည်း ကောင်းပါ...။

ဒီ အိုင်ပက်ကြီးပဲ ခေါင်းထဲ ဆောင့်သွင်းထားလိုက်ချင် တော့တယ်။

''ဟောဗျာ...ဒီတစ်ခါ နှိပ်တာ ဘယ်ရောက်သွား လိမ့်''

ပွဲက ကြည့်ကောင်းလေပြီ..။

application တစ်ခုကို မှားနှိပ်မိရာကနေ နှုတ်သီး ချွန်နှင့် ငှက်တစ်ကောင် ပြုတ်ကျလာ၏။

''အောင်မာ...ငှက်က သူ့ဟာသူ လေးခွထဲ ရောက် တာဟ''

လေးခွကို ဆွဲထည့်လိုက်ရရင် ကောင်းမလား ဘုန်းဘုန်း စဉ်းစားကာ ဘေးဘီအသာဝဲကြည့်ရသေးသည်။

တော်ကြာ...ကိုယ်တော် ဆော့နေတာကို တစ်ယောက် က ရွာထဲသွား ဖောက်သည်ချ ထည့်လိုက်ရင် မခက်ချေဘူးလား

''ကိုင်း...လာကွာ..တော ဘုန်းကြီးလက်ထဲ လေးခွ ထည့်ပေးလိုက်မှတော့ ပစ်ပဟေ့..''

ဂိမ်းထဲက လေးခွကို ဘုန်းဘုန်းဆွဲပစ်လိုက်စဉ် နှုတ်သီး ချွန်ချွန်ငှက်မှာ အဝေးသို့ လွင့်စဉ် သွားရပြီး...



''ဟား...ဟား...ဝီး...ဂါ..ဂါ...ဂါ...ရွှတ်..''

ငှက်တစ်ကောင်၏ ရယ်သံနှင့်အတူ ဝက်စိမ်းတစ်ကောင် ကြွသွားရချေတော့၏။

''မိုက်သားဟ...ဟုတ်လှချည်းလား...ဒါ...မြို့မှာ နာမည်ကြီးနေတဲ့ အန်းဂရီးဘတ်(ဒ်)ဆိုတဲ့ ဟာနဲ့တူတယ်..''

ဘုန်းဘုန်းမှာ မုန့်ခိုးစားသည့် ခလေးတစ်ယောက်လို မိမိအပြစ်ရှိနေပြီမှန်းလည်း သိသည်။ သို့သော် ပုထုဇဉ်လူသား ပီပီ နောက်လည်း မဆုတ်နိုင်တော့။ ငှက်ကလည်း လေးခွထဲ ထည့်ပစ်လို့ ကောင်းနေပြန်၏။

''အေးချမ်းဆိုတဲ့ ဒကာ..ကျုပ်ကိုတော်တော် ဒုက္ခပေး တာပဲ။ ဝိနည်းနဲ့မညီမှာလည်း စိုးရိမ်တယ်။ လေးခွကလည်း ဆော်လို့ ကောင်းနေတယ်။ အို...ငါးပါးသီလလုံပြီး တဏှာနဲ့ အကုသိုလ်ကင်းရင် ဘာမဆို ဝိနည်းနဲ့ညီသဟေ့..။ ရဟန္တာတွေ တောင် မိန်းမလှတွေနဲ့ တွေ့ရင် ရှောင်လျောရသေးတာပဲ။ ဘုန်းကြီးက ဘယ်မိန်းမလှမှ သွားကြည့်တာမဟုတ်ဘူး။ လေးခွ ဆွဲပြီး ကာတွန်းရုပ် ဝက်အစိမ်းကို ပစ်တာ...လာလေ့... နောက်တစ်ပွဲ...''

www.burmeseclassic.com

www.burmeseclassic.com

# (15)

ညသည် ပိုးကောင်ငယ်လေးများ၏ အော်မြည်သံမှအပ တိတ်ဆိတ်လျက်ရှိချေသည်။ ရွာထဲက အိမ်ခြေတချို့တဝက်မှာတော့ ဘတ္တရီမီးချောင်းကလေးများ ပိတ်ကာ အိပ်မောကျလျက်ရှိပြီး…

တစ်အိမ်မှာမူ တိုးတိုးကြိတ်ကြိတ်နှင့် အခြေအတင်တိုင်ပင် ဆွေးနွေးနေကြလေ၏။

"ကိုကြီးကျော်တို့ အမေဂျမ်းတို့ ကျုပ်တို့ရွာကို ကိုင်ပြီလား မသိဘူးနော်…။ ကန္တားပွဲကို မိုးကြိုးကြီးပစ်ချလိုက်တာ။ တော်သေးတယ်။ သွန်းသစ်သွယ်သူကို ကိုကြီးဖိုးညီ ပွေ့ပြေးလို့မသေတယ်။ မိသစ်မှာလေ…ကိုကြီးဖိုးညီပေးတဲ့ အသက်ပဲရှိတော့တယ် အရီးရဲ့…"

အပျိုကြီးမဌေးတင့်မှာ တူမဖြစ်သူကို 'လင်တရူးပဲ့အေ' ဆိုတဲ့ အကြည့်နဲ့ မျက်စောင်းတစ်ချက် ထိုးပစ်လိုက်၏…။

"နောက်ပြီးတော့လေ…ကိုကြီးကျော် ဝင်ပူးတဲ့ မြို့က



သူက ခပ်ချောချောပဲနော် အရီး…"

မဌေးတင့်မှာ ခေါင်းကို တဖျင်းဖျင်းကုတ်လိုက်ရင်း…

"စိတ်ညစ်ရတဲ့ကြား ညည်းက တမျောက် အေ။ အဲဒီ မောင်နုမက ငါတို့ အချောင်ရသွားတဲ့ ပိုက်ဆံတွေကို လိုက်တောင်းနေတဲ့ မြို့က မောင်နုမအေ။ ဒီ သောက်ပြဿနာက ဘယ်လောက်ထိ ကြာနေဦးမှာလဲ အသိဘူး။ ငါ့လာတောင်းရင် ငါ့မှာ ပေးစရာပိုက်ဆံက မရှိတော့ဘူး ဒုက္ခပဲ…"

"ဖိုးညွှပ်ပြောတာတော့ အဲဒီမြို့ကမောင်နုမကို ခေါ်လာတာ ကပ္ပိယချက်ကြီးရဲ့ ဘကြီးဘုန်းကြီး တဲ့…"

"အဲ့ဘုန်းကြီးအကြောင်းတော့ မပြောချင်တော့ပါဘူး။ ဘုန်းကြီးမဝတ်ခင်တုန်းကလည်း မလည်ရှုပ်ကြီး။ ခုတခါ ရာစဝင်အိုးတုတ်နဲ့ထိုးပြန်ပြီ။ ဒီမောင်နုမကို ဘုန်းကြီးက နှင်ထုတ်လိုက်လည်း ပြီးမယ့်ကိစ္စကို…"

"အာ…အဲဒီ မြို့သားက ဘုန်းကြီးကို ပိုင်အောင်စည်းရုံးထားတာ…တဲ့…။ ဘာပတ်…ဆိုလားပဲ…လက်နဲ့ပွတ်ရတဲ့ဟာကြီး…ပေးထားတာတဲ့။ အဲဒီ အပတ်ကြီးက အစိတ်သားလောက်လေးတယ်တဲ့။ ချက်ကြီးပြောတာ။ ဘုန်းဘုန်းက အဲဒီအပတ်ကြီး တစ်နေကုန် ပွတ်နေတယ် ပြောတယ်…"

"မြတ်စွာ…ဘုရား…ဒုက္ခပါပဲ…"

မဌေးတင့်…ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်နေသည်။

ခုနေ တံခါးခေါက်ပြီး မြို့သား မောင်နုပိုက်ဆံလာတောင်းရင် ဘယ်နှယ့်လုပ်ကြမလဲ…ပေးစရာပိုက်ဆံကလည်း

www.burmeseclassic.com

www.burmeseclassic.com



တပြားမှမရှိတော့။ ပြောင်ပြီ။

"အရီး‥"

"ဘာတုန်း‥"

"သွင်သစ်သွယ်သူ ညဘက် သေးပေါက်ထွက်ရင် လိုက်ခဲ့ပေးဦးနော်‥။ သွန်းသစ်တို့ ခြံထဲမှာလည်း စာခြောက် ရုပ်ကြီးရှိတယ်မို့လား…ကြောက်လို့…"

"အရင်ကလည်း အဲဒီစာခြောက်ရုပ်ကရှိတာပဲ…။ ညည်းက ကြံဖန်ကြောက်လွန်းအား ကြီးတယ်"

"အဲလို မဟုတ်ဘူး အရီးရ။ ဖိုးညှပ်နဲ့ချက်ကြီးကိုဒေ နွေခင်းကြောင်တောင်မှာ တစ္ဆေက စာခြောက်ရုပ်ထဲ ဝင်ပူးပြီး တလောလေးကမှ ခြောက်လိုက်သေးတယ် ပြောထားလို့…"

"ဟင် …"

မဒွေးတင့် စိတ်ညစ်နေ၏‥တစ်ရွာလုံးလည်း ကောင်း တာ ဆို၍ ဘာမှကိုမရှိ။ ဖေကျော်နဲ့ အမေဂျမ်းကလည်း ရွာကိုကိုင်မည် ပြောသည်။ ကန္တားမဏ္ဍပ်ကိုလည်း မိုးကြီးထ ပစ်ချလိုက်သေးသည်။ ခု…တစ်ခါ လာပြန်ပြီ စာခြောက်ရုပ် တစ္ဆေ။

"အေးပါအေ‥အိပ်ကြစို့ရဲ့‥။ ငါလည်း ဘုရားရှိခိုးလိုက် ဦးမယ်‥။ သွား‥။ သွား‥။ ညည်းလည်း အပြင်မှာ အပေါ့ လေး ဘာလေးသွားလိုက်ဦး‥"

"ဟုတ်‥ဟုတ်‥"

ရွာမလေးဆိုတာတော့ ဒီလိုပါပဲ မြို့မှာလို ရေချိုးခန်း



အိမ်သာက အိပ်ခန်းနှင့်တွဲရက် master bed room က ရှိသည် မဟုတ်။ မြို့မှာလို ဇိမ်မကျ။ အိမ်သာက အိမ်နဲ့ခပ်လှမ်းလှမ်း၊ ဟိုး…ပြောင်းတော အစပ်မှာ ဖြစ်သလိုဆောက်ထားသည်မို့ ညဥ့်လယ်အပေါ့သွားရသည့်အခါ ကျောစိမ့်ချင်စရာ‥။

ညဥ့်လယ်မပြောနဲ့…ခုလို ညဦးပိုင်းမှာပင် ပြောင်းတော ကို လေတိုးသည့် တရှီးရှီးအသံနှင့် သွန်းသစ်သွယ်သူ ကျောစိမ့် နေလေပြီ။

"ရှီး‥ရှီး‥ရှီး‥"

မိသစ် အားတင်းပြီး အိမ်အပြင်ထွက်ခဲ့သည်။

ဩော်…တောသူ တစ်ယောက်ရဲ့ သေးပေါက်ရတဲ့ စွန့်စားခန်းကြီးကလည်း အံ့မခန်းပါလား…။

"အဟဲ‥ဟဲ…ဟဲ…"

မိသစ်ဆိုတာ တစ်ရွာလုံးက သိထားပြီးတဲ့ ဦးနှောက် ကျပ်မပြည့်ရှာသူလေးလေ။ ခုလည်း အိမ်သာအသွား လမ်းခု လတ်မှာတင် စာခြောက်ရုပ်ကြီးကို တွေ့ရ၍ တဟဲဟဲနှင့်မျက် နှာချိုသွေး နေလိုက်သေးသည်။

ဒီလိုနဲ့ မိသစ် အိမ်သာထဲ ဝင်ခဲ့သည်။ ကိစ္စ ဖြေရှင်း သည်။ အိမ်သာက ထွက်လာတော့လည်း အဲဒီ စာခြောက်ရုပ် ကိုပင် ကြောက်စိတ်နှင့်ရှာဖွေကြည့်ရပြန်သည်။

"ဟင်… …"

မိသစ် မျက်လုံးကို မယုံနိုင်စွာ ပွတ်သပ်ကြည့်မိ၏။

"စာခြောက်ရုပ်ကလည်း‥ငါ့ ပြုံးရှာကြည့်နေသ

www.burmeseclassic.com

www.burmeseclassic.com



လား..''

မှန်၏။ စာခြောက်ရုပ်မှာ အိမ်သာပေါက်ဝအထိ ရောက်နေလေပြီ မိသစ်ဘာလုပ်ရမှာမှန်းမသိ။

''အဟဲဟဲ...ဟဲ..ဟဲ..''

အိမ်ထဲပြန်ဝင်ရန် အစောကအတိုင်း စာခြောက်ရုပ်ကို မျက်နှာချိုတွေးလျက် ခြေလှမ်းရှရှနှင့် လှမ်းခဲ့သည်။

နောက်ကျောမလုံ၍ လမ်းခုလတ်အရောက်မှာတင် ဆတ်ကနဲ နောက်လှည့်ကြည့်တော့...။

''ဟင်.... ...''

စာခြောက်ရုပ်က သူမနှင့်နီးနီးလေးမှာ ရောက်နေပြန်၏...။

''အ..မေး..''

သွန်းသစ်မှာ သေသွားတဲ့အမေ့ကို အကျယ်ကြီး 'တ' လျက်အိမ်ထဲ တချိုးတည်း လစ်ပြေးလာခဲ့လေသည်။

နောက်..စောင်ကို ခေါင်းမြှီးခြုံလိုက်ရင်း ဘုရားစာ တွေ ရွတ်ဆိုကာ ဘယ်အချိန်အိပ်မောကျသွားမှန်း မသိလိုက်။

ဒါ့ကြောင့် စာခြောက်ရုပ်ကြီး ဘယ်နေရာရောက်နေပြီမှန်း သူမ မသိတော့..။

အချိန် တဖြည်းဖြည်း လင့်လာကာ ညဥ့်နက်လာလေပြီ။

အရှေ့မြောက်အရပ်မှ ကြယ်ပွင့်တို့ အနောက်တောင် အရပ်သို့ တရွေ့ရွေ့ခရီးနှင်လာကြပေသည်။

''ခလူး...ခလူး...ခရူး..ခလော...''



ဟောက်သံတညည်းနှင့် အရီးမငွေးတင့်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေသည်ရယ်တော့ မဟုတ်။ နိုးတစ်ဝက် အိပ်တစ်ဝက်သာ ဖြစ်နေ၏..။

''မှန်မှန်ပြော...ကြားလား...မှန်မှန်ပြော...''

အိပ်မက်ထဲကလိုလို ကြားလိုက်ရတဲ့ အသံ တစ်သံ''

စောစောက မိသစ်ကို ခြောက်လှန့်ခဲ့သည့် စာခြောက်ရုပ်ကြီးမှာ အပျိုကြီးအိပ်နေသည့် ခုတင်ရဲ့ရှေ့ဘက်က ပြတင်းပေါက်မှာ လာရပ်နေသည်မှန်း အပျိုကြီးမသိ..။ သိလျှင် လိပ်ပြာလွင့်ပြီး သေသွားနိုင်၏...။

''ငွေးတင့်...မှန်မှန်ပြောစမ်း..''

ပြတင်းပေါက်မှ ရပ်နေသည့် စာခြောက်ရုပ်ကြီးရဲ့ လေသံမှာ နည်းနည်းမာလာရာ၊ အရီးမငွေးတင့်မှာ ကယောင်ကတန်းနှင့်...။

''အမှန်အတိုင်း ပြောရမယ်ဆိုရင် ငယ်ချစ်မှုဆိုးဖို ကိုခင်မောင်ကို စိတ်မကုန်သေးပါဘူး။ ခုထိ မေတ္တာသက်ဝင်စုံမက်နေတုန်းပါပဲရှင်..''

မငွေးတင့်မှာ အိပ်မက်လိုလို၊ စိတ်အညှို့ခံလိုက်ရသူလိုလိုနှင့် သိစိတ်များ ဝေဝါးထွေပြားလာကာ အိပ်နေရက်နှင့် အမှန်အတိုင်း ထွက်ချက်တွေပေးလာ၏။

စာခြောက်ရုပ်ကြီးမှာ အပျိုကြီးစကားကြောင့် တင်းသွားရပြီး...

''လင်တရူးမနေနဲ့...။ ငါ မေးတာ အဲဒါ မဟုတ်ဘူး''

www.burmeseclassic.com



"နို့…ဘာကို မေးတာလဲ‥"

"လွန်ခဲ့တဲ့ တစ်လ၊ နှစ်လ လောက်က နင်တို့အုပ်စု လိုက်ကြီး ပိုက်ဆံတွေခိုးယူခဲ့ကြတယ် မဟုတ်လား‥"

"အို…ဘယ်ပိုက်ဆံမှ ခိုးမယူပါဘူးတော်‥နတ်ကောင်း၊ နတ်မြတ်တွေ ကြဲချလိုက်တဲ့ ပိုက်ဆံတွေ ကောက်လာခဲ့ကြတာ ပါ"

"အဲဒါ ဘယ်နတ်ကောင်းနတ်မြတ်မှ ကြဲချလိုက်တဲ့ ပိုက်ဆံမဟုတ်ဘူး‥။ ငါတို့ပိုက်ဆံ။ အခု ငါသေလို့ တစ္ဆေဖြစ်ပြီး နင့်ဆီလာတောင်းတာ‥"

"ဟင်…အဲဒီ ငွေတွေကလေ‥ဟို‥ကျွန်မ‥သာသနာ ပြုတဲ့အထဲထည့်လိုက်လို့ ကုန်သွားပါပြီရှင်‥"

"အောင်မာ‥နင်က ဘယ်လိုသာသနာ ပြုလိုက်တာ တုံး‥"

"ငွေတွေ သိန်းနဲ့ချီပြီး လှူလိုက်မဟဲ့ဆိုပြီး မြို့တက်ခဲ့ ပါတယ်။ သွားတုန်းကတော့ ငွေလှူဖို့ သွားတာပါ။ အဲဒီမှာ လူတစ်ယောက်က စိန်နားကပ်ဝယ်မလား မေးတာနဲ့ဝယ်ခဲ့လိုက် ပါတယ်။ သိန်းနှစ်ဆယ်တောင် ပေးလိုက်ရတယ်"

"ဘယ်မလဲ‥အဲဒီ စိန်နားကပ်‥"

"ကျွန်မ‥နားမှာပါ…"

စာခြောက်ရုပ် လေတော့သွားရ၏။ အိမ်ပေါ်တက်ပြီး လည်း အပျိုကြီးနားက နားကပ်ကို တက်မချွတ်ရဲ။ တော်ကြာ တို့လို့တန်းလန်းနဲ့ မိနေမှဖြင့် ကျော်မကောင်းကြားမကောင်း ဥဂ္ဂဖ



တရားအစွဲခံနေရပြီး။ အပျိုကြီးကို ယူရတဲ့အထိ ဖြစ်နေ မှ တ်ချေမည်။ ပြီးတော့ အပျိုကြီးရဲ့ တူမလေးဆိုတာလည်း လီနည်းနည်းချောင်နေတဲ့ ဟတ်(စ်)တီးရီးယားမလေးဟု ထားရရာ စာခြောက်ရုပ်ကြီး တွန့်သွားရပြီး….

"ပြောစမ်း‥စိန်နားကပ်ဝယ်ပစ်လိုက်တော့ ဘုရားကို ယ်လောက် လှူခဲ့လဲ"

"စိန်နားကပ် ဝယ်ပြီးတော့ မထူးပါဘူးဆိုပြီး ပါတိတ် မ်းဆက်တွေ ဝယ်ခဲ့သေးတယ်။ ပိုက်ဆံတွေကုန်ခါနီးကျမှ သာသနာပြုဖို့ သတိရပြီး ဘုရားက ပိုက်ဆံသေတ္တာဖုံးမှာ ကျည်းချုံးပြီးပဲ လှူဒါန်းရင်း…"

"အေးလေ…ငါ မေးနေတာ ငါ့ ပိုက်ဆံတွေနဲ့ နင်ဘယ် ာက် လှူပြီး သာသနာပြုခဲ့နိုင်တုံး…"

"စိတ်မဆိုးပါနဲ့ရှင်။ တစ်ထောင်တည်းပဲ လှူခဲ့နိုင်တာ ါ‥"

ဒီတစ်ခါ လေသွားရသူက စာခြောက်ရုပ်ကြီးပင်…။

ခလူး‥ခလောနှင့်အိပ်ပျော်နေသည့် အပျိုကြီးက အိပ် တ်လိုလို ဘာလိုလို မျောနေရာကနေ စောဒက တက်ပြန်သေး

"ပေးစရာ…မလိုတော့ပါဘူး။ ရှင်က သရဲဖြစ်နေပြီပဲ"

"ငါက ဥစ္စာစောင့်ဟဲ့‥"

"ဟင်‥စောစော ပြောတော့ သရဲ ဆို‥"

"အေး‥သရဲဘဝကနေ ဥစ္စာစောင့်ဘဝကို ကူးသွားတာ

www.burmeseclassic.com

www.burmeseclassic.com



ဘာမှမကြာသေးဘူး။ ဒီမှာ မိဗ္ဗေးတင့်…နှင့် စိန်နားကပ်ကို မနက်ဖြန် နေ့လယ်ဆယ့်နှစ်နာရီ ရွာထိပ်က တညင်းပင်အောက်မှာ လာထားလှည့်‥ကြားလား‥"

"ဟင်‥ခလူး‥ခလော…ရှူး‥"

"ဟဲ့‥ကြားလားဆို‥"

"ခလော‥ခလော…ခလော‥"

မရတော့။ အပျိုကြီးလုံး၀ အမှန်အကန် အိပ်ပျော်သွားရလေပြီ။

* * *

## (16)

အချိန်က နေ့လယ် ဆယ့်နှစ်နာရီ…။

နေက ပြင်းပြင်းတောက် ပူနေလေ၏။

ရွာထိပ်က တညင်းပင်ရှိရာဆီသို့ အုန်းပွဲ ငှက်ပျောပွဲနှင့် ပထမဆုံးရောက်လာသူက စာရေးဆရာရှူး တာလပတ်ခင်းဝေ ပင်…။

သူ့ မျက်နှာမကောင်း…။ ညက သရဲအခြောက်ခံရတာလိုလို။ အထက်ပုဂ္ဂိုလ်တစ်ယောက်ယောက်က အိပ်မက်ပေးတာလိုလိုနှင့် ယူထားသည့် ပိုက်ဆံများ ရွာထိပ်က တညင်းပင်အောက် လာထားရန် ပြောသွား၏။

"အသက်တစ်ရာမနေရ အမှုတစ်ရာကြုံရ၏‥တဲ့။ ခုနေများ ယူထားတဲ့ပိုက်ဆံတွေ အလိမ်မခံရခဲ့ရင် ဘုန်းကြီးကျောင်းက ဟိုမြို့သားတွေကို ငါသွားပေးပစ်လိုက်မိမယ်အင်တယ်"

မတတ်နိုင်။ တာလပတ်မင်းဝေမှာ ပျော်စရာပိုက်ဆံ

www.burmeseclassic.com



ကလည်း မရှိ။

ထို့ကြောင့် တညင်းပင်စောင့်နတ်ကိုပဲ အုန်းပွဲ၊ ငှက်ပျော ပွဲနှင့် အကျိုးအကြောင်း ပြောပြပြီး တောင်းပန်လိုက်ရုံသာ ရှိ တော့၏။

"အို..တညင်းပင်စောင့်တဲ့ အသင်ရက္ခစိုးမင်းကြီး.."

တိုင်တည်လိုက်ရုံရှိသေး တညင်းပင်နောက်ကွယ်ကနေ လူတစ်ယောက်ထွက်လာတာမို့ တာလပတ်မင်းဝေတစ်ယောက် ထ,ခုန်မိမတတ် လန့်ဖျတ်သွားရလေတော့၏။

"အောင်မလေး..ဗျ.."

ရက္ခစိုးများ သစ်ပင်ပေါ်က ဆင်းလာလေသလား မျက် လုံးပြူးကြည့်တော့ မဟုတ်။ ရက္ခစိုးမဟုတ်ဘဲ အမှန်တရားဘက် တော်သား ကိုဆန်းအေးကြီး ဖြစ်နေ၏။

"ဟင်..ကိုဆန်းအေး...။ ခင်ဗျားလက်ထဲမှာလည်း အုန်းပွဲ၊ ငှက်ပျောပွဲနဲ့ပါလား"

"အေးကွာ..မပြောချင်တော့ပါဘူး.."

မပြောချင်တော့ပါဘူးဆိုပြီး ညက သရဲအခြောက်ခံရတာ လိုလို၊ အိပ်မက်ထဲ အထက်ပုဂ္ဂိုလ်တစ်ယောက် ရောက်လာပြီး အမိန့်ပေးသွားတာလိုလိုနဲ့ ယူထားတဲ့ပိုက်ဆံတွေ တညင်းပင် အောက်လာထားခိုင်းကြောင်း ပြောမလို့ ကြံကာရှိသေး...။

"ဟင်..ဟိုမှာ သူကြီးဦးစိန်သောင်း...ဟာ...ဟိုမှာ လည်း ဆရာတုတ်ဗျ။ အုန်းပွဲ ငှက်ပျောပွဲတွေနဲ့.."

"ဟင်...မင်းတို့က ဒီမှာ ဘာလာလုပ်နေကြတာလဲ"



"အဲဒီကိစ္စတော်တို့ကို မေးရမှာ။ ကျုပ် ညက သူ့ရဲ့ ခြောက်ခံရတာလိုလို ဘာလိုလိုနဲ့ ယူထားတဲ့ ပိုက်ဆံတွေလာ ဆောင်းနေလို့.."

ပြောပြောဆိုဆိုနှင့် အပျိုကြီးမဒွေးတင့်ရော၊ မိုက်ကယ် ချက်ကြီးပါ အုန်းပွဲ၊ ငှက်ပျောပွဲကိုယ်စီနှင့် ရောက်ချလာလေ တော့၏။

ရွာသားများ တညင်းပင်အောက်မှာ ဆုံသည်နှင့်မျက်နှာ တွေ မကောင်းကြ...

"ဒါဆို မနေ့ညက ကျုပ်တို့ မက်ခဲ့တဲ့ အိပ်မက်တွေ အားလုံး တူနေပြီပေါ့.."

"ကြောက်စရာကြီးဟယ်...အမေဂျမ်းတို့ကလည်း တို့ ရွာကို ကိုင်မယ်ပြောနေတယ်"

"ကျုပ်တို့ သူတို့ပိုက်ဆံတွေ ပြန်ပေးလိုက်ရင် ကောင်း မယ် ထင်တယ်.."

"အို..ပေါ်တင်မှ မတောင်းကြသေးတာ.."

"တောင်းတော့ရော...ပေးစရာရှိလို့လား.."

"ဟင့်အင်း.."

"ဟဲ့..ဒွေးတင့်..နင့် စိန်နားကပ်ကြီး ချွတ်ပေးလို့ ရတာပဲ.."

သူကြီးက ထိုသို့ ပြောလေတော့မှ အပျိုကြီးမျက်နှာ မှာ ဝမ်းလျှောနေသည့် မျောက်အိုမကြီးတစ်ကောင်လို ရှုံ့မဲ့သွား တော့...

www.burmeseclassic.com



"ငွေးတင့်တို့က လုပ်ရဲရင်ခံရပ့ါတော်..သွေးမကျဲပါဘူး ..ခုဟာက အဟင့်.."

"ဟောဗျာ...ဘာဖြစ်ရပြန်ပြီတုံး.."

"ရှက်လွန်းလို့...မပြောဘဲ မျိုသိပ်ထားတာ အရပ်ကတို့ ရေ..စိန်နားကပ်ကြီး ဝယ်လာတာကတော့ ဟုတ်တယ်။ မြို့က ကျုပ်ကို အချဉ်သိပ်ပြီး ရောင်းထည့်လိုက်တာ။ စိန်မဟုတ်ဘူး ကြောင်ကြီး...။ ဘာမှ တန်ဖိုးမရှိဘူးတော့်။ ကျုပ်အသားလွတ် သိန်းနှစ်ဆယ် အလိမ်ခံလိုက်ရတာ.."

"ဟောဗျာ..."

"ကဲ..ငွေးတင့်ကတောင် ခုလို မရှက်မကြောက်ဝန်ခံ လာမှတော့ သူကြီးဖြစ်တဲ့ကျုပ်ကလည်း ဝန်ခံကြရုံပေါ့ဗျာ ဒီလိုဗျ။ ကျုပ်သိန်းအစိတ်လောက် ကောက်ရခဲ့တာတော့ ဟုတ် တယ်။ ဒါပေမယ့်ဗျာ...။ တစ်ရွာလုံးကို မီးသေနေအောင် အုပ်ချုပ်နိုင်တဲ့ ဟောဒီက သူကြီးလေ..။ သားအရင်းခေါ် ခေါက် ကျတော့ မနိုင်ဘူးဗျာ။ ကျုပ်မလဲ ဘယ်ဝင့်ကြွေးရှိတယ် ရယ် မပြောတတ်ပါဘူး။ ပိုက်ဆံရလာတဲ့နေ့ကစပြီး ကျုပ်သား ဘိုကီးကျုပ်ကို ဓားထောက်တောင်းလိုက်။ အိမ် မီးရှို့မယ်ခြိမ်း ပြီး ခြိမ်းခြောက်တောင်းလိုက်နဲ့ ပိုက်ဆံတွေတောင်းလာတာ ကောက်ရသမျှ ပေးရင်းပေးရင်းနဲ့ ခုကုန်ပြီဗျ..."

"ဟင်..သိန်း အစိတ်လုံးလုံးကုန်ရအောင် ဘိုကီးဘာ လုပ်ပစ်လိုက်တာတုံး.."

"အရက်သောက်တယ်ဗျာ..ဖဲရိုက်တယ်ဗျာ...လောင်း



ကြေးကြီးကြီးနဲ့ ကြက်တိုက်တယ်ဗျာ ဟိုတစ်လောက ဆိုင် ကယ်ဝယ်ပေးဆိုလို့ ဝယ်ပေးလိုက်တာ မကြာပါဘူး။ ခေါက် ကြီးအသွား လမ်းမှာ ကလေးတစ်ယောက်ကို ဆိုင်ကယ်နဲ့ဝင် တိုက်ပစ်လိုက်တာ ကလေးလေး ပွဲချင်းပြီး သေသွားတယ် လေ.."

"အလို..ဘုရား...ဘုရား...အဲဒီတော့.."

"အဲဒီတော့..ဘာဖြစ်ရမှာလဲ...ငွေ ဆယ်သိန်းလျော် ပြီး အမှုမဖွင့်အောင် ညှိလိုက်ရတာပေါ့..."

"ဟင်း... ..."

လူငါးယောက်ရဲ့ ဖြိုင်တူသက်ပြင်းချသံကြီးက စိတ် ပျက်စရာ။

"ကဲ..ဒါဖြင့် ဆန်းအေးကရော.."

"ကျုပ်အဖြစ်ကလည်း ကံမရှိ ဉာဏ်ရှိတိုင်းမွဲပါဗျာ"

"ဟင်... ..."

"ပိုက်ဆံတွေ သိန်းနဲ့ချီပြီး ကောက်ရခဲ့တာတော့ ဟုတ် တယ်။ ရတဲ့ပိုက်ဆံနဲ့ နွားတစ်ရှဉ်း၊ ကျွဲတစ်ရှဉ်း ဝယ်လိုက် တယ်ဗျာ။ ဖြစ်ချင်တော့ ကျုပ်ဝယ်ခဲ့တဲ့ ကျွဲတွေ၊ နွားတွေက ရောဂါတွေ ပရမ္မနဲ့...။ နွားပွဲစားက ကျုပ်ကို ညာရောင်းလွှတ် လိုက်တာ။ ကျုပ်လက်ထဲရောက်ပြီး သိပ်မကြာသေးဘူး။ အား လုံး သေကုန်ကြပြီ.."

"ဟယ်..ဒုက္ခပါပဲ.."

ငါးယောက်သား ကန်တော့ပွဲကိုယ်စီနဲ့ ရောက်လာကြ

www.burmeseclassic.com

www.burmeseclassic.com



ပြီး တညင်းပင်စောင့်တဲ့ ရက္ခစိုးကို တိုင်တည်တောင်းပန်ဖို့ဝင် မေ့လျော့သွားကြပြီး အသေကောင်များလို ငူငူငေါင်ငေါင်နှင့် ထိုင်နေကြစဉ် ဆရာတုတ်က မိုက်ကယ်ချက်ကြီးအား…

"ဟဲ့..ချက်ကြီး..။ ပိုက်ဆံကောက်ရတဲ့ အထဲမှာ မင်းဘကြီး ဘုန်းကြီးလည်း ပါတယ်နော်။ သူ့မှာ ပိုက်ဆံတွေ ကျန်နိုင်သေးလား။ မင်းနည်းနည်း စနည်းနာကြည့်ပါလား.."

"မပြောချင်တော့ပါဘူးဗျာ.."

"ဟေ…သူကရော..ဘယ်လို အလိမ်ခံလိုက်ရတာ တဲ့တုန်း.."

"အလိမ်ခံလိုက်ရတာ မဟုတ်ဘူးဗျို့…"

"ဒါဖြင့်…ဒါဖြင့် ဘာဖြစ်တုံး ဆက်ပြောလေ.."

"ကိုယ့်ဦးလေးအကြောင်း ပြောရမှာလည်း ရှက်ပါတယ်။ မပြောလို့လည်း မရတော့ဘူးဆိုတော့ ကဲ…ပြောပြီဗျာ..။ ကျုပ်ဦးလေး ဘကြီးဘုန်းကြီးက လူငယ်စာရေးဆရာ သူ့ထံတို့ ညီတို့ ရေးတဲ့ ဝတ္ထုတွေဖတ်ပြီး ပဟေဠိ ရှူးရှူးနေတာဗျ"

"ဟင်..အဲဒီတော့…"

"အဲဒီတော့ ဘာဖြစ်ရမှာလဲ…သူရတဲ့ ငွေတွေအားလုံး ကို အိုးတစ်လုံးထဲထည့်ပြီး မြေကြီးထဲ မြှုပ်ပစ်လိုက်ပြီတဲ့ဗျာ။ ငွေအိုးရှိတဲ့နေရာကို သူ ပဟေဠိတော့ ဖွက်ထားတယ်…ထိုက် တဲ့သူရပစေ..တဲ့"

"မြတ်စွာဘုရား.."

ခြောက်ယောက်သား စိတ်ပျက်လက်ပျက်ဖြစ်နေစဉ်



တစ်ပူပေါ် နှစ်ပူဆင့်ဆိုသလို သူကြီးသား လူမိုက်ဘိုကီးမှာ နောက်လိုက်ဗိုလ်ပါ အခြွေအရံများစွာနှင့် တညင်းပင် ရှိရာဆီ တည့်တည့်မတ်မတ် ရောက်လာပြီး…။

"ဟော့..အဘိုးကြီး..ဒီအချိန်ဆို..ခင်ဗျား…ကျုပ်ကို ပိုက်ဆံပေးနေကြလေ…မမှတ်မိတော့ဘူးလား..ဂေ့.."

"ဟာ..ဘိုကီးရာ..အဖေ့မှာ ဘာပိုက်ဆံမှ မရှိတော့ ဘူးဟ…"

"ပိုက်ဆံမရှိဘူး မလုပ်နဲ့…ခင်ဗျားကြီးမှာ ကောက် ရထားတဲ့ပိုက်ဆံတွေ သိန်းရာနဲ့ချီပြီးရှိတယ်။ ဂေ့..။ ပေးဗျာ.. ပေး….။ ကျုပ်ရင်းထနေလို့ အရက်ပဲ သောက်လာခဲ့ရတယ်။ ဆေးမချရသေးဘူး။ ကျုပ်သွေးဆိုးနေပြီနော်…"

"ဟဲ့…အို.."

ဘိုကီးမှာ ဖခင်ဖြစ်သူရဲ့ အင်္ကျီကော်လံစကို ဆွဲဆောင့် ပြီး ပိုက်ဆံတောင်းနေရာ မြင်ရသူအပေါင်းမှာလည်း စိတ်မချမ်း သာကြ။

ဘိုကီးမှာ လူစိတ်မရှိတော့..။ သူဆေးစွဲနေလေပြီ..။

"ဟိတ်ကောင်တွေ…ဘာကြောင့်ကြည့်နေကြတာလဲ..။ အဲဒီ အုန်းပွဲ၊ ငှက်ပျောပွဲတွေ ဖျက်စမ်းကွာ..။ သားသမီးမွေး ထားပြီး သားကျ ပိုက်ဆံမပေးချင်ဘဲ နတ်ကျော်ပြီး သဒ္ဒါနေတဲ့ အဘိုးကြီး..ဂေ့..ဆုံးမရမယ်…'အားလုံးဖျက်ဆီး"

"ဟဲ့..ဘိုကီး..မလုပ်နဲ့..ငရဲကြီးလိမ့်မယ်..ရက္ခစိုးဆို တာ မပစ်မှားကောင်းဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"မလုပ်ကြပါနဲ့…မလုပ်ကြပါနဲ့ကွာ‥တို့တွေအားလုံး အပူသည်တွေချည်းပါပဲ‥တပူပေါ် နှစ်ပူမဆင့်ချင်ကြပါနဲ့…"

"ဘာ တပူပေါ် နှစ်ပူဆင့်တွေလာပြောနေတာတုံး… ကျုပ် ဆေးချချင်နေတယ်။ ရင်းထနေပြီ။ မပေးဘူးလား‥ ပေးမှာလား…။ ပိုက်ဆံ…အေး…မပေးလို့ကတော့ အိမ်မီးရှို့ ပြီမှတ်…ဟိတ်ကောင်တွေ…နောက်ကြောင်းပြန်လှည့်‥"

"ဟဲ့…ဟဲ့‥"

"ဘိုကီး‥မလုပ်နဲ့‥"

"သား…အဖေ့သား‥ ဟာ…"

"… … … …"

"… … … …"

❦ ❦ ❦

## (17)

"ကောင်းလိုက်တဲ့ အိုင်ဒီယာကြီးပါလား ချစ်သူရယ်‥ ဟမ်‥ကြောက်ပြီး ရွှေတွေ၊ ငွေတွေများ တည်းပင်အောက် လာပုံသွားကြမယ် မှတ်တာ။ ကန်တော့ပွဲတွေပဲ ရောက်ချလာ တယ်"

တည်းပင်အောက်မှာ အခြေအနေများ ငြိမ်သက်ပြီး လူသူမရှိလေတော့မှ ခပ်လှမ်းလှမ်းချုံပုတ်ကြီး တစ်ခုထဲကနေ ပုန်းနေကြတဲ့ ချစ်သူနှစ်ယောက် ထွက်လာကြပြီး သွန်းက စတင်၍ မကျေမချမ်း ပြောလေတော့၏။

အေးချမ်းကတော့ ပခုံးတွန့်လျက် ရယ်ကျဲကျဲ လုပ်နေ၏…။

"ရွာသားတွေမှာ ပိုက်ဆံဆပ်လိုစိတ်တော့ အပြည့်ရှိကြ ပါတယ်။ သူတို့ ငွေအလိမ်ခံလိုက်ကြရလို့သာ အကျပ်တွေ့နေ ကြတာ…"

"ဒါတော့ ဒါပေါ့…။ ကိုယ်က ဒါကို နားလည်ခွင့်

www.burmeseclassic.com



လွှတ်နိုင်ပေမယ့် ဒီကိစ္စကို သူဌေးသွားပြောလို့မှ မရတာ။ အချိန်တန်ရင် ကိုနဲ့သွန်းက ဖိုးတွမ်တီးနဲ့ ထောင်ထဲဝင်ရမှာ··”

“ဟင်း···ကိုယ်ကြိုးစားကြည့်ပါဦးမယ်”

“ရှင်က ဘယ်လို ထပ်ပြီး ကြိုးစားကြည့်ဦးမှာလဲ··။ ပေါက်တတ်ကရ နည်းလမ်းတွေလည်း ကုန်သလောက် ဖြစ်နေပြီ။ ဒီတစ်ခါ ထပ်ပြီး မိုးကြိုးပစ်အချခံရရင် သေဖို့ပဲ ရှိတော့တယ်”

“အာ··သွန်းရယ်··ကို့မှာ ဉာဏ်နီဉာဏ်နက်တွေ အများကြီးရှိပါသေးတယ်ကွ··”

ချစ်သူကို သွန်း ပျစ်ပျစ်နှစ်နှစ်ကြီးကို မျက်စောင်းထိုးပစ်လိုက်မိ၏။

ချုံတောထဲတိုးလိုက်ရတာ ဆူးကိုင်းခြစ်မိတာနဲ့ ချစ်သူရဲ့ နှစ်ခါတိတိ အနမ်းကလွဲလို့ ဘာမှ မရခဲ့···။

ကြာတော့ စိတ်ကုန်နေပြီ···။ မိမိကို စိတ်ပူနေကြမည့် မိသားစုကိုလည်း လွမ်းလှပြီ··။

“ကိုယ် ဘုန်းဘုန်းကို အကျိုးအကြောင်း ရှင်းပြပြီး လျှောက်ကြည့်ဦးမယ်··”

“ဟင်း···ပိုက်ဆံတွေ ကောက်ရတဲ့အထဲမှာ ဘုန်းဘုန်းလည်း ပါတာပဲ··။ ဘုန်းဘုန်းသာ သိန်းငါးဆယ်လောက်ကောက်ရခဲ့ပြီး အဲဒီ ငွေအိုးရှိတဲ့နေရာကို လွယ်လွယ်ကူကူနဲ့ သွန်းတို့ကို ပြောပြခဲ့ရင် သိပ်ကောင်းမှာပဲ··”

“ဒါပေါ့··အဆိုးထဲက အကောင်း···ရသလောက် ရပြီး မြို့ပြန်ရမှာပေါ့··”



“ခက်တာက ဘုန်းဘုန်းက ပဟေဠိရှူးနော်··”

“အို··သူ့ဟာသူ ဘာရှူးရှူး··။ ပေးချင်တဲ့ စကားဝှက်ပေး···။ ဖော်ရမှာက ကိုယ့်တာဝန်ပဲ···”

သွန်း ချစ်သူကို မျက်စောင်းပဲ ထိုးနေမိတော့၏။

ချစ်သူ··နင်ဟာ တကယ်လည်း ခေါင်းအစားခံနိုင်တဲ့ လူရှုပ်ကလေးပါလား···။

“ဒီရွာမှာ ···ဘိုကီးဆိုတဲ့ လူမိုက်ကလည်း ကြောက်စရာကြီးနော်···။ မိဘကိုတောင်ပြန်ပြီး ဓားထောက် ငွေတောင်းဝံ့တယ်ဆိုတာ နည်းတဲ့ သတ္တိလား··”

“ဒါပေါ့···ကိုယ်တို့နှစ်ယောက် သူတို့အုပ်စုနဲ့ မဆုံဖြစ်ဖို့တော့ အရမ်းအရေးကြီးတယ်။ အထူးသဖြင့် သွန်းကိုကိုယ်စိတ်မချဘူး···”

ချစ်သူနှစ်ယောက် စကားတပြောပြောနှင့် ဘုန်းကြီးကျောင်း ပြန်လာခဲ့ကြသည်။

ကျောင်းရောက်တော့ ကျက်သရေဆောင်မှာ ဘုန်းဘုန်းကို အိုင်ပက်ကြီး ပွတ်လျက်နှင့်တွေ့ရ၍ သွန်းရော အေးချမ်းပါ တစ်ယောက်ကိုတစ်ယောက် အချက်ပေးရင်း ဘုန်းဘုန်းအား ဝင်လုံးကြ၏။

“ဘုန်းဘုန်း ဘုရား···တပည့်တော် တစ်ခုလေး လျှောက်ထားချင်လို့ပါ··”

“ဟေ··အေး··ဆို”

သွန်းနှင့်အေးချမ်းမှာ ဖြစ်ပျက်ခဲ့သမျှ အဖြစ်သနစ်အရှုပ်

www.burmeseclassic.com

www.burmeseclassic.com



ကို လျှော့ထားပြီး တည်းပင်အောက် ကပ္ပိယချက်ကြီးစကား ကို ပြန်လည်လျှော့ထားရင်း မြှုပ်နှံထားသည့် ငွေအိုး၏ တည်နေရာကို မေးကြလေ၏။

"အဖြစ်အပျက်က အဲဒီလိုပါ ဘုရား...။ တပည့်တော်တို့က ငွေပိုင်ရှင်တွေလည်း မဟုတ်ကြပါဘူး။ ကုမ္ပဏီက သာမန်ဝန်ထမ်းတွေပါ။ အခုလို ငွေပျောက်ဆုံးမှုကြောင့် ပိုင်ရှင်သူဌေးကို ငွေပြန်မဆပ်နိုင်ရင် တပည့်တော်တို့ ထောင်တန်းအချုပ်ကျရတော့မှာပါ ဘုရား"

ဘုန်းဘုန်းမှာ အိုင်ပတ်ကို ဆက်မပွတ်နိုင်လောက်အောင် စိတ်မကောင်းကြီးစွာ ဖြစ်သွားရပြီး...

"ဩော်...ဒကာတို့ရယ်...။ အချိန်နှောင်းမှ လိုက်လာကြရတယ်လို့ကွယ်...ဖြစ်ဖြစ်ချင်းများ လိုက်လာခဲ့နိုင်ရင် တို့များ သူများပိုက်ဆံကို ဘယ်ယူပါ့မလဲ.."

"တပည့်တော်တို့မှာ ချက်ချင်းလိုက်လာဖို့ အလုပ်စည်းကမ်းအရ ခွင့်မရလို့ပါ။ နောက်ပြီး ပိုက်ဆံတွေ လွင့်ကျခဲ့တာကလည်း ဟိုင်းဝေးလမ်းတစ်လျှောက်ဆိုတော့ ဘယ်လိုက်ရှာလို့ ရှာရမှန်းကလည်း မသိ...။ ကံကောင်းလွန်းလို့သာ ခရီးအစမှာတင် ဒီရွာကို တည့်တည့်ရောက်လာကြတာပါ ဘုရား.."

"ကိုင်း...အဲဒီတော့ ဘယ့်နှယ့် လုပ်ချင်ကြသတုံး.."

"ငွေရသွားကြတဲ့ တခြားလူတွေဆီကတော့ ငွေပြန်တောင်းနိုင်ဖို့ သိပ်မဖြစ်နိုင်တော့ဘူး ထင်တယ် ဘုရား..။ ဒီတော့ အရှင်ဘုရား မြှုပ်ခဲ့တဲ့ ငွေအိုးရှိမယ့် နေရာလေးပဲ တပည့်



တော်တို့မှာ မျှော်လင့်စရာ ကျန်တော့တယ်။ အဲဒါလေး ပိုက်ပြီး မြို့ပြန်ရမှာမို့လို့ပါ"

ပြောလိုက်တော့မှ ဘုန်းဘုန်း ဆောက်တည်ရာမဲ့ဖြစ်သွားရလေတော့၏။ အေးချမ်းနဲ့သွန်းဆိုတာလည်း ရင်တထိတ်ထိတ်..

"ဘုန်းဘုန်းရယ်...ဒကာမတို့ကို ငွေအိုးရှိမယ့်နေရာလေး မိန့်ပါဦး ဘုရား.."

"တင်ပါ့ဘုရား...နောက်ဆုံး ငွေအိုးရှိမယ့်နေရာကို တည့်တည့်ကြီး မမိန့်နိုင်ရင်တောင် ဘုန်းဘုန်းဝါသနာအရ စကားထာလေးဖွက်လိုက်ပါဦး ဘုရား..။ တပည့်တော်တို့ စကားထာကို ရအောင်ဖြေပြီး ငွေအိုးသွားတူးရမှာမို့ပါ ဘုရား.."

"အောင်မလေး...ဒကာတို့ရယ်...ဒကာတို့ ပြောလိုက်တော့မှပဲ ဘုန်းဘုန်းလည်း နှလုံးသားမဲ့တဲ့ ဘုန်းကြီးကိုဖြစ်သွားရပါပေါ့လား။ ဘုန်းဘုန်းမှာ ဒကာတို့ငွေကို တပြားမှမတို့ခဲ့ပါဘူးဒကာ။ ထိုက်သူရပါစေဆိုပြီး ငွေကို အိုးထဲထည့်မြှုပ်ခဲ့တာပါ..။ အဲ...ဒါပေမယ့်..."

"ဒါပေမယ့်...ဘာဖြစ်လဲ..ဘုန်းဘုန်း.."

"ဘုန်းဘုန်းမှာ မေ့တတ်တဲ့ အကျင့်ရှိတယ်...။ ငွေအိုးမြှုပ်ခဲ့တဲ့နေရာကို ဘုန်းဘုန်းတကယ်ကို မေ့သွားပြီ..."

"ဟင်..."

"ရှင်..."

အေးချမ်းနှင့်သွန်း ကိုယ့်ကိုယ်ကိုယ် ဆယ်ပေါင်တုန်းနဲ့ ထုပြီးတော့သာ သေလိုက်ချင်တော့သည်။

www.burmeseclassic.com



မျှော်လင့်ချက်က တစ်စတစ်စနိုင်မာလာခဲ့ပြီးမှ ရုတ်ချည်းပျောက်သွားရပြန်၏။

"ဘုန်းဘုန်း..စဥ်းစားပါဦးဘုရား...။ ကပ္ပိယချက်ကြီး ပြောတော့ ဘုန်းဘုန်းက ငွေအိုးမြှုပ်ခဲ့တဲ့နေရာကို သိဖို့ စကားထာတစ်ခု ဖွက်ခဲ့သေးတယ် ပြောတယ်.."

"ဟုတ်တယ်...ဒကာတို့ ပြောတာဟုတ်တယ်...ခု အဲဒီစကားထာကိုပါ ဘုန်းဘုန်းမေ့နေတာ..။ ဘုန်းဘုန်းအပြစ်ပါ ဒကာတို့ရယ်။ ထိုက်သူရပါစေပြီး မြှုပ်ခဲ့တာတော့ ဟုတ်တယ်။ မြှုပ်ခဲ့တာလည်း ကြာပြီမို့လား.."

"ကြာဆို...တစ်လ..နှစ်လ...ရှိသေးတာပဲ ဘုန်းဘုန်းရဲ့..."

"ဟုတ်တယ်၊ အဲဒီ တစ်လ၊ နှစ်လအတွင်းကို ဘုန်းဘုန်း မြှုပ်ခဲ့တဲ့နေရာရော၊ ဖွက်တဲ့စကားထာပါ မေ့သွားတာ ဒကာနဲ့ဒကာမတို့ရယ်..."

"ဟင်း..."

"ဟင်း... ..."

သေရော...။

အဲဒီမှာတင် ပွဲက ပြတ်လေပြီ။

# (18)

တကယ်ဆို အေးချမ်းဒီလောက် စိတ်မြန်လက်မြန်လုပ်သာခဲ့ဖို့ မကောင်း။

မတတ်နိုင်...။ ပြန်ဆပ်ရမည့် ကြွေးပူက ရှိနေသည် ဟုတ်ပါလား။ ဒီတစ်ပတ်အတွင်း အေးချမ်းမှာ စုံထောက်တစ်ယောက်ရဲ့ ဉာဏ်ရည်ဉာဏ်သွေးတွေ တိုးတက်လာခဲ့သည်ဟု ဆိုရပေလိမ့်မယ်။

ငွေအိုးမြှုပ်ခဲ့တဲ့ နေရာကိုရော၊ ဖွက်ခဲ့တဲ့ စကားထာကိုပါ မေ့လျော့သွားပြီဆိုသည့် ဘုန်းဘုန်းကို အေးချမ်းတစ်ပတ်လုံး ဒိတ်အေးအေးထားကာ လေ့လာအကဲခတ်ခဲ့သည်။

ဘုန်းဘုန်းမှာ မရိုးသားမှု တစ်ခုမှမတွေ့ရ။ ဘုန်းဘုန်း ရိုးသားပါသည်။ ငွေအိုးမြှုပ်နှံထားသည့်နေရာကို တကယ်ပင် မေ့လျော့သွား၍ အေးချမ်းတို့အား မပြောပြနိုင်ခြင်း ဖြစ်ကြောင်း အေးချမ်းနားလည်ပါ၏..။

တစ်ရက်ကတော့ ထူးခြားမှုတစ်ခုကို ဘုန်းဘုန်း ကျိန်း

www.burmeseclassic.com

www.burmeseclassic.com



သည့် ခုတင် အနီးတဝိုက်မှ အေးချမ်း ခြေရာခံနိုင်ခဲ့လေ၏
အဲဒီ သဲလွန်စကတော့ သူးထံ ရေးသည့် ""ပေလွှာ ဝက်ဘာ""ဆိုသည့် ဝတ္ထုပင်ဖြစ်သည်။ ဘုန်းဘုန်းက ထိုစာအုပ်ကို အပိုင်ပင် ဝယ်ထားပုံထောက်တော့ အလွန်တရာ နှစ်မြို့က်လွန်းမည်မှန်း သိသာလှ၏။

ဒါနဲ့ အေးချမ်း ဖတ်ကြည့်ရာ စာအုပ်တစ်အုပ်လုံး ပေလွှာတစ်ချပ်ကို လိုက်ရှာထားသည့် အကြောင်းအရာများသာ ပြည့်နှက်နေ၏။ အဲဒီ ပေလွှာက ဘယ်ဆီဘယ်ဝယ်မှန်းလည်း မသိ။

သချာ်ပုံသေနည်းတွေ၊ စကားဝှက်တွေ ဖော်မြူလာအဆင့်ဆင့်တွေ သုံးပြီးရှာကြဖွေကြရာ နောက်ဆုံးလည်းကျေးရွာကလေးတစ်ရွာရဲ့ သုသာန်တစ်ခုအနီးက လက်ပံပင်ကြီးရဲ့အောက်မှာ ပေလွှာက ရောက်နေ၏။

အေးချမ်းတစ်စုံတစ်ရာကို နားလည်လိုက်သည်။ အချိမဆွဲချင်တော့။

""သွန်း…။ ဒီမှာပဲ ခဏစောင့်ရစ်ခဲ့နော်။ ငွေအိုးဘယ်မှာ မြှုပ်ထားနိုင်မလဲဆိုတာ ကိုယ် ခပ်ရေးရေးသိနေပြီ။ သွားရှာလိုက်ဦးမယ်‥""

""အယ်…သွန်းလည်း လိုက်ခဲ့မယ်လေ…""

""မလိုက်နဲ့သွန်း…။ သွားမှာက ရွာရဲ့ သုသာန်သင်္ချိုင်းမြေ ဆီကို‥။ ခုပဲ ညနေသုံးနာရီ ကျော်နေပြီ။ မိန်းကလေးတစ်ယောက်ကို ခေါ်ပြီးသွားရတာ အန္တရာယ်များပါတယ်



မလိုက်ခဲ့နဲ့နော်‥""

သွန်းက ငိုမဲ့မဲ့နှင့် ကျောင်းမှာကျန်နေခဲ့၏။

""ရှင်ဟာ သိပ်ခေါင်းအရှုပ်ခံနိုင်တဲ့ လူငယ်လေးတစ်ယောက်ပဲ။ မိန်းကလေးတစ်ယောက်ကို ချစ်ခွင့်ပန်လိုက်တာနဲ့ နောက်ဆက်တွဲ ကမောက်ကမဖြစ်မှုတွေအားလုံးကို ရှင်မို့ ကြံ့ကြံ့ခံပြီး ဖြေရှင်းနိုင်တယ်""လို့ တွေးရင်း ချစ်သူရဲ့ကျောပြင်ဆီသာ စိုက်ကြည့်ပြီး ကျန်ရစ်ခဲ့လေတော့၏။

ဒီလိုနဲ့ အေးချမ်း တပြွတ်ကြီးရွာရဲ့ သုသာန်သင်္ချိုင်းမြေရှိရာဆီသို့ ရောက်လာခဲ့လေပြီ။ တကယ်တော့ အဲဒီ သင်္ချိုင်းဟာ တပြွတ်ကြီးနဲ့ဒေါက်ကြီးကြားမှာ ရှိသည်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။

""ဟာ … …""

မျှော်လင့်ချက်အလင်းရောင်က ထပ်ပြီး ဝင်းကနဲဖြစ်သွားရပြန်သည်။

အဲဒါကတော့ သုသာန်ရဲ့ ကိုက်တစ်ရာဝန်း ကျင်လောက်မှာ ထီးထီးမားမား တွေ့လိုက်ရတဲ့ လက်ပံပင်ကြီး တစ်ပင်….။

ဘုန်းဘုန်းဟာ သူးထံ ခရေးစီးပဲ…။ စာဖတ်ပရိသတ်တွေမှာ သူတို့ခရေးစီးဖြစ်ရတဲ့ စာရေးဆရာတွေရဲ့ ဩဇာတွေ လွှမ်းမိုးမှုခံရသည်မှာ ဓမ္မတာပင်။

ခုလည်း ဘုန်းဘုန်းဟာ သူ ကောက်ရခဲ့သည့် ငွေကြေးများကို အိုးတစ်လုံးထဲ ထည့်ကာ သူးထံရဲ့ ဝတ္ထုထဲက ပေလွှာအတိုင်း မမြှုပ်နှံပါဘူးလို့ မည်သူပြောဝံ့မည်နည်း။

www.burmeseclassic.com



အေးချမ်း သုသာန်ထဲဝင်ကြည့်တော့ သုဘရာဇာတွေ အသုံးပြုထားသည့် ပေါက်တူးတွေ ပေါက်ပြားတွေ တွေ့ရသည်။

ပေါက်တူးတစ်လက်ကို ကိုင်ပြီး လက်ပံပင်အောက် ရောက်လာခဲ့ပြီ…

"ဒုတ်.. … …"

"ဒုတ်.. … …"

# (18-a)

"ဟင်… ဟာ…"

အခြေအနေက ငိုရခက် ရယ်ရခက်ပင်..။

ကျီစားနိုင်လွန်းတဲ့ ကံကြမ္မာရယ်..။

သူးထံ ဝတ္ထုထဲကအတိုင်း လက်ပံပင်ကြီးကို (ခပ် ကြောင်ကြောင်ဟုပင် ဆိုမလား)ထောင့်တွေ၊ ဒီကရီတွေတွက် ချက်ပြီး ပေလွှာရှိမည့်နေရာမှန်း၍ ဘုန်းဘုန်းမြှုပ်ခဲ့သည့် ငွေအိုး ကို စမ်းတဝါးဝါးတူးဖော်ရာ…။

"ဒုတ်…ဒု…"

ပေါက်တူးသံ ပြောင်းလဲသွားပြီမှန်း အေးချမ်းသတိထား မိ၍ လက်နှင့်ခပ်ဆွဆွယက်ပြီး တူးဖော်စဉ်…

"အိုး…တစ်လုံး…ဟာ ငွေအိုး…ငွေအိုး…"

မှန်၏..။ ဒီအထိ အေးချမ်းဟာ ခက်ခဲမှုကို အဆင့်ဆင့် ကျော်ကျော်နိုင်ခဲ့လေသည်။ ဘုန်းဘုန်း မြှုပ်နှံခဲ့သည့် ငွေအိုး အေးချမ်းလက်ထဲရောက်လာလေပြီ…။

www.burmeseclassic.com

www.burmeseclassic.com



သို့သော်…ငွေအိုး အဖုံးကို ဖွင့်လိုက်ချိန်မှာတော့…

"ဟင်… ဟာ…"

တက်ကြွဖျတ်လတ်နေသည့် အေးချမ်းမှာ ရုတ်ချည်းဆို သလို အံ့သြနားမလည်ခြင်းကြီးစွာနှင့် ငိုင်ကျသွားရလေတော့၏။

ဒါဆို ငွေအိုးထဲမှာ ငွေတွေ မရှိလို့လား…။ ရှိပါသည်။

သို့သော် တစ်သောင်းတည်းမှ တစ်သောင်းတည်းရယ်…

"မလည်ရှုပ်ကြီးလို့ လူတွေ ပြောကြတာကို ခုမှပဲ နားလည်တော့တယ်။ တစ်သောင်းတန်လေးတစ်ရွက် ကောက် ရတာကိုများ တယုတယနဲ့ အိုးထဲထည့်မြှုပ်ရသလားဗျ"

အေးချမ်းက ငိုသံကြီးနှင့် အော်နေလေ၏။

"နှိပ်စက်ပါ့ ဘုန်းဘုန်းရယ်။ တပည့်တော်တို့ မေးက တည်းက ငွေအိုးထဲမှာ တစ်သောင်းပဲရှိတာနော်လို့ မိန့်လိုက်လည်း ပြီးရောဟာ…။ ဒီ တစ်သောင်းအတွက်နဲ့ ဘယ်သူက တစ်ပတ် လုံး ခေါင်းအစားခံ အချိန်ကုန်ခံနေမှာတုံးဗျ…"

သွားပြီ…။ သိန်းလေးဆယ်လား သိန်းငါးဆယ်လား ထင်ထားသည့် မျှော်လင့်ချက်တို့ ကျိုးပဲ့ပျက်စီးလေပြီ။

တပြွတ်ကြီးသို့ အေးချမ်းတို့ ရောက်လာချိန်မှစ၍ ရွာ သားများ တိုင်ပတ်ကြသလို အေးချမ်းတို့မှာလည်း တိုင်ပတ်နေ ကြရ၏။

ခုတော့…မျှော်လင့်ချက်က စုန်းစုန်းမြုပ်လေပြီ။

"ဒီ တစ်သောင်းအတွက်နဲ့များ သချိုင်းကုန်းလာပြီး



တူးရတယ်လို့…ငါ့နှယ်နော်…"

စိတ်ပျက်လက်ပျက်နှင့် မြေကြီးအောက်မြှုပ်နေသည့် ငွေအိုးကို ပေါက်တူးနှင့် ဆွဲမလိုက်စဉ်…

"ဟင်… …"

ပေါက်တူးက တစ်စုံတစ်ခုနှင့် ညိနေ၍ အေးချမ်း သတိထားပြီး ဆက်တူးကြည့်ရာ…

"မြတ်စွာ ဘုရား…လူအရိုးစု တစ်ခု…"

မှန်၏…။

လူအရိုးဆိုတာတောင် တစ်ရိုးနှစ်ရိုးမဟုတ်ဘဲ၊ ခေါင်း၊ ခါး၊ ခြေ၊ လက် အစုံအလင် လူအရိုးစုဖြစ်နေသည်ကို ခြောက် ခြားစရာတွေ့လိုက်ရ၏။

"ဟင်…ဒါ…ဒါကြီးကရော…"

ဟောင်းနွမ်းဆွေးမြေ့နေသည့် အထုပ်တစ်ထုပ်ကို ဖွင့်ကြည့်လိုက်ရာ…။

"ဟာ…ဓားမြှောင် တစ်လက်…"

အေးချမ်း စိမ့်ကနဲ ကြက်သီးထသွားရသည်။

ဘာတွေလဲ။ လက်ပံပင်အောက် ငွေအိုးလာတူးရာ မမျှော် လင့်ဘဲ ဓားမြှောင်တစ်လက်နဲ့ အလောင်းတစ်လောင်းကို တွေ့ ရှိရပြန်သည်။

"ဒုက္ခပဲ…။ ငါတော့ ထပ်ပြီး ရာဇဝင်အိုး တူးတိုးမိ ပြန်ပြီနဲ့တူတယ်။ တစ်မှုက မပြတ်သေးဘူး။ နောက်တစ်မှုက တိုးပြန်ပြီ…။ ဘာတွေလဲ။ ဘာတွေလဲ…"

www.burmeseclassic.com

www.burmeseclassic.com



အချိန်က နွားရိုင်းသွင်းချိန်။

နေရာက သင်္ချိုင်းကုန်းမှာ··။

လူအရိုးစုတစ်စုနဲ့ ဓားမြှောင် တစ်လက်။

အေးချမ်း ဓာချေးများ ပျံလာသည်။ သိန်းနှစ်ရာ ပြန်မရလည်း နေပါတော့။ ဓားခုပ်ရာတော့ လက်ဝင်မလှို့ နိုင်။ ခုဟာက ဘာတွေမှန်းလည်း မသိ။

"ဒီနေရာက ငါ မြန်မြန်ပြန်မှ ဖြစ်လိမ့်မယ်··"

နေရာမှ အေးချမ်း အထ,မှာပင်···။

"နေရာတကာ ဝင်လျှာရှည်ချင်တဲ့ အကောင်ကိုးကွ··· ကဲ··လစ်ပေတော့···"

အေးချမ်းအနောက်မှ ထွက်လာတဲ့ စကားသံအဆုံးမှာပင်···။

"ဒုတ် ··· ···"

"အား··· ···"

ခေါင်းထဲ ပူကနဲ···။

အရာရာဟာ မှောင်အတိကျ····။

အဲဒီနောက် သူ ဘာဆိုဘာမှ မသိတော့···။

(19)

သူ့ကို သုတ်ချိုဖို့ ကောင်းကင်မှာ သိမ်းငှက်တွေ ဝဲပျံနေသလို ကန္တာရထဲမှာ အလေ့ကျပေါက်တဲ့ ကက်တက်(စ်)ပင်တွေရဲ့ ဆူးအရင့်ကြီးတွေကလည်း သူ့ ရင်ဘတ်ကို လာခြစ် မိနေ၏။

ရေမသောက်ရတာ ဘယ်လောက်ကြာပြီလဲ။ အာခေါင်တွေ နာကျင်နေရသည်မှာ တံတွေးပင် မမျိုနိုင်။

သူ ခြေလှမ်းများ ကြိုးစား၍ လှမ်းကြည့်သည်။ ခရီးက မတွင်။ နေရာမှပင် တုပ်တုပ်မလှုပ်။ စိတ်မလုံမလဲနှင့် သူ့အရိပ်ကို နောက်ပြန်လှည့်ကြည့်တော့ သဲမြေပြင်မှာ လာပေါ်နေသည့် အရိပ်က သူ့အရိပ်မဟုတ်။

ပျားတွေရဲ့ တဝီဝီမြည်သံလို အဆက်မပြတ်အသံတွေ နားထဲ တဝီဝီကြားယောင်နေရဆဲ။ အဆိပ်ပြင်းသည့် မြွေပို ကင်းမြီးကောက်လို တွင်းအောင်းသတ္တဝါတွေက သူ့ကိုလာတို လျှာတစ်လစ်ထုတ်ပြီး ကြိုဆိုနေကြ၏။

ကန္တာရကြီးထဲမှာ သူ တစ်ယောက်တည်း။

www.burmeseclassic.com



မြွေတွေ၊ ကင်းမြီးကောက်တွေ၊ သိမ်းငှက်တွေ၊ ကန္တာရ ဆူးပင်တွေနှင့်။ ကြောက်လန့်စရာ မျက်လုံးစိမ်းစိမ်းတွေနှင့်··။

"အား··· ···"

သူ အသားကုန် အာခြစ်ပြီး အော်လိုက်စဉ်မှာပင်···

"ကို ··· ···"

"အဲ ··· မြို့သား သတိရလာပြီ··"

"ဟာ··ကြည့်စမ်း။ သတိရလာပြီတော့···"

သူ့အား မျှော်လင့်တကြီး စောင့်ကြည့်နေကြတဲ့ သူတွေ။ အဲဒီအထဲမှာမှ ချစ်သူကို တွေ့ပြီး အားကိုးတကြီးနှင့်···

"ကို ဘယ်ရောက်နေတာလဲ···ဘာတွေ ဖြစ်ခဲ့တာလဲ ဟင်···"

"ကို ···သတိမေ့နေတာ···သုံးရက်ရှိပြီ··"

"ဟင် ··· ···"

သူ နည်းနည်းပြန်စဉ်းစားကြည့်လိုက်တော့ နောက်ဆုံး ရောက်ခဲ့တဲ့ နေရာဟာ သင်္ချိုင်းမြေက လက်ပံပင်ကြီးရှိတဲ့ဆီ။ နောက်···တစ်သောင်းတန်တစ်ရွက်ပဲရှိတဲ့ မြေအိုးတစ်လုံး···။

နောက်ပြီး လူအရိုးစုတစ်စုနဲ့ ဓားမြောင်တစ်လက်··။

"စကားတွေ အများကြီး မပြောပါနဲ့ဦး··။ အားရှိအောင် စွပ်ပြုတ်လေး ဝင်သလောက်သောက်လိုက်···။ ပြီးရင် အိပ်ရေးဝဝ အိပ်လိုက်ဦး။

စကားပြောသူကို အေးချမ်းတစ်ချက်ကြည့်လိုက်တော့ ကိုယ်နဲ့လုံးဝ မရင်းနှီးသည့် မျက်နှာစိမ်းလူတစ်ယောက်···။



ကြည့်ရတာ··တပြွတ်ကြီးရွာသားတော့ ဟုတ်ဟန်မတူ။

ချစ်သူ ခွံ့ကျွေးတဲ့ ကြက်ပေါင်းရည် ပူပူနွေးနွေးလေး ဝင်သလောက်သောက်ပြီး သူ မေးကာနဲ့ အိပ်ပျော်သွားရ၏။

နောက် တစ်ရေးနိုးလာတော့ အရင်လို ဝိုင်းအုံကြည့်နေသည့် လူများမရှိတော့ဘဲ၊ စောစောက မျက်နှာစိမ်း လူကပင် စတင်၍··

"ကိုယ့်လူ အရမ်းကံကောင်းတယ်။ ခင်ဗျား တကယ် သေရွာက ပြန်လာတာဗျ"

"ဘာ ··· ···"

"ဟုတ်တယ်။ တကယ်တော့ ခင်ဗျားဟာ တပြွတ်ကြီး ရွာရဲ့ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်၊ ဆယ့်ငါးနှစ်က ပဟေဠိတစ်ခုကို ဖော်ပေးခဲ့တယ်လို့တောင် ပြောလို့ရတယ်ဗျ···။

"ကျွန်တော်ဘာမှ နားမလည်တော့ဘူး။ ကျွန်တော့်ကို နားလည်အောင် ရှင်းပြပါဦး···"

"ဒီလိုဗျ··။ ကျုပ်က ချစ်သူနဲ့ လမ်းခွဲခဲ့ရလို့ စိတ်ညစ်ပြီး ရဲထဲဝင်သွားခဲ့တာ။ ခုဆို ရဲတပ်ကြပ်ကြီးဖြစ်နေပြီ။ ကျုပ်နဲ့ကျုပ်ချစ်သူ ဘာ့ကြောင့် ပြတ်သွားရလဲဆိုတော့ ဒီရွာက သူကြီးသား ဘိုကီးနဲ့အပေါင်းအပါတွေကြောင့်ပဲ။ သူတို့က ဘာရွက်လှုနဲ့တပြွတ်ကြီး မစပ်ယှက်ရဘူးလို့ ပါဝါတွေပြကြတယ် ဗျာ··။ ထားပါတော့···"

"ဘာတွေလဲ။ ကျွန်တော်တော့ နားမလည်နိုင်တော့ဘူး။ ကျွန်တော် ချောင်းအရိုက်ခံရတယ်လို့တော့ ထင်တယ်။ အဲဒါ

www.burmeseclassic.com

www.burmeseclassic.com



ဟုတ်လား..''

''အစစ်ပေါ့ဗျာ…ခင်ဗျား ချောင်းအရိုက်ခံရတယ်။ တကယ်တော့ ခင်ဗျားကို ချောင်းအရိုက်ခံရတာ ကြိုတင်ကြံစည်မှုမဟုတ်ဘူး။ ခင်ဗျားက ငွေအိုးသွားတူးတာမို့လား။ ဖြစ်ချင်တော့ ခင်ဗျား အလောင်းတစ်လောင်းနဲ့ ဓားတစ်လက် အမှတ်တမဲ့ ရှာတွေ့ခဲ့တယ်မို့လား…''

''ဟုတ်တယ်..''

''ခင်ဗျားကို နောက်ကနေ ဝင်တွယ်တဲ့သူကလည်း သူကြီးသား လူမိုက်ဘိုကီးပဲ။ တကယ်တော့ ခင်ဗျားကို သတ်ပစ်လိုက်ဖို့ဗျ။ ကံကောင်းချင်တော့ ခင်ဗျားကိုနောက်ကနေ ဝင်ရိုက်တုန်း ကျုပ်နဲ့တွေ့ပြီး ထွက်ပြေးတာ။ ခင်ဗျားကို သတ်တယ်ဆိုတာ အကြောင်းမဲ့ မဟုတ်ဘူးဆိုတာ ကျုပ်သိတယ်လေ။ ဒါနဲ့စခန်းကို အကြောင်းကြားပြီး ဘိုကီးနဲ့ သူ့အပေါင်းအပါ တွေကို မိအောင်ဖမ်း၊ ထွက်ချက်တွေ စစ်တယ်ဗျ။ ခင်ဗျား သတိမေ့နေတဲ့ ရက်ပိုင်းတုန်းကပေါ့…''

''ဩော်…ဆက်ပါဦး..''

''ခင်ဗျားတွေ့ခဲ့တဲ့ အရိုးစုက တပြွတ်ကြီးကနေ ဟိုးလွန်ခဲ့တဲ့ ဆယ်နှစ်လောက်က ပျောက်ခြင်းမလှ ပျောက်သွားတဲ့ မိနှစ်အလောင်း ဖြစ်နေတယ်။ အဲဒီတုန်းက ရွာတွေက ခုလောက်ဖွံ့ဖြိုးတိုးတက်မှုက မရှိတော့ ရဲရေးရဲရာတွေလည်း မရှိဘူး။ မိနှစ်မှာ ပျောက်သာသွားရတယ်။ မိနှစ်ကို ပြန်တွေ့ဖို့ ဘယ်တိုင်ရမှာမှန်းမသိသလို ဘယ်အဖွဲ့အစည်းကမှလည်း ထိထိ



ရောက်ရောက် အရေးယူ မပေးနိုင်ကြဘူး…''

''ဩော်… …''

''အဲဒါက လွန်ခဲ့တဲ့ အတိတ်က အနေအထားပေါ့ဗျာ။ ခု..ခင်ဗျားကို ဘိုကီးနောက်ကနေ ဝင်ရိုက်၊ သတ်ဖို့ကြံစည်တုန်း ထွက်ပြေးတဲ့ကိစ္စကျတော့ ရဲတပ်ဖွဲ့ဝင်ဖြစ်တဲ့ ကျုပ်ကိုယ်တိုင်က မျက်မြင်သက်သေလေ။ ဘိုကီးနဲ့အပေါင်းအပါတွေကို ထိန်းသိမ်းပြီး စစ်တော့…ဘိုကီးဟာ အဲဒီမိန်းကလေးကို အလိုမတူပဲ အဓမ္မပြုကျင့်ခဲ့ပြီး တစ်ခါတည်း နှုတ်ပိတ်သတ်ခဲ့တဲ့ အမှုဟောင်းက ပေါ်လာတယ်..''

''အာ….ဖြစ်မှ ဖြစ်ရလေ…''

''သတ်တာကတော့ ခင်ဗျားတွေ့ခဲ့တဲ့ ဓားနဲ့ ထိုးသတ်ခဲ့တာဗျ။ ပြီးတော့မှ လက်ပံပင်အောက်မှာ အလောင်းရော၊ ဓားပါ အစဖျောက်ပြီး မြှုပ်ပစ်ခဲ့ကြတာ..''

''ဟင်း… …''

သူ့ သက်ပြင်းကိုသာ လေးလေးတွဲ့တွဲ့ ချလိုက်မိတော့သည်။

ငွေပျောက်လို့ လာရှာပါတယ်။ ဘယ်နှစ်ခုနှစ်က အမှုတွေက ညောင်မြစ်တူး ပုတ်သင်ဥပေါ် ဆိုသလို လာပေါ်နေရတယ်ရယ် မသိ။

''ဖြစ်ချင်တော့ ဘုန်းဘုန်းကလည်း အဲဒီနေရာဟာ အလောင်းမြှုပ်ထားတဲ့နေရာမှန်း မသိ ဘာမသိနဲ့၊ သူ့ဖတ်ခဲ့တဲ့ ဝတ္ထုတွေထဲက နေရာနောက်ခံအတိုင်း ငွေတစ်သောင်းပဲရှိတဲ့

www.burmeseclassic.com



အိုး တစ်လုံးကို မြှုပ်ခဲ့တယ်ဗျာ…။ အဖြစ်အပျက်က ရယ်ရခက် ငိုရခက်ကြီး…အဟေး…ဟေး…”

“ဟုတ်ပါ့…ကျွန်တော့်မှာ ငွေတစ်သောင်းထဲပါတဲ့ အိုးကို သွားလည်းဖော်ရသေးတယ်။ ကံကောင်းလို့ အသတ်ခံရတော့မလို့..”

“ကဲ…ပြဿနာတွေ အားလုံးပြေလည်သွားပါပြီဗျာ။ ဘိုကီးနဲ့အပေါင်းအပါတွေကိုလည်း ကျုပ်တို့ တပ်ဖွဲ့က ဖမ်းချုပ်နေတာ ကြာပြီ။ ခက်တာက သူက ရှေ့က ပြဿနာတွေလုပ်သူ့အဖေက ငွေထုပ်ပိုက်ရှင်း၊ ကာယကံရှင်မိသားစုတွေက ကျေအေးသဘောတူနဲ့ ကျုပ်တို့က ဘာမှ မလုပ်ခဲ့နိုင်ကြဘူး။ ဒီ လူသတ်မှုမှာတော့ သူ့အဖေ သူကြီးဦးစိန်သောင်း ကိုယ်တိုင်တော်တော် တရားကျသွားတယ်။ ခင်ဗျား စဉ်းစားကြည့်ဗျာ။ မိန်းကလေး တစ်ယောက်ကို မုဒိန်းကျင့်၊ သတ်ဖြတ်ပြီး၊ အလောင်းဖျောက်ခဲ့တဲ့ ကိစ္စကြီးဗျာ…”

“အေးဗျာ..။ အဲဒီ မိန်းကလေးနဲ့ ပတ်သက်တဲ့ ကျန်ရစ်သူမိသားစုတွေ ဘယ်လိုများ ခံစားရရှာမလဲ မသိဘူး”

“သူတို့က ဘိုကီး မုဒိန်းကျင့်ပြီးသတ်ပစ်လိုက်လို့ သေသွားတယ်လို့ သိကြတာမဟုတ်ဘူးလေ။ သူတို့ သမီးလေး ပျောက်ခြင်းမလှ ပျောက်သွားတယ်လို့ပဲ ထင်ကြတာ။ ဘာပြောကောင်းမလဲဗျာ..။ မိနှစ်အမေလည်း သူ့သမီးစိတ်နဲ့ပဲ သေသွားရှာတယ်။ အမေလည်း ဆုံး၊ အစ်မဖြစ်သူလည်း ပျောက်ခြင်းမလှပျောက်သွားတာ ခံလိုက်ရတဲ့ မိနှစ် ညီမလေး မိသစ်ခမျာ



မှာတော့ အဲဒီကတည်းက ဦးနှောက်ထိခိုက်ပြီး ယဉ်ယဉ်လေးရူးသွားရရှာတယ်ဗျ..”

“ဟင်…မိသစ်..ဟုတ်လား…”

“ဟုတ်တယ်..မိသစ်..။ မိသစ်ဆိုတာ တခြားတော့ မဟုတ်ဘူး။ ကျုပ်နဲ့ မယူဖြစ်ဘဲ လမ်းခွဲခဲ့ရတဲ့ ချစ်သူဟောင်း မငွေးတင့်ရဲ့တူမ အရင်းခေါက်ခေါက်ပေါ့ဗျာ…”

“ဟင်… ချစ်သူဟောင်း…”

“ပြီးတာတွေလည်း ပြီးပါပြီဗျာ…။ သူကသာ အိမ်ထောင်မပြုဘဲ အပျိုကြီးလုပ်သွားတာ။ ကျုပ်က အိမ်ထောင်ကျ၊ ကလေးတစ်ယောက်ရပြီးလို့ မိန်းမက ဆုံးလို့တောင် မုတ်ဆိုးဖိုဖြစ်နေပြီကောရယ်..”

“ပြီးတာတွေ ပြီးပေမယ့် မပြီးတာတွေက မပြီးသေးဘူးဗျ…”

“ဟင်…ဘာတွေ မပြီးသေးလို့လဲ..”

“ခင်ဗျား ကိုခင်မောင် မဟုတ်လား..”

“ဘာရယ် …”

အေးချမ်းရဲ့ ဒက်ထိအမေးစကားကြောင့် ရဲတပ်ကြပ်ကြီး ကိုခင်မောင် ကျွတ်စကီးပြသွားရလေပြီ။

အပျိုကြီး မငွေးတင့်အိမ်ကို ညဘက်စာခြောက်ရုပ်တစ္ဆေလုပ်ပြီး ပိုက်ဆံတွေ သွားတောင်းစဉ်က မငွေးတင့် ကိုခင်မောင်ကို ဒီနေ့ထက်တိုင် ကြွေနေသေးကြောင်း အေးချမ်း ရိပ်မိထားသည် မဟုတ်ပါလား..။

www.burmeseclassic.com

www.burmeseclassic.com



''ခင်ဗျားက ကျုပ်ကို ခင်မောင်မှန်း ဘယ်လိုလုပ်သိတာလဲ…''

''သိဆို…မင်္ဂေးတင့်နဲ့ခင်ဗျားရဲ့ အချစ်ဇာတ်လမ်းက နာမည်ကြီးကိုးဗျ။ ဒီမှာကိုယ့်လူ။ ကလေးအဖေ မှတ်ဆိုးဖိုဆိုပြီး ကိုယ့်ကိုယ်ကိုယ် လျှော့မတွက်လေနဲ့။ ခင်ဗျားကို မငွေးတင့်စိတ်မကုန်သေးဘူး။ ခင်ဗျား အချစ်ကို မျှော်လင့်နေတုန်းရယ်..''

''ဟာ…ဟုတ်ပါ့မလား မြို့သားရာ။ ကျုပ်က သူ့ကို ရက်ရက်စက်စက် အသည်းခွဲခဲ့တာလေ။ ကျုပ်သူ့ကို ရင်မဆိုင်ရဲဘူး။ ဒီရွာကိုတောင် ခြေချဝံ့တာမဟုတ်ဘူး။ ဘိုကီးတို့ရှိတုန်းကလေ။ မဖြစ်သင့်တဲ့ ပြဿနာတွေ ဖြစ်ကြမှာစိုးလို့ပါ။ ကျုပ်တို့တောက ခင်ဗျားတို့ မြို့လိုမဟုတ်ဘူး။ တုတ်တပြက်ဓားတပြက်ရယ်''

''အဲဒီ ဘိုကီး အခု မော်စကိုရောက်သွားပြီ မဟုတ်လား…''

''ဟင်…ဘယ်က မော်စကို လဲ…''

''ထောင်၊ တန်း၊ အချုပ်ကို မြို့မှာ မော်စကိုလို့ ပြောကြတယ်။ ထားပါတော့ ခုတောင် ခင်ဗျား ကျွန်တော့်ကိစ္စနဲ့ ပတ်သက်ပြီး တပွတ်ကြီးထဲ နယ်ကျွံဝင်လာခဲ့ပြီပဲ…။ ကဲ.. ဘာလိုသေးလဲ..။ ဟိုကလည်း ခင်ဗျားအချစ်ကို မျှော်နေတာ''

''ဟင်..ဖြစ်…ဖြစ်ပါ့မလား…မငွေးတင့်ကို လွှမ်းခဲ့တဲ့ တစ်နှစ်လောက်က စိန်ပန်းဘုရားပွဲမှာ တွေ့တာ။ ကျုပ်ကို မြင်တော့ မျက်နှာရှစ်ခေါက်ချိုးနဲ့…''



''အမလေးဟဲ့…မိန်းမအထာအကြောင်းကို လူပျိုကလူအိုကို ပြန်သင်ပေးရဦးမှာလား။ မှတ်ထား။ မိန်းမတွေအချစ်က ဖရဲသီးနဲ့တူသဗျ။ အပြင်ပန်းကြည့်ရင်တော့ စိမ်းချင်စိမ်းနေလိမ့်မယ်။ ရင်ဘတ်ထဲ မြင်အောင်ကြည့်။ နှလုံးသွေးက ရဲမှရဲပဲ''

''ခ..ခ…ခင်ဗျား..ပြောတာ တကယ်နော်…''

''သြော်…တကယ်ပါဆို…လိုက်သွားစမ်းပါ..ရဲရဲ..''

''အဟီး…ဟီးဟီး..ဟဲဟဲ…သွားမယ်..သွားမယ်…ငွေးတင့်အချစ်..မောင်…တစ်ချိန်က မောင် ပြန်လာပြီ…သြော်..ပေးလှူ..နေဦးဗျ..''

ကိုခင်မောင်မှာ ခုပင် မိသစ်တို့အိမ်ဆီ လိုက်သွားတော့မယောင် ဟန်ပြင်ပြီးကာမှ တစ်စုံတစ်ရာကို သတိရသွားပြီး၊ အေးချမ်းလဲလျောင်းနေသည့် ခုတင်နားပြန်ကပ်ကာ…

''ခင်ဗျားအတွက် ဒီရွာက အတော်ဆုံး သမားတော်တစ်ယောက် ကျုပ်ပင့်ထားတယ်။ မကြာခင်လာလိမ့်မယ်..''

''ဟင်..ဘယ်က သမားတော်တုံး..''

''တပွတ်ကြီး ဆရာတုတ်လေ…။ ရောဂါမှန်သမျှ သူနဲ့တွေ့ရင်ပြေး…ပဲ..''

''ဗျာ…''

သတိလစ်မေ့မျောနေရာမှ ပြန်လည်နိုးထလာသည့် အေးချမ်းမှာ နုံးချိနွမ်းနယ်နေရာမှ တပွတ်ကြီးဆရာတုတ်ဆိုတဲ့

www.burmeseclassic.com

www.burmeseclassic.com



အသံလည်း ကြားရော ခြေမွေး၊ ခေါင်းမွေးများပင် ထောင်တက်ကာ လန့်ဖျန့်သွားရလေတော့၏။

"အဲ…ရှေ့မှာ အသံကြားတယ်။ ဆရာတုတ်ကြွလာပြီနဲ့တူတယ်။ ခင်ဗျား သက်သောင့်သက်သာ လှဲနေပါ။ ကျုပ်သွားပင့်လိုက်ဦးမယ်"

ရဲသားကြီး ကိုခင်မောင် ဒီနေ့အထူးပင် တက်ကြွဖျတ်လတ်နေ၏။ "စေတနာသည် ကံမည်၏" ဆိုတဲ့ စကားက တယ်လည်း မှန်ကန်လှချည်လား။

အခုပဲ ကြည့်…။ မြို့သားချောင်းအရိက်ခံရသည့် ကိုယ့်ကို ကိုယ်က မျှော်လင့်ချက်တစ်စုံတစ်ရာမထားဘဲ ရဲတာဝန်ထက်ကျော်ကာ ကူညီပေးခဲ့သည်။ ထိုသူက မဒွေးတင့် ကိုယ့်ကို ချစ်နေဆဲဖြစ်ကြောင်းကို သိနေသည့် သူ ဖြစ်နေပြန်၏။

တကယ်လို့ ဒီမြို့သားကို ကူညီကယ်တင် စကားစမြည် မပြောဖြစ်ပါက ကိုယ်ကိုယ်တိုင်လည်း တပွတ်ကြီးထဲ ခြေကျွံဝင်လာခဲ့စရာမရှိသလို၊ တစ်သက်လုံး လူမိုက်လုပ်နေကြသည့် ဘိုကီးနဲ့အဖွဲ့ကို ထိုက်သင့်သည့် အပြစ်ဒဏ် မပေးနိုင်သည့်အပြင် ကိုယ်လို မုဆိုးဖိုတစ်ယောက်အနေနဲ့ ချစ်သူနဲ့ ပြန်လည်တွေ့ဆုံဖို့ လုံးဝမှကို ဖြစ်နိုင်မည် မဟုတ်။

ခုတော့ ကြည့်စမ်း…။ ဒွေးတင့် သိပ်သိချင်သည့် မိနှစ်ပျောက်ဆုံးမှုလည်း သိရပြီ၊ ဘိုကီတို့ ထောင်ဒဏ်ကျခံရမှုအပေါ်လည်း သူမကျေနပ်နေပေလိမ့်မည်။ ဩော်…အရာရာဟာ…ကံ၊ ကံ၏ အကျိုးတွေပါပဲလား…။



"ဟာ…ဆရာတုတ်…လာဗျို့…။ ခုပဲ…လူနာသတိရလာတယ်"

"ကိုခင်မောင်…မတွေ့တာကြာလှပေါ့။ တွေ့ရတာ ဝမ်းသာသဗျာ.."

"မတွေ့ဆို..လူမိုက်တွေ စည်းခြားပေးခဲ့တဲ့ အတိုင်း နေခဲ့ကြရတာပဲလေ.."

"အဲဒီသတင်းတွေလည်း ကြားပါ့။ နောက်မှ ခင်ဗျားကို အေးအေးဆေးဆေးမေးပါဦးမယ်။ ခင်ဗျားတို့ဗျာ..။ လူနာ အရေးပေါ်ဖြစ်ဖြစ်ချင်း ကျုပ်ကို ပင့်တာ မဟုတ်ဘူး။ ကျုပ်က အစွမ်းပြချင်နေတာ.."

"ပင့်ဖို့ မပင့်ဖို့က ကာယကံရှင်ရဲ့ နှမဖြစ်တဲ့ မိန်းကလေးရဲ့ သဘောအပေါ်မှာလည်း မူတည်သေးတယ်ဗျ..။ သူက မိန်းတောဆရာနဲ့ မကုချင်ဘူး ပြောနေလို့…"

"အောင်မာ…"

"သုံးရက်မြောက် ဒီမနက်ကျမှ အဲဒီမိန်းကလေး ခွင့်ပြုချက်ရလို့ ကျုပ်ခင်ဗျားကို လာပင့်ရတာ ဆရာတုတ်ရေ.."

"ယုံကြည်စမ်းပါဗျာ…။ ကျုပ်မှာ နွားမစင်ကနေ ဖော်စပ်ထားတဲ့ သိဒ္ဓိဝင်အစွမ်းထက်တဲ့ ဆေးတွေ ရှိပါသဗျာ။ သုံးရက် မေ့မျောနေတဲ့သူ မပြောနဲ့။ နှစ်သုံးဆယ် မေ့မျောနေတဲ့ သူတောင် ကျုပ်ဖော်စပ်ထားတဲ့ နွားမစင် သိဒ္ဓိဝင်ဆေးစားပြီး ချက်ချင်း သတိရလာမယ်…။ ကဲ..ဘယ်မတုံး…လူနာ.."

"လာ…လာ…ရှိတယ်.."

www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုနဲ့ ဆရာတုတ်နဲ့ ကိုခင်မောင် အိပ်ခန်းထဲ ဝင်လာကြရာ…။

"ဟင်..ဘယ်မတုံး…လူနာ.."

"ဟောဗျာ…မြို့သား ဘယ်ရောက်သွားပါလိမ့်…"

ခုတင်ပေါ်မှာ လူနာက မရှိတော့…။

ပြတင်းပေါက်က တစ်ဆင့် ခုန်ဆင်းပြီး ဘုန်းကြီးကျောင်းဝင်းထဲကနေ ပတ်ပြေးလေပြီ။

ဟုတ်တယ်လေ…နွားချီးတော့ ဘယ်သူက စားနိုင်လိမ့်မတုံး…။

(20)

တောင်လေခေါ်ဆောင်ရာအတိုင်း ခရီးနှင်ခဲ့ကြတဲ့ ကသောင်းကနင်း 'ဘဲဥအစရှာ ရှာပုံတော်' ခရီး ဒီနေ့ အဆုံးသတ်ပါပြီ။

ခရီးစဉ်ရဲ့ ရည်ရွယ်ချက်က လုံးဝ မအောင်မြင်ခဲ့ပါ။

သိန်း နှစ်ရာ ပျောက်ဆုံးခဲ့မှုအတွက် နှစ်သိန်း ပင် မြန်မရခဲ့။ သို့သော် မြို့က ရှော့(ခ်)စုံတွဲနှင့် တပြွတ်ကြီးသူ၊ တပြွတ်ကြီးသားများရဲ့ သံယောဇဉ်ကတော့ ဖြတ်မရတဲ့ကြိုးတစ်လို ခိုင်မာခဲ့ရလေပြီ။

ဒီနေ့ အေးချမ်းတို့ ပြန်ကြတော့မှာမို့ ဘုန်းကြီးကျောင်းသို့ ရွာသူ၊ ရွာသားများ စုရုံးရောက်နှင့်နေကြလေပြီ။

"ဟာ…ဘာတွေလုပ်လာကြတာတုံး…။ အလကားအလှူရှာလို့ဗျာ…နေပါစေ"

ရွာပြန်လက်ဆောင်ဆိုပြီး သူကြီး၊ ဆရာတုတ်၊ တာလတော်မင်းဝေတို့က ပေးကြတဲ့ မြေပဲယို၊ ထန်းလျက်၊ ကြံသကာ၊

www.burmeseclassic.com

www.burmeseclassic.com



ထန်းမြစ်၊ ပျားရည်တို့က လှည်းတစ်စီးတိုက်စာ လောက်ရှိမည်။

ဒါတွေ သယ်ပြီး မြို့သို့ ဘယ်လိုခရီးဆက်ပါမည်လဲ။

"မြို့သား..ဟောဒါ ငါ့ဆွဲကြိုး...ယူကွာ.."

"ဟင်..."

မိုက်ကယ်ချက်ကြီးက သူ့လည်ပင်းက ဆွဲကြိုးအတုတ်ကြီး ချွတ်ပေးကာ ငိုသံပါကြီးနဲ့ ပြောလေ၏။

"ပြောရမှာတော့ ရှက်တယ်။ ဒီဆွဲကြိုးက အစစ်တော့ မဟုတ်ဘူး။ အတုကြီး၊ ပြန်ရောင်းရင် သုံးလေးသောင်းတော့ ရမယ်ထင်တယ်။ ငါ့မှာ ပေးစရာမရှိလို့ ရှိတဲ့ဟာ ထည့်ပေးရတာ..."

အေးချမ်းရော သွန်းပါ ရင်ထဲ ဆို့နင့်ကြေကွဲသွားရ၏။

အရီး မဌေးတင့်ကလည်း သူ့နားကပ်ကို ချွတ်ပြန်သည်။

"မြို့သား...ဒါ စိန်နားကပ်မဟုတ်ဘူး ကြောင်နားကပ်ကြီးပါ။ သိန်း နှစ်ဆယ်တန်တယ်ဆိုပြီး ညာအရောင်းခံလိုက်ရတာ။ မြို့သား ယူသွားပါ။ ပြန်ရောင်းရင် ငါးသောင်း တစ်သိန်းတော့ ရနိုင်လောက်တယ်"

"ဩော်...အရီးရယ်..."

ထိုစဉ် ဘုန်းကြီးကျောင်းအဆောက်အဦးထဲမှ တစ်စုံတစ်ရာ ကျကွဲသံကြားရရာ မိုက်ကယ်ချက်ကြီးက ခေါင်းတချက်ယမ်းလိုက်ပြီး...

"ငါ့ ဘကြီးဘုန်းကြီး သူ့ စုဗူးခွဲလိုက်တဲ့ အသံပါ။ မနက်ကတည်းက စုဗူးထဲသိမ်းထားတဲ့ ငွေပမာဏကို မှတ်ထား



တဲ့ စကားဝှက်ပျောက်လို့ ရှာနေတာ။ ခု..သူ စိတ်မထိန်းနိုင်တော့ဘူး ထင်ပါရဲ့။ ဘကြီးဘုန်းကြီး ကောက်ရခဲ့တာ ငွေတစ်သောင်းထဲပါ။ မင်းတို့ အဖြစ်ကို သူ မကြည့်ရက်လို့ စုဆောင်းထားတဲ့ ပိုက်ဆံတွေ ခြစ်ခြုပ်ပြီး ရှာနေတာ..."

"ဟာ..မဟုတ်တာကွာ..ဂျန်နစ်တယ်..ဘုန်းဘုန်းကို သွားတားစမ်းကွာ။ မင်းတို့ အားလုံးတာဝန်ကျေကြပါတယ်။ မင်းတို့မှာ ပိုက်ဆံပြန်လျော်ပေးလိုစိတ် အပြည့်ရှိကြတယ်ဆိုတာ ငါ ယုံပါတယ်။ ဘာတတ်နိုင်မှာလဲ။ ငါတို့ ကံတရားပါ"

သူကြီးမှာ အေးချမ်းစကားကြောင့် မျက်ရည်ဝိုင်းတက်သွားရပြီး...

"ဒါဆို...မြို့သား ကျုပ်တို့ကို တကယ် ခွင့်လွှတ်တယ်ပေါ့"

"အဲဒီ စကားက ကျွန်တော်ပြောရမှာပါ သူကြီး။ ကျွန်တော့်ကို သူကြီးခွင့်လွှတ်နိုင်ရဲ့လား၊ ကိုဘိုကီးထောင်ကျမှုနဲ့ ပတ်သက်ပြီးတော့လေ"

"ခွင့်လွှတ်နိုင်ရုံတင်မကဘူး။ ကျေပါ ကျေနပ်ပါတယ်။ လူမိုက်ကို လူမိုက်နေရာ သွင်းသွားနိုင်သူဆိုလို့ မင်းတစ်ယောက်ပဲ ရှိတယ်"

"ဩော်...သူကြီးရယ်.."

သွန်း စိတ်မကောင်းပါ။ မိမိသား ထောင်ကျသည့်ခြင်းကိုပင် ကျေနပ်စွာ နားလည်မှုပေးနိုင်တဲ့ ရွာလူကြီး။

"သူကြီးရယ်..သူက လူမိုက်ကို လူမိုက်နေရာ ပို့ပေး

www.burmeseclassic.com

www.burmeseclassic.com



ခဲ့ရုံတင်မကဘူး။ အကြောင်းအမျိုးမျိုးကြောင့် မဆုံဆည်းခဲ့ရတဲ့ ချစ်သူနှစ်ယောက်ကိုပါ ဖူးစာရေးနတ်လုပ်ပေးသွားနိုင်ခဲ့သူပါ..”

ကိုခင်မောင်က ခေါင်းတယမ်းယမ်းနှင့် မချေးတင့်ပန်း ကို ဖက်ထားလေ၏။

“အေးကွာ...မင်းက ဧည့်သည်ဆိုပြီး တို့ရွာကိုခဏလာပြီး တာဝန်ကျေအောင် လုပ်ပေးသွားနိုင်ခဲ့ပေမယ့် မင်းဆန္ဒကျတော့ တို့ မဖြည့်ဆည်းပေးနိုင်ခဲ့ဘူး..”

ပိုက်ဆံ ပြန်မပေးနိုင်တဲ့အပေါ် ဝမ်းနည်းပက်လက်ဖြစ်နေလေတဲ့ တာလပတ်မင်းဝေရဲ့ စကား..။

“ဒီလိုတော့လည်း မဟုတ်သေးပါဘူး။ ခင်ဗျားတို့လည်း ကျွန်တော့်အသက်ကယ်တင် ပေးခဲ့နိုင်တာပဲလေ..။

“ဒကာ..ဟောဒီမှာ ကျုပ်စုထားတာ ငါးသောင်းရှိတယ်။ စိတ်သန့်သန့်နဲ့သာ ယူသွားချေ။ ကျုပ် တတ်နိုင်တဲ့ဘက်က ဝင်ကူညီပေးတယ် သဘောထား...”

“တင်ပါ့ဘုရား...”

ဖြစ်နိုင်ရင် ဘုန်းဘုန်း ဝတ္ထုငွေကို မယူရက်။

သို့သော်...ရေနစ်သူအတွက် နောက်ဆုံး မြက်တစ်ပင် သဘောထားပြီး ယူခဲ့ရသည်။

အချိန်တွေ လင့်လာခဲ့လေပြီ။

နွားလှည်းမောင်းမယ့် အမှန်တရားဘက်တော်သား ကိုဆန်းအေးကြီးက ပေါ်မလာသေး။

“ဟဲ့..ဆန်းအေး ဘယ်မတုံး..”



“ကဲပါဗျာ..လာ..ကျုပ် မောင်းပို့ပါ့မယ်..”

မိုက်ကယ်ချက်ကြီးမှာ မြို့သားတို့ ကားမမှီမည်စိုး၍ နွားလှည်းတက်မောင်းမည် ပြုရာ...။

“ဟာ...ဟိုမှာ...ဆန်းအေး...”

“ဟယ်...ဆန်းအေး...အမောတကော ပြေးလာပြီ..” မှန်ပါ၏။

ဆန်းအေးမှာ ဖုန်လုံးတွေ အလိပ်လိပ်ထွက်သည်အထိ အမောတကောပြေးလာနေသည်ကို သူတို့တွေ ဟိုးအဝေးကပင် မြင်နေကြရသည်။

“ချက်ကြီး...စောင့်ဦး...ဆန်းအေး ကြည့်ရတာ မြို့သားတွေကို တစ်ခုခုပြောချင်ပုံရတယ်...”

ဒုက္ခပါပဲ...ကားမမှီမှ ဒုက္ခ..။

နဂိုကမှ အရောက်နောက်ကျနေတဲ့ ဆန်းအေးကို စောင့်လို့ နောက်ကျရတဲ့ကြား၊ နွားလှည်းထွက်တော့မည့်ဆဲဆဲ ကျမှ အဝေးကနေ အမောတကောပြေးလာတဲ့ ဆန်းအေးကို အချိန်ထပ်ပေါင်းပြီး စောင့်ရပြန်လေသည်။

“မြို့သား..မသွားနဲ့ဦး...မသွားနဲ့ဦး..ခဏနေဦး..”

ဆန်းအေးက အဝေးကနေ အသားကုန် အာခေါင်ခြစ် အော်နေ၏။

ဒီလိုနဲ့ ဘုန်းကြီးကျောင်းနားက အေးချမ်းတို့ ထိုင်နေရာ နွားလှည်းနား ရောက်တော့ ဆန်းအေး အမောစို့နေလေပြီ။

“ငါ ... ငါ...”

www.burmeseclassic.com

www.burmeseclassic.com



အမှန်တရား ဘက်တော်သား စကားဆက်မပြောနိုင်။ ဟောဟဲ..ဟောဟဲနှင့် အမောစို့လျက်ရှိပြီး သူ့အင်္ကျီထဲမှာ ထည့်ထားတဲ့ တစ်စုံတစ်ရာကို ဆွဲထုတ်လိုက်ပြီး…

"ရော့…ယူသွား.."

"ဟာ…"

"ဟင်…"

"ဟယ်…"

"ဆန်းအေး..ဆန်းအေး…ဒီငွေတွေ ဘယ်ကရတာလဲ"

မှန်၏။ ငွေက ငါးသိန်း ခြောက်သိန်းလောက် ရှိပေလိမ့်မည်။ ဒီငွေတွေကို ဆန်းအေး ဘယ်ကရပါလိမ့်…။

"ငါ..ငါ…မင်းတို့ဆီက ကောက်ရတဲ့ ပိုက်ဆံနဲ့ကျွဲတွေ၊ နွားတွေဝယ်လိုက်တာ ကုန်သွားပြီ။ အဲဒီ ကျွဲနွားတွေလည်း သေကုန်ကြတာမို့ မင်းတို့ကို ငါ ပိုက်ဆံပြန်ပေးချင်ပေမယ့် မပေးနိုင်ဘူး..ခု..ခု…ဒီပိုက်ဆံက.."

ဆန်းအေး ဆက်မပြောနိုင်သေးပဲ အမောစို့နေပြီး…။

"ငါ့အဘွား မသေမီငါ့ကို ပေးခဲ့တဲ့ တစ်ခုတည်းသော အမွေလေးလေ…။ ရွှေဒေါင်းဘယက်ကလေး။ မြို့တက်ရောင်းပြီး ရသမျှ မင်းတို့ကို အမီလာပေးတာ.."

"ဘာ …"

"ဟယ်…"

"ဆန်းအေးရယ်…"

"မင်းတို့ ပြန်မယ်ဆိုတော့ ငါ ညက တစ်ညလုံး အိပ်



မပျော်ဘူး။ မြို့ရောက်ရင် မင်းတို့ရင်ဆိုင်ရဦးမယ့် အခက်အခဲတွေကို ငါးနားလည်တယ်။ ငါ တာဝန်မမဲ့ချင်ဘူး။ **လူဆိုတာ ကိုယ့်ရဲ့ လုပ်ရပ်တိုင်းကို ဘယ်အချိန်ပဲ နောက်ပြန်လှည့်ကြည့် လှည့်ကြည့် လိပ်ပြာလုံနေဖို့ လိုတယ်။ ဒါမှ သေငယ်ဇောနဲ့ မျောတဲ့အချိန် နောက်ကျောလုံလုံနဲ့ ဘဝကူးကောင်းမှာ…"**

ဆန်းအေးရဲ့ ဒဿနစကားမှာတင် တစ်ရွာလုံး ငိုင်ကျသွားကြလေပြီ။

သာမန် တောသားတစ်ယောက်။

သို့သော် သူ့လုပ်ရပ်အပေါ် သူ တာဝန်ယူမှုက သူ့ရဲ့ ကောင်းဆန့်လွန်းလှ၏။

ဆန်းအေး လုပ်ရပ်က တစ်ရွာလုံးကို အရှက်ရစေခဲ့သည်။

ပိုက်ဆံ ပြန်ဆပ်လိုလှပေမယ့် အမှန်တရားဘက်တော်သား ဆန်းအေးလောက် သတ္တိမရှိဝံ့ကြသူများ အတွက် အခုနေ ဓားတစ်ချောင်းများ ပစ်ပေးကြည့်လိုက်ပါက ကိုယ့်မျက်နှာကိုယ်လှီးကြမည့် သူများပင်..။

"သွားမယ်နော်..အားလုံးကို နှုတ်ဆက်ခဲ့ပါတယ်…"

တစ်ရွာလုံး တိုးတိတ်နှုတ်ဆိတ်ငြိမ်သက်…။

မိုးပေါ်ကနေ ပိုက်ဆံတွေ ကျလာခဲ့တာတော့ ဟုတ်ပါပြီ။ အဲဒီ ပိုက်ဆံတွေကို ဘယ်သူတွေ ဘယ်နေရာမှာ ကောင်းကောင်း အသုံးချနိုင်ခဲ့ပါသလဲ။

လူတိုင်း မေးခွန်းကိုယ်စီတွေနဲ့…။

www.burmeseclassic.com

www.burmeseclassic.com

…နှစ်လခန့် ကြာသောအခါ…

(21)

ကိုယ်ရွေးချယ်ခဲ့တဲ့ လမ်းမို့ လောကကြီးဟာ သံတိုင်တွေ ခြားသွားလည်း တုန်လှုပ်စရာတော့ သိပ်မရှိလှပါ။

သူ အချုပ်ကျနေသည်မှာ ကြာပြီ။

ဥပဒေဆိုသည်မှာ လူတစ်ဦးတစ်ယောက်ချင်းအတွက် သီးသန့် သုတေသနလုပ်ပြီး ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ လူအများ၊ နိုင်ငံတစ်နိုင်ငံစာ၊ တစ်ကမ္ဘာလုံးအတွက် ရည်ရွယ်ပြဋ္ဌာန်းထားခြင်း ဖြစ်လေရာ…

တစ်ခါတစ်ရံ ဆေးခြောက်တစ်ကျပ်သားလောက် လက်ဝယ်တွေ့ရှိမှုနဲ့ ထောင်ခြောက်နှစ်ခန့် ကျသူက ကျပြီး၊ ကမ္ဘာအနှံ့ မူးယစ်ဆေးဝါးဖြန့်ဖြူးနေသည့် မာဖီးယားဂိုဏ်းခေါင်းဆောင်များကတော့ နန်းတော်တမျှ ခန်းနားလှသည့် ရဲတိုက်တွေထဲ နတ်စည်းစိမ် အပြည့်နှင့် နေထိုင်နေကြသည်မှာ စဉ်းစားလေ ရယ်စရာကောင်းလေပင်။

သိန်း နှစ်ရာ ပျောက်ဆုံးမှုနဲ့ပတ်သက်ပြီး Orchid သို့

www.burmeseclassic.com

www.burmeseclassic.com



ငွေဆယ်သိန်း ပြည့်အောင်ပင် ပြန်မအပ်နိုင်ကတည်း က ဖြစ်သမျှ လည်စင်းခံလိုက်ရုံဟုသာ သူ ဆုံးဖြတ်ထားခဲ့သည်။

ဖြနှစ်လုံးလုံးလက်တွဲ အလုပ်လုပ်လာသည့် အလုပ်ရှင် အပေါ်လည်း သူ သိပ် စိတ်ခု လှတယ်တော့ မဟုတ်။

"ဆုံးရှုံးခဲ့ရတဲ့ ပိုက်ဆံက သိန်း နှစ်ရာ။ မင်းတို့ ပြန်ဆပ်နိုင်တာက ဆယ်သိန်းတောင် မပြည့်ဘူးဆိုတော့ ဒီကိစ္စနဲ့ပတ်သက်ပြီး ကိုယ်တစ်ယောက်တည်း ဆုံးဖြတ်ချက်ချ လို့တော့ မရတော့ဘူး။ ဘုတ်အဖွဲ့က ဆုံးဖြတ်တာကို မင်းတို့ နာခံရလိမ့်မယ်...."

MD ဦးမင်းပိုင် ပြောကြားခဲ့လေတဲ့စကား...။

သူကတော့ MD ကို တစ်ခုပဲ တောင်းဆိုခဲ့လေသည်။

"ဒီကိစ္စနဲ့ပတ်သက်ပြီး ကျွန်တော်တို့နှစ်ယောက် ရိုးသားတယ်ဆိုတာ ကျွန်တော်သက်သေပြနိုင်ပါတယ် အန်ကယ်။ ငွေပျောက်တဲ့နေရာ၊ ငွေတွေရသွားတဲ့ ရွာ။ ငွေတွေသုံးဖြုန်းပြီး ပြန်မဆပ်နိုင်ကြတဲ့ရွာသားတွေကို စာရင်းနဲ့တကွ ကျွန်တော်တင် ပြနိုင်ပါတယ်။ ဒါပေမယ့် ကျွန်တော့်ကို အမှုဖွင့်အရေးယူ တရားစွဲမယ်ဆိုလည်း ကျွန်တော်လက်သင့်ခံရမှာပါပဲ။ တာဝန် ဝတ္တရားပေါ့လျော့မှု ဆိုပါတော့။ ကျွန်တော် တစ်ခုပဲ တောင်း ဆိုချင်တာက...."

သူ လေးလေးနက်နက်နှင့် MD ကို စိုက်ကြည့်လိုက်ရင်း

"သွန်းကို အမှုထဲ ဆွဲမထည့်ပေးဖို့ပါ..."

သွန်းမှာ ရွာက ကိုဆန်းအေးကြီးရဲ့ တာဝန်ယူမှုအပေါ်



အံ့အားသင့်ပြီးတဲ့နောက်၊ ချစ်သူရဲ့ ကာကွယ်မှုအပြည့်နဲ့ တာဝန် ယူမှုကို ထပ်မံတွေ့ရပြန်လေရာ ဝမ်းနည်းလွန်း၍ မျက်ရည်များ သူ့အလိုလို စီးကျလာရလေတော့၏။

"ကောင်းပြီလေ..ကိုယ် နာယကကြီးကို တင်ပြပေး ပါ့မယ်.."

ဒီလိုနဲ့ နောက်ဆုံးမှာတော့...

"မင်းတို့ နှစ်ယောက် ရိုးသားမှုရှိတယ်ဆိုတာ အတိုင်း အတာတစ်ခုအထိ ကိုယ်တို့ ယုံကြည်ပေးလို့ ရပါတယ်။ ဒါပေမယ့် ပျောက်ဆုံးခဲ့တဲ့ ငွေပမာဏကများလွန်းတော့ ကိုယ် တို့ဘက်က neglect လုပ် (လျစ်လျူရှု)လို့ မရပါဘူး။ ဒါဘုတ်အဖွဲ့ရဲ့ အဆုံးအဖြတ်ပါ။ ကိုယ်တို့က လူအများနဲ့ အလုပ်လုပ်ရ တာလေ။ မင်းတို့နှစ်ယောက်ကို လွှတ်ပေးလိုက်ရင် နောက်နောင် အခြားဝန်ထမ်းတွေပါ မင်းတို့လုပ်ရပ်အတိုင်း ပုံတူကူးချပြီး ကိုယ်တို့ကို တစ်ပတ်ရိုက်သွားရင် မခက်ချေဘူးလား.."

MD စကားကို သူ လက်ခံပါသည်။

မှန်၏...တစ်ခါတစ်ရံ လူဆိုး၊ လူယုတ်မာများအတွက် ဆုံးမရာကောင်းဖြစ်စေရန် လူကောင်းတချို့ ဒီလိုပဲ လည်စင်းခံ ပေးရလေ့ ထုံးစံရှိတယ် မဟုတ်ပါလား။

ဒီလိုနဲ့ သူ့ကို ငွေသိန်းနှစ်ရာပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီး အချက် အမျိုးမျိုး၊ ပုဒ်မအမျိုးမျိုး တပ်ကာ တရားစွဲခဲ့ကြသည်။ သွန်းကိုတော့ ပ,လပ်ပေးလိုက်၏။

သူ အခု အချုပ်ကျနေသည်မှာ ကြာပြီ။

www.burmeseclassic.com

www.burmeseclassic.com



ခုလောက်ဆို Orchid ဆိုင်ထဲမှာလည်း ဝေဖန်သံတွေ ဆူညံနေပေလိမ့်မည်။

တချို့က သွန်းနှင့်အေးချမ်းဘက်က ထောက်ခံကြပြီး၊ တချို့လည်း သခင်အလိုတော်ကျ အလုပ်ရှင်ဘက်မှ ထောက်ခံနေကြပေလိမ့်မည်။

"အပျိုကြီးမထားကတော့ သွန်းကိုပဲ ကွယ်ရာမှာ အပြစ်တင်နေတယ်။ အေးချမ်းအခု မရိုးမဖြောင့် ဖြစ်သွားတာ သွန်းကြောင့်…တဲ့"

သွန်းက အေးချမ်းကို အချုပ်လာတွေ့စဉ် သံတိုင်တွေရှေ့မှ စိတ်မသက်မသာနှင့်ရယ်ကာ ပြော၏။ သွန်းကိုလည်း သူတို့ အလုပ်ထုတ်ခဲ့ကြပြီလေ။

သူ ယဲ့ယဲ့ကလေးသာ ပြုံးနေမိ၏။

ဒီနေ့ သူ့ကို အမှုစစ်အရာရှိက အချုပ်မှ ထုတ်ကာစစ်ဆေးမည့်နေ့လေ…။

ဟူး…ရက်စက်လွန်းတဲ့ ကံကြမ္မာရယ်..။

အေးချမ်းနှင့်သွန်း သံတိုင်များခြား၍ ပြောစရာစကားလုံးများ ကင်းမဲ့လျက် တစ်ယောက်ကိုတစ်ယောက် မျက်ရည်များစီးကျလျက်နှင့် လေးလေးနက်နက်စိုက်ကြည့်နေစဉ်…

ရဲစခန်း အပြင်ဘက်မှ ရုတ်တရက်ဆိုသလို ရုတ်ရုတ်သဲသဲကိစ္စတစ်ခု ဖြစ်ပေါ်လာလေသည်။

"ကျုပ်တို့ရဲ့ မြို့သား အေးချမ်းသွန့်အောင်ကို ခုချက်ချင်း အချုပ်ကနေ ပြန်လွှတ်ပေး။ အဲဒီ သူဌေးဆိုတဲ့ လူစိတ်မရှိတဲ့



လူကို ခေါ်လိုက်။ အေးချမ်းကို ရွေးဖို့ ကျုပ်တို့မှာ ငွေသိန်းနှစ်ရာမက ပါလာတယ်…"

ရဲစခန်းရှေ့သို့ ရောက်ရှိလာကြတဲ့ လူစုလူဝေးတစ်သိုက်။

တစ်ဖွဲ့လုံး ခုမှ တောကတက်လာကြမှန်း ကြည့်ရုံနှင့်ပင် သိသာလွန်းပေသည်။

'နီးစပ်ရာ ဘုန်းကြီးကျောင်းမှာ ဝင်တည်းပလိုက်မဟဲ့' ဆိုပြီး ဖျာလိပ်တွေ ထမ်းပိုး၊ ထန်းခေါက်ဖာတွေ ခါးစောင်းတင်တဲ့သူကတင်၊ ချက်ဖို့ပြုတ်ဖို့အတွက် လိုအပ်မယ့် ဒယ်အိုး၊ အိုးခွက်တွေ အပြည့်ထည့်ထားတဲ့ ခြင်းတောင်းကို ခေါင်းမှာ ရွက်တဲ့သူက ရွက်နှင့်…

"ဟင် … …"

"အဲ … …"

ကြားလိုက်ရတဲ့ ခပ်စာစာအသံကြောင့် အေးချမ်းရော၊ သွန်းပါ တစ်ယောက်ကိုတစ်ယောက် အံ့သြစွာ ကြည့်မိကြရင်း..

"ဒါ…အရီးမငွေးတင့် အသံပဲ…"

ပြိုင်တူရွတ်ဆိုမိကြလေတော့၏။

နောက်ထပ် ပြိုင်တူရွတ်ဆိုတဲ့ စကားက…

"ဟင်…သူက ဘယ်ကနေ သိန်းနှစ်ရာရပြီး လိုက်လာတာလဲ.."

www.burmeseclassic.com

www.burmeseclassic.com

## (22)

ရင်နှင့်စရာလည်းကောင်းသလို၊ မျက်ရည်လည်းရလောက်အောင် အထိလည်း ကြည်နူးစရာကောင်းလှပါသည်။

မြို့ထဲက ရဲစခန်းအဝန်းအဝိုင်းလေးထဲမှာပါ‥။

တာဝန်ကျစခန်းမှူး၏ ဆက်သွယ်ပေးမှုကြောင့် အမှုဖွင့်အရေးယူထားသူ သူဌေးဦးမင်းဟန်လည်း ရောက်ရှိနေသလို အေးချမ်းကိုလည်း အချုပ်ကနေ ထွက်စေကာ ဧည့်ခန်းအတွင်းသို့ ခေတ္တခဏထုတ်ထား၏။

ကဲ…ငွေကျပ်သိန်း နှစ်ရာပျောက်ဆုံးမှုနှင့် ပတ်သက်သည့်သူများ အားလုံးစုံလင်လေပြီ…။

"မြို့သား…။ မြို့သားရယ်…။ အို…ဖြစ်မှ ဖြစ်ရလေတယ်‥"

"ဟာ‥တစ်ရွာလုံး လိုက်လာကြတယ်‥"

မှန်၏။

မိုက်ကယ်ချက်ကြီး၊ ဦးပဋ္ဌင်း၊ ဆေးဆရာဦးတုတ်ကြီး



သူကြီး၊ တာလပတ်မင်းဝေ၊ အရီးမငွေးတင့်၊ သွန်းသစ်သွယ်သူ့ရဲ့သားကြီးကိုခင်မောင်၊ ကိုဆန်းအေးတို့ကို စုံစုံလင်လင်တွေ့လိုက်ရ၍ သွန်းရောအေးချမ်းပါ အံ့သြမဆုံး။

ရွာသူ၊ ရွာသားများမှာလည်း သူတို့ကြောင့် မြို့သားခမျာ ခါးစည်းခံပြီး အချုပ်ကျနေရခြင်းအပေါ် နင့်နေအောင်ခံစားနေကြရ၏။

Orchid ပိုင်ရှင် သူဌေးဦးမင်းဟန်ဆိုတာလည်း သူ့ဆိုင်ဝန်ထမ်းများအပေါ် ခင်တွယ်လွန်းသည့် ရွာသားများကိုကြည့်ရင်း အံ့သြမဆုံးတော့ပေ။

"တင်ပြခွင့်ပြုပါ စခန်းမှူး‥။ ကျွန်တော် (   )ခရိုင်၊ (   )မြို့၊ (   )ရွာက ရဲတပ်ကြပ် ခင်မောင်ပါ…"

ဟိုက်…ရှားလပတ်(စ်)‥။

စခန်းမှူးက ပြုံးရင်း ခေါင်းညိတ်ပြ၏။

"ကျွန်တော်တို့အဖွဲ့ မြို့တက်ပြီး အေးချမ်းညွန့်အောင်ကို ရှာတော့။ သူ့ရဲ့အလုပ်ကလူတွေက ငွေသိန်းနှစ်ရာပျောက်ဆုံးမှုနဲ့ ပတ်သက်ပြီး အေးချမ်းကို ထိန်းသိမ်းထားတယ်ဆိုလို့ ကျွန်တော်တို့ စခန်းလိုက်လာကြတာပါ…"

"ဟုတ်ပါပြီ‥ဆက်ပြော…"

"အခု…ကျွန်တော်တို့မှာ အေးချမ်းကိုပြန်ရွေးဖို့ သိန်းနှစ်ရာပါလာပါတယ် စခန်းမှူး။ အမှုဖွင့်သူနဲ့ ကျွန်တော်တို့ကို ညှိနှိုင်းပေးစေလိုပါတယ်"

"ကောင်းပြီလေ‥ဟောဒါက အေးချမ်းညွန့်အောင်ကို

www.burmeseclassic.com

www.burmeseclassic.com



အမှုဖွင့်တဲ့ အလုပ်ရှင်ဦးမင်းဟန်။ အမှုဖွင့်တာက ဖွင့်တဲ့သူ ကျေနပ်ရင် ပြန်ပိတ်ပေးလို့ရပါတယ်။ မင်းတို့အချင်းချင်း ညှိကြ။ စကားပြောကြ..."

စခန်းမှူးက ဟိုဘက်၊ ဒီဘက် ဒဲ့တွေပေးလိုက်လေသော အခါ အရီးမဌေးတင့်က ပုဆိုးနှင့်ကျစ်ကျစ်ပါအောင် ထုတ်ထားတဲ့ အထုပ်ကြီးတစ်ထုပ်ကို စားပွဲပေါ် ဘတ်ကနဲ ပစ်တင်လိုက်ရင်း..

"သူဌေး ပျောက်သွားတဲ့ငွေ သိန်းနှစ်ရာတည်း မဟုတ်လား..."

ဟိုက်(ရှ)ရှားပါး။ သူဌေးတော့ ဘယ်လိုနေမယ်မသိ-- အေးချမ်းနှင့်သွန်းပင် မဌေးတင့်ကို ဖျားထွက်သွားရလေပြီ။

"အဲဒီငွေတွေ ပြန်ရရင် အေးချမ်းကို သူဌေး အမှုပိတ်ပေးနိုင်မလား"

"ပိတ်ပေးရမှာပေါ့။ သူက ကိုယ့်ဝန်ထမ်းပဲ..။ ခင်ဗျားတို့က ဘယ်သူတွေလဲ"

"ကျွန်မတို့က ရွာကပါ။ တိတိကျကျ ပြောရရင် ငွေထုပ်တွေ ကတ္တရာလမ်းပေါ် ပြန့်ကြဲနေတာတွေ့လို့ သိမ်းခွဲခဲ့ကြသူတွေပါ။ ဒီကိစ္စ အေးချမ်းမှာ အပြစ်မရှိပါဘူး။ သူဌေးလိုချင်တဲ့ သိန်းနှစ်ရာ...။ ဟောဒီမှာ..."

မဌေးတင့်က ငွေထုပ်ကို လှမ်း‚ပြလိုက်၏။

MD နည်းနည်းတော့ ဖျားသွားရလေပြီ။

"ကောင်းပြီလေ..အေးချမ်းကို အမှုပိတ်ပေးပါမယ်



အေးချမ်း..."

သူဌေး အေးချမ်းဘက်လှည့်ကြည့်ကာ ပခုံးပုတ်လိုက်၏။

သူဌေး အကြည့်တွေထဲမှာ အဓိပ္ပာယ်မျိုးစုံ ပါဝင်နေသည်။

"ရပါတယ် အန်ကယ်..။ ဆရာ တပည့်တွေပဲ.."

လူဆိုတာ လောကကြီးထဲ ခဏလာကြတဲ့ ဧည့်သည်တွေပဲ..

သူလွန်တာရှိသလို ကိုယ်လွန်တာလည်း ရှိနိုင်ပါသည်။ သူမှန်တာရှိသလို၊ ကိုယ်မှန်တာလည်း ရှိနိုင်သည်။

တကယ်တော့ အမှားအမှန်ဆိုတာ ကြည့်တဲ့ရှုထောင့်အပေါ် မူတည်ပြီး ဘယ်ဟာက မှန်ခြင်း၊ ဘယ်ဟာက မှားခြင်း ဆိုပြီး ကွာခြားသွားကြတာပဲ။

သူဌေးက အေးချမ်းပခုံးကို ခပ်ကြမ်းကြမ်းပုတ်ကာ ဘတ်ဆွဲနှုတ်ဆက်ရန် ညာလက်တစ်ဖက် ထိုးပေးလေ၏။

အေးချမ်းက လူကြီးဆန်သော်ငြား၊ ရွာသားတစ်သိုက်ကတော့ဖြင့် ငွေရမှ ပျော်ပြောင်းသွားရတဲ့ သူဌေးဆိုသူကိုစားမတတ် ဝါးမတတ်ဖြစ်နေကြ၏။

"ကဲ...ပြောကြစမ်းပါဦး...ဘယ်ကနေ ဒီလောက်များတဲ့ ပိုက်ဆံတွေရလာကြတာတုံး.."

"မင်းတို့ ပြန်သွားကတည်းက ငါတို့ရွာသားတွေ ဆိုက်ကောင်းတွေဖြစ်ပြီး ညတောင် ကောင်းကောင်းမအိပ်နိုင်ကြဘူး။ ဒါ့ကြောင့် ရင်ဆိုင်ကြရမယ့် အခက်အခဲတွေကို သိနေကြတယ်လေ"

www.burmeseclassic.com

"ကဲပါ..ရှည်ပါတယ် ကိုခင်မောင်ရယ်။ အတင့်ပဲ ရှင်းပြလိုက်တော့မယ်။ မြို့သားတို့ ပြန့်သွားပြီး တစ်ပတ်လောက် နေတော့ အရီး ကံစမ်းမဲပေါက်တယ်"

"ဟင်..ဟုတ်လို့လားဗျာ.."

"အရီးက ကံစမ်းမဲတွေပေါ်ကတည်းက ရွာကနေ ကံစမ်းလာလိုက်တာ ဒီနေ့ထက်ထိပဲ။ ကော်ဖီမစ်ဆိုလည်း ကံစမ်းမဲပါတဲ့ ကော်ဖီမစ်မှ ရွေးသောက်တာ။ လစဉ်သုံးပစ္စည်း အချိုရည်၊ သနပ်ခါးခဲ၊ ပေါင်ဒါဘူး..အို..အားလုံး ကံစမ်းမဲပါ တဲ့ဟာတွေပဲ ရွေးသုံးတာ။ ဒီလိုနဲ့ မင်းတို့ပြန်သွားပြီး တစ်ပတ် လောက်နေတော့ အရီးဆီ ကံစမ်းမဲပေါက်တဲ့အကြောင်းကြားစာ ရောက်လာရော.."

"ဟုတ်လား..အရီးက ဘာကံစမ်းမဲပေါက်တာလဲ.."

"ရွှေငွေးမြင့် ပေါင်ဒါဗူးကနေ ပေါက်တာ။ ဆုကြေး က အဟာမ်း.."

အရီးက မပြောသေးဘဲ ရင်ခုန်အောင် လုပ်နေပြီးမှ..

"သိန်း နှစ်ရာ့ရှစ်ဆယ်တန်တဲ့ ခဒေါင်းမန်ဂျက်စတာ ယူနိုက်တက်ဘောလုံးကားဆိုလား...အဲဒီကားကြီးပေါက်တာ.."

"ဟိုက်ရှားပါး..."

"ဩော်...အင်းသိပြီ...ခရောင်းမန်ဂျက်စတာကား.. အဟား။ ဒါဆို အရီးမငွေးတင့် သူဌေးဖြစ်သွားတာပေါ့.."

"ဟင့်အင်း..အရီး အဲဒီကားကြီးရတော့ မြို့သားတို့ကို တပြန်ကယ်မယ်ဆိုပြီး အုပ်စုလိုက် မြို့တက်လာခဲ့တာပါကွယ်"



"ကျေးဇူးတင်ပါတယ်ဗျာ.."

တစ်ဖွဲ့လုံး စကားမပြောနိုင်ကြဘဲ ခေတ္တခဏတိတ်ဆိတ် သွားကြသည်။

ဖြစ်ပုံက ဒီလိုပါ..။

ကိုဆန်းအေးကနေ ပေးခဲ့တဲ့ ဘဝဒဿနဆိုပါတော့...။

ရွာသူ၊ ရွာသားအားလုံးကိုယ်စား အရီးမငွေးတင့်က ငွေကြေးစိုက်ထုတ်ပြီး အေးချမ်းကို တပြန် ပြန်လည်ကူညီပေး ခဲ့ခြင်းပါ။

ဒီအတွက် ချက်ကြီး၊ တာလပတ်မင်းဝေ၊ ဘုန်းဘုန်း၊ သူကြီး၊ ကိုဆန်းအေး၊ ဆရာတုတ်တို့မှ တတ်နိုင်သလောက် ဝင်ငွေနဲ့ မငွေးတင့်ကို နှစ်ရှည်အကြွေး ပြန်ဆပ်သွားကြဖို့ပါ။

ဘယ်ရွှေ့ဘယ်မျှအထိ မငွေးတင့် ကြေးမသတ်မှတ် သား။

တာဝန်မကင်းဘူးထင်တဲ့သူ၊ တာဝန်ရှိတဲ့အထိ တာဝန် သူစိတ်နဲ့ဆပ်။ ဒါပဲ...။

"အရီး မငွေးတင့်ရဲ့ စိတ်ဓာတ်ကို အရမ်းလေးစားသွား ပြီဗျာ တကယ်ပါ"

အေးချမ်းက ဆိုလေတော့ မငွေးတင့်က...

"ကိုဆန်းအေး သင်ပေးသွားတဲ့ ဘဝအသိကနေ ရခဲ့ တာပါ မြို့သားရယ်.."

မငွေးတင့်က ထိုသို့ ဆိုလေတော့ ကိုဆန်းအေးက..

"အေးချမ်းဆိုတဲ့ မြို့သားက သင်ပေးသွားတဲ့ ဘဝအ

www.burmeseclassic.com

www.burmeseclassic.com



သိကနေ ရခဲ့တာပါ။ တို့ရွာကို ငွေရှာဖို့ ရောက်လာခဲ့တယ်။ ငွေရမသွားလိုက်ဘူး။ လူမိုက်ကို ထောင်ထဲပို့ပေးခဲ့တယ်။ အမှန်တရားကို ဖော်ထုတ်ပေးနိုင်ခဲ့တယ်။ ကွဲကွာနေတဲ့ချစ်သူနှစ်ယောက်ကို ပြန်လည်ပေါင်းစည်းပေးခဲ့တယ်"

ကိုဆန်းအေး စကားဆုံးတော့ ဘုန်းဘုန်းက ဝင်မိန့်ပြန်၏။

"ခု…ဘုန်းဘုန်းလည်း ဘာမဟုတ်တဲ့ အသေးအဖွဲလေးတွေကို ပဟေဠိဖွက်တဲ့အကျင့် ပျောက်သွားပါပြီ။ အဲဒါလည်း မြို့သားပေးသွားတဲ့ သင်ခန်းစာတစ်ခုပါ"

"အာ…"

"ဟား…ဟား…ဟား…ဟား…"

အားလုံးဝိုင်းရယ်ကြလေ၏။

"ဟုတ်တယ်။ အခု ငါတို့အားလုံးဆီမှာ မငွေးတင့်ကို ပြန်ဆပ်ရမယ့် အကြွေးရှိနေတယ်။ ကြွေးပူတော့ မဟုတ်ဘူး။ ကြွေးအေး ဆိုပါတော့။ သိန်းနှစ်ဆယ်၊ အစိတ် ဒီတစ်သက်ကြေအောင် ပြန်မဆပ်နိုင်လည်း ကိုယ်တတ်နိုင်သလောက်သေတဲ့အထိ ဆပ်သွားကြမှာ။ အဲဒီတော့ ဘယ်လိုခေါ်မလဲ…ငါလည်း အရင်ကလို ရှုးကြောင်မူးကြောင်နဲ့ မိုက်ကယ်ဂျက်ဆင်အကတွေ လျှောက်ကပြီး အချိန်ဖြုန်းမနေတော့ဘဲ ရွာအလုပ် လက်ကြောတင်းအောင် ဝင်လုပ်နေပြီ.."

"ဟာ…ကိုချက်ကြီး..ဝမ်းသာတယ်ဗျာ.."

"ငါရောပါပဲ…။ ငါ့မှာ စာရေးဆရာအိပ်မက်တွေ ရှိ



သေးပေမယ့် လက်တွေ့ကျတဲ့ မငွေးတင့်ရဲ့ အကြွေးတွေ ပြန်ဆပ်ဖို့ အခု ငါ အလုပ်လုပ်နေပြီ။ ငါတစ်ယောက်တည်းမှ မဟုတ်ဘူးကွာ။ သူကြီးတို့၊ ဆရာတုတ်တို့၊ ကိုဆန်းအေးတို့ရော ပေါ့.."

"ကြားရတာ ဝမ်းသာတယ်ဗျာ။ ခင်ဗျားတို့ တစ်ရွာလုံး အရမ်းစည်းလုံးသွားကြတာ.."

ထိုသို့ တစ်ဖွဲ့လုံး ပျော်ရွှင်မြူးတူးနေစဉ် ဣန္ဒြေလေး အပြည့်နဲ့ ဆိတ်ဆိတ်ကလေးထိုင်နားထောင်နေသူ မိန်းကလေး တစ်ယောက်ကို သွန်း သတိထားမိသွားပြီး…

"အရိုး…။ ဒီကောင်မလေးက ခပ်တည်တည်လေးပါလား။ ဘယ်သူလဲ…"

အရိုးက အဆိုပါ မိန်းကလေးကိုတစ်လှည့် သွန်းကို တစ်လှည့်ကြည့်ပြီး ပြုံးလိုက်ရင်း…

"အရင်တုန်းကတော့ သွန်းသစ်သွယ်သူဆိုတဲ့ ဦးနှောက်ကျပ်မပြည့် ကောင်မလေးတစ်ယောက်ပေါ့။ သူ့အစ်မကို သူ့ရှေ့မှာတင် အမွှအကျင့်ခံရတာ အသတ်ခံရတာတွေမြင်ပြီး ရူးသွားခဲ့ရတာပါ။ တကယ်တော့ သူ အကြောက်လွန့် စိတ်ရောဂါရသွားခဲ့တာပါ။

အေးချမ်းဖော်ထုတ်ပေးခဲ့နိုင်လို့ သူ့အစ်မကို သတ်တဲ့တရားခံမိပြီဆိုတဲ့သတင်း ကြားပြီးကတည်းက သူ တဖြည်းဖြည်းနဲ့ အမှန်တရားကို လက်ခံလာနိုင်ရင်း၊ အရေးအထိုင်အပြောအဆိုတွေကအစ ပြောင်းလဲပြောင်းလဲ လာပြီး တစ်စတစ်စနဲ့

www.burmeseclassic.com

www.burmeseclassic.com



သူပြန်ကောင်းသွားခဲ့တာ။ သူ့အစ်မ အသတ်ခံရတုန်းက မိသစ်က လေးနှစ်သမီးဆိုတော့ တရားခံကို သူ့ဦးနှောက်က ဖော်ထုတ် မပေးခဲ့နိုင်ဘူးလေ…"

မိန်းကလေးရဲ့ ပါးပြင်က မျက်ရည်တွေဟာ သနပ်ခါး ပါးကွက်ကြားလေးဆီ စီးစွတ်သွားရပြီး…

"အစ်ကိုနဲ့အစ်မကို မိသစ် ကန်တော့… ကန်တော့ပါ တယ်ရှင်…"

"ဟာ…မငိုနဲ့၊ မလိုပါဘူး…"

"ထ…ထ…ညီမလေး…"

"ဒီအချိန်က ငိုရမယ့်အချိန်မဟုတ်ဘူး။ ပျော်ရမယ့် အချိန်…"

မှန်သည်။

တကယ့်ကို ပျော်စရာ အချိန်ပေတည်း။

တစ်ယောက်ကိုတစ်ယောက် စာနာစိတ်နဲ့ ကူညီကယ် တင်ကြရင်း အဆိုးထဲကနေ အကောင်း အသွင်ပြောင်းသွားကြရပြီ မဟုတ်ပါလား။

အချိန်တန်တော့ တောပြန်ရမယ့်သူများ တောပြန်သွား ကြသည်။

သွန်းနှင့်အေးချမ်းတို့အချစ်မှာလည်း ရဲဘော်ရဲဘက်ဆန် ကာ ပို၍ ခိုင်မာလာခဲ့ကြသည်။

"ဒီကိစ္စမှာ..ရှင် တော်လို့…။ ဒီအမှုကြီး ပြီးသွားခဲ့ ရတာ.."



"သွန်းလည်း ပါရမီဖြည့်ဖက်ကောင်း ပီသခဲ့ပါတယ်"

"အောင်မာ…"

တကယ်က ချစ်သူနှစ်ဦး၊ တစ်ယောက်နဲ့တစ်ယောက် ဖေးမအားပေးလိုက်ကြခြင်းပါ။

အလုပ်ပြုတ်ပြီးတဲ့နောက်ပိုင်း သူတို့ အလုပ်သစ်တွေ ဆက်ရှာကြရဦးမည် မဟုတ်ပါလား…။ နှစ်ယောက်စလုံးက ရွှေဘုံပေါ်က သူဌေးသားသမီးများ မဟုတ်ကြ။

အညတြလူငယ်လေးတွေ…။

ဒီလိုနဲ့ တစ်ရက်မှာတော့ အလုပ်လျှောက်လွှာများ တင် လိုက်၊ အင်တာဗျူးဖြေလိုက်၊ ခေါ်စာစောင့်မျှော်လိုက်နှင့် လုံး ချာလိုက်နေသည့် သူတို့နှစ်ယောက်ဆီ၊ မဖိတ်ခေါ်ဘဲ ဧည့်သည် တစ်ယောက် ရောက်ရှိလာလေတော့၏။

"ကိုယ့် လိပ်ပြာကိုယ် မလုံတော့လည်း မင်းတို့ဆီ ရောက်လာရတာပေါ့ကွာ.."

"ဟင်..အန်ကယ်.."

"အဲ…ဆရာ…"

မှန်သည်

သူတို့နှစ်ယောက်လုံးကို အလုပ်ဖြုတ် အရေးယူခဲ့သည့် Orchid ပိုင်ရှင် သူဌေးဦးမင်းဟန်ပင်။

"မင်းတို့ နှစ်ယောက် ငါ့တွေ့တိုင်း သိန်းနှစ်ရာကို ပြေးမြင်ယောင်ကြဦးမယ် ထင်ပါရဲ့.."

"ဗျာ.."

www.burmeseclassic.com



"ရှင်…"

လာပြန်ပြီ။ ဒီ သိန်းနှစ်ရာကိစ္စ။

"ဟုတ်တယ်..အခုလည်း သိန်းနှစ်ရာကိစ္စ ပြန်လာဖြေရှင်းတာ…"

"ဟင်…"

"ဘာ…ဘာ…ပြဿနာတက်ပြန်ပြီလဲ အန်ကယ်"

"ပြဿနာ မဟုတ်ပါဘူးကွ။ အန်ကယ်ဝင်လာကတည်းက ပြောပြီးပြီပဲ။ ကိုယ့်လိပ်ပြာကိုယ်မလုံလို့ မင်းတို့ဆီ နောက်တစ်ခေါက် ရောက်လာခဲ့ရတာပါလို့။ တကယ်တော့ အန်ကယ် ပြန် ရခဲ့တဲ့ သိန်းနှစ်ရာကျပျောက်သွားတဲ့ သိန်းနှစ်ရာမှ မဟုတ်ပဲ။ မင်းတို့နှစ်ယောက်ကို ဒုက္ခရောက်မှာစိုးလို့ ရွာသားတွေ သူတို့ဝေစုထဲကနေ မနည်းခြစ်ကုတ်ပြီး လာပေး သွားတဲ့ ပိုက်ဆံ။ ဒီပိုက်ဆံဟာ ရွာသားတွေ သုံးလို့ပြန်လာဆပ် သွားတဲ့ ပိုက်ဆံမှန်ရင်တောင် အန်ကယ်အားလုံး ယူလိုက်ဖို့ လိပ်ပြာမလုံပြန်ဘူး။

ဒီပိုက်ဆံအတွက် မင်းတို့ရဲ့ အချိန်တွေ၊ ဘဝတွေ၊ သိက္ခာတွေ စတေးခဲ့ရတာပဲလေ.."

အေးချမ်း မသိမသာ ခေါင်းငုံ့ သွားမိ၏။

ဘယ်လောက်ပဲ အားတင်းထား တင်းထား၊ အညတြလူငယ်တစ်ဦးဆိုတော့ တစ်ခါတစ်ရံ အားငယ်သွားတတ်စမြဲပင်။

"အန်ကယ်က ဆုပေး၊ ဒဏ်ပေးစနစ် ကျင့်သုံးတတ်



တဲ့ လုပ်ငန်းရှင်တစ်ယောက်ပါ။ မင်းတို့နှစ်ယောက်ရဲ့ လုပ်ရပ်နဲ့ အလုပ်အပေါ်ထားတဲ့ သစ္စာတရားကို အန်ကယ်အသိအမှတ်လည်း ပြုတယ်။ ချီးလည်းချီးကျူးတယ်။ ပြီးတော့ မင်းတို့နှစ်ယောက်လုံးကို တစ်ဆင့်မြင့်ရာထူးနဲ့ အန်ကယ်ပြန်ပြီး အလုပ်ခေါ်တယ်…"

"ဟင်.."

"ရှင်…"

"ဒီထက် ပိုပြီး အံ့ဩအောင် ပြောရမယ်ဆိုရင် ပြန်ရလာတဲ့ သိန်းနှစ်ရာထဲက သိန်းတစ်ရာကို မင်းတို့နှစ်ယောက်ရဲ့ ရိုးသားမှုအတွက် ဆုချလိုက်ပါတယ်ကွာ…ရော့.."

"ဗျာ.."

"ဩော်..ဆရာရယ်.."

ချစ်သူနှစ်ဦး ဝမ်းသာလွန်း၍ ဘာစကား ပြောရမှန်းမသိတော့…။

မနေ့ကတော့ သူတို့ ကံဆိုးခဲ့ကြသည်။ အလုပ်ကအထုတ်ခံခဲ့ကြရသည်၊ အချုပ်ကျခဲ့ရသည်။

ဒီနေ့တော့ ထင်မှတ်မထားသည့် အပြောင်းအလဲများစွာက ဖြစ်ပျက်ပြောင်းလဲခဲ့ပြန်သည်။

ဘာပဲပြောပြော ဘဝအနိမ့်အမြင့် အတက်အကျတိုင်းမှာ ကိုယ့်ဘက်က မှန်ကန်နေဖို့တော့ လိုမည်ထင်ပါ၏။

တစ်ချိန်မှာ ဇာတ်လိုက်က ဇာတ်လိုက်ပဲလေ။

ချစ်သူရဲ့ လက်ဖဝါးနုနုကို သူ တစ်ချက်ဖျစ် လိုက်ရင်း

www.burmeseclassic.com



အသက်ကို ခပ်ဝဝ တစ်ချက်ရှူလိုက်၏။

ကိုယ့်ကို အထင်တသေး ကြည့်ရှုခဲ့တဲ့ အကြည့်တွေဆီ မနက်ဖြန်မှာ ရင်ကော့သွားနိုင်ရမည်။

ကိုယ့်ရဲ့ အောင်မြင်မှုတွေဆီ၊ ကိုယ့်ရဲ့ပန်းတိုင်တွေဆီ ခြေလှမ်းတွေ တစ်လှမ်းချင်း တစ်လှမ်းချင်း တိုးလျှက်နှင့်...။

ကိုယ့်ဇာတ်လမ်းမှာ ကိုယ်သာ ဇာတ်လိုက်အဖြစ်နဲ့ပေါ့ ...။

ညေး
11;01(PM)
www.facebook.com/Nyay Nyay
Fan page - ညေး

www.burmeseclassic.com

www.burmeseclassic.com

# DEAD AID

## by Dambisa Moyo

# အထောက်အပံ့အန္တရာယ်

## Giacomo

ဘာသာပြန်သည်။

- အကျင့်ပျက်ဝန်ထမ်းတွေက ပရောဂျက်တစ်ခုကို ရေးဆွဲရာမှာ ပြည်သူလူထုရဲ့ အကျိုးစီးပွားထက် သူတို့အိတ်ထဲ ဘယ်လောက်ရောက်နိုင်မလဲ ဆိုတာပေါ်မူတည်ပြီး ရေးဆွဲကြတယ်။ ပရောဂျက်ကြီးလေလေ၊ အိတ်ထဲများများ ဝင်လေလေပါပဲ။
- အစိုးရဝယ်ယူမှုတွေဟာ အကောင်းဆုံးပုံစံ၊ အကောင်းဆုံးအချိန်ကာလမှာ ပေးနိုင်သူကို တင်ဒါအောင်ပေးရမယ့်ကိစ္စဖြစ်ပါတယ်။ ဒါပေမယ့် ခြစားမှုနယ်ပယ်မှာတော့ အစိုးရအရာရှိရဲ့ အိတ်ကပ်ထဲ အများဆုံးထည့်ပေးနိုင်သူကသာလျှင် တင်ဒါအောင်စမြဲပါ။
- အခြေခံအကျဆုံးအဆင့်မှာကိုပဲ အထောက်အပံ့ငွေတွေကို အသုံးပြုနိုင်တဲ့ အစိုးရအာဏာပိုင်တွေအဖို့ ပြည်သူ့ဝန်ဆောင်မှုတွေကို ဆောင်ရွက်ပေးရမယ့်အစား ဒီငွေတွေကို သူတို့အိတ်ထဲပဲ ထည့်လိုက်ကြတာကို တွေ့နေကြရမှာပါ။
- ခန့်မှန်းချက်တွေအရ ၁၉၄၆ ကနေစလို့ ကမ္ဘာ့ဘဏ်ရဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ထုတ်ချေးတဲ့ ချေးငွေပေါင်း ၅၂၅ ဘီလီယံဒေါ်လာရဲ့ ၂၅ ရာခိုင်နှုန်းဖြစ်တဲ့ ဒေါ်လာ ၁၃၀ ဘီလီယံလောက်ဟာ အလွဲသုံးစားပြုခံရတယ်လို့ ခန့်မှန်းပါတယ်။ ဒါကြောင့် အထောက်အပံ့တွေဟာ အကျင့်ပျက် ခြစားမှုကို အားပေးရုံတင်မဟုတ်ပဲ သူကိုယ်၌က အကျင့်ပျက် ခြစားမှုကို မွေးထုတ်နေသလို ဖြစ်နေပါတယ်။

ဘာသာပြန်ခြင်းအားထုတ်မှုဟာ စာဖတ်သူတွေအတွက် သိပိုင်ခွင့် (Rights to Know) ကို ပေးတာပါ။ ...တယ်၊ မှားတယ် လက်တွေ့အဆုံးအဖြတ်ကတော့ စာဖတ်သူတွေကိုယ်တိုင်ပဲ ဆုံးဖြတ်ရမှာဖြစ်ပါတယ်။

...ဖြိုးတိုးတက်ရေးအပိုင်းကို လေ့လာနေသူတွေ၊ နိုင်ငံရေးဘောဂဗေဒ၊ မက်ခရိုဘောဂဗေဒ စတဲ့ ပညာရပ်တွေကို ...ပါဝင်စားသူတွေ၊ UN နဲ့ INGO တွေ၊ NGO တွေကလူတွေ၊ Civil နဲ့ Public Institution ...တွေကလူတွေ၊ Policy Maker တွေအတွက် မဖြစ်မနေဖတ်ရှုသင့်တဲ့ စာအုပ်တစ်အုပ်လို့ ယူဆတဲ့အတွက် ...ဘာသာပြန်ခဲ့ခြင်းဖြစ်ပါတယ်...”